
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၀၂၂၂၀၃၁၂
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၃၀၀၀၄၁၂
အကြိမ် - ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ ဇွန်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀/-
ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း/အဖုံးပုံနှိပ်သူ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
သျှင်မ
ရာဇဝင်သစ်၏ ဒုတိယရင်အုံ/သျှင်မ။ -ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၂။
၂၄၀ စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) ရာဇဝင်သစ်၏ ဒုတိယရင်အုံ




## အခန်း (၂၆)

BURMESE CLASSIC .com

ဓာတ်ပုံတွေကိုကြည့်ပြီး ရင်ထဲမှာ ဆွေးသွားသည်။ ယောကျ်ားတန်မဲ့ ငိုချင်လာ၏။

ဓာတ်ပုံတွေကို အားရဝမ်းသာ လာပို့ရှာသည့် လိမ္မော် မှာလည်း ဒီရောက်မှ အဖြစ်တွေကိုသိရကာ အပြုံးအရယ်တွေ ရုပ်တန့် ပျောက်ဆုံးကုန်၏။

သာယာ ကတော့ ခေတ်ဦး မျက်နှာကို စူးစိုက်ကြည့်နေရင်း တစ်စုံတစ်ခုကို အလေးအနက် တွေးနေ၏။

"ခေတ်ဦး .. နင့်အိမ်က လူကြီးတွေက စိတ်ဆိုးနေကြတော့ ဒီပုံတွေ ငါ လာပေးတာကို ကြိုက်ပါ့မလား"

ခြံထဲမှာ ထိုင်နေရတာတောင် ပျော်မလုံသလို လိမ္မော် က ဟိုကြည့်ဒီကြည့် ဖြစ်နေ၏။ မင်္ဂလာဆည်ခံပွဲမှာ ဓာတ်ပုံလာရိုက်တဲ့လူက လိမ္မော့် ယောကျ်ား လင်းနောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းနောင် ကလည်း မကိုင်ရှ ကို သေချာ မမြင်ဘူး။ မကိုင်ရှ ကလည်း အမှတ်တမဲ့ပဲ ဖြစ်၏။ လိမ္မော် ကိုယ်တိုင် ဒီပွဲမှာ သူ့ယောက်ျား ဓာတ်ပုံရိုက်ရမှာကို စကားမစပ်မိတော့ မသိပေ။

"စိတ်မကောင်းလိုက်တာ ခေတ်ဦး ရယ် .. ငါလေ သူ ဓာတ်ပုံတွေ သွားအပ်တော့မယ်ပြောမှပဲ အမှတ်တမဲ့ ယူကြည့်လိုက်မိလို့ သိခဲ့တာ၊ မင်္ဂလာဆောင်ဖြစ်ကြတာကိုလဲ မသိခဲ့ဘူး တကယ်၊ ဓာတ်ပုံတွေကို ငါ သွားပေးမယ်ဆိုပြီး ယူလာတဲ့အထိ မကိုင်ရှ နဲ့ နင် ဘယ်မိဘအိမ်မှာနေမှန်း မသိတော့ ဘယ်သူ့ခြံထဲ ဝင်ရမှန်းမသိ ဖြစ်နေသေးတယ်၊ မကိုင်ရှ တို့ ခြံကြီး ဝိတ်ထားတာမြင့်လို့ ဒီဘက်ကို ရောက်လာတာ၊ တော်ပါသေးရဲ့ အန်တီတို့နဲ့ မတွေ့တာ၊ ဘာတွေ ဖြစ်ကုန်ကြတာလဲဟယ်"

"မေးမနေပါနဲ့တော့ .. ဒီကောင် လိမ့်ခံနေရတာ၊ တစ်ခါမေးတဲ့သူရှိတိုင်း တစ်ခါ အရိုက်ခံနေရသလိုပဲ"

သာယာ က ဝင်ပြောပြီး ထရပ်လိုက်သည်။ ဟိုသွားမယ်၊ ဒီသွားမယ် ဘယ်မှခေါ်ထုတ်လို့မရသည့် ခေတ်ဦး ခံစားနေရတာကို စိတ်လည်း မကောင်း၊ ဘာမှလုပ်မပေးနိုင်လို့ ကရုဏာဒေါသတွေလည်း ဖြစ်မိ၏။

အဲဒီညကတည်းက လက်ဝတ်လက်စားတွေ အကုန်ချွတ်အပ်ခဲ့ပြီးမှ ပျောက်သွားတာဆိုတော့ ပစ္စည်းမက်ပြီး ပြန်ပေးဆွဲတာတော့ မဖြစ်နိုင်။

မေမေတို့ ဘယ်လိုမှ သည်းမခံနိုင်ခဲ့တာလည်း ဒါကြောင့်ပဲ ဖြစ်သည်။ ဒီတိုင်း မကိုင်ရှ ပျောက်သွားတယ်ဆို သို့လောသို့လော ပူပန်စိတ်များနှင့် မျှော်လင့်နေနိုင်သေးသည်။

ခုတော့ ...





"လိမ္မော် .."

ခေတ်ဦး ခပ်ယဲ့ယဲ့လေသံနှင့် မျက်နှာမော့လာ၏။ အလှဆုံး ပြုံးရယ်ကြည်နူးနေကြသော မကိုင်ရှ နဲ့ သူ့ဓာတ်ပုံတွေကို မချိတရိ စုထပ်ကိုင်ထားရင်း ...

"သူ့မှာ ချစ်သူမရှိဘူး .. အဲဒါ ငါ သိတယ်၊ နင်တို့ကော .."

"သိပ်သိတာပေါ့ .. မကိုင်ရှ လောက် သန့်ရှင်းတာ မကိုင်ရှ ပဲ ရှိတာ၊ ပြီးတော့ သူ နင့်ကို ဟိုတုန်းကတည်းက ခင်တွယ်တဲ့သူပါ၊ စကားနိုင်လုရင်း၊ ရန်ဖြစ်ရင်းနဲ့ပဲ သူ့နားမှာ နင်ပဲ၊ နင့်ကိုပဲ သူ့ပါးစပ်က မချခဲ့တာ"

မီးလော့ချ်ကျလေပင့်ပြန်ပြီဆိုသည့်အတွေးနှင့် သာယာ့ မျက်နှာကဘင်းချင်ချင် ..၊ လိမ္မော် က သတိမထားမိဘဲ ဆက်ပြောနေ၏။

"ဒီကိစ္စကို တကယ် စုံစမ်းကြည့်သင့်ပါသေးတယ်၊ မကိုင်ရှ က တခြားသူတစ်ယောက်နဲ့ လိုက်ချင်မှဖြင့် နင့်ကို မင်္ဂလာပွဲကျင်းပဖို့ထိ လက်ခံပါ့မလား .."

"အဲဒါတွေ တော်တော့ လိမ္မော် .. ဖြစ်နိုင်ချေတွေ များလာသမျှ ခေတ်ဦး ရူးသွားဖို့တွေလည်း နီးစပ်နေပြီ၊ သူ လိုက်ချင်လို့ လိုက်သလား၊ တစ်ယောက်ယောက်က ကြိုးတုပ် ခေါ်သွားသလားတော့ မသိဘူး၊ လက်ဝတ်ရတနာတွေ အထုပ်လိုက် ပြန်ပို့ခဲ့သေးတယ်"

"မကိုင်ရှ က စာတွေဘာ :တွေတော့ ရေးခဲ့မှာပါဟယ်၊ သူ လုပ်သွားတာမှန်ရင် သိအောင် တစ်ခုခုတော့ .."

"တော်စမ်းပါ"

သာယာ က ခပ်မာမာပြောပြီး ထရပ်လိုက်သည်။ မကိုင်ရှ ကို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တကယ်အထင်လွဲပြီး မုန်းပစ်လိုက်တာ မဟုတ်ပါ။ ဒီအချိန်မှာ ဖြစ်နိုင်တာတွေကော မဖြစ်နိုင်တာတွေကော အများကြီးရှိနေတာကို သိသည်။

ဒါပေမယ့် ခေတ်ဦး က မချိမဆံ့ ခံစားနေရတာ လက်တွေ့ …၊ ဘွား ဒေါ်မျိုးနွယ် ကလည်း ဘိုးဘိုးကို ဆေးရုံတင်လိုက်ရတော့ ဆေးရုံမှာ လိုက်နေရသည်။

မေမေက ဆေးရုံကို လိုက်ကြည့်ပါသည်။ စားသောက်ဖို့ ဝေယျာဝစ္စအားလုံးကိုလည်း ဟိုတုန်းကလိုပဲ ကိုယ်ဖိရင်ဖိ လုပ်ပေး၏။

ဘာပဲဖြစ်ဖြစ် ဆက်ထုံးတော့ ရှိနေပြီဖြစ်သည်။ မကိုဋ္ဌ အကြောင်းမဟ …၊ အပြုံးအရယ်နည်းကာ သိသာစွာ အေးစက်နေခဲ့ကြသည်။ ပြီးတော့ သူတို့ကိုလည်း ပြောသေးသည်။

"ဒါ နာမကျန်းတဲ့ကိစ္စမို့လို့ မေမေ မနေနိုင်လို့ ကူညီတာနော်၊ မကိုဋ္ဌ နဲ့ပတ်သက်ပြီး မင်းတို့ ဘာမှ နောက်ထပ်ပတ်သက်ဖို့ စိတ်ကူးမယဉ်နဲ့၊ မေမေ မသိဘဲ တစ်ခုခု လှုပ်ရှားနေတယ်ဘာညာ သိရကြည့် အရှက်နဲ့သိက္ခာကို အသက်နဲ့ မေမေ လဲပြမယ်"တဲ့ …။

ခေတ်ဦး ခမျာ ချောင်ပိတ် ငိုကြွေးနေရရှာသည့်အဖြစ် …၊ ဒါကို နောက်ထပ် အကြိမ်ကြိမ်အခါခါ တူးဆွမနေစေချင်တာ ဖြစ်သည်။

ထို့ကြောင့် လိမ္မော် ဆက်ပြောလာတာတွေကို သာယာ မကြားချင်တော့ပါ။ လိမ္မော် လည်း ခေတ်ဦး ခံစားနေရတာကို မြင်နေရလေ ကြဲဖန်ရှာဖွေပြီး နှစ်သိမ့်ပေးချင်၏။

"ငါ မကိုဋ္ဌ ဘက်က ပြောတာ မဟုတ်ပါဘူး သာယာ ရယ် … မကိုဋ္ဌ ဆိုးခဲ့တာရှိရင် ရှိမယ်၊ ဒီလောက်တော့ မဖြစ်နိုင်ဘူး ထင်လို့ပါ၊ ရတနာတွေကို ချွတ်ပေးခဲ့တာနဲ့ပဲ တရားသေတော့ မတွက်ပါနဲ့ဦး၊





သူက မချစ်ပေမယ့် သူ့ကို လိုချင်လို့ကြံတဲ့သူက ဒါတွေပါလာရင် ဇယားရှုပ်မှာစိုးလို့ သူ့ဟာသူ ချွတ်ပေးခဲ့တာကော .. ဖြစ်နိုင်တာပဲ"

"ဟင်!..."

ခေတ်ဦး ခေါင်းထောင်သွား၏။ သာယာ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ဒါဟာ ဖြစ်နိုင်တဲ့အချက်ပဲ …၊ နှစ်ယောက်စလုံး တွေးမိကာ မျက်လုံးချင်း ဆုံသွား၏။

ဒါဆို ဘယ်သူ ဖြစ်နိုင်မလဲ …။

ခနသျှဲ …၊

ခေတ်ဦး မျက်လုံးထဲမှာ ပေါ်လာသည်။ ဒီလူက သိပ်ချမ်းသာတာ၊ ဒါပေမယ့် …

မကိုဋ္ဌ ကို ထိဖို့ငြိဖို့ ကြိုးစားခဲ့ဖူးလို့လား …၊ 'ငါနဲ့ ဘာမှမဆိုင်ဘူး၊ ဟိုကဖြင့် ကြားရင် နင်ဖြစ်နေတာကို ရယ်ဦးမယ်'ဟု မကိုဋ္ဌ လည်း ပြောဖူးသည်။

ငယ်သူငယ်ချင်းတွေမို့ မကိုဋ္ဌ နဲ့ သူ့ကြားမှာ လျှို့ဝှက်လှုပ်ရှားလောက်စရာကိစ္စ ဘာရှိခဲ့လို့လဲ …၊ ထို့ပြင် မကိုဋ္ဌ နားကို ဘယ်သူကပ်ကပ်၊ ဘယ်သူလိုက်လိုက် သူတို့ မသိတာ၊ မမြင်တာ ဘာမှမရှိခဲ့ပေ။

ဒီထဲမှာ ခနသျှဲ မှ မပါခဲ့ဘဲ …။

ခေတ်ဦး တွေဝေသွားရပြန်သည်။ နောက်ထပ် ဖြစ်နိုင်ခြေတွေထဲမှာ ဘယ်သူမှ မရှိတော့ မျှော်လင့်ချက်တွေ ဒီမှာပဲ ဂိတ်ဆုံးသွားခဲ့၏။

သာယာ ကတော့ ဆက်တွေးဖို့တွေ ရှိပါသည်။ ဒါပေမယ့် ခေတ်ဦး ကိုတော့ မတွေးစေချင်တော့ပါ …။

"ဖြစ်နိုင်သမျှ လျှောက်တွေးရင်း မင်း ရူးမှာပဲ ခေတ်ဦး ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါတော့ကွာ .. အခုပဲ ဆယ့်ငါးရက် ရှိနေပြီ၊ ဒီမှာ မင်း ခနသျှ ကို ထင်လိုက်တယ် မဟုတ်လား၊ အဲဒီလူနဲ့ငါ ဒီပြဿနာဖြစ်ပြီးမှ နှစ်ခါလောက် ဆုံလိုက်သေးတယ်၊ အားလုံး နော်မယ်ပဲ၊ သူ့ကို မင်း မထင်နဲ့.. ဘာဖြစ်ဖြစ် ခုနေ မကိုဠ် ပြန်ရောက်လာလည်း ဖြစ်မှ မဖြစ်နိုင်တော့တာ၊ မေမေတို့ လုံးဝ လက်မခံတော့တာ မင်း အသိ"

"သိတယ် .. ဒါပေမယ့် မဖြစ်နိုင်ဘူးလို့ မပြောနဲ့ သာယာ"

ခေတ်ဦး မျက်နှာက နီရဲနေသည်။ ဓာတ်ပုံတွေကို နှမြောယူကျုံးမရခြင်းများနှင့် ငုံ့ကြည့်လိုက်ပြီးမှ ...

"ဒီကိစ္စမှာ မကိုဠ် သူ့ဆန္ဒနဲ့သူ လုပ်သွားတာ မဟုတ်ဘူးဆိုရင်သူ ဘယ်ဘဝရောက်ရောက် ငါ မစွန့်လွှတ်ဘူး၊ မေမေပဲ တားတား၊ ဘာအခက်အခဲတွေပဲရှိရှိ မကိုဠ် အတွက် ငါ ရပ်တည်မှာပဲ၊ သူ့ကို ငါ ချစ်တာ တဏှာလောဘတစ်ခုတည်းနဲ့ချစ်တာ မဟုတ်ဘူး၊ လိုက်လျောကြည်ဖြူခြင်းတွေနဲ့ ပေးဆပ်ရင်း ချစ်ခဲ့တာ ..၊ ငါ့ကို ဆိုးနွဲ့ခဲ့ပေမယ့် မကိုဠ် က ဖြူစင်တယ်၊ ဒီကိစ္စကို ငါကတော့ စုံစမ်းမှာပဲ သာယာ၊ မေမေတို့ ငြူစူမှုကို မခံနိုင်ရင် မင်း နေသာသလို နေပါ၊ ငါ နားလည်ပါတယ်၊ ပြီးတော့ ဘွားတို့ကိုလည်း ငါ သိပ်သနားတယ်၊ ဘာပြဿနာရှိရှိ ငါ ပစ်မထားနိုင်ဘူး"

ခိုင်မာသော ဆုံးဖြတ်ချက်နှင့် ပြောစ၏။ သာယာ သက်ပြင်းချလေသည်။ နေသာသလို ဘယ်လိုလုပ် နေနိုင်မှာလဲ ..၊ သူလည်း မကိုဠ် ကို မုန်းနိုင်သေးတာ မဟုတ်။

ပြီးတော့ ဒီကိစ္စမှာ ရှုပ်ထွေးမှုတစ်စုံတစ်ရာ ရှိနေသည်ဟု သူ့စိတ်ထဲမှာ ထင်နေခဲ့သည်။





လိမ္မော် ကတော့ ဓာတ်ပုံဖိုးတွေ လက်ခံယူခဲ့သော လက်ကလေးတွေ တုန်နေရှာကာ ...

"နင်တို့ ဒီလိုတွေဖြစ်နေတုန်းမှာ ငါက အမြတ်လာတောင်းသလိုဖြစ်နေပြီ၊ ငါလေ အိမ်ထောင်ကျစဆိုတော့ အဆင်မပြေတာလေးတွေရှိနေလို့ပါ .. နားလည်ပေးပါနော်၊ မကိုဠ် ကိစ္စကိုလည်း ငါတို့လင်မယားစုံစမ်းပေးပါ့မယ်၊ ကိုလင်း က ဓာတ်ပုံလိုက်ရိုက်နေတဲ့သူဆိုတော့ နယ်တကာ၊ မြို့တကာလည်း သွားတာပဲ၊ ငါ ကူညီပါ့မယ်"

အထပ်ထပ် တောင်းပန်ရင်း ကတိပေးရှာသည်။ ခေတ်ဦး ကတော့ ဆုံးဖြတ်ပြီးသားပါ ...။

ချစ်တဲ့သူအတွက် ဘာမဆို ရင်ဆိုင်စွန့်စားဖို့ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"မလိမ်းချင်ပါဘူး ကီးကီး ရယ် .. အဲဒါတွေ .."

ကီးကီး က ပေါင်ပေါ်ကနေ မှန်တင်ခုံပေါ် ကိုယ်တစ်ပိုင်း လှမ်းတင်ပြီး မိတ်ကပ်ဘူးတွေ လက်နဲ့ဆွဲချလိုက်၊ နှုတ်ခမ်းနီဘူးတွေကို သိမ်းလုပ်ပစ်လိုက် ..။

သူ လိုက်ရှုပ်နေသမျှကို မကိုင်ရှ က ပြန်ထောင်၊ ပြန်တင်နဲ့ စိတ်မရှည်တော့ ကီးကီး ခေါင်းလေးကို ပုတ်ပစ်လိုက်မိ၏။

"တော်ပါတော့ဆို .. မလိမ်းဘူး၊ ဘာလဲ နင့်သခင်က သင်ထားပြန်ပြီလား၊ နင်ဟာလေ ငါ့နားမှာ လာကပ်ခွဲနေတာပဲရှိတာ၊ ပြီးရင် ဟိုတစ်ယောက်အသံ ကြားတာနဲ့ ပြေးသွားလိုက်တာ တစ်ချက်ကလေးမှ တောင် ပြန်လှည့်မကြည့်ဘူး"

ကီးကီး က မကိုင်ရှ မျက်နှာကို မော့ကြည့်ပြီး ရင်ခွင်ထဲ ပြန်လှည့်ခွသည်။ ပြီးတော့ ခေါင်းနဲ့ ပွတ်တိုက်နေ၏။ သူ ဒီလိုမလုပ်ပါဘူးလို့ တောင်းပန် ချော့မော့နေသည့်နှယ် ..။





ငိုချင်နေသည့်ကြားက မကိုင်ရှ မှာ စိတ်မဆိုးနိုင်တော့ဘဲ ကီးကီး ကို တယုတယ ပွေ့ပိုက်ထားလိုက်မိ၏။

"ငါ့ အခု လက်မှတ်ထိုးရတော့မှာ သိလား .. မထိုးလို့လည်း မရတော့ဘူး၊ ခြေထောက်ကလည်း ကျိုးချင်ပါတယ်ဆိုမှ ပြန်ကောင်းသွားတယ်၊ နင့်သခင်ကို ငါ လက်မထပ်နိုင်ဘူး .. ချစ်လည်း မချစ်ဘူး၊ သူ့ကို ငါ ကြောက်တယ် .. မုန်းတယ်၊ ဒါပေမယ့်လေ သူ ပြောသမျှ ငါ ဘာများ ငြင်းနိုင်ခဲ့လို့လဲ"

ကီးကီး ကို ဖက်၍ မကိုင်ရှ မျက်ရည်ကျလေသည်။ လက်ထပ်ပြီးရင်လည်း လွတ်လပ်သလို နေပါတဲ့၊ ဘာပဲဖြစ်ဖြစ် မကိုင်ရှ ကို သူ တရားဝင်ဇနီးအဖြစ် ပိုင်ဆိုင်သွားပြီ မဟုတ်လား ..။

မကိုင်ရှ ဆိုတဲ့ မိန်းမတစ်ယောက်ဟာ ယောကျ်ားနှစ်ယောက်နဲ့ တစ်လမခြားမီမှာ လက်ထပ်ခဲ့ရသည့်အဖြစ်တစ်ခုသည် အိပ်မက်ဆိုးကြီး တစ်ခုလို ..။

ကီးကီး သည် နီရဲသော မျက်လုံးဝိုင်းလေးများဖြင့် သူမ ငိုနေတာကို မော့ကြည့်နေလျက် ရင်ခွင်ထဲမှ ရုန်းထလိုက်သည်။ ပြီးတော့ မကိုင်ရှ ရဲ့ပါးပြင်ကို သူ့ပါးနှင့် တိုးကပ် ပွတ်သပ်ပေးလေသည်။

"ချစ်ဖို့ကောင်းလိုက်တာ .. နင် သိပ်သိတာပဲ ကီးကီး ရယ်"

မျက်ရည်သုတ်ပေးနေသည့် ကီးကီး ကို တိုး၍ဖက်ထားရင်း ပါးချင်းကပ်မိသည်။

"မကိုင်ရှ .."

တံခါးဝမှာ သူ ဘယ်တုန်းက ရောက်နေခဲ့မှန်း မသိ ..၊ လျှောက်ဝင်လာရင်း သူ မကိုင်ရှ ရဲ့ဘေးမှာ လာရပ်၏။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့နေကြီး လာတော့မယ်၊ မင်း ဘာမှမပြင်ရသေးဘူးလား"

သူ့ကို လှည့်မကြည့်ဘဲ မကိုငြ် နှုတ်ခမ်းလေး ကိုက်၏။ ဖက်ထားမိသည့် ထီးတီး ကို သာသာလေး ဖြေချပေးလိုက်ကာ ...

"စာချုပ် ယူလာခဲ့ပါ၊ မကိုငြ် လက်မှတ်ထိုးပေးမယ်၊ မကိုငြ် က ရှင့်လက်ခုပ်ထဲက ရေပဲ၊ ရှေ့နေရှေ့ရပ်တွေ မလိုဘူး၊ ပြင်ချင်ဆင်ချင်စိတ်လည်း မရှိဘူး"

"မရဘူး .."

ဓနသျှံ က သူ့ဉာဉ်အတိုင်း အလျှော့ပေးဖို့ စိတ်ကူးရှိပုံ မပေါ် ...၊

"မကိုငြ် .. မင်းကို ခုလို ခိုးချောင်ခိုးဝှက် လက်ထပ်ယူရတာ ငါ ခြေတစ်လှမ်း နောက်ကျသွားခဲ့လို့လို့ ပြောပြီးပြီ၊ အခြေအနေ အချိန်အခါ အရ ရှောင်သင့်လို့ ရှောင်နေရတာ၊ မင်းအတွက် မင်္ဂလာပွဲ ကျင်းပဖြစ်ခဲ့ပေမယ့် ငါ့အတွက်က ဒါ ပထမဆုံးနဲ့ နောက်ဆုံးပဲ၊ ငါ မြတ်နိုးတဲ့မိန်းမကို ငါ တင့်တောင့်တယ်တယ် လက်ထပ်ချင်တယ်၊ လောလောဆယ်က လက်မှတ်ထိုးရုံမို့လို့ မင်းနဲ့ကိုယ် ပေါင်းဖက်ကြဖို့ သာယာလာတဲ့ တစ်နေ့ကျရင် ဓနသျှံ ရဲ့မင်္ဂလာပွဲက တစ်နိုင်ငံလုံးကို သိမ့်သိမ့်တုန်သွားစေရမယ်၊ မင်း ကြည့်နေလိုက် .."

သာယာတဲ့ တစ်နေ့တဲ့လား ...၊ မကိုငြ် နှုတ်ခမ်းလေးမဲ့၍ သူ့ကို မော့ကြည့်လိုက်၏။ ဓနသျှံ က မျက်နှာလွှဲပစ်လိုက်ပြီး ကိုင်လာသည့် ရတနာဘူးကို ရှေ့မှာ ချပေး၏။

"ညက ကိုယ်ပေးထားတဲ့ဝတ်စုံကို ဝတ်ပြီး စောင့်နေ၊ ကိုယ် တစ်ခေါက် ပြန်လာမယ်"

"မကိုငြ် မဝတ်ဘူး"





"ကိုယ် ဝတ်ပေးမယ်"

သူ ပြန်လှည့်လာတော့ မကိုငြ် အထိတ်တလန့် ထရပ်လိုက်မိသည်။ ဓနသျှံ မျက်နှာမှာ ရယ်မြူးရိပ်တို့ ရှိမနေပါ။ တင်းမာသယောင်ရှိသည့် မျက်နှာမှာ ဆွေးမြည့်နာကျင်ခြင်းတချို့ ပျော်ဝင်နေသလို ရှိသည်။ သူဟာ အရှုံးပေး နူးညံ့တတ်တဲ့သူမှ မဟုတ်ခဲ့ဘဲ။

မကိုငြ် ပြောဆိုသမျှ၊ တုံ့ပြန်သမျှ သူ့ရင်ထဲမှာလည်း မာနများနှင့် သိမ်းဆည်းနေခဲ့လိမ့်မည်။ ဒါမှမဟုတ် ...

"မကိုငြ် .."

သူက မကိုငြ် ရှေ့ ပြန်ရောက်လာသည်။ မကိုငြ် က ကိုယ်တစောင်း ရပ်ပစ်လိုက်ကာ နည်းနည်းလေးမှ စောင့်မကြည့်၊ သူက မကိုငြ် ပခုံးစွန်းလေးနှင့် သူ့ရင်ဘတ် ထိကပ်မတတ် ရပ်လိုက်၍ ...

"တစ်ဖွဲ့တစ်နွဲ့ ကိုယ် မပြောတတ်ဘူး၊ ဒါပေမယ့် မင်းလည်း မကြည်ဖြူဘဲ ပါလာခဲ့ရသလို ကိုယ် စွန့်လွှတ်ခဲ့ရတာတွေလည်း အများကြီးပဲ၊ အဲဒီထဲမှာ မြွေပွေးလို ယင်နားမခံတတ်ခဲ့တဲ့ ကိုယ့်မာနတွေ မင်းခြေထောက်အောက်မှာ ပြားကြေမွခဲ့ရတာ အဆိုးဆုံးပဲ"

"ခေါင်းပေါ် ရွက်ထားစေချင်ရင် ရွက်ထားချင်အောင် ရှင် လုပ်ပေါ့၊ နင်းစရာဖြစ်လာရင် နင်းမှာပဲ"

"အဲဒါ မင်းတစ်ယောက်တည်း ဒီအခွင့်အရေး ရခဲ့တာ၊ မင်း နားလည်လား .."

ဓနသျှံ မကိုငြ် လက်မောင်းလေးကို ခပ်ဖိဖိ ဆွဲလှည့်သည်။ မကိုငြ် က ပြန်ရုန်း၏။ သူ လွှတ်မပေးဘဲ မကိုငြ် တစ်ကိုယ်လုံး သိမ်းဖက်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲလောက်ထိ ချစ်ခဲ့မိတာ ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်တော့ဘူး၊ မင်းကို ကိုယ် ခေါ်ခဲ့တုန်းက သူများတကာလက်ထဲကို ထည့်မပေးလိုက်နိုင်တာ၊ ပိုင်ဆိုင်ချင်စော့ဲထဲမှာ အတ္တတွေ မဝင်ခဲ့သေးဘူး၊ အခု – အခု ဒီလို မဟုတ်တော့ဘူး ထင်တယ်၊ မင်းကို ကိုယ် အရှုံးပေးချင်လာတယ်၊ မင်းရဲ့ ကြည်ဖြူလိုက်လျောမှုကို လိုလားတောင့်တစိတ်တွေ ဖြစ်နေတယ်၊ မင်း မလိုချင်လည်း ကိုယ့်ရဲ့မာနတွေ၊ အနိုင်လိုချင်မှုတွေ၊ အတ္တတွေအားလုံး မင်းပဲ သိမ်းပိုက်ပါ၊ မင်းဟာ ကိုယ့်ဘဝရဲ့ မကိုင်း်ပဲ၊ မနည်း ဆိုတဲ့ ငါ့ဘဝရဲ့ အရေးကြီးဆုံး ကြင်ရာသခင် .."

သူသည် မကိုင်ရွှ ကို ရှုံးသွပ်တပ်မက်သောအနမ်းများ ဖွတ်အတင်း ခြွေ၍ ဝါကျတွေလည်း ရှေ့နောက်မညီ ...၊

ဘယ်လို ငြင်းဆန်လို့မှ လွတ်မြောက်ခွင့်မပေးသော ဖက်တွယ်ချုပ်နှောင်မှုများနှင့် အခြေအနေ အရာအားလုံးကို ဘာမှမသိတော့သလို ယစ်မူးပျော်ဝင်နေခဲ့လျက် ...

"မင်းကို ကိုယ် ချစ်တယ် .. ကိုယ့်ကို ပြန်ချစ်ပါ မကိုင်ရွှ၊ မင်းကို ပိုင်ဆိုင်ခွင့်ပြုပါ"

မွှန်းကျပ်မှောင်မိုက်လွန်းသော တဒင်္ဂရဲခန်းမှာ မကိုင်ရွှ ဆင်းရဲကြီးစွာ ခံစားမျောပါရင်း ပူလောင်နေသည့် နှလုံးသားရင်ပြင်သည် သူမဟာ လက်ထပ်ခဲ့ပြီးသော မိန်းမတစ်ယောက်အဖြစ် ဘာကိုမှ မကြည်ဖြူ မလိုက်လျောနိုင်သော ..၊

သူ့ကို သူမ ဘယ်သောအခါမှ ချစ်နိုင်မည် မဟုတ်ပါ ...။





အခန်း (၂၈)

ကီးကီး ကို လက်တစ်ဖက်နှင့် ပွတ်သပ်ရင်း မျက်မှောင်ကုပ်နေသည့် သူ့မျက်နှာကို စိုင်းကြီး က ရပ်ကြည့်နေခဲ့၏။

တစ်စုံတစ်ရာ ဘာမှ ပြော့မလာသောအခါကျမှ ...

"ဘဘ ပြောတာကို လူလေး စဉ်းစားပါ – ခုနေခါမှာ သူတို့ဘက်က ငြိမ်ငြိမ်သက်သက် ရှိနေတယ်ဆိုတာက သူတို့အားလုံး သိက္ခာတရားအတွက် စုပုံပြီး ပေးဆပ်လိုက်ကြတာပဲ၊ တို့တွေကို လိုလားလက်ခံသွားတာ မဟုတ်ဘူး၊ ခေတ်ဦး ဆိုတဲ့ သူငယ်ကတော့ သူ လက်ထပ်ထားတဲ့ ဇနီးအဖြစ် အသည်းအသန် လိုက်စုံစမ်းနေတယ်၊ မိန်းကလေးဘက်က အမှုအခင်းမလုပ်တာ .. တုံ့ပြန်မှု မရှိတာကို .."

"တုံ့ပြန်လာလည်း ကျွန်တော် ဂရုမစိုက်ပါဘူး၊ ဒီလမ်းကိုလျှောက်ဖို့ စဉ်းစားကတည်းက တခေါက်ကန်းဆန်ဆန် လုပ်ခဲ့တာ ဖြစ်ချင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဒါပေမယ့် ဘာတွေ အဆိုးရွားဆုံး ဖြစ်လာနိုင်သလဲဆိုတာကို ထည့်တွက်ပြီးသားပါ၊ အခု သူနဲ့ကျွန်တော် လက်ထပ်ပြီးပြီဆိုတော့ ဥပဒေအရ အကျုံးဝင်သွားပြီ”

မနေ့သျှ ၏မျက်ဝန်းများသည် တစ်စုံတစ်ရာကို ဆုံးဖြတ်ခဲ့ပြီးတိုင်း ရှုးရှဲရင့်နေတတ်သည့် တောက်ပခြင်းများဖြင့် အနည်းငယ်မျှပင် တုံ့ဆိုင်းတွေဝေခြင်း မရှိခဲ့ပေ ...။

ဒါဟာ မနေ့သျှ ၏မာန အမှန်ပဲဖြစ်သည်။

မမှန်မကန် လုပ်ရှားထားခဲ့သည့်တိုင် သူ့မျက်နှာမှာ ကြောက်ရွံ့နောက်တွန့်ခြင်း မရှိ။ တွေဝေတုံ့ဆိုင်းတာမျိုး မရှိ ...။

ကောင်းတော့ ကောင်းသည်။ ဒါပေမယ့် မကောင်းပါ ...။

စိုင်းကြီး ရင်ထဲမှာ ပြောပြချင်တာတွေ ရှိသည်။

အထက်က အစ်ကိုတော်၊ အစ်မတော်များ၏ ပို့ဆောင်ပြန်ကြားချက်တွေကိုလည်း ပြောပြချင်၏။

“ကလေးကို သေချာစောင့်ရှောက် .. ဘယ်မှ မသွားမလာစေနဲ့၊ သူ့ရဲ့ မွေးလက်ဇာတာမှာ ကြိုဟ်ပူးကြိုဟ်မြင်တွေ သိပ်ကို ဆိုးဝါးနေတယ်”တဲ့...။

အစ်ကိုအကြီးဆုံးဖြစ်သည့် စိုင်းမားမား သည် တရားအလုပ် တစ်ခုတည်းကို ပျော်မွေ့စွာ ကျင့်ကြံအားထုတ်ရင်း ဒီတွကလေး သံယောဇဉ်ဖြင့် လောကီဝတ္တရားများကိုလည်း မစွန့်ခွာနိုင်ရှာ။

ထို့ကြောင့် သံသရာကောင်းကျိုးအတွက် တရားနှလုံးသွင်း၍ စိတ်ကို အေးချမ်းအောင် ကျင့်ကြံခဲ့သည်။

ဖေဒါ၊ နက္ခတ် အတတ်တို့ကိုလည်း နှံ့စပ်တဲ့သူဖြစ်ရာ အမြဲတမ်း





...စင်နေခဲ့သော သူ့နှလုံးအိမ်တွင် ဖြစ်ပေါ်ခံစားလာသမျှ အားလုံး အပေါ်မှာ ဝေဖန် ပိုင်းခြားနိုင်သည်။

နောင် ဘာဖြစ်နိုင်မလဲဆိုတာကို မှန်းဆသမျှဟာ ပြေးကြည့်တာ ...က် မှန်၏။

ထို့ကြောင့် တော်ရုံနဲ့ သူ စကားမပြောတတ်ပေ။ မောင်နှမချင်း ...ည်း မလိုအပ်ဘဲ စကားလက်ဆုံ ပြောဆိုဆွေးနွေးတာမျိုး မလုပ် ...၊ ...းသောက်ချိန် ဒါမှမဟုတ် ဗာဟီရကိစ္စတစ်ခုခု မဖြစ်မနေ လိုအပ်ချိန် များမှာသာ နှမဖြစ်သူကို ခေါ်တွေ့သည်။

ကျေးကျွန်တို့ ဝင်ထွက်လုပ်ကိုင်ပေးတာကို လက်ခံသည်။

မောင်နှမ သုံးယောက်ထဲမှာ မမကြီး နဲ့ စိုင်းကြီး အတွက် အနန္တောအနန္တငါးပါးနဲ့အတူ လေးစား ယုံကြည်ကိုးကွယ်ခဲ့ကြရသည့် အစ်ကို အကြီးဆုံးဆိုလည်း မမှား ...။

အစ်ကိုတော် ဤသို့ အမှာရှိထားသည်မို့ မနေ့သျှ ကို သူ သိုသိုသိပ်သိပ် နေစေလိုသည်။ ဒီအချိန်မှာ လက်ရှိ ငြိမ်သက်နေသည့် အခြေအနေလေးအတိုင်း အသာလေး စီးမျောနေစေချင်၏။

မနေ့သျှ ကတော့ လက်ထပ်ပြီးတာနှင့် ခရီးထွက်ဖို့ ပြင်နေသည်။

သူ့အမြင်မှာ လူကြီးတွေ သိသလို မသိ ...၊ လူကြီးတွေ တွေးပူသလို မပူ ...။

ရန်ကုန်မြို့နှင့်ဝေးလေ စိတ်ချရလေဟု အသေတွက်ထား၏။

စိုင်းကြီး သည် မနေ့သျှ ကို ကိုယ့်တူပေမယ့် ချစ်မြတ်နိုးလွန်းလို့ တယုတယ အလိုလိုက် စောင့်ရှောက်ခဲ့တာဟာ အုပ်ထိန်းသူလို့လည်း နေသည့်၊ ငယ်ကျွန်တစ်ယောက်လိုလည်း ရင်းနှီးစေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝဟာ ဒီကလေးအပေါ် ဘယ်လိုပုံစံပဲဖြစ်သွားသွား ရ
မှုယ်ချက်က သူ့အနားမှာ နေခွင့်ရဖို့ပဲ ဖြစ်သည်။

နေသျှံ က ချုပ်ချယ်တာကို မကြိုက်၊ နေရာတကာ သူ့အချ
အပြတ်အပေါ် မဝေဖန်နှင့်ဆိုတာမျိုး ..၊

ထို့ကြောင့် စိုင်းကြီး သည် နေသျှံ အားမှာ အုပ်ထိန်းသူလို ရှိနေ
ပေမယ့် ကိုယ့်ကိုယ်ကိုယ် အထိန်းတော်ကြီးတစ်ယောက်လိုလည်
သဘောထားခဲ့၏။

ဒီကိစ္စမှာတော့ မပြောဘဲနေလို့ မရ ..။

"ထိုင်နေတုန်းက အကောင်း၊ ထသွားမှ အကျိုးမှန်းသိ ဆိုသလ
မမြင်တဲ့လူကို ကိုယ်ယောင်ပြလိုက်သလို ဖြစ်မှာစိုးတယ်၊ ဘဘ ဆ
ကတော့ ဒီမှာပဲ ခဏ သည်းခံနေပြီး အားလုံးကို သိမ်သိမ်မွေ့မွေ့ ဖြေ
ရှင်းစေချင်တယ်၊ မိန်းကလေးကို လူမသိသူမသိ ဒီလို တစ်သက်လုံး
ဝှက်ထားလို့မရဘူးဆိုတာ လူလေး နားလည်ပါတယ်"

စိုင်းကြီး ဘက်ကို နေသျှံ ဖျတ်ခနဲ လှည့်၏။

"အဲဒါ လုံးဝ မဖြစ်နိုင်ဘူး စိုင်းကြီး ..၊ သူက ကျွန်တော့်နောက်
ကို ချစ်လို့လိုက်ခဲ့တာ မဟုတ်ဘူး၊ သူချစ်တဲ့လူတစ်ယောက်နဲ့ ပေးတွေ့
လိုက်တာနဲ့ သူ ထွက်ပြေးသွားမှာပဲ၊ ခုလို သူ့ကို ဝှက်ထားတာ ကျွန်တော့်
လူတွေကို ရင်မဆိုင်ရဲလို့ မဟုတ်ဘူး၊ သူ့စိတ်ကို ကျွန်တော် မပိုင်သေး
လို့"

နေသျှံ ဆိုဖာထက်ကနေ ဆတ်ခနဲ ထရပ်သည်။

မြင့်မားကျစ်လျစ်သည့်ကိုယ်ဟန်နှင့် မျက်နှာထက်က တင်းမာမှု
များသည် တိုက်ပွဲဝင်တော့မည့် စစ်သူရဲကောင်းတစ်ဦးကဲ့သို့ ရဲရင့်





နေ၏။

ပြီးတော့ ရဲရင့်မှုများသည် ခက်ထန် တင်းမာခြင်းသက်သက်
ဟုတ်ဘဲ ချောမွေ့တည်ကြည်နေသော တင့်တယ်ခြင်းတို့ ရောထွေးနေ
နေသည်။

နောက်ကနေ တဖြည်းဖြည်း လိုက်ထရပ်ရင်း နေသျှံ မျက်နှာကို
ိုင်းကြီး ချစ်မြတ်နိုးစွာ ကြည့်သည်။

ဘယ်လိုမှ လက်လွှတ်စပယ် စွန့်ပစ်၍ ဆုံးရှုံးမခံနိုင်သော အနစ်နာ
ခံလိုခြင်းများဖြင့် ကြည့်၏။

"လူလေး ခုတစ်လော ဟိုနဲ့ဒီ သွားလိုက်ပြန်လိုက်၊ အချစ်ရေးကိစ္စ
အတွက် စိတ်ပင်ပန်းလိုက်နဲ့ လူလည်း မကျန်းမာပါဘူး၊ ဘဘ ပြော
တာကို ဒါတစ်ခုတော့ နားထောင်ပါကွယ်၊ ကလောကို ချက်ချင်း
သွားမယ့်အစီအစဉ် ခဏဖျက်လိုက်ပါ"

"မတားပါနဲ့ .. ကျွန်တော့် ဆုံးဖြတ်ချက်ကို တားတဲ့သူအတွက်
ကျွန်တော် နားလည်ပေးမှာ မဟုတ်ဘူး၊ တားဆီးလိုက်တာဟာ ရှုတ်ချ
လိုက်တာပဲ .. ကျွန်တော် ဒီတိုင်းပဲ နားလည်တယ်"

စိုင်းကြီး က ခေါင်းခါရင်း မျက်လွှာချလိုက်သည်။

ကီးကီး က ခပ်လှမ်းလှမ်းထောင့်မှာ ဆောင့်ကြောင့်လေး သွားထိုင်
လျက် သူတို့နှစ်ယောက် ပြောသမျှကို နားထောင်နေသည်နဲ့ တူ၏။

"အခု ကျွန်တော့် ဓာတ်ပုံတွေ ကူးမလို့၊ စိုင်းကြီး ခရီးသွားဖို့
ပြင်ထားပါ"

ဘယ်လိုမှ တားဆီးမနိုင်တော့တာကို သိရှိသွားကာ စိုင်းကြီး ခေါင်း
ညိတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တောင်းလို့မရရင်လည်း ကလောရောက်တဲ့အထိ ဘာဘာ လိုက်ပို့ပေး
မှာ

အဖျောင်ခန်းဆီကို ခြေလှမ်းပြင်ရင်း ဓနသျှံ တုန့်ခနဲ ဖြစ်သွား၏။ ဆိုသော် ဘာမှမပြောတော့ဘဲ ဆက်လျှောက်သွားခဲ့သည်။

သူ့ရင်ထဲမှာ မကိုင်ရှ နှင့်ပတ်သက်၍ စွန့်လွှတ်ပေးကွာရမည့်အဖြစ်မျိုးကနေ လွတ်မြောက်ဖို့အတွက် ဓားတောင်ကိုပဲ ကျော်ရကျော်ရ မီးပင်လယ်ကြီးဖြစ်ပါစေ အချစ်တစ်ခုတည်သာ သူ့ဘဝ၊ အချစ်ဖြင့်သာ ရှင်သန်လိုသောကြောင့် ...။





အခန်း (၂၉)

ခရီးတစ်ထောက်လောက်မှာ မိုးက သည်းကြီးမည်းကြီး ရွာချလာ၏။ မိုးမချုပ်ခင်ကတည်းက လမ်းဘေးပတ်လည်မှာ ထယ်ကွင်းတွေ တစ်မျှော်တစ်ခေါ်နှင့် စိမ်းညို့သော သစ်ပင်တောအုပ်တချို့ကို ပျပျကလေးပဲ မြင်ခဲ့ရသည်။

အဝေးပြေးလမ်းမကြီး ဆိုပေမယ့် အဝေးပြေးကားတွေ သွားလာနေကြတာလည်း သိပ်မတွေ့ရပေ။ လမ်းကြီးက မည်းနက် ရှင်းလင်းနေသည်။ ဘေးမှာ လူနေအိမ်ခြေ ဘာမှမရှိ ...။

မိုးမချုပ်သေးဘဲ မိုးသားတို့၏ ဖန်ဆင်းမှုကြောင့် ညို့မှောင်နေတာက ညနေကတည်းက ဖြစ်သည်။ မိုးတွေရွာချလိုက်တော့ နာရီမရှိသည့် မကိုင်ရှ မှာ ဘယ်နှစ်နာရီ ဘယ်အချိန်ဆိုတာကို မခန့်မှန်းနိုင်ပေ ...။

သေချာသိနေသည်က အလွန်ခေါင်သီ ခြောက်သွေ့သော အဝေးပြေးလမ်းမကြီးပေါ်မှာ သူမတို့၏ ကားလေး ရှိနေသည့်အဖြစ်သာ ...။



www.burmeseclassic.com

www.burmeseclassic.com



"လမ်းကို မမြင်ရတော့ဘူး၊ ဘာဘ ဖယ်လေ .. ကျွန်တော် မောင်းမယ်"

"မောင်းနဲ့ လူလေး.. ငယ်တဲ့လူဆို စိတ်မြန်လက်မြန်နဲ့ အန္တရာယ်ရှိတယ်၊ ဘာဘ မှေးပြီး မောင်းသွားလို့ရတယ်"

မိုးရွာလေရွာ တရှုကြမ်း ဖြစ်လာသည်။ ဘေးပတ်လည်မှာ သစ်ဝင်ဝါးပင် ဘာမှမရှိသော ကွင်းလယ်နေရာမို့ ရာသီဥတုက ကောင်းကောင်းကြီး ဒုက္ခပေးနေတော့သည်။

ကားထဲမှာ မီးတွေဖွေးနေပေမယ့် ပတ်ဝန်းကျင်တစ်ခွင်လုံးကို ဘာဆိုဘာမှ မမြင်ရဘဲ အားလုံး မဟူရာဝတ်ရုံလွှာကြီးနယ် ..။

"ဒိန်း .."

"အမေ့!..."

ကီးကီး ကို ပိုက်လျက် မကိုင်ရှ လန့်ဖျပ်အော်သည်။

"ဒိန်း .. ဒလိန်း"

လျှပ်ရောင်တွေ ဝင်းဝင်းလက်လက်နှင့် ကားတစ်စီးလုံးကို စုပ်ယူဝါးမျိုတော့မတတ် ..၊ ထိုင်နေတာတောင် တုန်ခါလာနေ၏။

"မကိုင်ရှ .."

မကိုင်ရှ ပခုံးလေးပေါ် သူ့ကုတ်အင်္ကျီလေး လွှမ်းခြုံပေးပြီး အေးစက်နေသည့် လက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်၏။

မကိုင်ရှ ဒီတစ်ခါတော့ ဆောင့်ဖယ်ရုန်းထွက်သွားဖို့ သတိမရ။ ကီးကီး က အလွန်သိတတ်နားလည်စွာ မကိုင်ရှ ရင်ခွင်ထဲကနေ သာသာလေး ဆင်းထွက်သွားပြီး အိပ်ရာပြင်ထားသည့် သူ့အတွက်နေရာလေးမှာ သွားခွေနေ၏။





ရှည်လျားသောဆံစလေးများကို တယုတယ သိမ်းဖယ်၍ ကြောက်ရွံ့စွာ လှုပ်ခတ်နေရှာသည့် နှုတ်ခမ်းလွှာလေးတွေကို ငုံ့ကြည့်ကာ ...

"မင်း သိပ်ကြောက်နေလား .."

"အင်း .."

"ကျိမ်း .."

"အား!..."

မကိုင်ရှ သူ့ရင်ခွင်ထဲ ရောက်လာ၏။ ပြီးတော့ ကျောပြင်ကို တင်းကျပ်စွာ ဖက်တွယ်ထားကာ ...

"ဘေးမှာ ဘယ်သူမှလည်း မရှိဘူး၊ မကိုင်ရှ တို့ ဘယ်ရောက်နေတာလဲဟင် .. မကိုင်ရှ ကြောက်တယ်"

သူ့ရင်ခွင်ထဲမှာ မျက်နှာလေးကပ်၍ မကိုင်ရှ ငိုသောအခါ သူမ တစ်ကိုယ်လုံးကို မြုပ်ကွယ်လုလု တိုးဖက်ထားလိုက်ပြီး ...

"ကိုယ် ရှိတယ် .. မင်း ဘာမှမဖြစ်စေရဘူး၊ မကြောက်နဲ့"

မကိုင်ရှ ရှိုက်ငိုနေသော်လည်း သူ့ရင်ခွင်ကိုပဲ အားကိုး ယုံကြည်စွာ မှီခွဲလျက် ငြိမ်သက်သွားခဲ့၏။ ကားလေးက ရှေ့ဆက်မတိုးနိုင်တော့ဘဲ လုံးဝ ရပ်တန့်သွားခဲ့ကာ ...

"ဝိုက်ပါ မနိုင်တော့ဘူး လူလေး .. မီးရောင်လည်း မတိုးတော့ဘူး၊ အထဲမီးတွေပါမှိတ်ပြီး ဘာဘတို့ ဒီမှာပဲ နားမှ ဖြစ်တော့မယ်"

"မဖြစ်ဘူး စိုင်းကြီး .. ရပ်နေလိုက်ရင် မကိုင်ရှ ပိုကြောက်လိမ့်မယ်၊ ကျွန်တော် မောင်းမယ်"

မကိုင်ရှ ကို သူ ဖယ်ချမလို့ ပြင်လိုက်လျှင် မကိုင်ရှ က သူ့အင်္ကျီကို ဆုပ်ဆွဲထားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဒီမှာပဲ နေပါ – မကိုင်း ကြောက်တယ်"

ဆိုလိုက်တော့မလို ပြင်ပြီးမှ ခနသျှံ အခက်တွေ့သွား၏။ မိုးသံ လေသံ ရောထွေးဆူညံနေသဖြင့် သူပြောတာကို မကြားလိုက်မှာစိုးကာ စိုင်းကြီးက နောက်မှာ ကိုယ်တစ်ခြမ်းလှည့်လိုက်၏။ ထို့ကြောင့် မကိုင်း ထို့ ခွာမရဖြစ်နေသည့် ခနသျှံ အဖြစ်ကိုပါ မြင်သွားကာ ...

"ဒွတ်မလုပ်ချင်ပါနဲ့ လူလေးရယ် – ရာသီဥတု တော်တော်ဆိုးရွားနေလို့ ပြောတာ၊ မိန်းကလေးကလည်း ကြောက်နေမှာပေါ့၊ ကဲ ဘဘ မီးမှိတ်လိုက်တော့မယ်၊ မီးဖွင့်ထားရင် အန္တရာယ်ခေါ်သလို ဖြစ်နေမှာစိုးလို့"

ပြောပြီးသည်နှင့် စိုင်းကြီး က မီးမှိတ်ပစ်လိုက်လျှင် ကားထဲမှာ မှုန်ဝါးဝါးအပြာရောင်မီးပွင့်သေးသေးလေး၏အရောင်သာ ကျန်လေသည်။

"အေးအေးဆေးဆေး အိပ်ကြ၊ ဘဘ စောင့်ပေးပါ့မယ်"

ကားကြီးက တံခါးခြောက်ဖက်နှင့် တောင်းအေ့စ်အမျိုးအစား ဖြစ်သည်။ အထဲမှာ မွေ့ရာခင်းနှင့် အိပ်ရာကို ကျကျနန ပြင်ဆင်ထားလို့ ရသည်။ အမှောင်တွေချည်း ဖြစ်သွားတော့ ပြာလဲ့လဲ့မီးရောင်လေးက အားကိုးလောက်သည့်လင်းအားကို ပေးစွမ်းလာခဲ့သည်။

ပြင်ထားပေးသည့်အိပ်ရာကို ပြန်ငဲ့ကြည့်ကာ မကိုင်း ဘာလုပ်ရမှန်း မသိတော့ ...။

နွေးနေသည့်ရင်ခွင်ကို မက်မောနေခြင်းဟာ ရမ္မက်စိတ်နှင့် မဟုတ်လေ ...၊ ကြောက်ရွံ့နေသည့်စိတ်က ဒီရင်ခွင်ထဲမှာ ခိုဝင်လိုက်မှ လုံခြုံသလို နွေးထွေးခဲ့ရ၏။ အိပ်ရာထဲ ဝင်နေလိုက်လျှင် မကိုင်း တစ်ယောက်တည်း...၊

"သွားအိပ်လေ .. မင်းနားမှာ ကိုယ် ထိုင်နေမှာပါ"





မီးရောင်အောက်မှာ မကိုင်း မျက်နှာလေးက အပြာရောင် နတ်သမီးလေး ဖြစ်နေ၏။ ရှည်လျားကော့နက်သည့် မျက်တောင်များတို့က ပါးပြင်မို့မို့ထက်မှာ အရိပ်ထင် ဖြာဆင်းလျက် နှုတ်ခမ်းသားလေးတွေက ထင်းနေ၏။

"သွားလေ .."

မျက်ဝန်းတို့ကို ဖျတ်ခနဲ လွှဲဖယ်ပစ်၍ မကိုင်း ကိုယ်လေးကို သူ လွှတ်ပေးလိုက်၏။ မကိုင်း က အိပ်ရာနှင့် သူ့မျက်နှာကို တစ်လှည့်စီ ကြည့်၍ လက်တစ်ဖက်မှာဆွဲထားသည့် ကုတ်အင်္ကျီစကိုလည်း မလွှတ်သေးဘဲ ...

"ရှင် မကိုင်း နားမှာ ထိုင်လေ"

သူ ခေါင်းညိတ်၍ နေရာရွှေ့လိုက်စဉ် လျှပ်ရောင် ဝင်းခနဲ လက်သွားပြီး တစ်ဆက်တည်း မိုးခြိမ်းသံက စူးရှကျယ်လောင်စွာ ...

"အမယ်လေး! .."

နှစ်ယောက်သား ပူးကပ် ဖက်တွယ်သွားမိပြန်ကာ ...

"ဟင့်အင်း .. မကိုင်း မအိပ်တော့ဘူး"

သူ့ကိုလည်း ခါးခါးသီးသီး ပုတ်ခတ်ငြင်းဆန်ဖို့ သတိမရတော့ဘူး ထင်သည်။ မကိုင်း သည် မိခင်ရင်ခွင်တွင်းသို့ ကြောက်လန့်စွာ တိုးဝင်ဖက်တွယ်နေခဲ့သော ကလေးငယ်တစ်ယောက်လို ရင်ခွင်ကိုမှီ၍ ကြိတ်မှိတ် ရှိုက်ငိုနေသံလေး တစ်ချက်တစ်ချက် ထွက်ပေါ်လျက် ...

"မကြောက်ပါနဲ့ .. ကိုယ် ရှိတာပဲ"

လို့ နဖူးပြင်လေးကို တယုတယ ပါးပြင်ကပ်၍ နှစ်သိမ့်မိတိုင်း ခေါင်းလေးခါ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. ကြောက်တယ်"

အမှောင်ကမ္ဘာကြီးကို တစ်ချက်မှ မော့မကြည့်တော့ဘဲ ကြာသော အခါ မကိုဋ္ဌ ကိုယ်လုံးလေး ပျော့ပျော့ခွေခွေလေး ဖြစ်သွားလေသည်။

သူမ အိပ်ပျော်သွားပါပြီ ..။ ပင့်သက်ရှိုက်လျက် သူ့မှာ ပိုင်ဆိုင်ထား သော်လည်း မနမ်းရက်၊ ပွေ့ပိုက်ထားခဲ့သော်လည်း မထိရက်ပြန် ..။

အငြိုးကြီးသောမိုးနဲ့ မိုးကိုကြောက်သော ချစ်သူကြားမှာ သူ့နှလုံး သားသည် မီးတစ်ခြမ်း၊ ရေတစ်ခြမ်း သွန်းလောင်းခံထားရသလို ..။

မျှသိပ် ထိန်းချုပ်ရခြင်းတို့ကြောင့် ပူလောင် နွမ်းလျှနေခဲ့ပြီး ရင်ခွင် မှာ အားကိုးယုံကြည်စွာ မှီနွဲ့ရင်း အိပ်ပျော်နေခဲ့သည့် ချစ်သူကို ပွေ့ပိုက် ကာ ကြည်နူးချမ်းမြေ့ခြင်းကြောင့် တသိမ့်သိမ့် ရင်ခုန်ကြည်နူးရင်း ...

မင်းကို သိပ်ချစ်တယ် မကိုဋ္ဌ ..၊

တကယ်လို့ အချစ်ဟာ

အဆိပ်သင့်ထားတဲ့ ဓားသွားတစ်ခု ဖြစ်နေခဲ့ရင်တောင်

ကိုယ်ကတော့

ဘယ်ဘက်ရင်အုံကို ရဲရဲဝံ့ဝံ့ ဖွင့်ပေးမယ် ..

တစ်ဆုံးတစ်စ ဆူးနစ်သွားပါစေ ..

ကြည်ဖြူစွာ ခွင့်ပြုတယ်

ကိုယ့်ဘက်က မင်းအတွက် ဘာမဆို ..။





## အခန်း (၃၀)

"တွေ့လား .. ဟိုးရှေ့မှာ ခေါင်မိုးဦးချွန်တွေနဲ့ အဆောက်အအုံလေး၊ အဲဒါ 'မြမျိုးမြင့်မာန်' "

သူ ပြတော့ မကိုဋ္ဌ ကားပေါ်ကနေ လှမ်းကြည့်လိုက်မိသည်။

အားလုံးထက်ပိုမြင့်သော တောင်ကုန်းကြီး၏ ခါးပန်းတစ်ဝိုက်မှာ ခေါင်မိုးချွန်တွေ ထိုးထိုးထောင်ထောင်နှင့် အဆောက်အအုံကြီးတစ်ခု၏ တစ်စွန်းတစ်စကို မြင်ရသည်။

သို့သော် တောင်အနိမ့်အမြင့်အလိုက် မညီမညာ ကွေ့ကောက် မောင်းနှင်နေရသည့် ကားပေါ်ကနေ အဆောက်အအုံကို မြင်ရခြင်းမျိုးမို့ ပေါ်လာလိုက် .. ပျောက်သွားလိုက် ..။

ခရီးတစ်လျှောက်လုံးမှာ ဖားကော လူကော အတော်ပင်ပန်းနေပြီ ဖြစ်ရာ နားခိုစရာမြင်သမျှမှာ စိတ်ဝင်စားဖွယ်တွေချည်း ဖြစ်နေ၏။

သစ်ပင်ရိပ်ကောင်းကောင်း မြင်လည်း ဝင်နားချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible]နှင့် အဆောက်အအုံကောင်းကောင်း ဘယ်မှာပဲတွေ့တွေ့ [illegible] အေးချမ်းသည့်နေရာတွေ မြင်တိုင်း ပစ်ခတ် [illegible]။

[illegible]၊ မိုးရွာလိုက်နှင့် ကားပေါ်မှာချည်း လိုက်ခဲ့ရသည့် ဝဋ္ဋ [illegible] မကိုင်ရ အတော်ကြီး လန့်သွားခဲ့လေသည်။

"မင်း ပင်ပန်းလှပြီ ထင်တယ်၊ ကိုယ် စိတ်မကောင်းပါဘူး"

ဒါသလည်း ဖြစ်နေသည်။ ထိတာကိုင်တာလည်း မကြိုက်၊ ဒါကို နေသျှံ သည် သူ့မလက်ဖဝါးလေးကို ထွေးဆုပ်၍ မကြာခဏ တောင်းပန်သည်။

တောင်းပန်သည့်လူကတော့ စထွက်လာကတည်းက နေကောင်းလို့လား ... ခုလည်း သူ့မျက်နှာတွေ နီရဲကာ ခြေဖဝါးတွေလည်း ပူနေ၏။ တစ်လမ်းလုံး အဆင်သင့် ယူဆောင်လာခဲ့သည့် စားစရာတွေကိုလည်း တို့တို့တိတိနှင့် နှစ်ယောက်လုံး သိပ်မစားခဲ့ကြတာလည်း တူနေပြန်သည်။

စိုင်းကြီး ကတော့ 'နည်းနည်းစားလိုက်ပါ' 'နည်းနည်းစားလိုက်ပါ' စသဖြင့် နှစ်ယောက်လုံးကို ဂရုတစိုက် ကျွေးမွေးခဲ့သည်။ ကားမောင်းတော့လည်း ခဏတဖြုတ်လောက်ပဲ နားပြီး သူချည်း ဒိုင်ခံ ...။

"ရောက်ပါပြီ .. လူလေးတို့ အေးအေးဆေးဆေး နားလို့ရပြီ၊ ဒါပေမယ့် လူလေးတို့ ရောက်တာနဲ့ ရေတန်းချိုး၊ အိပ်ရာတန်းဝင် မလုပ်ကြနဲ့နော် ...၊ ခဏတဖြုတ် ထိုင်ထပ်နားဦး၊ ဖျားတတ်တယ်ကွယ့်"

စိုင်းကြီး ပြောနေဆဲမှာပဲ ကားက ကုန်းမော့လေးအတိုင်း ကွေ့ဝိုက်တက်လာခဲ့၏။ ရှေ့မှာ တံခါးနီနီကြီးနှစ်ချပ်နဲ့ ဝင်းတံခါးကို မြင်နေရပြီ ဖြစ်သည်။

အနိမ့်ကနေ မော့ကြည့်သလို ဖြစ်နေသောကြောင့် အထဲက အဆောက်အအုံပုံ ဘာကိုမှ မမြင်ရပေ။ ထိုစဉ် အံ့သြဖို့ကောင်းသည်မှာ ခြံဝနှင့်ကား ကိုက်နှစ်ဆယ်ခန့်အကွာလောက်ရောက်လျှင် ထူထဲခိုင်ခံ့လှသော တံခါးနီကြီးနှစ်ချပ်က အဆင်သင့် ဖွင့်ထားပြီးသားဖြစ်သွား၏။

ကားဝင်ပြီးသည်နှင့် တံခါးနှစ်ချပ် ပြန်စေ့သွား၏။ ခြံဝမှာ ခြံစောင့် မမြင်ပါ ...၊ တံခါးသည် တစ်စုံတစ်ယောက်က လာဖွင့်ပေးခဲ့တာ မဟုတ်။

ဒါ ဘာလဲ ...၊ ခေတ်မီလွန်တာလား၊ ပဉ္စလက်အတတ်တွေလား...၊ 'ဘကြီးတော်'၊ 'ဒွေးတော်'နဲ့ ဒီလို 'တော်ဝင်'မျိုးနွယ်တွေကို ခေတ်ရှေ့ပြေးနေသည်ဟု ယူဆဖို့က သိပ်တော့ သဘာဝမကျဘူး ထင်သည်။ ထို့ပြင် တစ်ပတ်ကြီးပတ် မောင်းလာပြီးမှ တိုက်မြင့်ကြီးကို သေချာမြင်လာရ၏။

အလှပန်းပင်ဆိုလို့ ဘာမှမရှိ၊ ရှေ့တည့်တည့်မှာ သစ်ပုတ်ပင်တွေချည်းရှိကာ ပုန်းညက်၊ ခရေ၊ စံပယ်နှင့် ကံ့ကော်ပင်တွေက အနိမ့်အမြင့်အလိုက် စနစ်တကျ တန်းနေ၏။ ပြီးတော့ ဖွန်ပန်းရုံကွေ။

တောထသည်၊ အမှိုက်ရှုပ်သည်ဟု ထင်ကာ တော်ရုံလူ မမွေးမြူတတ်ကြသည့် ပန်းရုံတွေဖြစ်သည်။

ခုနေအခါမှာတော့ ဖွန်ကော၊ စံပယ်ကော ပန်းအုံတွေရှိသမျှမှာ ပန်းတွေက ဖွေးဖွေးလှုပ်နေ၏။ ဒါတွေကြောင့် ခြံထဲကို ဝင်လာသည့် လမ်းတစ်လျှောက်မှာ တိုက်ကြီးကို မမြင်ရသေးဘဲ ပန်းရနံ့တွေက မွှေးပျံ့နေသည်။

"ဟင်!..."







www.burmeseclassic.com

လှည့်ကြည့်လိုက်တော့ မနသျှ ကူရှင်ပေါ်မှာ ပျော့ခွေငြိမ်သက်နေပြီ။ အနက်ရောင်မှန်ချပ်ကြီးများနှင့် အနီရောင် အဆောက်အအုံကြီးက၊ ရဲတိုက်ကြီးနှင့်လည်း တူသည်။ တည်းခိုခန်းကြီးလား၊ ဆေးရုံအဆောက်အအုံပုံကြီးလား၊ ဝရန်တာတွေ ပတ်လည်နီးပါးရှိကာ ပြတင်းမြင့်ကြီးတွေက အများကြီးနှင့် ..။

သေချာကြည့်လေ နားမလည်လေ ..၊ မကိုင်ရဲ့ အမြင်ထဲမှာတော့ စိတ္တဇဆန်ဆန် ပန်းချီကားတစ်ချပ်ထဲမှာ ထီးထီးမားမားကြီး မြင်နေရသည့် ရဲတိုက်ကြီးတစ်ခု ..။

ဒီလောက်ထိ ကြီးမားခမ်းနားထားပြီးမှ ဘာဖြစ်လို့ အနီရောင်ကြီး လုပ်ထားရတာလဲ ..၊ လူတွေ ဘယ်လောက်များလို့ ဒီလိုကြီးကြီးမားမားကြီး ဆောက်ထားရတာလဲ။ မေးခွန်းတွေကို တန်းစီမေးရင်း သိချင်လာလွန်းသဖြင့် သူ့ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိခြင်း ဖြစ်သည်။

သူ အိပ်နေတာမှ ဟုတ်ရဲ့လား ..၊ သူမကို ကိုင်ခဲ့သည့် လက်ဖဝါးတွေ ကလောကိုနီးလာလေ ပူလာလေကို သတိရလိုက်၏။ သူ့လက်ဖဝါးကိုမရဲတရဲ ဆုပ်ကိုင်ကြည့်မိ၏။

"ဟယ်!..."

မကိုင်ရဲ့ အသံလေးကို ကြားသွားပြီး စိုင်းကြီး က နောက်ကြည့်မှန်ထဲကနေ လှမ်းကြည့်၏။

"ဘာဘာ .."

မကိုင်ရဲ့ အလန့်တကြား လှမ်းခေါ်ကာ ...

"ဘာဘာ သူ့ကိုယ်တွေ ပူချစ်နေတာပဲ"

"ဟုတ်လိမ့်မယ် သမီး၊ ဖြစ်မှာပဲဆိုတာ ဘာဘာ သိတယ်၊ ဒါကြောင့်





န်းမှာကို သိရက်နဲ့ ဒီရောက်အောင် တရကြမ်းနှင်လာခဲ့တာပေါ့"

ကားလေး ပေါ်တီအောက် ရောက်သည်နှင့် ရင်ဖုံးအကျီတွေနဲ့ သီအပွင့်အခက်အမျိုးမျိုး ဝတ်ထားကြသည့် အမျိုးသမီးငယ် သုံးယောက်နဲ့ စိုင်းကြီး လိုပဲ ခေါင်းပေါင်းများနှင့် လူကြီးလေးယောက်က ားဝင်သာအောင် လမ်းဖွင့်ထားရင်း အသင့်ကြိုဆိုနေကြ၏။

"သခင်လေး ပြန်လာပြီ"

"သခင်လေး ကျန်းမာပါစေ"

အော်ဟစ်လိုက်ကြတာ မဟုတ်ပါ။ ကားရပ်လိုက်တော့ တံခါးနှပ်ဖက်ကို တရိုတသေဖွင့်ပေးလာကြရင်း ပြုံးရွှင်ဝမ်းမြောက်စွာ ရေရွတ်လိုက်သည့် ဆုတောင်းသံတွေ ဖြစ်သည်။

"ဟော .. နောက်ဆုတ်လိုက်ကြဦး၊ မင်းတို့သခင်လေး နာမကျန်းဖြစ်လာတယ်"

အသံသည် အိမ်ကြီး၏အပေါ်ထပ်မှဖြစ်ကာ ပိုးချိတ်ထဘီ၊ ပိုးပျော့ရင်ဖုံးလက်ရှည်ပွပွကြီးနှင့် အသက်ငါးဆယ်ခန့် မိန်းမကြီးတစ်ယောက်ဆင်းလာ၏။

သူမအားမှာ မိန်းမငယ်လေးနှစ်ယောက် ခြံရံလျက် ပါလာသည်။ သူမ ဆင်းလာသည်နှင့် ကားနားက လူအားလုံး နောက်ဆုတ် ခေါင်းငုံ့၍ ရပ်နေလိုက်ကြ၏။

စိုင်းကြီး က ကားပေါ်ကနေ ကမန်းကတန်း ဆင်းကာ ဖွင့်ထားပြီးသည့်နောက်ခန်းတံခါးကို ကိုယ်နှင့် တိုက်ခံထားပြီး မနသျှ ကို တယုတယ ပွေ့ချီချ၏။

"ရောမှုစံ နဲ့ ဘာဘာ မောင်ငယ်ကို ဝင်ကူစမ်း"

www.burmeseclassic.com



ဘားကနေ စိုးရိမ်တကြီး လက်တပြင်ပြင်ရှိနေကြသည့် ခေါင်းဆောင်နှင့် လူကြီးနှစ်ယောက်က ပျော့ခွေပါလာသည့် မနည်း ကို အားပါးရ ဝင်ပွေ့ကြ၏။

"အင်း .. ကျွတ် .. ကျွတ် .."

ကားပြင်ရောက်သည်နှင့် မနည်း မျက်နှာ မဲ့ခနဲဖြစ်ကာ ပျော့ခွေနေသည့်ကိုယ်က လှုပ်ရှားလာ၏။ မျက်လုံးတွေကို အားတင်း၍ ဖွင့်ဖွင့်ကာ မတ်ဝန်းကျင်ကို ဝေ့ကြည့်သည်။ အားလုံးကိုမြင်ပြီးတော့ သူ့မျက်နှာ ကားဆီ ပြန်ရောက်ကာ ...

"စိုင်းကြီး မကိုင်နု .."

"ကားထဲမှာရှိတဲ့ လူလေး .. သူ့ကို မယ်နော် တို့ ကြိုကြမယ် လူလေးရဲ့ ခွေးတော်လည်း ဆောင့်ရောက်မှာပါ၊ ဘဘပခုံးကို မှီလိုက်စမ်း၊ သက်သက်သာသာ နေလိုက်"

မနည်း သည် ခေါင်းလည်း ညိတ်သည်၊ ခေါင်းလည်း ခါသည်။

"ကျွန်တော် ရတယ် ဘဘ၊ ဖယ်ပါ"

ဘယ်လောက် မာနကြီးသလဲဆိုလျှင် တွဲပွေ့ထားသည့် ကြားထဲကနေ အားလုံး၏လက်တွေကို ဖယ်ပစ်လိုက်ပြီး ယိုင်နဲ့နဲ့နှင့် ရပ်၏။

"သခင်မလေး ဆင်းပါရှင်"

သူတို့ကို ငေးနေသည့် မကိုင်နု ဆတ်ခနဲ ဒီဘက်လှည့်မိသည်။ တံခါးကိုကိုင်၍ ခါးတွေပါ အောက်ကိုင်းညွတ်ရင်း ရပ်စောင့်နေကြသည့် အမျိုးသမီးတွေကိုမြင်မှ သူမ ဆင်းဖို့ကို သတိရသည်။

ဒီဘက်ကနေ ဆင်းလိုက်တော့ သူမလည်း ဘာမှမဖြစ်ဘဲ အမျိုးသမီးနှစ်ယောက် တစ်ဖက်တစ်ချက်ကနေ ဝင်တွဲကြသည်။





မြတ်စွာဘုရား ...၊ မကိုင်နု ကိုယ့်ကိုယ်ကိုယ် ဘယ်ဘဝရောက်သွားမှန်းပင် မသိတော့သလို ဖြစ်သွားသည်။

ကြည့်ရှုဖူးသည့် မြန်မာရာဇဝင်ကားတွေထဲကလို ဆံထုံးနှင့်၊ အင်္ကျီလက်ရှည်ခါးရှည်မှာ နောက်ကတန်းလန်း လျှောတိုက်ပါလာသော ထိုင်မသိမ်းထဘီဆိုတာကြီးနှင့် ထိပ်ထားဒေဝီလေလား ..။

မကိုင်နု မျက်လုံးတွေ နဂိုရှိနေတာထက် ပိုပြူးနေသည်။ နှုတ်ခမ်းလေးတွေ မသိမသာ ဟနေ၏။

မနိုင့်တနိုင်နှင့် ရပ်စောင့်နေသော မနည်း ဘေးမှာ သူမကို ယှဉ်တွဲရပ်စေပြီးမှ အမျိုးသမီးနှစ်ယောက် နောက်ပြန်ဆုတ်သည်။

ပုခုံးချိတ်တော်ကြနေသည့် မနည်း လက်ဖဝါးတစ်ဖက်က သူမ လက်ကလေးကို ဖိဆုပ်ထားလိုက်သည်။ ပြီးတော့ ရှေ့လှေကားထစ် တစ်ဆင့်အမြင့်မှာ ရပ်နေသည့် ပိုးချိတ်ထဘီနှင့် အမျိုးသမီးကို မော့ကြည့်သည်။

အမျိုးသမီးကြီးက ထည်ဝါသောခြေလှမ်းများဖြင့် အောက်ထိ ဆင်းလာသည်။ မျက်နှာချင်းဆိုင်မှာ လာရပ်တော့ မနည်း က သူကိုင်ထားသည့် မကိုင်နု လက်ကလေးတစ်ဖက်ကို သူမလက်ထဲ ထည့်ပေးလိုက်၏။

အမျိုးသမီးကြီးက မကိုင်နု လက်ကိုကော မနည်း လက်ကိုပါ နှစ်ဖက်ဆုပ်ကိုင်ကာ ...

"တူမတော်လေးကို ခွေးတော်တို့က ကြိုဆိုပါတယ်ကွယ်"

ပြုံးပြ၍ ခေါင်းလည်း ညိတ်သည်။ ပြောပြီးသည်နှင့် မနည်း နဖူးကို တယုတယ စမ်းသပ်၍ ...

"လူလေး စိတ်ချလက်ချ အနားယူတော့ကွယ်၊ မောင်ငယ် လူလေးကို ခေါ်သွား .. အစ်ကိုတော် အမိန့်ရှိထားတယ်၊ မမွှဆောင်ကို ဝင်မလာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့တဲ့"

"ဟုတ်ကဲ့"

မနေ့သျှံ ကို မေးမဆွဲခေါ်သွားကြသည်။ မနေ့သျှံ သည် အမျိုးသမီးကြီးလက်တွင်းသို့ မကိုင်ရှ ကို ထည့်ပေးလိုက်ပြီးမှ စိတ်ချ ပေါ့ပါးသွားသလို စိုင်းကြီး ပခုံးထက်ကို မျက်နှာငှဲ့ကျသွားသည်။

အမျိုးသမီးကြီးမှာ မကိုင်ရှ လက်ကို တစ်ဖက်၊ ထဘီတစ်ဖက် 'မ' ကာ မနေ့သျှံ ပါသွားသည့်နောက်သို့ ခပ်သုတ်သုတ် လိုက်သည်။

ကြတ်သွေးရောင် ကတ္တီပါကော်ဇော ခင်းထားသည့် ကြမ်းပြင်မှာ ရွှေရောင်အရိပ်တွေ ဖြာနေကာ နင်းရက်ဖွယ်ပင် မရှိ ...။

"ဟဲ့ .. သမားတော် အဆင်သင့်ရှိနေရဲ့လား ...၊ ပြင်ခိုင်းထားတဲ့ ဆေးတွေကို သမားတော် ဖဲအာမာ ဆီ ပို့ပြီး သေချာစစ်ခိုင်းထားရော ပြီးရဲ့လား၊ တူတော်ရဲ့အိပ်ခန်းမှာ အခု ဘယ်သမားတော် နေသလဲ"

အမျိုးသမီးကြီး ဖြစ်နေပုံသည် အန္တရာယ်တွေ့နေသဖြင့် ပိညက်ပိညက်အော်နေသည့် ကြက်ကလေးအသံကိုကြားကာ ယောက်ယက်တိုက် ခြေးလွှားရှာဖွေနေသည့် ကြက်သားအုပ်မကြီးနှင့် တူနေ၏။

စိတ်ထဲမှာ အနီးစပ်ဆုံး တွေးမိ၍ နှိုင်းယှဉ်ကြည့်လိုက်တာ ရိုင်းသွားပြီ ထင်သည်။ ဒါပေမယ့် တိရစ္ဆာန်တွေထဲမှာတောင် မေတ္တာစိတ်ဖြင့် ရင်ကွဲသေဆုံးခဲ့ကြသည့် တိရစ္ဆာန်မျိုးတွေ ရှိနေခဲ့တာပဲ။ ဘွားတို့ ဘိုးဘိုးတို့ ဒီလိုအဖြစ်တွေကိုဆို ကျကျနန မျက်ရည်ကျအောင် ပြောတတ်ကြသည်။

မကိုင်ရှ လည်း မြင်ဖူးတာပဲ။ ကြက်သားပေါက်လေးတွေကို ချစ်လို့ တစ်ကောင်တလေ ကောက်ဖမ်းပြီး ဝေးဝေးလံလံ ပြေးခွဲဖူးတာ သူမ





ကိုယ်တိုင် ...။ ကြက်ကလေးက ကိုယ်လုံးလေးသာ လက်ဖဝါးထဲမှာ နစ်မြုပ်နေရှာပေမယ့် နှုတ်သီးချွန်ချွန်လေးနဲ့ အော်လိုက်တာ 'ပိညက်ပိညက်'နှင့် ကျယ်လိုက်သည့်အသံ။

ကြက်မကြီးကိုယ်မှာ အမွေးတွေ ပွထလာကာ တောင်ပံနှစ်ဖက် ကားကားကြီးဖြန့်၍ 'ကတော့ ကတုတ်'အော်ရင်း ပြေးလိုက်လာ၏။

ဘာပြောကောင်းမလဲ ကြက်မကြီး ခွပ်တော့မှာပဲဆိုပြီး အလန့်တကြား ပစ်ချလိုက်တာ ကြက်ကလေး ဖုတ်လိုက် ဖုတ်လိုက် ဖြစ်သွားရှာသည်။

ခြေထောက်လေးတစ်ဖက် ထော့နင်းထော့နင်းနှင့် ဘွားကိုယ်တိုင် ဆေးလိမ်းပြီး သေချာကုပေးတာတောင် နှစ်ရက်လောက် ဒုက္ခိတဖြစ်ခဲ့ရှာ၏။

နောက်တော့ မကိုင်ရှ ကို ကြက်ခြံဘက် သွားမဆော့ရဟု ဘိုးဘိုး အမိန့်ထုတ်တော့သည်။ နောက်ဖေးလမ်းမှာ ကနိုစွန်းခင်းတစ်ဝက်နှင့် ကြက်တွေမွေးကြသူတွေ ရှိသည်။

စီးပွားဖြစ်လည်း မဟုတ်၊ ဝါသနာလည်း မပါဘဲ မီးဖိုချောင်စရိတ်အတွက်ဆိုတော့ ကြားသား၊ မြင်သား လုံးဝ ရှောင်ကြဉ်ထားသည့် ဘိုးဘိုးတို့က ထိုဘက်တစ်ခြမ်းလုံးကို တံတိုင်းအမြင့်ကြီးပါ ခတ်ပစ်လိုက်သည်။

ငယ်ငယ်တုန်းက မြင်ကွင်းထဲမှာ ကြက်မကြီး၏ ယောက်ယက်တိုက်နေပုံကို ဖျတ်ခနဲ သတိရမိသည်။

မနေ့သျှံ ပေါ် ဒီအမျိုးသမီးကြီး ဘယ်လောက် စိုးရိမ်ပူပန်နေသလဲ ဆိုတာ ရှုးစိုက် အကဲခတ်ဖို့ပင် မလို ...။



www.burmeseclassic.com

www.burmeseclassic.com



သူမမှာ နောက်ကနေ ပြေးလိုက်မလိုဖြစ်လိုက်၊ ဆွဲကိုင်ထားသည့် မကိုင်ရွှေ လက်ကို သတိတရ ဖိဆုပ်မိပြီး ခြေလှမ်းတုံ့သွားလိုက်နှင့် ဟိုမှာ ဒီမှာ မေးခွန်းတွေက ဆက်တိုက် ...။

သူမရှေ့မှာ အလုပ်သမားအားလုံးလည်း ပျာယာခတ်ကုန်ကာ အုပ်ခဲနေသည့် ပုရွက်ဆိတ်အုံပေါ်ကို တစ်စုံတစ်ခု ပစ်ချလိုက်သလို 'ဟုတ်ကဲ့ ခေါင်းညိတ်ပြီး ဟိုဆီပြေးကြ၊ ဒီဆီပြေးကြနှင့် အလျှိုအလျှို ပျောက်ကုန်ကြလေသည်။

အမျိုးသမီးကြီးကတော့ မနေသျှံ ယုံကြည်စွာ ထည့်အပ်ပစ်ခဲ့သော မကိုင်ရွှေ ၏ လက်ကလေးတစ်ဖက်ကို သစ္စာကြီးစွာ ဆုပ်ထားလျှက်နှင့်...၊

သူမသည် မနေသျှံ ၏ ဒုတိယကြီးတော်ဖြစ်ကာ နာမည်က ဒေါ်နန်းမြတ်ဝါ ခေါ်၏။





အခန်း (၃၁)

မနေသျှံ သုံးရက်လောက် ဖျားသွားခဲ့၏။ ထိုအတောအတွင်းမှာ မကိုင်ရွှေ သည် ဒေါ်နန်းမြတ်ဝါ နဲ့ အတူတူရှိနေရကာ မနေသျှံ အခန်းထဲသို့ သူမဝင်တိုင်း မကိုင်ရွှေ လိုက်ရသည်။

မနေသျှံ သည် မျက်လုံးအစုံ ဖွင့်လာတိုင်း ဟိုဒီ ဝေ့ဝဲကြည့်သည်။ မကိုင်ရွှေ ကို မြင်မှ မျက်လွှာပြန့်ဝိတ်၍ နေသားပြန်ကျ၏။

လူလည်း တော်တော်ချောင်ကျသွားကာ ကြာကြာပင် မထိုင်နိုင်ဘဲ ဖြစ်ခဲ့၏။ ဒါတောင် ပြောသံကြားခဲ့သေးသည်။

"ဆေးသိပ်ရွှေးတဲ့ ကလေး ...၊ မြန်မာဆေးဆို ငယ်ငယ်ကတည်းက မသောက်တာ၊ နာခေါင်းပိတ်၊ လက်တွေချုပ်နဲ့ ဆေး တစ်ခါတစ်ခါ တိုက်ရင် ရှိသမျှလူ ကုန်ရော၊ ဒါတောင် ဖွန်း ပါးစပ်ထဲထည့်ရင် ဖွန်းကျိုးအောင် ကိုက်ပစ်သေးတာ"

ပြောတဲ့သူက ကြီးတော်ပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်ထိ ကလေးမဟုတ် သူငယ်မဟုတ် ဆေးရွေးတုန်း၊ ဆရာဝန်ကို ဆေးကုရခက်တယ်ဆိုတာ ဒါမျိုးပဲလေ၊ ကိုယ်တိုင် ဆရာဝန်ဆိုတော့ ပိုဆိုးပြီပေါ့"

မကိုဋ္ဌ ရှေ့မှာပဲ သမားတော်ဆိုသည့် လူကြီးနှစ်ယောက်က ခေါင်းတခါခါနှင့် တိုင်တန်းကြ၏။

"သိပ်ကို ခေါင်းမာတဲ့ လူကလေးပါပဲ၊ ဆေး သုံးမျိုးလောက် ပြောင်းရတယ်၊ ဒါတောင် ဟိုဆေးပဲ ပေးပါ၊ ဒီဆေးစဲ သောက်မယ်နဲ့ တစ်မျိုးလောက်ပဲ တွောင်းပန်ပြီး ဝင်အောင်တိုက်ရတယ်၊ စားစရာဆိုလည်း ကျုပ်တို့တွေက ဒါ မတည့်ဘူးဆိုရင် သူက တည့်တယ်၊ စိတ်ကလည်း မာလွန်းလို့ပေါ့၊ မဟုတ်ရင် ဒီလောက်ရက်ပိုင်းမှာ သက်သာဖို့တောင် မလွယ်ဘူး"

သမားတော်တွေက တိုင်းရင်းဆေးဆရာကြီးတွေပါ။ ဒါပေမယ့် ဆေးမြစ်၊ ဆေးရွက်ရှုည်းပဲ ထုထောင်းကိုင်တွယ်ပြီး ကုကြတာမဟုတ်။

ခေတ်မီဆေးဝါးများနှင့် ဆေးထိုး၊ ဆေးတိုက် ပြုစုကြသည်။ ပြီးတော့ မြမျိုးမြင့်မာန ၏ မိသားစုလည်း မဟုတ်၊ အလုပ်သမားလည်း မဟုတ်ဘဲ အဆောက်အအုံသပ်သပ်နဲ့ တခမ်းတနား ခန့်အပ်ထားသော မိသားစုဆရာဝန်တွေ ဖြစ်၏။ ဓနသျှံ ဆရာဝန်ဆိုတာလည်း မကိုဋ္ဌ နကျမှ သေချာသိလိုက်ရတာ ဖြစ်သည်။

ဟိုခြံထဲမှာ ခြေထောက်ဖြစ်တုန်းက သူ ဂရုစိုက်ပြုပေးပေမယ့် မကိုဋ္ဌ ကလည်း ဆရာဝန်ဖြစ်မယ်လို့တော့ မထင်ခဲ့သဖြင့် မဲ့ရွဲ့ ကဲ့ရဲ့သည်။ သူကလည်း ပြန်ရွဲ့၏။

သေချာ ဘာမှ ထပ်မမေးမိခဲ့ပေ။ ခုကျတော့ သူက အရိုးအကြော





အထူးကု ဆိုပါလား။ ထိုအခါ ရန်ကုန်မှာ မကိုဋ္ဌ ဖိတ်စာတွေ လိုက်ပေးရင်း ဆရာမခြံရှေ့မှာ သူ့ကားနှင့် တိုက်မိမလိုဖြစ်ခဲ့တာကို သတိရမိသည်။

အဲဒီတုန်းက ဒီနေရာကို သူ ဘာလို့ လာတာလဲဟု တွေးမိခဲ့သေးသည်။ ဆရာမယောက်ျား ဆရာဝန်ကြီးနဲ့ သူ မိတ်ဆွေတွေလား ..၊ ဆရာမတပည့်လား တစ်ခုခုဆိုတာ ခုတော့ ရှင်းသွားခဲ့၏။

ဓနသျှံ ၏ ကျန်းမာရေး စိတ်ချရပြီဆိုသည့်အသံ ကြားရတော့မှ ကြီးတော်မျက်နှာ ရွှင်ရွှင်မြူးမြူး ဖြစ်လာရှာသည်။

'တူတော်မလေး' ဟု နူးနူးညံ့ညံ့ ခေါ်ခဲ့သည်မှလွဲ၍ တွဲသွားတွဲလာ လောက်သာ ရှိခဲ့သော ကြီးတော်သည် ဒီနေ့မှာတော့ သမားတော်တွေ ပြန်သွားသည်နှင့် မကိုဋ္ဌ ဘက် လှည့်၏။

"တူမတော်ကို ပြောဖို့လည်း ရှိတယ်၊ ပြလည်း ပြချင်တယ့်ကွယ်၊ ခဏလိုက်ခဲ့ပါ"

ဟု ပြောပြီး ချက်ချင်း ထရပ်၏။ သူမနောက်ပါးမှာ အမြဲရှိနေခဲ့ကြသော မိန်းကလေးနှစ်ယောက်ကိုတော့ နေရစ်ခဲ့ဟု အမိန့်ပေးခဲ့၏။

နန်းတော်ကြီးတမျှ ခမ်းနားလှသော တိုက်မြင့်ကြီးသည် နှစ်ထပ်ဆက်သွယ်သည့် ကြောင်လိမ်လှေကားကြီးက ဝက်အူရစ်တစ်ချောင်းလို တည့်တည့် လိမ်ပတ်တက်သွားကာ ဘေးပတ်လည်ကို မှန်နက်တို့ဖြင့် ကာရံထား၏။

အောက်ထပ် ဧည့်ခန်းမှကြည့်တော့ နံရံမှာ တစ်ဝက်မြုပ်နေသည့် လှေကားမှန်တွေကို အပေါ်ပိုင်းလောက်ပဲ အနက်ရောင် လုံးမျှောကြီး အဖြစ် တလက်လက် မြင်နေရသည်။ လှေကားမှန်း မသိနိုင်၊ အထဲက



www.burmeseclassic.com

www.burmeseclassic.com



နေ ကြည့်တော့ အပြင်ဘက် အရာအားလုံးကို ကြည်လင်စွာ မြင်နေရလေသည်။

လှေကားထစ်တို့ ပတ်ခွေနေသည့် အလယ်တိုင်လုံးကြီးက ကြေးဝါရောင်တွေ ဝင်းဝင်းလက်နေ၏။ လက်တန်းအပေါ်အုပ်တွေမှာလည်း ကြေးပေါင်ခွေထားတာ ဖြစ်၏။

မကိုင်ရှု တစ်သက်မှာ ဒီလောက် ကြီးကျယ်ခမ်းနားစွာ ရှိနေသည့် အဆောက်အအုံမျိုး တကယ် မမြင်ခဲ့ဖူးပါ။

နေသျှံ ကို ဘယ်လိုလူမျိုးလဲ ... ဘယ်လောက် ချမ်းသာသလဲဟု မခန့်မှန်းနိုင်ကြဘူးဆိုတာတွေကိုလည်း တွေးမိပြန်သည်။ မကိုင်ရှု ကိုယ့်ကိုယ်ကိုယ်ပင် သေးနုပ်သိမ်ငယ်သွားသလို ခံစားလာမိ၏။

ကြီးတော်သည် လှေကားတစ်ဝက်လောက်မှာ ရပ်တန့်သွားကာ လက်ယာဘက်ကပ်လျက် ထပ်ခိုးလေးလို သွယ်ထားသော ငုတ်တုတ်တစ်ထိုင်စာလောက်ပဲရှိသည့် နံရံတစ်ချက်ကို အသာလေး ဖိတွန်းလိုက်၏။

ထိုနေရာမှာ တံခါးတစ်ချပ် ဖြစ်နေလိမ့်မည်ဟု မကိုင်ရှု မထင်ခဲ့ပေ။

"လာ .. ကလေး"

ပါးစပ်ကလည်း ခေါ်သည်၊ မကိုင်ရှု လက်ကလေးကိုလည်း ဆွဲခေါ်၏။ အထဲမှာ ပင့်ကူမျှင်တချို့ ယှက်သမ်းလျက် လှေကားထစ်တွေကို မြင်လိုက်ရသည်။ ကြီးတော် မီးဖွင့်လိုက်သဖြင့် ခပ်သေးသေး စကြံလမ်းကလေးက ပီပြင်စွာ ပေါ်လာ၏။ လှေကားဆယ်ထစ်သာသာ နိမ့်ဆင်းသွားပြီး တံခါးပိတ်ထားသည့် အခန်းတစ်ခန်းကို တွေ့ရသည်။

ကြီးတော်က သူမမှာ ပါလာသည့် သော့တွေထဲမှ တစ်ချောင်း





ရွေးထုတ်ပြီး နံပါတ်တွေတွက်ကာ အတော်ကြာအောင် ဖွင့်ရသည်။

ပွင့်သွားတော့ အထဲမှာ မြင်လိုက်ရသည်က မကိုင်ရှု ထင်ခဲ့သလို ရှေ့ငွေသေတ္တာတွေ သို့မဟုတ် ရှေးဟောင်းပစ္စည်းတွေ ဘာတစ်ခုမှ မဟုတ်ပါ။

အနီရဲရဲ မှုန်ဝါးသော မီးရောင်အောက်မှာ ရှိနေကြသည်က အုတ်ဂူကြီးတွေပဲ ဖြစ်၏။

ဘုရား .. ဘုရား သူမ ဘယ်ကို ရောက်သွားတာလဲ၊ မကိုင်ရှု လက်များတွေ အေးစက်လာ၏။ ခြေလှမ်းတွေ တုံ့ခနဲရပ်တန့်ကာ မြင်ကွင်းကို ကြောက်ရွံ့ရဲသောမျက်လုံးတို့ကိုလည်း ပိတ်လို့မရ ...။

"ကြောက်သွားသလား လာပါ၊ ဒီလူတွေက 'မြမျိုးမြင့်မာန်'ရဲ့ ရှေ့အဆက်ဆက်က အရှင်သခင်တွေပါ၊ သိပ်ကို အေးချမ်းတယ်၊ ဘာမှ မဖြစ်ဘူး"

ပြောပြီး ထောက်ခနဲအသံနဲ့အတူ မီးရောင်တွေ ဖွေးသွားမှ အာရုံထဲမှာပါ ရုတ်တရက် လင်းသွားခဲ့၏။ သို့သော် ...

"အား!..."

မျက်နှာ ဒီဘက်လှည့်လိုက်သည်နှင့် လက်ဖျားနှင့် ထိခတ်မိသွားသောအရာကို ငုံ့ကြည့်လိုက်မိသည်။ တစ်ကိုယ်လုံး အစိတ်အပိုင်းအကုန်ရှိနေသေးသော လူရိုးခြောက်ကြီးက နီရဲသောမျက်လုံးကြီးတွေ တဖျပ်ဖျပ် လက်နေ၏။

မကိုင်ရှု မျက်လုံးတွေကို မှိတ်ပစ်လိုက်ရုံမကပဲ လက်ဝါးတွေနှင့်လည်း ဖိပိတ်ထားမိ၏။ သူမပခုံးလေးကို ကြီးတော်က သိုင်းဖက်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လူရိုးခြောက်ကြီးပါကွယ်၊ ဒါက မိသားစုဝင် မဟုတ်ဘူး၊ တူတော်လေး ဆေးကျောင်းသားဖြစ်တုန်းက သူ လှေ့လာတာလေ"

"ဟင့်အင်း .. မဟုတ်ဘူး၊ မျက်လုံးကြီး .. မျက်လုံးကြီးနဲ့ .."

မကိုဋ္ဌ မျက်လုံးမဖွင့်ဘဲ ကြီးတော်ကို ဖက်ထားလိုက်ပြီး ခေါင်းတွင်တွင်ခါနေသည်။

"မျက်လုံးမဟုတ်ဘူး ကလေးရဲ့ .. ပတ္တမြားတွေပါ၊ ကလေး မျက်စိနည်းနည်းဖွင့်ကြည့်လိုက်"

"ဟင်!..."

ပတ္တမြားတွေတဲ့ ..၊ မကိုဋ္ဌ အံ့သြသွားပေမယ့် နောက်ထပ် ငုံ့မကြည့်ရဲတော့တာက သေချာပါသည်။ ခေါင်းလေးညိတ်ပြရင်း သူမကို မလွှတ်တမ်း ဖက်ထားဆဲရှိသည့် မကိုဋ္ဌ ကို ကြီးတော်က ချစ်စနိုးကြည့်၏။

"ပတ္တမြားတစ်လုံးကို ဘယ်လောက်ထိ ကောင်းတာမျိုး ကလေး မြင်ဖူးသလဲ၊ အထင်သေးလို့ မေးတာ မဟုတ်ဘူး၊ မမြင်ဘူးနိုင်ဘူးဆိုတာ သေချာသိနေလို့ မေးတာ၊ မင်း မြင်ဖူးအောင် ကြည့်လိုက်ပါဦး၊ ဒီမီး ပိတ်လိုက်ရင် ဟောဒီအခန်းထဲမှာ မင်း သွားလာလို့ရအောင် သူတို့ကူညီကြတယ်"

"မလုပ်ပါနဲ့ .."

မီးပိတ်လိုက်ဖို့ ကြီးတော်က ခြေလှမ်းပြင်၏။ မကိုဋ္ဌ အလန့်တကြား ကျုံးဖက်ထားလိုက်မိလျက် ...

"မပိတ်လိုက်ပါနဲ့ ကြီးတော် ..၊ ဘယ်လောက်တန်တန် ဘယ်လောက်ကောင်းကောင်း မကိုဋ္ဌ မသိချင်ပါဘူး၊ အဲဒါ စိတ်မဆိုးပါနဲ့





နော် .. မကိုဋ္ဌ အပြင်ထွက်ပါရစေ"

နဖူးမှာ ချွေးသီးတွေလည်း ထနေပါပြီ။ အခန်းထဲမှာ အနံ့အသက်အားဖြင့် မွှေးပျံ့ပျံ့ ရှိနေပေမယ့် အုတ်ဂူတွေကြောင့် ရင်ထဲမှာ ထိုအနံ့ကို မနှစ်မြို့နိုင် ..။

ဝင်လာခါစက မီးရောင်ဟု သူမ ထင်ခဲ့သော နီကြင်ကြင်အရောင်ကို သတိရမိ၏။ ဒါဟာ ဒီပတ္တမြားတွေရဲ့အရောင်ပဲ ဖြစ်မည်ပေါ့။

သိတော့ ဘာလုပ်ရမှာလဲ ..၊ ကိုယ်ပစ္စည်းလည်း မဟုတ်၊ ကိုယ်နဲ့လည်း မဆိုင်၊ ကြီးတော်ကတော့ မကိုဋ္ဌ မျက်နှာလေးကို ကြည်လင်အေးမြသောအပြုံးဖြင့် သနားကြင်နာစွာ ကြည့်လေသည်။

ပြီးတော့ ဘာမျှမပြောဘဲ ခေါင်းညိတ်၍ ဆက်လျှောက်၏။ နောက်ထပ် တံခါးတစ်ချပ် ...။

မကိုဋ္ဌ ရင်တွေ တအားခုန်ကာ ခေါင်းတွေမူးလာ၏။ လမ်းတစ်လျှောက်မှာ ကားစီးခဲ့လို့ ပင်ပန်းတာနှင့် ဘာမှမဆိုင်။ မိုးတွေရွာလို့ ကြောက်ခဲ့ရတာမျိုးလည်း မဟုတ် ...။

တစ်ကိုယ်လုံးမှာ အရိုးအကြောတွေ ဘာမှ အမာခံမရှိတော့သလို တုန်ယင်ချည့်နဲ့သွားခဲ့သည်။ လက်ဖဝါးတွေကို ဆုပ်ကြည့်တာ မဆုပ်မိတော့ဘူး ထင်ရသည်။

ထိုတံခါးကို ဖွင့်လိုက်လျှင် ဘာတွေ ရှိဦးမှာလဲ ..၊ ကြီးတော် တံခါးဖွင့်နေတုန်းမှာ မကိုဋ္ဌ မျက်လုံးတွေ မှိတ်ထားလိုက်မိ၏။

"မျက်လုံးတွေကို ဖွင့်လိုက်ပါ၊ ဘာမှမရှိတော့ဘူး"

ကြီးတော်အသံကြားမှ ကိုယ်မှာလည်း ပန်းဥယျာဉ်ထဲ ရောက်သွားသလို စိမ့်ခနဲ အေးကာ ပန်းရနံ့တို့ ဝင်လာသောကြောင့် မျက်လုံးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကြည့်လိုက်၏။

"ဟင်!..."

လှမ်းဝင်လိုက်တော့ နို့နှစ်ရောင် ကျောက်ပြားချပ်များဖြင့် ခြေဖဝါးတို့မှာ အေးစိမ့်နေ၏။ ပို၍ အံ့ဩဖွယ်ကောင်းသည်က ထိုင်လျက်နှင့် ရပ်လျက်သား ရုပ်တုကြီးနှစ်ခုပဲ ဖြစ်၏။

အသက် နှစ်ဆယ့်ငါး သုံးဆယ်ခန့်စီ ရှိနိုင်သည်။ ကျောက်ဖြူသားတို့ဖြင့် ထုဆစ်ထားတာ လက်ရာပြောင်မြောက်လွန်းသဖြင့် ရုပ်တုဘဝတွေမှာလည်း လူတွေကို မြင်ရသလိုပဲ ရုပ်ကြွ လှပနေ၏။

အမျိုးသမီးသည် ကျုံ့ကျုံ့ထိုင်လျက်ဖြစ်ကာ ယောကျ်ားပျိုက ရပ်နေလျက်မှ တကယ့်ရတနာအစစ်တွေ ထည့်ထားသည့် ငွေဖလားကြီးတစ်လုံးကို သွန်ချနေသလို လက်နှစ်ဖက်နှင့် ကိုင်ထား၏။

ရတနာတို့သည် ဖလား၏နှုတ်ခမ်းမှလည်း တိုးလိုးတန်းလန်းရှိနေသည်။ ထိုင်နေသော အမျိုးသမီး၏ ဆံထုံးနဲ့ ပခုံးတွေပေါ်မှာကော ပေါင်ပေါ်မှာပါ ပြန့်ကျဲကျဆင်းလျက် ဘေးကြမ်းခင်းပေါ်ထိ ဖိတ်စဉ်နေကြ၏။

ရုပ်တုနှစ်ခုရှေ့ ထောင့်မှန်စတုဂံ ကျောက်ဖြူကလေးပေါ်တွင် 'မြမျိုးမြင့်မာန်' ဟူသော စာလုံးလေးတွေကို ပေါ်လွင်အောင် ရေးထွင်းထား၏။

"သူတို့က ဘယ်သူတွေလဲဟင်၊ ဘာဖြစ်လို့ ..."

မေးလိုက်ပြီးမှ မေးသင့်ရဲ့လားဟု တွေးမိ၏။ ပြောချင်ပါ့မလားဟု သတိရကာ ကြီးတော်ကို ပြန်ကြည့်၍ ဆုံးအောင်မမေးဖြစ်ဘဲ ရပ်တန့်သွားခဲ့သည်။





ကြီးတော်က သက်ပြင်းချ၍ ...

"ဒီရတနာတွေကို အစစ်တွေမှန်း မင်း သိမှာပါ"

"ဟုတ်ကဲ့ သိပါတယ်"

ကြီးတော်သည် ချက်ချင်း ဘာမှမပြောဘဲ ယောကျ်ားရုပ်တုနားမှာ ရပ်၏။ ပြီးတော့ လက်မောင်းနေရာကို တယုတယ ပွတ်သပ်ရင်း မျက်ရည်တွေ ဝေ့လည်လာခဲ့သည်။

"သူက ခနသွဲ့ ကလေးရဲ့ခမည်းတော်ပေါ့ကွယ်၊ သူက မယ်တော်" နှစ်ယောက်စလုံးကို ပြောပြပြီးမှ ...

" 'မြမျိုးမြင့်မာန်' လို့ ဖြစ်ခဲ့ရတာ ဟောဒီ မောင်တော်အငယ်ဆုံးလေးကြောင့်ပဲ၊ အစက 'မြမျိုးနွယ်'လေ၊ သူ ငယ်ငယ်က တူတော်လေးထက် အများကြီးဆိုးခဲ့တာ၊ ခေါင်းလည်း မာတယ်၊ ဒေါသလည်း ကြီးတယ်၊ ပိုဆိုးတာက အငြိုးအတေးထားတတ်တာပဲ၊ တို့မောင်နှမတွေရဲ့ ခမည်းတော်ကြီးက စည်းကမ်းကြီးတယ်၊ အမျိုးဂုဏ်ကို တန်ဖိုးထားတယ်၊ ဒါပေမယ့် စည်းစိမ်ဥစ္စာကြောင့် မမောက်မာဘူး၊ သူများ မောက်မာတာကိုလည်း မုန်းတယ်၊ မောင်ငယ်လေးက 'အမြင့်စံ'မိသားစုက တစ်ဦးတည်းသော သမီးလေးကို နှစ်သက်တော့ ပြဿနာတွေ စလာတာပဲ"

ကြီးတော်က မကိုင့် လက်ကလေးကို ဆွဲကာ အခန်းထောင့်က ကျောက်ဖြူခုံတန်းကလေးမှာ ထိုင်စေလိုက်ပြီး ...

" 'အမြင့်စံ'မိသားစုက တို့တွေထက် အခြေအနေ အများကြီး နိမ့်ပါသေးတယ်၊ ဒါပေမယ့် မာနကြီးတာထက် ပိုပြီး မောက်မာလွန်းတာက ကြောက်စရာကောင်းနေတယ်၊ မောက်မာတဲ့သူဟာ ရိုင်းစိုင်းတာပဲ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ခမည်းတော်က အဲဒီမှိုသားစုက မိန်းကလေးနဲ့ လုံးဝ သဘောမတူဘူး၊ သဘောမတူရကောင်းလားဆိုပြီး မောင်ငယ်လေးက စံအိမ်ကနေ ထွက်သွားခဲ့တယ်၊ ပြန်လာတော့ သူချစ်တဲ့မိန်းကလေး ပါလာခဲ့တာပဲ၊ ဒါပေမယ့် 'အမြင့်စံ'မိသားစုရဲ့ ဘယ်လိုပုတ်ခတ် စော်ကားတာတွေကို ခံစားခဲ့ရတယ် မသိပါဘူး၊ ပြန်ရောက်ကတည်းက ဒီရုပ်တုတွေကို ထုနေလိုက်တာ ထမင်းစားရေသောက် ထရုံပဲ နားတယ်ကွယ်"

ကြီးတော်သည် ကြာမြင့်ခဲ့ပြီဖြစ်သော ကာလများဆီကို သတိရကာ မျက်ရည်တွေ ကျဆင်းလျက်ရှိပေမယ့် လေသံမပြောင်းဘဲ ဆက်ပြောသွားနိုင်၏။

"ယောက်မတော်က ပြောပြတော့ မောင်ငယ်လေးက သူ့ကို ပိုးပန်းခဲ့တာမှာ 'မြမျိုးနွယ်'က သခင်လေးတစ်ပါးအဖြစ်နဲ့ မဟုတ်ဘူးတဲ့၊ အဲဒီတော့ 'အမြင့်စံ'မိသားစုက ဘယ်လို မောက်မာ ပုတ်ခတ်လိုက်သလဲဆိုတာ တွေးကြည့်ပြီး သိခဲ့ကြတယ်၊ သူက လက်ထပ်ယူခဲ့ပြီး လူကြီးချင်းက တင့်တောင်းတင့်တယ် တောင်းရမ်း စီမံပေးခဲ့တယ်၊ သူကိုယ်တိုင်က မကြင်နာတော့ဘူး"

"ဘာဖြစ်လို့လဲဟင် .. ချစ်သူတွေ မဟုတ်ခဲ့ဘူးလား"

"အစက ဟုတ်ခဲ့တယ်၊ သူ ပြောပြနေတဲ့ စကားတစ်ခွန်းကတော့ 'ကိုယ်ပေါ်မှာ ရတနာတင်ကျန်ခဲ့အောင် သွန်းလောင်းနိုင်မှ ရခဲ့တဲ့ ကြင်ရာတော်'တဲ့၊ ဒါကိုပဲ နာနာကြည်းကြည်းပြောပြီး ဒီရုပ်တွေကို ပြီးအောင် ထုတယ်၊ ပြီးတော့ 'မေတ္တာစစ် မေတ္တာမှန်ဆိုတာ မရှိဘူး၊ စိန်တွေ၊ ရွှေတွေကိုပဲ လိုအပ်တာ'တဲ့လေ၊ ယောက်မတော်ခမျာလည်း တူတော်လေးကို မွေးဖွားပြီး ဒီသောကနဲ့ပဲ ဆုံးခဲ့ရတယ်၊ မောင်ငယ်





လေးလည်း အစကတည်းက ပေတေတေ ဂျစ်ကန်ကန်နေခဲ့တဲ့သူဆိုတော့ သူချစ်တဲ့ ကြင်ရာ ဆုံးပါးနဲ့ စံအိမ်ကနေ ထွက်သွားပြန်တယ်"

"သူ ချစ်ရက်သားနဲ့ သေဆုံးတဲ့အထိ ဘာဖြစ်လို့ ရက်စက်ခဲ့ရတာလဲ"

ဒါ မေးသင့်တဲ့မေးခွန်းပဲဟု တွက်ကာ မကိုင်ရဲရဲတင်းတင်း မေးလိုက်မိ၏။ ဘာပဲဖြစ်ဖြစ် မိန်းမဖြစ်နေသည်မို့ မိန်းမတစ်ယောက်၏ ခံစားချက်ကိုပဲ နားလည်ပေးချင်၏။

"ချစ်လွန်းလို့ အမျက်ကြီးတာ ဖြစ်မှာပေါ့၊ မှားပစ်လိုက်တာတွေကတော့ ဆက်တိုက်ပါပဲ၊ နှစ်နှစ်ကြာမှ သူ ပြန်လာတယ်၊ အဲဒီမှာပဲ လသားအရွယ် ကလေးတစ်ယောက်နဲ့ ကြင်ရာတော် ပါလာပြန်တယ်"

"ဟင်!..."

"ဒါလည်း သူ့ရဲ့ ဒုတိယအမှားပါပဲ၊ ဒါပေမယ့် အဲဒီအမှားက ပိုကြီးတာပေါ့၊ ပထမ ကြင်ရာတော်ဟာ သူ့ရဲ့အမုန်း၊ အငြိုးတွေကြောင့် သေခဲ့ရတယ်ဆိုပြီး အပြင်မှာ သောက်စားယစ်မူးခဲ့တယ်၊ ထင်သလို နေတယ်၊ စံအိမ်ကို ပြန်လာဖို့ ဘယ်လိုမှ လိုက်ခေါ်တာ မရဘူး၊ အဲဒီမှာပဲ အစ်ကိုတော်ကြီးက မိဘတွေမရှိတော့လို့ အစ်ကိုကိုတောင် ဂရုမစိုက်တာပဲဆိုပြီး စိတ်ဆိုးခဲ့တယ်၊ ပြန်မကြည့်တော့တဲ့နောက်မှာ သူ ထပ်မှားခဲ့တာပဲ၊ ဒီဇနီးကိုလည်း သူ စုံမက်ခြင်း မရှိခဲ့ဘူး၊ ချစ်တဲ့ဇနီးကို ဆုံးရှုံးခဲ့ရပြီး မနှစ်သက်တဲ့ဇနီးကိုတော့ စံအိမ်ကို ခေါ်လာခဲ့ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဇနီးမှာ သူ့ရင်သွေးလေး ရှိနေတာကိုး၊ ခင်ပွန်းကောင်းဝတ္တရား ကျေချင်မှ ကျေမယ်၊ ဖခင်ကောင်း ပီသချင်တဲ့စိတ်နဲ့ သားနှစ်ယောက်လုံးကို သူ ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသားငယ်ဟာ ဘဘ တစ်ခါပြောဖူးခဲ့သော 'ဘုန်းစက်ရှိန်ဝါ' ဆိုသူပဲ ဖြစ်မည်ဟု မကိုင်မ္မ တွေးမိလိုက်သည်။ ဒီစံအိမ်တော်ကြီးထဲမှာ ရှုပ်ထွေးသော အတွင်းရေးတွေ များပြားလှပါလား ..။

ကြီးတော်က မျက်ရည်စတို့ကို သုတ်၍ ကျောက်ခုံကလေးမှာပဲ ဝင်ထိုင်လိုက်ကာ ...

"ဒုတိယကြင်ရာတော်က သိပ်ကို မာနကြီးတဲ့ မိန်းကလေးပါ၊ ဘယ်လောက်ထိလည်းဆိုရင် ဆိုးပါတယ်ဆိုတဲ့ မောင်ငယ်လေးထက် သူမက ပိုပြီး မာကျောတယ်၊ ဒါပေမယ့် မရိုင်းစိုင်းဘူး၊ အပြောမကြမ်းဘူး၊ မျိုးသိပ်တတ်တယ်၊ သူ့ရဲ့ သားလေးကတော့ မိဘနှစ်ပါးဆီက ခေါင်းမာတတ်တဲ့အကျင့်တွေ အကုန်ရသွားတာပေါ့၊ သူချစ်တာ သူ့အစ်ကိုတစ်ယောက်ပဲ၊ အဖေဖြစ်တဲ့သူကိုဘောင် မကြည်လင်ခဲ့ဘူး၊ ဒီသားနှစ်ယောက်ကြောင့် မောင်ငယ်လေးဟာ သူ့ကိုယ်သူ ပြုပြင်ရှာတယ်၊ ဒါပေမယ့် သားငယ်ကတော့ သူ့ကို ဘယ်လိုမှ နားလည်မပေးခဲ့ပါဘူး၊ နောက်ဆုံး သူ ဒီကထွက်သွားတဲ့အထိ ဆိုပါတော့"

ဘာဖြစ်လို့ ထွက်သွားတာလဲဟု မကိုင်မ္မ မမေးဖြစ်တော့ပါ။

သူ့အမေက မာနကြီးသည်ဆိုတော့ မြင့်မြတ်သည်ဟု ယူဆ၍ ကြီးကျယ်ထည်ဝါစွာ နေခဲ့ကြသော 'မြမျိုးနွယ်'မိသားစုတွေထဲမှာ ကြည်ဖြူလိုလားစွာနေခဲ့ရတာ ဖြစ်ချင်မှ ဖြစ်မည်။

ပြီးတော့ သူမက ဒုတိယကြင်ရာတော် ဖြစ်ခဲ့၏။ ဒါတွေဟာ ရှုပ်ထွေးမှုများပဲ ဖြစ်လေသည်။

"သားအမိနှစ်ယောက်လုံးပါပဲ ဘာအမွေမှ မတောင်းဆိုခဲ့ဘူး၊ သူတို့ဘာသာပဲ ထွက်သွားခဲ့ကြတယ်၊ တို့တွေကတော့ကွယ် မောင်ငယ်





လေးရဲ့ ရင်သွေးမို့ တူတော်လေးကို ချစ်ကြပါတယ်၊ ဒါပေမယ့် .."

ဆက်မပြောတော့ပေမယ့် မကိုင်မ္မ ကြိုတင် တွက်မိပြီးသားမို့ နားလည်ခဲ့ပါသည်။

"မောင်ငယ်လေးလည်း ဆုံးခဲ့ပြီးမှဆိုတော့ သူတို့ကို မတားခဲ့ပါဘူး၊ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်လို့ရတာမှ မဟုတ်တာ၊ အားလုံးရဲ့စိတ်ထဲမှာ တစ်ခုပဲ ရှိတော့တယ်၊ အဲဒါဟာ 'မြမျိုးမြင့်မာန်'ရဲ့ မျိုးဆက်ဟာ ဓနသျှ ဆိုတဲ့ တူတော်လေးတစ်ယောက်ပဲ"

ပြောချင်တာတွေ ကုန်သွားပြီလား မသိ ..၊ ကြီးတော်က သက်ပြင်းမှုန်းမှုန်းချလိုက်ပြီး မကိုင်မ္မ မျက်နှာလေးကို ပြန်ငဲ့ကြည့်၏။

ဘာမှမပြောသေးဘဲ မကိုင်မ္မ ၏ မျက်တောင်ကော့ကော့နှင့် နှုတ်ခမ်းငုံလေးတွေထိ စူးစိုက်လိုက်ကြည့်၏။ ပြီးတော့ ဂရုစိုက်ကြည့်မိလောက်အောင် လှသော မဟူရာပိုးသားနွယ်လေးတွေကို ဖွဖွသာသာလေး သိမ်းဖယ်ပေးနေရင်း ...

"သိပ်ကို နူးညံ့ပြီး မဟာဆန်တဲ့ မျက်နှာလေးပဲ"

ပြော၍ နောက်ထပ် သက်ပြင်းချပြန်သည်။

"မင်းကို ကြီးတော် မပြောသင့်တဲ့ အတွင်းစကားတွေထိ အားလုံးပြောပြနေတာ ဘာဖြစ်လို့လဲဆိုတော့ တူတော်လေး သိပ်ကို မြတ်နိုးနှစ်သက်တဲ့ မိန်းကလေး ဖြစ်နေလို့ပါ၊ သူ မင်းကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီဆိုတဲ့အချိန်ကတည်းက ဒီကို ဓာတ်ပုံကြီးတစ်ပုံ ရောက်ခဲ့တာ၊ ဟိုအိမ်မှာ မင်း တွေ့ခဲ့ရဲ့လား .."

"ဟုတ် .."

မကိုင်မ္မ မြင်ခဲ့ပါသည်။ ဒါပေမယ့် ဘယ်သူမှမသိအောင် ခိုးကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အသာ မသိသလို နေခဲ့လိုက်တာဖြစ်သည်။ သူကလည်း 'ဒီပုံကို ကြည့်ပါ၊ ကိုယ် ဒီလောက်ထိ ချစ်ခဲ့တာပါ' စသော ဖော်ကျူးခြင်းကို မပြုခဲ့ပေ။ ကိုယ်ကလည်း အသိအမှတ်ပြုဖို့ တောင်းဆိုလာမှာကို မလိုလား..။

ကြီးတော်က ဆက်ပြောသည်။

"တို့တွေ ဘယ်လိုတားတား မင်းကို သူ ခိုးယူလိုက်တယ်၊ မချစ်မနှစ်သက်သူရဲ့ သိမ်းပိုက်ခြင်းကို ခံရတဲ့အတွက် မင်းအတွက်တော့ သောကတွေ ဖြစ်မှာပဲ၊ ဒါပေမယ့် မင်း ခုနေ ပြန်သွားလို့လည်း အားလုံးကို အရင်ကအတိုင်း ရတော့မှာမဟုတ်ဘူး၊ ချစ်တဲ့မုန်းတဲ့ ခံစားချက်တွေထက် ဘာကို အမိက ဦးစားပေးမလဲဆိုတာ မိန်းမတစ်ယောက်ဖြစ်တဲ့အတွက် မင်း ပိုစဉ်းစားဖို့ လိုတယ်၊ ကြီးတော်က မင်းကို ခြိမ်းခြောက်တာ မဟုတ်ဘူး၊ မြှူဆွယ်တာလည်း မဟုတ်ပါဘူး၊ တူတော်လေးကို သူ့ဖခင်လိုပဲ တစ်လွဲလမ်းမှားရောက်သွားမှာ စိုးတာ၊ အဖေတူသားလို့ ပြောရလောက်အောင် ပုံစံတူတွေ ဖြစ်လာတာကို တို့တွေ သိပ်စိုးရိမ်တယ်၊ အဲဒီတော့ မင်းကို အကူအညီတောင်းချင်တာပါ၊ မလိုချင်ပေမယ့် ကံစီမံရာအတိုင်း ဖြစ်လာခဲ့တဲ့ ကိုယ့်ဘဝကို မကျေနပ်မှုတွေ၊ နာကြည်းချက်တွေနဲ့ ပူပြင်းလောင်မြိုက်စွာ ကုန်ဆုံးစေမယ့်အစား ငြိမ်းချမ်းစွာ အနိုင်ယူလိုက်ပါကွယ်၊ သူ မင်းကို သိပ်ချစ်တဲ့အတွက် မင်း စိတ်ချမ်းသာအောင် မြတ်နိုးယုယနိုင်မယ်လို့ တို့တွေ ယုံကြည်ကြတယ်..၊

စိန်ရွှေရတနာတွေနဲ့ ဖိနှိပ် အကျပ်ကိုင်တာမဟုတ်ဘဲ မင်းရဲ့ မိန်းမသားဘဝကိုပဲ ပြန်ငုံ့ပါလို့ ကြီးတော် ပြောချင်တယ်၊ မိန်းမတစ်ယောက်ရဲ့ဘဝဟာ ခံစားသာယာမှုသက်သက်နဲ့ တည်ဆောက်ရမှာ မဟုတ်ဘူး၊





ဒါလည်း မင်း သိမှာပါ၊ တူတော်လေးနဲ့ မင်းရဲ့မင်္ဂလာအတွက် တင့်တယ်ခမ်းနားရမယ် .. ရာဇဝင်တွင်စေရမယ်၊ ဒါက ကြီးတော်တို့ရဲ့ဘက်က လိုက်လျောမှု၊ မင်းဘက်က ဒီလိုမဟုတ်ဘဲ ကိုယ့်ခံယူချက်နဲ့ ကိုယ် ဘယ်လိုဖြစ်စေချင်လဲ၊ ကြိုက်တဲ့ပုံစံနဲ့ စီစဉ်ပေးပါ့မယ်၊ မင်းတို့ သာယာစုံပြည်သွားရင် မင်းရဲ့မိဘများနဲ့ အဆင်ပြေဖို့ ကြီးတော်တို့ ကြိုးစားမယ်"

ကြီးတော်က စကား ခဏရပ်လိုက်ပြီး မကိုင်မှ လက်ချောင်းလေးတွေကို ဖွဖွလေးဆုပ်ကာ ...

"တကယ်ဆိုရင် တို့တွေအားလုံးဟာ မျိုးနွယ်တူနဲ့ပဲ အချင်းချင်း လက်ဆက်ပေးခဲ့ကြတဲ့ ထုံးစံ၊ ဒီအစဉ်အလာတွေကို မောင်ငယ်လေးက စပြီး ဖောက်ဖျက်လိုက်တာ တူတော်လေးအထိပါပဲ၊ ဘယ်လောက်ထိလည်းဆိုရင် တူလေးက လူလားမြောက်ပြီဆိုကတည်းက ဒီမှာလည်း မနေဘူး၊ စကားပြောဆိုဆက်ဆံတာမှာ တော်ဝင်အသုံးအနှုန်းတွေနဲ့ ဘယ်တော့မှ မပြောခဲ့ဘူး၊ မသွားခင် ပြောသွားသေးတယ်၊ ဒီစံအိမ်တော်ကြီးက သူ့အတွက် အကျဉ်းထောင်ကြီးဝဲတဲ့၊ လာနေဖို့ ဘယ်တော့မှ မပြောပါနဲ့တဲ့၊ ဒီထဲမှာ ပြန့်ကျဲနေတဲ့ ရတနာတွေလည်း သူ သွားနေတဲ့ လမ်းပေါ်က ကျောက်စရစ်ခဲတွေလောက် အဓိပ္ပာယ်မရှိဘူးတဲ့ကွယ်"

ကြီးတော်မျက်နှာက နှမြောတသ ယူကျုံးမရခြင်းများဖြင့် နောက်ထပ်တစ်ကြိမ် ပြည့်အိုင်လာသည့် မျက်ရည်တို့က မျက်ဝန်းအိမ်မှာ ကြာကြာမနေဘဲ ချက်ချင်းပြိုဆင်းကျလာကြသည်။ သို့သော် မျက်ရည်ကို မလိုလားနိုင်စွာ လည်တိုင်မှာ ပတ်ခွေထားသည့် ပဝါစလေးနှင့် ပြောင်စင်အောင် သုတ်ဖျက်လေသည်။ အားလုံး သေ့ခြောက်ကုန်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်မော့လာကာ ...

"ခုတော့လေ ဟောဒီ 'မြမျိုးမြင့်မာန်' ဟာ မေတ္တာငတ်မွတ်နေတဲ့ ရင်ခွင်မဲ့လူသားတွေ စုဝေးနေရသလို စုပုံပြန့်ကျဲနေတဲ့ ရတနာတွေ လည်း အဖိုးမတန်တော့ဘူး၊ ဘိုးတော်၊ ဘေးတော်တွေ လက်ထက်က ကြီးမြတ်တဲ့ ရိုးသေကိုင်းရှိုင်းမှုတွေလည်း ပျောက်ဆုံးနေခဲ့ပါပြီ"

ဝေ့လည်လာပြန်သည့် မျက်ရည်တွေကို မျက်တောင်တွေ တဖျပ် ဖျပ်ခတ်၍ သိမ်းဆည်းနေသော ကြီးတော့်၏မျက်နှာသည် ရှိုက်ကြီး တငင် ငိုချလိုက်တော့မည့် ကလေးငယ်တစ်ယောက်နှယ် ..။

မျိုးသိပ်ထိန်းချုပ်နေရာရင်း နှုတ်ခမ်းထောင့်စွန်းတို့သည် မဲ့ခနဲ၊ မဲ့ တွန့်ကျသွားလျက် ခပ်မြင့်မြင့်ဆံထုံးကြီးနှင့် တော်ဝင်မင်းသမီးကြီး၏ ဟန်ပန်များအားလုံး ပျောက်ဆုံးနေခဲ့သည်။

မကိုင်ရှ သည် မိမိ မလိုလား မနှစ်သက်စွာ လက်ခံရမည့်အရေး အတွက် တိုက်တွန်းနေသူအပေါ် ငေးကြည့်နေရင်း စိတ်မကောင်းဖြစ် လာမိသည်။

လက်ရှိအခြေအနေအားလုံးက မှေးမှိန် ပျောက်ကွယ်ကုန်က 'မေတ္တာငတ်မွတ်နေတဲ့ ရင်ခွင်မဲ့'ဟူသော စကားတစ်ခွန်းပေါ်မှာ စာနာသနားစိတ်များ စူးနစ်လျက် ရှိသွားခဲ့မိ၏။

ဒါ တကယ်ပဲလား ..၊ ရတနာရှိနေသည့်လူတွေမှာကျတော့ မေတ္တာ ကို လိုကြသည်။

မိသားစု တစ်ပြုံတစ်မနှင့် ငိုကြရယ်ကြ၊ ရန်းကန်ရှာဖွေရင်း နစ်နေ ကြသော ဆင်းရဲသားတို့မှာတော့ အရာရာဟာ ငွေရှိမှတဲ့ ..။

အိမ်ထောင်တစ်ခုမှာ ချစ်နေကြရုံနှင့် မပြီးဘူးဆိုတာ ဘာလဲ ..၊





ရွှေငွေရတနာတွေ စုပုံချမ်းသာနေပါလျက်နှင့် ငိုကြွေးနေကြတာ ဘာ ကြောင့်လဲ ..။'

ခေတ်သည် ဘယ်ရွေ့ဘယ်မျှ တိုးတက်ပြောင်းလဲခဲ့သည်ဖြစ်စေ 'သောက'ကင်းစင်စေသော 'မက်သတ်'တစ်ခုကိုတော့ ဖော်ထုတ် တင် ပြနိုင်ခြင်း မရှိခဲ့ပါလား ..။

မကိုင်ရှ ခံစားနေရသည့် ရှုပ်ထွေးမှုများဟာ ကြီးတော် ဆက်ပြော လာသည့်စကားများကြောင့် ရှင်းလင်းသွားခဲ့လေသည်။

"ဒါတွေဟာ မမြင်နိုင်တဲ့ ကံတရားရဲ့ သတ်မှတ်ချက်တွေပါပဲ၊ အားလုံးဟာ တိုးတက်နေတဲ့လမ်းကြောင်းပေါ်မှာ စီးမျောပြီး ဘာသာ ရေးကို သိပ်ထည့်မတွက်ချင်ကြတော့ဘူး၊ ကောင်းတာလုပ်ရင် ကောင်း ကျိုးဖြစ်မယ်ဆိုတာလောက်ပဲ သိထားလို့ မရဘူး၊ လူတစ်ယောက်ရဲ့ ဆင်ခြင်တုံတရားဟာ ဘာသာရေးအသိနဲ့ အများကြီး သက်ဆိုင်တယ် ကွယ့်၊ လူအသုံးမကျလို့ ကံကိုပုံချတယ်ဆိုတဲ့ စကားတွေက လုပ်သမျှ ဖြစ်နေသေးတဲ့လူတွေ လက်ညှိုးထိုးတဲ့ ကဲ့ရဲ့စကားပဲ၊ အမှန်ကတော့ ဘယ်လို ရှေ့ဆက်တိုးကြည့်လို့မှ မရတော့ဘူးဆိုရင် မိမိလောဘကို မိမိ ဖြေနိုင်ရမယ် .. ဒါက ကံတရားပဲ၊ ကြီးတော် ပြောချင်တာက ရှေ့မှာ ဒီလိုဖြစ်ပါတယ်၊ ဒီလို ပျက်စီးကြပါတယ်လို့ ရှည်ရှည်ဝေးဝေး မင်းကို ပြောပြခဲ့ပြီးပြီ၊ အခု မင်း မဖြစ်ချင်တာကို ဖြစ်ခဲ့ရပြီ၊ နောက်ထပ် ဖြစ်ချင်တာကို ဖြစ်အောင် မင်း ဘယ်လိုကြိုးစားမလဲ"

စကား ခဏရပ်ပြီး မကိုင်ရှ မေးဖျားလေးကို ပင့်မော့ကြည့်၏။

ထိုစဉ်မှာ သူမ မျက်ဝန်းတစ်ဖက်မှာ မျက်ရည်တစ်စက် စီးကျ သွားခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးတော်ဟာ မြေးလောက်အရွယ် မိန်းကလေးတစ်ယောက်ကို ဒီလို မျက်ရည်စက်လက်နဲ့ တောင်းပန်ခယရလိမ့်မယ်လို့ အိပ်မက်ထဲမှာတောင် ထည့်မမက်ခဲ့ပါဘူး၊ ဒါပေမယ့် အခု မင်းကို တောင်းပန်နေရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ စည်းစိမ်ဥစ္စာကို ဘယ်လောက်ပဲ အစုအပုံလိုက် မြင်နေနေ လောဘစိတ်ဖြစ်သွားတာ မတွေ့ရလို့၊ 'မြမျိုးမြင့်မာန်'မှာ မင်း ဘယ်လိုမှ မထင်ခဲ့၊ မမြင်ဘူးခဲ့တဲ့ ရတနာတွေ အများကြီး ရှိသေးတယ်၊ ဒါတွေနဲ့လည်း မင်းကို ဖြားယောင်းနိုင်မှာ မဟုတ်ဘူး၊ ဒါဟာ အခုအချိန်လေးမှာပဲ ကြီးတော် ခံစားမိလိုက်တဲ့ အမှန်တရားပဲ၊ စည်းစိမ်ချမ်းသာတဲ့လူတိုင်း အနိုင်မရကြဘူးဆိုတဲ့ သဘောတရားတစ်ခုကိုလည်း နားလည်လိုက်မိတယ်၊ ကြီးတော် ပြောတာကို လက်ခံပေးပါ၊ တူတော်လေးကို နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ မင်း ကြည်ဖြူစွာ ပေါင်းသင်းဖို့ .."

"မကိုင်ရှ လက်ထပ်ခဲ့တာ တစ်လတောင် မကြာသေးဘူး နောက်ထပ်တစ်ယောက်နဲ့ ဆိုတာ .."

"မင်း ပြောင်းလဲခဲ့တာမှ မဟုတ်တာ၊ ဒါဟာ ကံတရားပဲ၊ မချစ်ဘဲ ညားကြတယ်၊ ချစ်လို့ ညားခဲ့ပြီးမှ ကမ္ဘာမကျေအောင် မုန်းခဲ့ကြတယ်၊ တချို့ဆို ပိုပြီး ထူးဆန်းပါတယ်၊ ကိုယ်က ရင်နဲ့လွှယ်မွေးလိုက်ရပြီး ကိုယ့်သားသမီးက ကိုယ့်ကို မခင်တွယ်ဘဲ တခြားမိသားစုထဲမှာ ရင်းနှီးချစ်ခင်နေကြတယ်၊ အဲဒီမိသားစုကိုပဲ ပံ့ပိုးတယ်၊ မိဘကိုကျတော့ ခပ်စိမ်းစိမ်းပဲတဲ့၊ မင်း အဲဒါမျိုး မြင်ဖူးလား"

မကိုင်ရှ မဖြေနိုင်ပါ။ ကြီးတော် ပြောစကားများဟာ တရားဓမ္မဖြင့် နှုးညှံ့နေသည်ဟု ထင်ရသော်လည်း သူမ ဖြစ်စေချင်သည့်ဘက်ကို





များများ ဆွဲယူနေသောအတ္တများလည်း ပါနေပြန်သည်။

"သူ နည်းနည်းမှ ပြောတာမကြိုက်တဲ့စကားတစ်ခွန်းကို ကြီးတော် မင်းကို ပြောချင်တယ်၊ အဲဒါ ဘာလဲဆိုတော့ တူတော်လေးက တစ်ယူသန်လွန်းတယ်၊ သူ စိတ်မဝင်စားတာကို ဖြားယောင်း ချော့မော့ဖို့ မလွယ်ဘူး၊ မင်းကိုမှမရရင် သူ တခြားမိန်းမတစ်ယောက်ယောက်ကို နောက်ထပ် စုံမက်နှစ်သက်လာဖို့ဆိုတာ ဖြစ်ခဲ့ရင်တောင် အချိန်အရွယ်ကောင်းမှာ ဖြစ်ဖို့ သိပ်မရှိတော့ဘူး၊ ဖြစ်ချင်မှလည်း ဖြစ်တော့မယ်၊ ဒါကြောင့် 'မဖြစ်မနေ လက်ထပ်စေချင်တာက မျိုးဆက်ခံနိုင်မယ့် ရင်သွေးရတနာ ရရှိဖို့ပဲ"

မကိုင်ရှ မျက်နှာ ချွေးခနဲ ဖြစ်သွား၏။

ဒီလောက်ထိ စကားတွေ အချိန်ယူပြောနေခြင်း၏ လိုရင်းကိုလည်း နားလည်သွားသည်။

"မျိုးဆက်မပြတ်ပါစေနဲ့လို့ပြောရင် သူ စိတ်ဆိုးတယ်၊ သူကတော့ သူ့အပေါ် ဘာနဲ့မှ ချုပ်ချယ်ကန့်သတ်တာ မကြိုက်တဲ့သူကိုး၊ သူ့အတွက် ဂရုစိုက်စရာ မဟုတ်ပေမယ့် မောင်နှမလေးယောက်ပေါင်းမှ မျိုးဆက် ဒီတစ်ယောက်ပဲရှိခဲ့တဲ့ ကြီးတော်တို့အတွက် ဂရုမစိုက်လို့ မရဘူး၊ ခါတ်ပုံရောက်လာတော့ မင်းရဲ့ ကြန်အင်လက္ခဏာကိုလည်း သဘောကျတယ်၊ အားလုံးပဲ ဝမ်းပမ်းတသာ ရှိခဲ့ကြတာပေါ့၊ ဒါပေမယ့် လက်ထပ်ပြီးမှ မပေါင်းသင်းဘဲ နေခဲ့ကြတယ်ဆိုတာ သိလိုက်ရတော့.."

"ကြီးတော် .."

မကိုင်ရှ အလန့်တကြား တားဆီးလိုက်မိသည်။ ကြီးတော် က ခုံလေးကို ပွဖွဖက်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တူတော်လေးရဲ့ ရှေ့ရေးနိမိတ်ကို သူ့ရဲ့ဘကြီးတော်က ကြိုတွက်ချက်ပြီးပြီ၊ သူ .. သူ့ရဲ့ကံဇာတာ သိပ်ကို ညံ့နေတယ်တဲ့၊ မင်းကို ဒီအခြေအနေထိ မတတ်သာလို့ ဖွင့်ပြောရတာပါ၊ မင်း နားလည်ပါ၊ မင်း ဘဝအတွက်ကော တို့တွေအားလုံးအတွက်ပါ မင်း ကူညီပါ၊ တူတော်လေးကို မင်း လက်ခံပေးဖို့ ထပ်ပြောပါရစေ၊ ဘာဖြစ်ဖြစ် မင်း လက်ထပ်ခဲ့ပြီးဖြစ်တဲ့ မင်းရဲ့ခင်ပွန်းပါပဲ"

မကိုင်ရှ ပခုံးလေးကို ခပ်ဖျစ်ဖျစ်ဖိကာ ထိုလက်သည် နဖူးဆံစလေးများဆီ ရောက်၍ ဖွဖွသပ်တင်ရင်း ရင်သွေးငယ်လေးကဲ့သို့ သူမ ရင်ခွင်ထဲသို့ ဆွဲသွင်းဖက်ထားလိုက်၏။ ဒါဟာ မေတ္တာတရားဖြင့် စည်းရုံးခြင်းပေလား ...။

ငြင်းဆန်နေခဲ့သော ရင်ထဲမှ စကားလုံးများက နှုတ်ဖျားသို့ ထွက်မလာခဲ့ပါ။ ဒါပေမယ့် ရင်ထဲမှာတော့ ရှိနေသည်။

မကိုင်ရှ ဟာ သူ ပိုင်ဆိုင်ခဲ့ပြီးသည့် မိန်းမတစ်ယောက်အဖြစ် သိမ်းပိုက်နိုင်ပါသည်။

အသက်၊ ကိုယ်ခန္ဓာ အားလုံးကိုလည်း ပုံအပ်နိုင်သည်။

သို့သော် ကြည်ဖြူနှစ်သက် မြတ်နိုးခြင်းဖြင့် မဟုတ်၊ ထိုသူကို မကိုင်ရှ မချစ်နိုင်ပါ ...။





## အခန်း (၃၂)

"ဘာကြည့်နေတာလဲ"

"ဟင်!..."

အနားမှာ ရုတ်တရက် ကပ်ပြောလိုက်သံကြောင့် မကိုင်ရှ လှည့်ကြည့်လိုက်မိ၏။

အနက်ရောင်ကွက်စိတ်ပုဆိုး အနီရဲရဲနဲ့ အနက်ကန့်လန့်စင်းပါသော ခေါင်းစွပ်ဆွယ်တာလက်ရှည်ကို ဝတ်ထား၏။ ဝမ့်နံ့တာ မီးရောင်အောက်မှာ အနက်ရောင်တွေကြားထဲမှ သူ့မျက်နှာက ဖြူဝင်းနေ၏။

အတော်လေး ချောင်ကျနေသည့် မျက်နှာမှာ အစက ပေါ်လွင်နေသော နှာတံက ပို၍ ထင်းနေသည်။ ထူတန်းသည့် မျက်ခုံးနှင့် မျက်တောင်စိပ်စိပ်လေးတွေက ပို၍ ထင်ရှားလာသလို ရှိ၏။ အပြုံးယဲ့ယဲ့နှင့် နူးညံ့နေသည့်မျက်နှာက ရန်ကုန်မြို့ပေါ်မှာ မြင်တွေ့ခဲ့ဖူးသော နေသျှ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်ယောက်ျားတို့၏ မောက်မာစူးရဲသော မာန်မာနများလည်း ကင်းစင်နေပြန်သည်။

မကိုင်း ကို ခေါ်လာခါစနှင့်တောင် မတူပါ။ မကိုင်း အပေါ် ဆက်ဆံပြောဆိုပုံတွေအားလုံး ထူးခြားစွာ ပြောင်းလဲနေခဲ့၏။

နှမ်းယဲ့ဖျော့ကျသွားသည်ဖြစ်သော်လည်း ချောမွေ့နေသည့် မျက်နှာကို မကိုင်း က သေချာကြည့်ပြီးမှ ရှေ့ပြန်လှည့်သည်။

ပြီးတော့ ပြောသည့်စကားများကိုလည်း သတိရမိ၏။ ထိုအခါ အချစ်၏ သက်ရောက်စေတတ်သောသဘောတို့ကို နှိုင်းယှဉ်ကြည့်မိလေသည်။

ခနွဲ့ သည် ခေတ်ဦး နဲ့ စည်းစိမ်ဥစ္စာ၊ ရုပ်ရည်၊ ပညာ ဘာဆိုဘာမှ မဆိုင်ပါ ..။ ဒါပေမယ့် မကိုင်း ဘာဖြစ်လို့ မချစ်နိုင်ခဲ့တာလဲ ...။

သေချာစွာ အဖြေမရှိသော်လည်း မကိုင်း သူ့ကို ကြောက်နေခဲ့မိတာကိုတော့ ကိုယ့်ကိုယ်ကိုယ် သိသည်။ ခေတ်ဦး ကိုမှ ချစ်မိသည်၊ စွဲလမ်းသည်ဆိုတာမျိုး ဖြစ်ခဲ့လို့ လက်ထပ်ခဲ့တာ မဟုတ်ပါ။ သို့သော် ခေတ်ဦး က ဖြူစင်သည်၊ သူမကိုသာ ပေးဆပ် ကြည်ဖြူခြင်းဖြင့် ချစ်ခဲ့သည့်သူ။

ခနွဲ့ ကတော့ အချစ်တွေ ပေါကြွယ်ဝကာ စိတ်ကြိုက် ရွေးချယ်ပြီးမှ သူမက ပစ်မှတ်တစ်ခု ဖြစ်ခဲ့ရသည်။

ဒီလိုလူမျိုး ရင်ထဲမှာ စွဲမြဲတဲ့အချစ် ရှိနိုင်ပါ့မလား မကိုင်း မယုံကြည်ပါ၊ သူ့အချစ်ကိုလည်း မယုံ၊ သူ ချစ်ခဲ့သမျှ မိန်းကလေးတွေအဖြစ်ကို ကြားသိထားခဲ့သဖြင့် ရင်ထဲမှာ သူ့အတွက် ကြည်ဖြူစိတ်ကို ဘယ်လိုမှ မွေးမွားမရနိုင်ပေ ..။

မိုးသားများဖြင့် အမြဲ အုံ့ဆိုင်းနေခဲ့သမျှ ဒီညတော့ လရောင်ကလေး





ဆမ်းနေသဖြင့် တစ်ခြံလုံး မြင်နေရသည်။ သစ်ပင်ကြီးငယ်တို့၏ အပေါ်စီးမှ မည်းညို့နေသောမြင်ကွင်းမှာ စိတ်မပါတော့ဘဲ မကိုင်း ငေးနေမိ၏။

အနားမှာ သူ လာရပ်သည်။ အလွန် သန့်ပြန့်စွာနေတတ်သော သူ့ကိုယ်မှာ ဆေးနံ့အနည်းငယ်ရှိနေပေမယ့် သုံးနေကျ ရေမွှေးနံ့ကလည်း မပျောက်ပေ ..။

လှည့်မကြည့်သည့် မကိုင်း ကို သူက ငုံ့ကြည့်၏။ မကိုင်း လိုပဲ ဝရန်တာတန်းပေါ်မှာ တံတောင်နှစ်ဖက်တင်၍ ပခုံးချင်း ထိကပ်လျက်...

"ခြံထဲမှာ သေချာကြည့်ချင်ရင် ဝရန်တာမီး ပိတ်ပါလားကွ၊ အားလုံးမှောင်နေမှ လရောင်က ကြည်မှာပေါ့"

"နေပါစေ .. အလှအပ သာယာမှုဆိုတာ မှောင်တည်းမှုတစ်ခုခုထဲမှာ မွန်းကျပ်စွာနေရတဲ့သူအတွက်မှ မဟုတ်တာ၊ မကိုင်း ဒါကို ခံစားနေတာ မဟုတ်ဘူး"

သူ့မျက်နှာ တင်းခနဲ ဖြစ်သွားမှာပါ။ နှုတ်ခမ်းဖေ့လိုက်ခြင်းနှင့် မေးရိုးနှစ်ဖက်မှာ လှုပ်ခတ်သွားတာက အံကြိတ်ကြည့်တတ်သည့် သူ့အမူအရာတွေပဲ။ လှည့်မကြည့်ခဲ့ပေမယ့် မကိုင်း သိနေသည်။

သို့သော် ...

"မင်းကို မှောင်တည်းထားခဲ့တာ မေတ္တာတစ်ခုတည်းနဲ့ပါ၊ ကျန်တာအားလုံး လွတ်လပ်သလိုနေရတာပဲ၊ မင်း ကိုယ့်ရဲ့အရိပ်အောက်မှာ ဘယ်လိုနေချင်သလဲ .. ဘာဖြစ်သလဲ .. မင်း ပြောသမျှ ကိုယ် ဖြစ်စေရမယ်၊ ကိုယ်လိုချင်တာ မင်းတစ်ယောက်တည်းပါ"

"မကိုင်း .."

"ကိုယ်တို့ အဲဒါတွေ မဆွေးနွေးချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်လေးတွေကို ခါထုတ်ပစ်လိုက်၍ ဖတ်ခနဲ မော့လာသည့် မျက်နှာလေးကို ငုံ့မိုးကြည့်ပြီး သူ တားဆီးပစ်လိုက်မိသည်။

မျက်နှာချင်း အတန်ကြာ ဆုံစည်းသွားကြ၏။ သူက မကိုင်ရှ လက်ဖဝါးလေးတစ်ဖက်ကို ဆွဲကိုင်ထားလိုက်ပြီး ...

"မင်းက ကိုယ့်ဇနီး၊ ကိုယ်က မင်းရဲ့ခင်ပွန်းပေါ့၊ ကိုယ့်အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး မင်း ဘာဖြစ်သလဲ ပြော ..၊ အားလုံး ကိုယ် ဖြည့်ဆည်းပေးမယ်၊ နောက်ကြောင်းတွေ ထားခဲ့လိုက်ပါတော့"

"ထားခဲ့လို့ ရမလား ခနသျှံ"

"ထားခဲ့ရမယ် .."

"ဒါ အမိန့်ပေးလို့ရတဲ့ကိစ္စ မဟုတ်ဘူး .. ရှင် သိရဲ့လား"

"အမိန့်မဟုတ်ဘူး .. ဖြစ်သင့်တာကိုပဲ မင်း စဉ်းစားဖို့ ပြောနေတာ၊ အခု မင်း အပြင်ထွက်ရပ်တော့ ဘာဖြစ်လို့လဲ၊ ကြီးတော်တို့ ပြင်ပေးထားတဲ့ နှစ်ယောက်အိပ်ခုတင်ကြောင့်လား .."

မကိုင်ရှ ဘာမှမပြောဘဲ ပြန်လှည့်လိုက်တော့ ပခုံးလေးနှစ်ဖက်ကနေ ဆတ်ခနဲ ဆွဲလှည့်လိုက်ပြီး ...

"ကိုယ့်ကို မယုံဘူးလား"

ဝရန်တာမီးရောင်ထဲမှာ နှစ်ယောက်လုံး၏ မျက်နှာတစ်ခြမ်းစီသာ မီးရောင်ဖြာကျလျက် သူသည် မကိုင်ရှ ၏ ဆံနွယ်ရှည်များကို တယုတယ ထိကိုင်တွယ်ရင်း ...

"သိပ်လှတယ်"

တိုးတိတ်စွာပြော၍ စူးရဲ ရှန်လိုနေသော မျက်လုံးလေးတွေကို စူးစိုက်ကြည့်သည်။ မျက်ဝန်းတို့သည် မယုံဘူးလို့ မပြောခဲ့သော်လည်း





သံသယများနှင့် ပြည့်နှက်နေတာကို သူ နားလည်ကာ ...

"မင်းကို ခိုးယူခဲ့မိတဲ့အဖြစ်တစ်ခုကလွဲရင် ကိုယ် ဘယ်တုန်းကမှ မဟုတ်တာ မလုပ်ခဲ့ဘူး၊ ကိုယ့်နှလုံးသားကို ကိုယ် ပိုင်တယ်၊ ဘာမှန်းမသိတဲ့ အချစ်ကို စိတ်မဝင်စားဘူး၊ ကိုယ် လိုအပ်လာလို့ တောင်းခံရတာ မင်းအဖြစ်မျိုးပေါ့၊ အချိုးကျပြန်ရဖို့ မသေချာတာမှန်သမျှအတွက် ပေးဆပ်ဖို့လည်း စိတ်မကူးဖူးဘူး"

မကိုင်ရှ က ဆံပင်တွေထဲမှာ တို့ထိဆော့ကစားနေသည့် သူ့လက်ကို ဖယ်ပစ်လိုက်သည်။ ပြီးတော့ မော့ကြည့်ပြီး ပြောင်ပြောင်တင်းတင်း ခဲ့ပစ်လိုက်သည်။

ခနသျှံ က သူမ ပြောတော့မည့် တစ်စုံတစ်ရာကို ပြောခွင့်မပေးဘဲ ...

"မဝေဖန်နဲ့ဦး .. ကိုယ့်အတ္တတွေ အစွန်းရောက်နေတာ ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် ကိုယ် မမှားဘူး၊ ပေးဆပ်ရခြင်းဟာ ပူလောင်ခြင်းပဲ မဟုတ်ဘူးလား၊ ဒီအပူကို ဆုပ်ကိုင်ထားရဲတဲ့သူဟာ ပေးဆပ်ရတဲ့သူပေါ့၊ တစ်ယောက်က ပေးဆပ်ရ၊ တစ်ယောက်က ရယူသွားမယ်၊ ကိုယ်က ရယူပိုင်ဆိုင်တဲ့သူပဲ ဖြစ်ချင်တာ"

နောက်ထပ် မဲ့ပစ်လိုက်ပြီး မကိုင်ရှ ဆတ်ခနဲ မျက်နှာလှည့်ပစ်သည်။ ထိုအခါ ခနသျှံ သည် ဖြူနုဝင်းနှစ်နေသည့် ပါးပြင်လေးတစ်ဖက်ကို ငုံ့နမ်းလိုက်၏။

မကိုင်ရှ ပခုံးလေး ဆတ်ခနဲ ခါသွား၏။ မလိုလားတာကို တမင်ပြမှန်းသိသော်လည်း သူ နမ်းဖို့ပဲ မကိုင်ရှ က ပါးထိုးပေးလိုက်သလိုလို။

ပခုံးတစ်ဖက်မှာ ဖိကိုင်ထားသည့် လက်ကလေးကို ပုတ်ခါထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်မိသည်။

"ဖယ်ပေးပါ"

အထဲပြန်ဝင်ဖို့ လှည့်လိုက်တော့ လက်ဖျားလေးကို ပြန်ဆွဲထားလိုက်ပြီး ...

"ခဏနေပါဦး .. ကိုယ် ပြောလို့မှ မပြီးသေးတာ၊ ဟိုတုန်းက အချစ်ကို ဂရုမစိုက်ချင်ခဲ့တာတွေ ပြောပြနေတာက ဂုဏ်ယူကြွားဝါနေတာ မဟုတ်ဘူး၊ မင်းကြောင့် ကိုယ် ဘယ်လောက် ရူးသွပ်သွားခဲ့သလဲ ဆိုတာ သိစေချင်လို့ပါ"

"သိလည်း ဘာမှမထူးဘူး ခနသျှ၊ ရှင့်ကို မကိုင်ရှ ပြောပြီးသား၊ ရှင့်စည်း ရှင့်ဝိုင်းထဲမှာ မကိုင်ရှ ကို အချိန်မရွေး ဆိမ်းပိုက်လို့ ရပါတယ်၊ အချစ်နဲ့ပတ်သက်ပြီး မဆွေးနွေးပါနဲ့၊ ရှင့်ကို ချစ်တတ်လာအောင် မကိုင်ရှ မြူဆွယ်ခဲ့တာ မဟုတ်သလို ချစ်တတ်လွန်းလို့ ရှင် သေပြနေလည်း မကိုင်ရှ က အမှတ်ပေးမှာ မဟုတ်ဘူး၊ ရှင့်လိုပဲ အချစ်က မာနကြီးတယ်"

"ကြီးပါစေ .. ကိုယ်ကလည်း မလွယ်ကူတာကိုမှ တန်ဖိုးထားတာ၊ ဒီမှာ မကိုင်ရှ .. ကိုယ် အမြင့်မြတ်ဆုံးထားခဲ့တဲ့ နှလုံးသားတစ်ခုကို အချစ်တွေနဲ့ ဖြစ်သလို ထိုးကြိတ်ပြီး ပုံစံချခဲ့ရတယ်၊ ဒုတိယလူဆိုတဲ့ စီနီယာထဲမှာ ရှုံစရာကောင်းတဲ့မျက်နှာနဲ့ ရပ်နေခဲ့ရတယ်၊ ဒါတွေ အားလုံးဟာ ပေးဆပ်ခဲ့တာ မဟုတ်ဘူး၊ သီအိုရီတစ်ခုအတွက် ကိုယ့်ရဲ့ သက်သေပြချက်ထဲက ညီမျှခြင်းတစ်ခုပဲ၊ ညီမျှခြင်းရဲ့ တစ်ဖက်စီမှာ မင်းနဲ့ကိုယ် ရှိတယ်"

သူသည် စကားရပ်၍ မကိုင်ရှ မေးဖျားလေးကို ခပ်ဆတ်ဆတ် မော့တင်လိုက်ကာ မျက်လုံးချင်း ဆုံစေသည်။ ပြီးမှ ...





"ခုတော့ ကိုယ်က တစ်ဖက်သတ် စောင့်နေရတဲ့သူပါ၊ ကိုယ့်ဘေးမှာ မင်း ရောက်လာမယ့်တစ်နေ့ဟာ ဘယ်နေ့၊ ဘယ်အချိန်ဖြစ်ဖြစ် ကိုယ် စောင့်နိုင်တယ်၊ ဒါက ကိုယ်ချစ်တဲ့မိန်းကလေးတစ်ယောက်အတွက် ကိုယ် ပထမဆုံး ပေးဆပ်လိုက်တဲ့ သည်းခံနိုင်ခြင်းပဲ၊ မင်းကို ကိုယ် သိပ်ချစ်တယ်၊ မင်း ယုံယုံမယုံယုံ လက်ခံချင်တာ၊ မခံချင်တာ ကိုယ် မသိဘူး၊ ကိုယ်ကတော့ ပြောနေမှာပဲ၊ နောက်ထပ် ပြောချင်တာက ကိုယ့်ကို ယုံကြည်ပါ၊ မင်းကို ပိုင်ဆိုင်ထားတဲ့ယောကျ်ားအဖြစ် ကြည်ဖြူသည်ဖြစ်စေ မကြည်ဖြူသည်ဖြစ်စေ အခွင့်အရေး .."

မကိုင်ရှ မျက်ဝန်းလေးတွေ ချောက်ချားစွာ လှုပ်ရှားသွားကြ၏။ ခနသျှ သည် မေးဖျားလေးကို ကိုင်ထားရင်းမှ ပခုံးသားလေးများကို ဖိဆုပ်လိုက်၏။ ထို့နောက် လက်ဖဝါးတို့သည် နွေးထွေးစွာ ပြေကျလာခဲ့ကာ သေးနွဲ့သောခါးလှလှလေးကို ဆွဲသိမ်းပွေ့ပိုက်လိုက်ပြီး ...

"ဟင့်အင်း .."

မီးရောင်လည်း ရှိနေသည်၊ လကလေးလည်း သာနေ၏။

သို့သော် မကိုင်ရှ မျက်လုံးထဲမှာ မှောင်မိုက်သွားလေသည်။ အာရုံထဲမှာ ရေမွှေးနံ့လား .. ပန်းရနံ့တွေလား၊ ခါးနောက်မှာ သံတန်းတွေ ရှိနေလျက်နှင့် တန်းတွေဘာမှမရှိသော အစွန်းအမြင့်ကြီးမှာ ခြေဖျားကလေးနှင့် ကုပ်တွယ်ရပ်နေရသလို အေးခနဲ၊ လှပ်ခနဲ တုန်ခါနေ၏။

မကိုင်ရှ သည် ကြောက်ရွံ့ထိတ်လန့်၍ သူ့ကိုလည်း မလိုလားနိုင်ပါဘဲ တင်းကျပ်စွာ ပြန်လည် ဖက်တွယ်ထားခဲ့မိသောအဖြစ်အား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"အခွင့်အရေးယူတယ်လို့ မထင်နဲ့နော်၊ ကြီးတော်ကို မလွန်ဆန်နိုင်လို့လည်း မဟုတ်ဘူး၊ မင်းအပေါ်မှာ ငြိုငြင်သွားမှာစိုးလို့"

အခန်းထဲဝင်လာတော့ မကိုင်း ဘာမှမမေးဘဲ သူ့ဘာသာ ပြောသည်။ ပြီးတော့ လက်ထဲမှာ ငွမ်းကပ်အိပ်ခင်းကြီးတစ်ခုကို ခေါက်ကွေး၍ ဖြစ်သလို ပိုက်ထားကာ ...

"ကိုယ် ခေါင်းရင်းတံခါးနားက ကွန်ပျူတာရှေ့မှာ အိပ်မယ်၊ မင်း ခုတင်ပေါ်မှာ အိပ်လေ၊ စိတ်ချလက်ချ အိပ်ပါ"

"အို .. မဟုတ်တာ"

သူက ယောကျ်ား၊ ကိုယ်က မိန်းမ၊ ပြီးတော့လည်း ရှိသေလေးစားလွန်းလို့မဟုတ်ပေမယ့် သူ့လိုလူကို ကြမ်းပေါ်မှာ အိပ်ခိုင်းဖို့က ဘယ်လိုမှ မသင့်တော်ဘူးဆိုတာကို သိနေသည်။

အဝတ်ဗီရိုကိုဖွင့်၍ ကိုယ့်အတွက် ထည့်ပေးထားသည်ဆိုသော အင်္ကျီ၊ ထဘီတွေကို ကြည့်နေဆဲ မကိုင်း သူ့ရှေ့ကို လျှောက်သွားမိ၏။





"မကိုင်း ကို ပေးပါ၊ ဟိုတံခါးနားမှာ မကိုင်း သွားအိပ်မယ်"

"မအိပ်ရဘူး"

"ဘာဖြစ်လို့လဲ .. မကိုင်း က မိန်းကလေးပဲဟာ၊ ပြီးတော့ ကြီးတော်ဝင်လာရင် ဘယ်လိုဖြစ်သွားမလဲ"

"ကိုယ် ဒီလိုပဲ အကျင့်ရှိတာ အားလုံး သိတယ်၊ တစ်ခါတလေ ခြံထဲမှာပဲ ဖျာခင်းပြီး သွားအိပ်ခဲ့သေးတာ"

"အို .. ခုနဲ့ တူမလား၊ ရှင်က ကြမ်းပေါ်မှာ အိပ်ပြီး မကိုင်း က ခုတင်ပေါ်မှာ .."

မီးရောင်ဖွေးဖွေးအောက်မှာ ပန်းနုရောင်ဖဲသား ညဝတ်အင်္ကျီလေးနှင့် ဆံပင်တွေ ဖားလျားဝေနေသော မကိုင်း တစ်ကိုယ်လုံးကို ခနည်း က စူးခနဲ ကြည့်သည်။

"ဘာဝတ်ဝတ် လှတာပဲနော်"

မကိုင်း ရှက်သွားကာ သူ ကိုင်ထားသည့် အိပ်ခင်းထုပ်ကြီးကို ပြောင်းယူဖို့ ကြိုးစား၏။ ခနည်း က ပိုက်ထားရင်း ကိုယ်ကို လွှဲရှောင်လိုက်ကာ ...

"မအိပ်ရဘူးလို့ ပြောနေတာကွာ .."

"ရှင် အဖျားမစင်သေးဘူးဆို"

"ဘာဆိုင်လို့လဲ"

"အဲဒီနေရာက အေးတယ်"

"ဘာဖြစ်ဖြစ် ရတယ်"

"ရှင် ဘယ်လိုဖြစ်နေတာလဲ"

သူ လှည့်ထွက်သွားတော့ မကိုင်း က အိပ်ခင်းအဖျားကို အမိအရ



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ဆွဲထား၏။ မနေ့သျှ က ဒေါ်သပါတာမဟုတ်ဘဲ မျက်ခုံးနှစ်ဖက်ကို တမင်ကုတ်ထားပြီး လှည့်ကြည့်သည်။

"မင်းကိုလည်း ကြမ်းပေါ်မှာ ကိုယ် ပေးမအိပ်နိုင်ဘူး၊ အဲဒါ ဘယ်သူက လျှော့မလဲ .."

"ရှင် အဲဒီလောက် ပြိုင်ချင် နိုင်ချင်နေသလား"

"နိုင်ချင်လို့ မဟုတ်ဘူးလေ .. မင်းကော ကိုယ့်ကို ကြမ်းပေါ်မှာ မအိပ်စေချင်တာ ကြင်နာလွန်းလို့လား .. ပြော .."

မကိုင်ရွှေ ပြောမလို့ပြင်ပြီးမှ ပါးစပ်ပြန်ပိတ်သည်။ ပြီးတော့ မျက်စောင်းထိုးပစ်လိုက်၏။ မနေ့သျှ က စိုက်ကြည့်နေပြီး လှစ်ခနဲ ပြုံး၍-

"ပြောပြတာ .. မင်းကို စကားနာထိုးဘာ မဟုတ်ဘူး၊ ကိုယ် မင်းကို နိုင်တော့ ဘာလုပ်ရမှာလဲ၊ ယောက်ျားနဲ့ မိန်းမ ဘယ်သူ့ကို အသာစီးခွင့်ပေးသင့်လဲ ..၊ အေးအေးဆေးဆေး သွားအိပ်"

မနေ့သျှ က မကိုင်ရွှေ လက်ကလေးကို အသာလေး ဖြုတ်ချပစ်ခဲ့ပြီး သူ့နေရာသူ ခင်းကျင်းနေတော့သည်။

မကိုင်ရွှေ ဒီတိုင်းလေး ရပ်ကျန်ခဲ့ကာ ဘာပြောရမှန်းလည်း မသိ။ ဒါဟာ ဘယ်လိုမှ မဖွယ်ရာသောကိစ္စဆိုတာကိုပဲ တွေးမိနေ၏။ မနေ့သျှ ဟာ သူ့ဝန်းကျင်၊ သူ့အသိုင်းအဝိုင်းမှာတော့ အရှင်သခင်တစ်ပါးပဲ ဖြစ်၏။

သူကသာ ဘာမှမဟုတ်ပေမယ့် သူ့ထက် အုပ်ထိန်းသူများ ကိုယ်တိုင်က တယုတယ ပိုးမွေးသလို မွေးမြူနေခဲ့ကြတာ ဒီနေ့ထိ ..။

အဖြူရောင်ဆွတ်ဆွတ် ဖဲမွေ့ရာကြီးထက်မှာ ခြေချထိုင်နေရင်း မကိုင်ရွှေ ဆုံးဖြတ်ရခက်နေမိ၏။ ဒါပေမယ့် ကြာကြာ စဉ်းစားနေဖို့လည်း





အချိန်မရှိတော့ပေ။ နောက်တစ်ခါ ထွက်၍ ခေါင်းအုံးယူပြီး ဝင်လာသော မနေ့သျှ က တံခါးပြန်ပိတ်ပြီး သူမကို မျက်နှာတစောင်း ငဲ့ကြည့်ကာ ...

"ဘာဖြစ်လို့လဲ .. ဗိုက်ဆာနေတာလား၊ အိပ်ရာဝင် တစ်ခုခု စားတတ်ရင် မင်းဘေးက စားပွဲပိုသပ်သပ်လေးပေါ်မှာ ဘဲလ်ရှိတယ်၊ နှိပ်လိုက်၊ တစ်ခုခု ယူလာခိုင်းလိုက်လေ"

မကိုင်ရွှေ က ဘာမှမပြောဘဲ သူ့ကိုမော့ကြည့်ပြီး မျက်တောင်တွေပဲ တဖျပ်ဖျပ်ခတ်နေလျှင် ...

"ဆင်းစားမယ်ဆိုလည်း လာလေ၊ ကိုယ် လိုက်ပို့မယ်"

"ဘာမှမဟုတ်ပါဘူး၊ ဟို .. ရှင် .. ရှင် ဒီမှာပဲ လာအိပ်ပါ"

"ဟင်!..."

မျက်ခုံးနှစ်ဖက် မသိမသာ မြင့်သွား၏။ သို့သော် သူ့မျက်ဝန်းများမှာ တစ်မျိုးတစ်မည် ပြောင်းလဲသွားခြင်း ဘာမှမရှိခဲ့ဘဲ ...၊

"မင်းကကော .."

"ဒီမှာပဲ .. ဟို .."

မကိုင်ရွှေ ပါးပြင်လေးနှစ်ဖက်က သိသာစွာ ရဲတက်လာလျက် မျက်နှာလေးကို ခပ်လွှဲလွှဲထားပစ်ကာ ...

"အကျယ်ကြီးပဲဟာ .. အလယ်မှာ ဖက်လုံးချထားမှာပေါ့၊ ရှင့်ကို.. ရှင့်ကို မကိုင်ရွှေ ယုံပါတယ်"

မျက်နှာချင်းမဆိုင်သော်လည်း သူ ခဏတော့ ရပ်နေပြီး ငြိမ်သက်သွား၏။ ပြီးတော့မှ မွေ့ရာဆီ လျှောက်လာကာ ပိုက်ထားသည့် ခေါင်းအုံးကို ရှိပြီးသည့်ပေါ်မှာ ထပ်တင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ယုံကြည်တယ်ဆိုတာကိုတော့ ဝမ်းသာပါတယ်၊ ဒါပေမယ့် ..."

ဆက်မပြောသေးဘဲ မွေ့ရာထက်မှာ ပက်လက်လှဲအိပ်ပစ်လိုက်၏။ ထို့နောက် မကိုင်ရှ ကျောပေးထိုင်နေသည့်နောက်မှာ ပျော့နွဲ့ပြောင်လက်စွာ ဝဲဖြာနေသော ဆံနွယ်ရှည်များကို မျက်တောင်တွေ စင်းလျက် စိုက်ကြည့်ကာ ...

"ကိုယ့်အတွက်တော့ ထာဝန်ပိုကြီးသွားတာပဲ"

သူ ဘာပြောလိုက်မှန်း ချက်ချင်း နားမလည် ...၊ မျက်နှာ နည်းနည်းစောင်း၍ လှည့်ကြည့်လိုက်တော့ ပက်လက် လက်ပိုက်ကာ ခြေချင်းချိတ်၍ မျက်လုံးတွေလည်း မှိတ်ထားသည့် သူ့ကို မြင်ရ၏။ တကယ်တမ်း ကိုယ့်ဘေး ရောက်လာတော့လည်း မကိုင်ရှ ထိတ်လန့်နေမိပြန်သည်။

ငါ မှားသွားပြီလား ...၊ မဟုတ်ပါဘူး၊ သူ ဒီလိုတော့ မဟုတ်နိုင်ပါဘူး။ အကြာကြီး ထိုင်နေပြီးမှ မွေ့ရာတစ်ဖက်စွန်းမှာ မကိုင်ရှ သာသာလေး ဝင်လှဲလိုက်မိသည်။ ဒီကိုရောက်ကတည်းက သူ နေမကောင်းဖြစ်နေသဖြင့် အခန်းသပ်သပ်ခွဲထားပြီး ဆေးဆရာနှင့်ပဲ ထားသည်။

မကိုင်ရှ က ကြီးတော် လာတော့မှ အတူလိုက်သွားပြီး သူ့ကိုတွေ့ရသည်။ နေကောင်းပြီဟု သတ်မှတ်လိုက်ကြတာ ဒီနေ့မှ ...။

"လူလေး တစ်ရေးနိုးရင် ဆေးသောက်ရမယ်၊ မနိုးရင် မသောက်နဲ့"

ဟု ပြော၍ ဆေးကြောက်သည့် သူ့လက်ကိုပဲ ဆေးပုလင်းနှစ်လုံး ထည့်ပေးလိုက်တော့ မကိုင်ရှ အံ့ဩမိသေးသည်။

တကယ်ဆို လူနာကို ဆေးတိုက်ရမယ်ဆိုပြီး မကိုင်ရှ ကိုပဲ ပေးရမှာ မဟုတ်ဘူးလား။ ကြီးတော်က သူ့နဖူးကို တယုတယ ပွတ်သပ်စမ်း





ရင်း ...

"ပင်ပန်းရင် အဖျားပြန်ဝင်တတ်တယ်၊ လူလေးရဲ့ ဘကြီးတော်ကိုယ်တိုင် အမှာရှိလိုက်တာ သောက်ရမယ်"

ဟု ထပ်ပြောလိုက်တော့ ဘစ်မျိုးတစ်မည် ဖြစ်သွားသည်။ နေသျှံမျက်လုံးတွေ မကိုင်ရှ ဆီ ဖျတ်ခနဲ ရောက်လာသည်။

"ဟာ!... အဲဒါ ..."

ခပ်တိုတိုပြောပြီး မျက်နှာငုံ့ချကာ ဆေးပုလင်းတွေကို ဂျာကင်အိတ်ထဲ ထည့်ပစ်လိုက်မှ ...

"မဟုတ်ပါဘူး ... သူ ဆိုလိုတာက တူတော်လေး နာလန်ထစမှာ မိုးမလင်းခင် ခြံကြီးထဲ ဆင်းပြေးနေမှာ စိုးလို့"

ရှင်းပြသည်ကလည်း ပျာပျာသလဲပုံဖြစ်သွား၍ ကြီးတော် မကိုင်ရှ ထံ ဝင့်ခနဲ ကြည့်သည်။ ထို့နောက် ခပ်ဘုတ်သုတ် ပြန်ထွက်သွား၏။

မကိုင်ရှ မျက်လုံးလေးပြူးသွားသည်။ ဖွတ်ကော၊ ပုတတ်ကော အားလုံးထွက်ပြတာလည်း တောင်ပို့မှန်းမသိခဲ့သည့် သူမအဖြစ်ပါလား...။

နေ့လယ်ကအဖြစ်ကို ပြန်တွေးမိတော့ ရင်တွေပန်းတွေ တုန်လာမိပြန်သည်။

နှစ်ယောက်တစ်ခန်းတည်း အိပ်ခွင့်ပေးလိုက်တာကို ဘယ်လိုသတ်မှတ်ကြသည် မသိပါ။ သူတို့အမြင်မှာတော့ မကိုင်ရှ နဲ့ နေသျှံ က လင်မယားဖြစ်သည်ကိုး ...။

ကြီးတော် ပြောခဲ့သည့် 'မျိုးဆက်' ပြဿနာကြီးကို တွေးမိတော့ မကိုင်ရှ ပခုံးလေး ပိုကျုံ့သွားသည်။ မွေ့ရာခြေရင်းမှာ အခေါက်လိုက်ရှိနေသည့် စောင်ကို တုပ်တုပ်မျှ မလှုပ်ဘဲ ခြေမနှင့်ကုတ်ညှပ်၍ သာသာ



www.burmeseclassic.com

www.burmeseclassic.com



လေး ဆွဲယူလိုက်၏။

ဒီအချိန်ကျမှ သေသပ်နေလိုက်တဲ့ စောင်ခေါက်က ဖြန့်လို့ တော်တော်နှင့်မရဘဲ ဖြစ်နေသေးသည်။ မကိုင်ရွှ စောင်ခြုံဖို့အတွက် တိတ်တိတ်လေး ခက်ခဲစွာ လှုပ်ရှားနေတာကို မျက်တောင်တွေ မှေးစင်းကြည့်ရင်း ခနည့်ျ ကြိတ်ပြုံးနေခဲ့သည်။

မကိုင်ရွှ ကတော့ မသိပါ။ ညဉ့်ကတော့ နက်သည် မနက်သည် မသိ ..၊ အားလုံးပဲ တိတ်ဆိတ်ငြိမ်သက်နေပြီဖြစ်သည်။

ခနည့်ျ အိပ်နေပြီလား .. မအိပ်သေးဘူးလား၊ အိပ်နေပြီဆိုရင်ကော တစ်ညလုံး မနိုးဘဲ အိပ်ပါ့မလား ..။ တစ်ရေးနိုးတိုင်း ဆေးသောက်ရမယ်ဆိုသည့် စကားတွေကို သတိရကာ ပခုံးထိ တင်ထားသည့်စောင်ကို တင်းနေအောင် ဆွဲခြုံပစ်လိုက်မိသည်။

သူ နိုးလာတဲ့အခါ မကိုင်ရွှ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေခဲ့လျှင် ...

"မကိုင်ရွှ .."

မကိုင်ရွှ စောင်းနေရာမှ မြှောက်ခနဲ ကြွတက်ကာ ပက်လက်ကလေး ဖြစ်သွား၏။ ခနည့်ျ သွားတွေပေါ်အောင် ရယ်လျက် ထထိုင်လိုက်သည်။

"ကိုယ် တိုးတိုးလေး ခေါ်လိုက်တာ"

"ဟို .. မကိုင်ရွှ .."

မကိုင်ရွှ စောင်ကို ရင်ဘတ်မှာကပ်ဖိရင်း သူ့လိုပဲ ထထိုင်ကာ အားလည်း အားနာ .. ရှက်လည်းရှက်နှင့် မအီမလည် ပြုံးပြလိုက်သော မျက်နှာလေးတစ်ပြင်လုံး နီရဲနေ၏။

ခနည့်ျ က သူ ထပ်အုံးထားသည့် ခေါင်းအုံးတစ်လုံးကို ဖက်လုံး၏





ထိပ်ကနေဆက်လျက် ပိတ်ကာပေးလိုက်ကာ ပြုံးနေသည့်မျက်နှာကို တည်၍ ...

"ကိုယ့်ကို ကြောက်နေတာလား .."

"အင်း .. ဟိုလေ .. မယုံတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မကိုင်ရွှ ခုလိုကြီး တစ်ခါမှ .."

"ယောက်ျားမှ မယူဘူးတာ .. ဒီလို ဘယ်အိပ်ဖူးမလဲ၊ ဒါပေမယ့် မင်း အခု ယောက်ျားယူပြီးပြီ"

"ဘာ!..."

"ကိုယ့်ကိုတော့ မင်းရဲ့ယောက်ျားလို့ လောလောဆယ် မသက်မှတ်ဘဲ လွတ်လွတ်လပ်လပ် အိပ်ပါ၊ ပေးထားတဲ့ကတိကို ကိုယ် တည်မယ်"

"ဒါဆို ရှင် .. ရှင်က ဘာဖြစ်လို့ မအိပ်သေးတာလဲ"

"မင်း အိပ်ပျော်သွားရင်း နိုးနှမ်းမလို့ စိတ်ကူးနေတာ"

"ဘယ်လို .."

"မင်း အဲဒီလိုထင်ပြီး လန့်နေတာလားလို့ မေးမလို့ .."

မျက်ခုံးတွန့်၍ ပြုံးလိုက်သည့် သူ့နှုတ်ခမ်းတွေက ပါးပြင်တစ်ဖက်က ပါးချိုင့်ကလေးထင်လျက် ကြည့်ကောင်းသွား၏။

မကိုင်ရွှ သူ ချောတာကိုပဲ ငေးမိသွားတာလား ..၊ အကြောက်မပြေနိုင်တာလား ကိုယ့်ကိုယ်ကိုယ်တောင် မသိလိုက်မိ ..။

"ဘယ်လိုလဲ .. မင်း မအိပ်ရဲရင် ကိုယ် ဟိုမှာပဲ .."

"ဟင့်အင်း .."

မကိုင်ရွှ ခေါင်းလေးခါပြကာ ဟိုဘက်ကို တင်ပါးလေး စောင်းရွှေ့ပြီး ကျောခိုင်းလှဲသည်။ စောင်ကို ပခုံးထိ ပြန်ဆွဲတင်၏။



www.burmeseclassic.com

ဒီဘက်ဖက်လုံးလေးနားထိ ကစဉ့်ကလျား ခွေခေါက်လျှံထွက်နေသော ဆံနွယ်ရှည်များက မွေ့ရာဖြူဖြူထက်မှာ ချစ်စရာ ..။

သူ အသာလေး ပြန်လှဲလိုက်ပြီး စောင်ခြုံထားဘည့်ထဲကနေ ကောက်ကွေ့ကြောင်းလေးတွေ ပေးနေသော မကိုင်ရှ ၏ ကိုယ်လုံးလှလှလေးကို နောက်ကနေ ငေးကြည့်နေမိသည်။

ပြီးတော့ တိတ်တိတ်လေး သက်ပြင်းချကာ မျက်ဝန်းတို့ကို မှိတ်ပစ်လိုက်၏။ မျက်လွှာဖွင့်ခြင်းပိတ်ခြင်းဖြင့် အမြင်အာရုံတွေကို ဖြတ်တောက်နိုင်စွမ်း မရှိပါလား။ စိတ်အာရုံထဲမှာ စုန္ဒဲ့ပုံခဲနေသော ဆံနွယ်တွေကို မြင်နေရသည်။

ထိုဆံနွယ်များထဲမှာ တစ်မိနစ် သို့မဟုတ် နှစ်စက္ကန့်၊ သုံးစက္ကန့်လေးတွေ ခဏလောက် နိုး၍ တိုးတိုက် မွှေ့နှောက်ရင်း ယစ်မူးချင်မိ၏။

ဩော် .. ပေးဆပ်တယ်ဆိုတာ မလွယ်ပါလား မကိုင်ရှ ..၊

လောလောဆယ် မင်းရဲ့ ယုံကြည်မှုတွေကို မကျိုးပေါက်ရအောင် ပေးဆပ်နေရင်းနဲ့ ကိုယ် ..။





## အခန်း (၃၄)

"မကိုင်ရှ .."

နားထဲမှာ ကြားနေသည်။ ပြန်လည်ထူးနေမိသည် ထင်၏။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ဘာလုပ်နေမိမှန်းမသိဘဲ 'ဟင်..'ခနဲ အသံထွက်ကာ သတိရလာတော့ မွေ့ရာပေါ်မှာ ငုတ်တုတ်လေး ..။

"ခနသျှံ .."

သူမဘေးမှာ ခနသျှံ ဘ ညဝတ်အင်္ကျီကို ချွတ်ခဲ့ပြီး ဖြစ်ပုံရကာ အပေါ်းစားဂျာကင်အနီရောင်ကို ထပ်ဝတ်နေဆဲနှင့် ...

"ထတော့လေ .. ကြီးတော် လာခေါ်တယ်"

ကိုယ့်ဘေးမှာ သူရပ်နေတာ ဘယ်လောက်ကြာပြီလဲ မသိ ..၊ နိုးနေတာ တစ်ခွန်းတည်းမကတာတော့ သေချာပါသည်။

မကိုင်ရှ အိပ်ရာပေါ်ကနေ ကမန်းကတန်း ဆင်းလိုက်၏။ ပျာယီပျာယာဖြစ်လွန်းကာ ညဝတ်အင်္ကျီ၏ခါးစည်းကြိုးက လက်နဲ့ငြိပြီး ပြေကျသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အို!…"

ရင်ကွဲအကျီက ဟင်းလင်းပွင့်တော့ မတတ် ..။

မကိုင်ရွှ ပူထူသွား၏။ ခနသျှံ လှည့်ကြည့်မလို့ ဧောင်းငဲ့လာသော မျက်နှာ ဖျတ်ခနဲ ပြန်လွှဲကာ …

"အင်္ကျီလဲပြီး ကိုယ် လာခေါ်မယ်"

ပြောပြီး ခြေလှမ်းကြဲများနှင့် လျှောက်ထွက်သွားလေသည်။

မကိုင်ရွှ ညည်း ဘာဖြစ်နေတာလဲဟင် ..၊

ကိုယ့်ခေါင်းကိုသာ ထုပစ်ချင်မိ၏။ ဒီလောကထဲ သူများကို မယုံမကြည် ထိတ်လန့်ပြနေတာ ဟိုက ပြန်ရွဲ့လာရင် မခက်ဘူးလား ..။

ဒါလည်း မဟုတ်သေးပါဘူး၊ ငါကိုက ယုံယုံကြည်ကြည် နေသင့်တာ၊ ငါ ယုံကြည်ပြနေမှ သူ ရှေ့မတိုးရဲမှာပေါ့။

ကိုယ့်ကိုယ်ကိုယ် ပညာရှိလိုလို တွေးမိလိုက်၊ ကလေးပေါက်စလေး သရဲကြောက်သလို ကတုန်ကယင် ဖြစ်သွားလိုက် ဘာကယ်ပါ ..။

တစ်သက်နှင့်တစ်ကိုယ် အသားတုန်အောင် ကြောက်လန့်ခဲ့မှုတာ ဒါ ပထမဆုံးပဲ ဖြစ်သည်။ ဒီလူဟာ မိန်းကလေးတွေနဲ့ ယိတွေ့ရင်းနှီးခဲ့ဖူးသည်၊ ပွေရှုပ်ခဲ့ဖူးသည်၊ ဒါကို ကြောက်၏။

ကြောက်လျက်နှင့် သူ ဒီလို မယုတ်မာနိုင်ဘူးလို့လည်း ယုံကြည်စိတ်လေး ဖြစ်ခဲ့မိသည်။ ဘာပဲဖြစ်ဖြစ် ညဘက်မှာ ညဝတ်အင်္ကျီ မလဲဘဲ အိပ်ရာထဲ ပစ်မလှဲတတ်တာအကျင့် ဖြစ်နေခဲ့သော ကိုယ့်အပြစ်သာ ဖြစ်၏။

ဒါတောင် အိမ်မှာဆို တကယ့်ပွပွပါးပါးကလေးတွေချည်းပဲ ဖြစ်ကာ အိပ်ရာထဲမှာ ပစ်စလက်ခတ် အိပ်ပစ်တတ်တာ ရှိသေးသည်။





ညတုန်းက ပုစွန်တုပ်လို တစ်ညလုံး ကွေးကုပ်ရင်း ဘယ်အချိန် ဘယ်လို အိပ်ပျော်သွားမှန်းပင် မသိလိုက်ပေ ..။ အင်္ကျီလဲဝတ်နေရင်း ပခုံးတစ်ခြမ်းလုံး အောင့်နေတာကိုလည်း ဖိနှိပ်နေမိသည်။

"မကိုင်ရွှ .."

"ဟင် .. ခဏလေး"

တံခါးခေါက်သံနှင့် ခေါ်သံကြောင့် မကိုင်ရွှ လက်တွေ ကမန်းကတန်းဖြစ်ကုန်ကာ မှန်ရှေ့ပြေးရပ်ပြီး ဆံပင်ကိုလည်း ကမန်းကတန်း သပ်ချ ဖြီးရသည်။

"ကိုယ် ဝင်ခဲ့မယ်"

ခွင့်တောင်းခြင်းက မပြီးဆုံးလိုက်ဘဲ တံခါးဖွင့်ဝင်ပြီး ဖြစ်သည်။

အဝါနုရောင် အနက်ချိတ်နှင့် ဖဲသားထဘီ၊ အဝါရောင် ပဒုမ္မာသားရင်ဖုံးအင်္ကျီပါးလေးနှင့် မကိုင်ရွှ ကိုယ်လုံးလေးက သွယ်လည်း သွယ်သည်၊ တင်းပြည့်လှပလျက် ခနသျှံ ငေးခနဲဖြစ်ကာ ခြေလှမ်းတွေ တုံ့နှေးကုန်လေသည်။ မကိုင်ရွှ က ဘီးကိုင်လျက်နှင့် မှန်ထဲမှာ သူ့မျက်နှာ ပေါ်လာတော့ နောက်လှည့်ရပ်လိုက်ပြီး …

"ဒီမှာ အင်္ကျီ ထဘီတွေက ပိုး၊ ဖဲ၊ ကတ္တီပါတွေချည်းပဲလားဟင်၊ ပြီးတော့ ရင်ဖုံး၊ ရင်စေ့တွေ၊ လက်စက၊ လက်ရှည်တွေ မကိုင်ရွှ မဝတ်တတ်ဘူး"

"လှနေတာပဲကွာ .."

"ဘာလှတာလဲ"

ဒေါသဖြစ်နေသည့် မကိုင်ရွှ မျက်နှာလေးကို မြတ်နိုးခြင်းများဖြင့် စိုက်ကြည့်ကာ ကျောပေးရပ်လျက် ပေါ်နေသော မှန်ထဲက မကိုင်ရွှ ၏



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းအလုလေးဆီ မျက်လုံးက ဝေ့ခနဲ ရောက်၏။

"တကယ်ပြောတာ .. နတ်ပန်းချီထက် သာတယ်၊ မင်းလောက်ပြည့်စုံနေတဲ့ မိန်းကလေးမျိုး ကိုယ် မတွေ့ခဲ့ဖူးဘူး"

တအားပြောလာတော့ ပြန်ရန်တွေ့မလို့ ပြင်ထားတာတွေ ပျောက်ကုန်ကာ မကိုင်း ကိုယ့်ကိုယ်ကိုယ်လည်း မလုံမလဲ ငုံ့ကြည့်မိသည်။ သူ့မျက်လုံးတွေက မကိုင်း တစ်ကိုယ်လုံးမှာ ဝေ့ဝဲပြေးလွှားနေတော့ ပို ရှက်၏။

အင်္ကျီက ပါးပါးလေးမို့ အတွင်းခံအင်္ကျီကို ဒီတိုင်း မြင်နေရသည်။ ဖဲသားထဘီက ပျော့အိပြောင်လက်ကာ တင်သားလေးတွေပေါ်မှာ ကပ်ချပ်နေ၏။ မကိုင်း ရင်ဘတ်ကို ဖိလိုက်၊ တင်ကိုပွတ်လိုက်နှင့် ခုကျမှ ပိုရှက်လာသည်။

"ခေါင်းဖြီးနေတာ မဟုတ်လား၊ ကိုယ် ဖြီးပေးမယ်"

"အို .. မလိုပါဘူး၊ ပေး .."

သူ ဖျတ်ခနဲ ယူပစ်လိုက်သည့်ဘီးကို မကိုင်း ပြန်လုသည်။ သူက မကိုင်း မမီအောင် ဘီးကိုင်သည့်လက်ကို အပေါ်မြှောက်ပစ်လိုက်၏။

ပြီးတော့ ပခုံးလေးကိုကိုင်ပြီး မှန်ဘက်သို့ ပြန်လှည့်စေကာ ...

"ဒီမှာတော့ ဒါတွေပဲ ဝတ်လိုက်ပါ"

ပြတ်တောက်ကျန်ခဲ့သည့်စကားကို ပြန်ဆက်၏။ မကိုင်း သူ ခေါင်းဖြီးပေးတာကိုပဲ တောင့်တောင့်လေး ငြိမ်နေလိုက်ရတော့သည်။ အကဲခတ်ကြည့်တော့လည်း မကိုင်း ထက် ခေါင်းတစ်လုံး ကျော်နေသော မှန်ထဲမှာ မြင်နေရသည့် သူ့မျက်ဝန်းများက ဆံပင်တွေဆီမှာ ဂရုတစိုက် စူးနစ်နေတာမို့ ရှိပါစေတော့ ..။





သူက ဆံပင်တွေကို တယုတယ ကိုင်တွယ်၍ ဖြီးပေးနေရင်း ...

"မင်း ဒီမှာ ပျော်မှာမဟုတ်ဘူးဆိုတာ ကိုယ် သိတယ်၊ ကိုယ်လည်း ဒီမှာ တစ်ပတ်ပြည့်အောင် တစ်ခါမှ မနေခဲ့ဘူး၊ ခုတော့ မင်းနဲ့ပတ်သက်ပြီး မဖြစ်လို့ နေရတာလေ၊ ပြဿနာတွေအားလုံး ပြေလည်တဲ့တစ်နေ့မှာ ရန်ကုန်ကို ပြန်ဆင်းမယ်၊ ကိုယ့်လုပ်ငန်းတွေ ပြန်ဆက်လုပ်မယ်၊ အဲဒီကျရင် မင်း ကိုယ်သွားလေရာ လိုက်ရမှာ"

"ဘာဖြစ်လို့လဲ .. ဟိုအိမ်ကြီးထဲမှာ အပြည့်ထည့်ထားတဲ့ အင်္ကျီတွေကိုကျတော့ ဘာဖြစ်လို့ ထားခဲ့ရတာလဲ၊ ဒီမှာ ဒါတွေမဝတ်လို့ မရဘူးတဲ့လား"

"ချုပ်ချယ်တာ ဘာမှမရှိပါဘူး၊ ခေါင်းထဲ ထည့်လောက်စရာ မဟုတ်လို့ မတွေးမိခဲ့တာ၊ ဒါတွေဝတ်တော့လည်း မဟာဆန်ပြီး မင်းက လှနေတာပဲ"

"ရှင် ဒါတွေပဲ ထပ်ထပ်ပြောနေတာပဲ၊ ဒီထဲက အင်္ကျီတွေက ဘယ်သူ့အင်္ကျီတွေလဲဟင်"

"မေမေ့အင်္ကျီတွေပါ .. မင်းအတွက် အသစ်တွေ ထားမပေးချင်လို့ မဟုတ်ဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်တို့ ဒီမှာနေမှာ မဟုတ်ဘူးဆိုတာကို သိထားတာရယ် .. မင်းကို မိသားစုသွေးသားအဖြစ် လှိုက်လှိုက်လှဲလှဲ တန်ဖိုးထားကြတဲ့အကြောင်း သိစေချင်တာရယ် ဒါပါပဲ၊ ဒီမှာ ဖေဖေနဲ့ မေမေကို အားလုံးက အချစ်ဆုံး၊ မေမေ့ပစ္စည်းတွေကို သက်ရှိလူသား တစ်ယောက်လိုပဲ ဂရုစိုက်ခဲ့ကြတာ၊ အဲဒါတွေအားလုံး မင်းကို ချပေးထားတာပဲ"

ပြောပုံက 'ကျေးဇူးတင်ပါတယ်ရှင်' ဆိုပြီး အလေးပြုရတော့မလို



www.burmeseclassic.com

www.burmeseclassic.com



လို ...

"နောက်ဆိုရင် ဒီလိုဝတ်စုံတွေကို မင်း နှစ်သက်သွားနိုင်ပါတယ်၊ နူးညံ့တယ်၊ ပြီးတော့ ပေါ့ပေါ့ပါးပါးနဲ့ လွတ်လပ်တယ်၊ ဖက်ရှင်တွေကျတော့ ကျပ်တာကပ်တာ ရှိမယ်၊ မြောက်မရ၊ လှမ်းမရနဲ့လေ"

"ရှင်က ဒီလိုခေတ်ဟောင်းထဲက အနုလက်ရာတွေကို နှစ်သက်ပုံရတယ်"

"အနုလက်ရာတွေနဲ့ ပိုလှနေတဲ့ မင်းကို နှစ်သက်တာပါ၊ ဘယ်လိုဝတ်ဝတ်၊ ဘယ်လိုနေနေ မင်းက လှမှာပဲ၊ မင်းကို ဘယ်တော့မှ မချုပ်ချယ်ဘူး"

ဘယ်လိုရှောင်ရှောင် ဒါတွေပဲဖြစ်နေသည်မို့ ...

"ကဲပါ အဲဒါတွေ မပြောပါနဲ့တော့၊ ဖြီးလည်း မဖြီးနဲ့တော့၊ ရှင်ဖြီးနေပုံနဲ့ ပြီးမှာမဟုတ်တော့ဘူး၊ ဘီးပေး .."

မှန်ထဲက သူ့မျက်နှာကို ကြည့်ကာ လက်နောက်ပြန်ပစ်ပြီး ဘီးတောင်းလိုက်၏။

"ဘာဖြစ်လို့လဲ .. ဆံပင်တွေ ပြတ်ကုန်မှာစိုးလို့ ဖြည်းဖြည်း ဖြီးပေးတာ"

"ဟင့်အင်း .. မကိုင်နဲ့ ဘာသာ ဖြီးမယ်၊ ပေး .."

ဒေါသလေး ပါလာကာ မကိုင်နဲ့ သူ့ဘက်ကိုလှည့်ဖို့ ပြင်လိုက်လျှင် ဘယ်လိုမှ မထင်မှတ်ဘဲ နောက်ကနေ လက်တွေကိုပါ သိမ်းချုပ်ဖက်ပစ်လိုက်သည့် သူ့ရင်ခွင်ထဲမှာ ...

"ရှင် ဘယ်လိုလုပ်တာလဲ .. လွှတ်နော်"

"ခဏလေး ငြိမ်ငြိမ်နေစမ်းပါ"





နားရွက်ဖျားလေးနားမှာ နှုတ်ခမ်းလွှာတို့နှင့် ဖိကပ်ပြောကာ သူ့နှာသည် မကိုင်နဲ့ ၏ဆံပင်တွေထဲသို့ မွှေးမွှေးမေ့မေ့ တိုးဝင်လျက်...

"ချစ်တယ် .."

ဟင့်အင်း .. မချစ်နဲ့ ...၊

မကိုင်နဲ့ မျက်လုံးတွေ မှိတ်၊ ခေါင်းခါပစ်ရင်း ရန်ကြည့်တာ လှုပ်လို့တောင် မရပါ။ သူဟာ ကတိပေးထားသည်ဆိုတာကိုတော့ အတိအကျဖြစ်စေခဲ့ပြီး အမွှေးယှူတတ်သောအနမ်းများက ရိုင်းစိုင်းလွန်းမှုပါသည်။

မကိုင်နဲ့ ကတုန်ကယင် ထိတ်လန့်ခဲ့ရသည်များက အထိအတွေ့များ ပေါ်မှာ ရင်ခုန်တာ မဟုတ်ပေ။ ထို့ထက် ပိုကဲလာမည်လားဟု စိုးရိမ်စိတ်များဖြင့် သူ့ကို ကြောက်ခဲ့မိခြင်း ဖြစ်သည်။

အချစ်ကို မဆိုထားနှင့် သူ့ကို မထူးစိတ်ပိုက်၍ ပုံအပ်လိုက်ဖို့တောင် မကိုင်နဲ့ ဘယ်လိုမှ လက်မခံနိုင် ...၊

ထိုအဖြစ်များကို ရှောင်ကွင်း၍ အချစ်ကို ရှာဖွေချင်သည်။ မထူးတော့သည့်အဖြစ်များမှာ သူနဲ့ပဲ ဘဝခရီးကို ရှေ့ဆက်ရတော့မည်ဆိုလျှင်လည်း ကိုယ်တိုင် ကြည်ဖြူနိုင်သည့်အချိန် ဖြစ်ရပါစေ ...။

မိမိဖြစ်လိုသော ဆန္ဒများအတိုင်း သူ ဆက်လက် စောင့်ထိန်းနိုင်ဖို့ ဒီလို ထိတွေ့နိုးကပ်မှုတွေ ရှိနေသင့်သလား ...။

မကိုင်နဲ့ သည် တကယ်တမ်း မလွန်ဆန်နိုင်ခဲ့ဘဲ ဒေါသများက အမိန့်တွေဖြစ်သွားလိုက် .. လျှော့က်လဲချက်တွေ ဖြစ်နေလိုက်။ ဒါပေမယ့်...

သူမအတွက် အယူခံ မရှိခဲ့ဘဲ ...။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၅)

"ဘကြီးတော်နဲ့ သွားတွေ့မယ်"

ဟု ပြောပြီး အခန်းထဲက ထွက်လာတော့ မကိုရှ် လက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်၏။

"ကိုယ့်ကို ဘကြီးတော်ရှေ့မှာ ခနဲ့သျှံ လို့ မခေါ်နဲ့နော်"

နာမည်ကိုခေါ်တိုင်း ရိုင်းသွားသလိုလို မကိုရှ် ကိုယ့်ကိုယ်ကိုယ်လည်း သိပါသည်။ ဒါပေမယ့် သူက မဟုတ်တာလုပ်ခဲ့တဲ့သူပဲ ရိုင်းတာဘာဖြစ်လဲဟု တွေးကာ သိသိနှင့်ပဲ ဆက်ခေါ်ခဲ့သည်။

သူကလည်း မျက်နှာမှာ တင်းခနဲ၊ ဖျတ်ခနဲ ခဏလေး ပြောင်းသွားတတ်သည်မှလွဲ၍ ဒီလို မခေါ်နဲ့ .. ဒီလိုခေါ် ဘယ်တုန်းကမှ မကန့်ကွက်ခဲ့။ အမိန့်လည်း မပေးဖူးခဲ့ပါ။

လှေကားကြီးထိပ်မှာ ခဏရပ်လိုက်ပြီး မကိုရှ် ပခုံးလေးကို ဖက်လိုက်သည်။ ပခုံးထက်က ဆံစလေးတွေကို တစ်ချက် သိမ်းဖယ်ကာ မျက်နှာလေးကို ငုံ့ကြည့်၍ ...





"တခြား ဘာမှမခေါ်ချင်ဘူးဆိုရင်လည်း စကားပြောရင်း ခေါ်ရမယ့်စကားလုံးတွေ ရှောင်ကွာ ..၊ ခနသျှံ လို့တော့ မခေါ်လိုက်နဲ့နော်၊ ဘကြီးတော်ကို မင်း ခဏခဏ သွားတွေ့ဖို့လည်း မလိုပါဘူး၊ ကိုယ်ဘောင်မှ ဒီကိုလာတိုင်း တွေ့ခွင့်မရဘူး"

"ဘာဖြစ်လို့လဲဟင် .. ကြီးတော် ပြောဖူးတဲ့ စခန်းကြီးဝင်နေတယ်ဆိုတာလား၊ အဲဒါ အမိဋ္ဌာန်ဝင်တာကို ပြောတာမဟုတ်လား"

"ဟုတ်တယ် .. ကိုယ် လူမှန်းသိတတ်စကတည်းက သက်သတ်လွှတ် ဥပုသ်အမိဋ္ဌာန်ဝင်ခဲ့တာ၊ .အဲဒီတုန်းကတော့ ဆယ့်ငါးရက်၊ တစ်ပတ်ပေါ့၊ နောက်ကျတော့ သုံးလ၊ တစ်နှစ်၊ နောက် ကြာလာတော့ မီးလွှတ်စားတယ်"

"ဟင်!... မီးလွှတ်ဆိုတာက ဘာလဲ၊ မီးနဲ့မချက်ဘဲ ဘယ်လိုစားမလဲ"

လှေကားအတိုင်း တစ်ထစ်ချင်း ဖြည်းဖြည်းဆင်းလာခဲ့ရင်း ခနသျှံက မကိုရှ် မျက်နှာလေးကို ငုံ့ကြည့်၍ ပြုံးလိုက်သည်။

"မချက်ဘဲ စားလို့ရတာတွေ ရှိတာပေါ့၊ သစ်ပင်ကနေ သီးပွင့်ပေးတာတွေလေ"

"ဟင်!.. ဟုတ်တယ်"

"အင်း .. ဒါတောင် ဘကြီးတော်က ရာသီချိန်မှာရတဲ့ သီးနှံကိုပဲ စားတယ်၊ ရာသီချိန်မဟုတ်ဘဲ ရောင်းချနေတာတွေကျတော့ သဘာဝမဟုတ်ဘဲ အပူပေးကြ၊ မီးအုံးကြနဲ့ မီးမလွှတ်ဘူးလေ၊ ပြီးတော့ ဒီနေ့ ဘာစားမယ်၊ ဘာလုပ်ပေးပါ ဘာညာ မပြောဘူး၊ မျက်စိရှေ့မှာရှိနေတာကိုပဲ စားတယ်၊ စားသောက်ကောင်းလို့ ဒီနေ့ ပိုစားမယ် ဘာညာလည်း


www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး .. ပုံမှန်ပဲ၊ စားနေရင်းလည်း တရားမှတ်တယ်၊ သူ့ကိုယ်ခန္ဓာမှာ တစ်စုံတစ်ရာ ဖောက်ပြန်လာပြီဆိုရင်လည်း အဲဒီဝေဒနာကို တရားနဲ့ ပြန်ကြည့်ပြီး သူ့ဘာသာ ပျောက်အောင် ကုနိုင်တယ်''

မကိုဠ် ခြေလှမ်းဆင်းနေရင်း သူ ပြောနေတာကိုပဲ မော့ငေးနေသဖြင့် မကိုဠ် က လှေကားတစ်ထစ်ဆင်းတိုင်း မကိုဠ် ကိုယ်လေးကို ထိန်းဖက်ပြီးမှ ခြေလှမ်းပြိုင်တူချသည်။ စကားပဲပြောဖြစ်နေပြီး ခရီးက မတွင် ...။

"မင်း မြင်ရရင် အတိုက်အခံစိတ်တွေ၊ မာန်မာနတွေအားလုံး ပျက်ကုန်မှာ၊ ဘကြီးတော်ရဲ့ အသားအရေကိုက သူ့ရဲ့သီလ၊ သမာဓိဂုဏ်ကြောင့် သန့်စင်ပြီး ကြည်နေတာ၊ ဒီမှာ ကိုယ် အားလုံးကို ကိုယ့်ဆန္ဒအတိုင်း တင်ပြဆွေးနွေးရမယ်၊ ဘကြီးတော်ရှေ့ရောက်ရင် ဘာမှမပြောဖြစ်တော့ဘူး၊ ကြောက်သွားတာမျိုးလည်း မဟုတ်ဘဲနဲ့ အလိုလို နာခံချင်တဲ့စိတ်တွေ ဖြစ်သွားတတ်တာ တကယ်ဆန်းတယ်၊ အဲဒါကြောင့် ဒီကို ရောက်ရင် ဝါတွင်းဘက်ပဲ ရောက်တာများတယ်၊ ဘကြီးတော်ဆီ မဝင်ဖြစ်အောင်လို့လေ၊ ဝါတွင်းဆိုရင် ဘကြီးတော်က ဘယ်သူနဲ့မှ မတွေ့တော့ဘူး၊ ကိုယ်က အားလုံး မကြိုက်တာကို လုပ်နေတဲ့သူဆိုတော့ ဘကြီးတော်ရှေ့ရောက်ရင် မနာခံနိုင်တာတွေ လမ်းကြောင်းလွဲကုန်မှာစိုးလို့''

ပြောပြီး ဟွန်းခနဲ ရယ်သေးသည်။ မကိုဠ် က ပခုံးပေါ်မှာ တင်ထားသည့် သူ့လက်ကို ဖယ်ချပစ်၏။ သူက ပြန်တင်ကာ နောက်ထပ် တွန်းချဖို့ ကြိုးစားသည့် မကိုဠ် လက်ကလေးကိုပါ ဆုပ်ကိုင်ထားလိုက်ပြီး ...





"ဘကြီးတော်ရှေ့ကျရင် တိုင်ပြောမယ်၊ ဒီချာတိတ်မက ကိုယ့်ယောက်ျားကိုတောင် ဘာဖြစ်ဖြစ် မကြည်ဖြူဘူး .. သိပ်တွန့်တိုတာပဲလို့၊ ဒီ့ထက်ဆိုးလာရင် ဘာလုပ်ရမလဲလို့လည်း မေးမယ်''

"ရှင်နော် ..''

"အဟွန်း .. ငြိမ်ငြိမ်နေလေ၊ ဒီကောင်က တိုင်တာတောတာ ဝါသနာ မပါဘူး၊ ကိုယ့်အားကိုယ်ကိုးပဲ''

ပြောပြီးတော့ မကိုဠ် ပါးလေးတစ်ဖက်ကို ဖွဖွလေး ပုတ်ပစ်၏။

ကွေ့ပတ်ဆင်းလာခဲ့စဉ် နောက်ဆုံးကွေ့မှာ ကြီးတော် နဲ့ စိုင်းကြီး နှစ်ယောက် တက်လာသည်နှင့် ဆုံမိကြ၏။ ဒီတော့မှ ပခုံးပေါ်က သူ့လက်ကို ဖယ်ချပစ်လို့ ရ၏။ စိုင်းကြီး နဲ့ ကြီးတော်က နှစ်ယောက်လုံး၏ မျက်နှာအမူအရာတွေကို မော့ကြည့် အကဲခတ်ရင်း ...

"ကြာလိုက်တာကွယ် .. ကြီးတော်တို့ ခုပဲ တက်ခဲ့ကြတော့မလို့၊ ကဲ .. လာ .. လာ ဘကြီးတော် အဆောင်တံခါး ဖွင့်ထားတယ်''

တိုက်ကြီးထဲကနေ ထွက်ခဲ့ကြပြီး မကိုဠ် တစ်ခါမှ ဆင်းမကြည့်ခဲ့ဖူးသည့် ခြံကျယ်ကြီးထဲ ရောက်လာခဲ့ကြသည်။

ခြံ၏ ခေါင်းရင်းဘက်ကို ခပ်မော့မော့လေး မြင့်မတ်လာကာ ကျွန်းပင်ငယ်လေးတွေ ငါးပင်ခန့် ဝိုင်းပတ်ပေါက်နေသော အလယ်မှာ ကျောက်ဖြူသားတံခါးလေးနှစ်ချပ်ကို အရင်မြင်လိုက်ရ၏။

ဖွင့်ထားသည်ဆိုပေမယ့် ခပ်ဟဟ စေ့ရုံလေးပဲ ဖွင့်ထားတာဖြစ်သည်။ စိုင်းကြီး တံခါးကို အသာလေး တွန်းဖွင့်လိုက်ပြီး ကြီးတော်ကို အရင်ဝင်စေသည်။ ပြီးမှ သူ ဝင်၏၊ ခနော်ချ် နှင့် မကိုဠ် က နောက်မှ ဝင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ တစ်ယောက်အိပ် ကြေးခုတင်ကြီးတစ်လုံးနဲ့ မီးအိမ်
သော စားပွဲပုလေးတစ်လုံး ရှိသည်။ စားပွဲနောက်မှာ ထိုင်ခုံထူထူလေ
တစ်ချပ် ချထား၏။ စားပွဲပေါ်မှာ စာအုပ်ထူကြီးတချို့နှင့် ကျောက်သင်
ပုန်းတစ်ချပ်ရယ်၊ ကျောက်တံတွေရယ် ဒါပဲရှိသည်။

ဖတ်ဖို့က စာအုပ်၊ ရေးဖို့အတွက်က ကျောက်သင်ပုန်းနှင့် ကျောက်
တံ၊ ဒါပေမယ့် ...

မကိုင်ရှ က လူမရှိသောအခန်းကို လှည့်ပတ်ကြည့်၏။ အဆောင်
သည်က တကယ်တော့ ကျောက်သားတစ်ဝက်နှင့် နောက်ခံတည်
မျက်နှာမှာ သေသပ်အောင် မွမ်းမံထားတာပဲ ဖြစ်သည်။

နောက်ပိုင်းတစ်ခုလုံးက သဘာဝကျောက်ဂူကြီးဖြစ်ကာ ဖြူချော
နေရာ ချကာ ထုဆစ်ပြင်ဆင်ထားပေမယ့် သေသပ်မှု သိပ်မရှိသေး

မျက်နှာကြက် အောက်တန်းပတ်လည်မှာ လေဝင်ပေါက်တွေ
ထည့်ထားတာပဲ ရှိသည်။ ပြတင်းပေါက် တစ်ပေါက်မှ မပါ။ ကြမ်းခင်
မှာလည်း ကျောက်ဖြူသားတွေပဲဖြစ်သည်။ အခန်း၏ခြေရင်းခေါင်းရင်
လူတစ်ယောက်သွားသာရုံလေး ကတ္တီပါကော်ဇော ခင်းထည့်ထားတာ
ကို ကြည့်ကာ ခန်းလုံးပြည့် မခင်းဘဲထားတာကို နားမလည်နိုင် ...။

ဘာပဲဖြစ်ဖြစ် မကိုင်ရှ ကတော့ ကျောက်ဖြူသားလေးတွေပေါ်မှာ
နင်းနေရတာကို သဘောကျနေမိ၏။ ခြေဖဝါးမှ စိမ့်စိမ့်ကလေး အေး
ကာ ထိုစိမ့်အေးခြင်းက ရင်ထဲထိ ဝင်နေသည်ဟု ထင်၏။

"လာ .. ဒီမှာ ခဏထိုင်ကြ"

ထိုင်ဖို့အတွက် ဘာမှ သီးသန့်ရှိမနေသော စားပွဲပုလေးရှေ့မှာ
နေရာချပေးကာ စိုင်းကြီး က ကျောက်ဂူလေးနောက်ဘက်က အခန်း





တစ်ခန်း၏တံခါးသို့ လျှောက်သွား၏။

သူ့ဘာသာပဲ တံခါးဖွင့်ဝင်သွားတာကိုကြည့်၍ မကိုင်ရှ မျက်လုံး
လေးတွေ ဟိုရောက်ဒီရောက် ဖြစ်နေခဲ့သည်။ ကြေးခုတင်ပေါ်မှာလည်း
မွေ့ရာပါးလေးတစ်ထည်နှင့် စောင်အထူ နှစ်ထည်၊ ခေါင်းအုံးတစ်လုံး
ဒါပဲရှိပြီး ခြင်လုံဆန်ကာ မထားဘဲ ခြင်ထောင်လည်း မတွေ့ ...။

ဘကြီးတော် ဆိုသည့် ပုဂ္ဂိုလ်ကြီး ထွက်လာမည့်တံခါးဆီကို လှမ်း
ကြည့်လိုက်၊ ဘယ်လိုပုံစံဆိုတာကို မှန်းကြည့်လိုက်နှင့် မကိုင်ရှ စိတ်ဝင်
စားနေမိသော်လည်း ထိုနေ့က ဘကြီးတော် ထွက်မလာခဲ့ပါ ...။

"အစ်ကိုတော်နေထိုင်မကောင်းဘူးတဲ့ကွယ်"

စိုင်းကြီး ပြန်ရောက်သည်။ ကြီးတော် မျက်နှာ သိသာစွာ ပျက်သွား
ခဲ့၏။ နေသျှို မျက်ခုံးအစုံ တွန့်ကျသွားကာ မကိုင်ရှ လက်ကလေးကို
ဆုပ်ကိုင်သည်။ ပြီးတော့ သူပဲ အရင်ထလိုက်ကာ ...

"သွားမလား"

မကိုင်ရှ ကိုပဲ ကပ်ပြောပြီး ကျောက်ဂူလေးထဲကနေ ပြန်ထွက်လာ
ခဲ့လေသည်။ အပြင်ကို လျှောက်ထွက်လာကြပြီး နောက်ကိုလှည့်ကြည့်
တော့ ကြီးတော်တို့ ပါမလာကြပေ ...။

"မကိုင်ရှ .."

ခရေပင်ကြီးတစ်ပင်အောက်မှာ ခြေလှမ်းတွေ ရပ်လိုက်ပြီး သူက
မကိုင်ရှ ၏ ပခုံးတစ်ဖက်ကို ဆုပ်ကိုင်၏။

"စိတ်အနှောင့်အယှက် ဖြစ်သွားလား"

"မဖြစ်ပါဘူး"

သူ ဘာကိုမေးလိုက်တာမှန်း မကိုင်ရှ ချက်ချင်း တွေးမိ၏။ သူမ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မှသားသုံးခဲ့တာ မဟုတ်ပါ။

"ဘကြီးတော်က .."

"ဘယ်လိုသဘောနဲ့ဖြစ်ဖြစ် မကိုင်ရှ စိတ်ထဲမှာ ဘာမှမဖြစ်ဘူးလို့ ပြောပြီးပြီပဲ၊ ဖြစ်စရာမှ မလိုတာ .. မကိုင်ရှ က ရှင့်ရဲ့ဇနီး ဖြစ်ချင်လွန်းလို့ လူကြီးတွေ ကြည်ဖြူလက်ခံအောင် စည်းရုံးရေးဆင်းနေတာမှ မဟုတ်ဘဲ"

မနည်းသျှံ နှုတ်ခမ်း ခပ်ဖိဖိကိုက်ထားလျက် ပခုံးမှာကိုင်ထားသည့် လက်ကို ပြန်ရုပ်၏။ ခရေပင်၏ပင်စည်မှာ ပခုံးစွန်းနှင့်မှီ၍ လက်ပိုက်ထားလိုက်ကာ ...

"ဟုတ်ပါတယ်"

ဆွေးမြည့်ကြေကွဲသွားတာမျိုး မဟုတ်ဘဲ ခပ်ရိရိ မဲ့ပြုံးနှင့် ခေါင်းညိတ်ပြောခြင်း ဖြစ်သည်။

"တကယ် ရင်ဆိုင်မိကြရင်တောင် ပြောရခက်ဖို့တွေ ရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှင် ပြောသလို ဘကြီးတော်က သီလ၊ သမာဓိနဲ့ အေးချမ်းစွာနဲ့ နေတဲ့သူဆိုရင် .."

မကိုင်ရှ က စကားကိုရပ်ထားပြီး သူမ တွေးထားသမျှထဲမှာ အမှန်ကန်ဆုံးဖြစ်နိုင်တာကို ရွေးထုတ် သီကုံးလိုက်သေးသည်။ ပြီးမှ ဆက်၍ ...

"ကြီးတော်တို့ ပြောသလို မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ တူတော်လေးကို ကာကွယ်ပေးကြရမှာပဲဆိုတာမျိုး၊ ပြီးတော့ တူတော်လေးကိုပဲ ရာသက်ပန်ပေါင်းဖို့ စဉ်းစားပေးပါဆိုတာမျိုး .."

ပြောပြီး မကိုင်ရှ က နေသျှံ မျက်နှာကို မော့ကြည့်သည်။





"ဒီစကားတွေကို ဘကြီးတော် ဘယ်လိုမှ ပြောမှာမဟုတ်ဘူး၊ ဖြစ်ခဲ့သမျှတွေထဲမှာ တရားသဖြင့် တစ်ခုမှ မပါခဲ့ဘူးလေ၊ အဲဒီတော့ တရားနဲ့နေတဲ့သူက အပြင်ထွက်လာပြီး ရှင့်ကို အားပေးစကား ဘယ်ပြောမလဲ၊ မကိုင်ရှ ကလည်း တရားရှိတဲ့လူမို့လို့ တရားကိုကြည်ညိုရင်းတောင် မကိုင်ရှ မတရားသိမ်းပိုက်ခံထားရတာကို ဖုံးဖိပြီး ကိုယ့်ချစ်သူနောက်လိုက်ခဲ့သလို ပြောသမျှ နာခံနိုင်ဖို့ မလွယ်ဘူး"

မကိုင်ရှ က ခါးလေးမတ်မတ်ရပ်လိုက်ကာ သူ့လိုပဲ လက်ပိုက်ထားလိုက်ပြီး ...

"ဘကြီးတော်နဲ့ထွက်မတွေ့တာ မှန်တယ်၊ သူလည်း တရားမပျက်ဘူး၊ မကိုင်ရှ လည်း ကြည်ညိုမပျက်တော့ဘူး"

နေသျှံ က လက်ပိုက်ထားလျက်မှ မကိုင်ရှ ကို မျက်လုံးတွေ မှေးစင်းကြည့်၏။ အပြုံးသဲ့သဲ့နဲ့ ထိုအပြုံးမျိုးကို ဘယ်လိုမိန်းကလေးမျိုးမှ တုံ့ပြန်ကြည့်နိုင်ဖို့ မလွယ်ပါ ..။

မကိုင်ရှ ခုံးခနဲ တစ်ချက်ပဲပြန်ကြည့်ပြီး မျက်ဝန်းတွေကို မသိမသာ လွှဲဖယ်သည်။

သူဟာ ဒဿဂီရိလိုလူစား ဖြစ်ခဲ့ရင်တောင် ဒဿဂီရိက ခေါင်းဆယ်လုံးနဲ့ဘီလူး၊ သူကတော့ ရွှေမင်းသားပါ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

အဖြူရောင်ဝတ်စုံပွပွကြီးနှင့် မုတ်ဆိတ်ဖြူတို့ကို ရင်ဘတ်ပေါ်ထိ ရှည်ကျနေသော ဆံပင်ရှည်ဖားလျားနဲ့ပုဂ္ဂိုလ်ကြီးသည် သူတို့နှစ်ယောက်၏ရှေ့မှ တည်ငြိမ်စွာ လျှောက်ထွက်သွား၏။

နောက်ပါးမှာ ကြီးတော်နှင့် စိုင်းကြီး ...၊

အတွင်းခန်းတံခါးကို ဖွင့်လိုက်လျှင် ကြေးခုတင်ကြီးနှင့် စားပွဲပုလေး ရှိနေသော အပြင်ကျောက်ပွထဲသို့ ရောက်လာကြ၏။

စားပွဲပုလေးရှေ့နားမှာ ဘကြီးတော် ရပ်လိုက်တော့ သူတို့လည်း နောက်မှာ တန်းစီလျက်သား ဖြစ်သွားကြသည်။

"ဘာဖြစ်လို့ ကလေးတွေကို ခေါ်လာတာလဲ"

မေးလိုက်ကာမှ ကြီးတော်က ခပ်ရိုရို့လေး ရှေ့တိုးတက်ကာ ...

"အစ်ကိုတော်က စကားပြောလိုတယ်လို့ အမိန့်ရှိတော့ ကလေးတွေလည်း ပါမယ်ထင်လို့ ခေါ်မိတာပါ"





ဘကြီးတော်သည် လက်နှစ်ဖက်ကို နောက်ပစ်ဆုပ်ထားလျက် ရှေ့သို့ တည်ငြိမ်စွာ ကြည့်နေရင်းမှ ...

"မဖြစ်သင့်တာတွေကို ဖြစ်အောင် လုပ်လာခဲ့တော့ မဖြစ်ချင်တာတွေ ဖြစ်လာဦးမှာပဲ"

ဘာကို ရည်ရွယ်မှန်းမသိဘဲ ပြောကာ စားပွဲပုလေး၏နောက်မှာ တင်ပျဉ်ခွေ သွားထိုင်သည်။ ထိုအခါကျမှ ကြီးတော်နဲ့ စိုင်းကြီး က ရှေ့မှာ နေရာယူ ထိုင်ကြရသည်။

အစ်ကို ဆိုပေမယ့် သူ၏ သီလ သမာဓိဂုဏ်ကြောင့် မိဘ ဆရာ သမားလို ရိုသေလေးစားခဲ့ရသူ ဖြစ်သည်။ ကျောက်ဂူအခန်းလေးထဲမှာ ကျောက်သင်ပုန်းနှင့် ကျောက်တံ ပွတ်ဆွဲရေးခြစ်နေသောအသံက ခဏ တာ လွှမ်းမိုးသွားခဲ့ပြီး အားလုံး ပြန်လည် ငြိမ်သက်သွား၏။

ဘကြီးတော်ကိုယ်တိုင် ထွန်းညှိထားခဲ့သော အနီရောင်ဖယောင်း တိုင်ကြီး၏ မီးစာက လေမတိုက်ဘဲ ယိမ်းနွဲ့ ဝဲယမ်းနေသည်။

ပေါင်ပေါ်မှာ လက်နှစ်ဖက် အသာချကာ မျက်လုံးတွေကို မှိတ်လျက် ငြိမ်သက်နေသော ဘကြီးတော်သည် ပတ်ဝန်းကျင်အားလုံးကို မေ့လျော့နေသလို အချိန်တွေ ကြာရှည်သွားခဲ့၏။

တစ်ခန်းလုံးမှာ အသက်ရှူသံမှျင်းမှျင်းတွေကိုပင် ပြန်လည်ကြား နေရလောက်အောင် အကြာကြီး တိတ်ဆိတ်နေခဲ့ပြီး ...

"ညီမ နန်းမြတ်ဝါ"

"အမိန့်ရှိပါ အစ်ကိုတော်"

"မိန်းကလေးရဲ့တစ်ဖက်က မကြည်ဖြူဘူးဆိုတော့ မင်္ဂလာမပြု သေးတဲ့အတွက် မမြတ်သော မေထုန်ပြုခြင်းကို မကျူးလွန်ပါစေနဲ့"



www.burmeseclassic.com

"ရှင်!..."

ကြီးတော် ခမျာ ကိုယ်လုံးပင် ဆတ်ခနဲဖြစ်သွားကာ စိုင်းကြီး ကို အလန့်တကြား လှည့်ကြည့်၏။

သူမတို့ ကြိုးစားခဲ့ကြတာက မဖြစ်မနေ လက်ထပ်ပေါင်းသင်းသွားကြရမည့်အတူတူ မိန်းကလေးဘက်က ကြည်ဖြူစေဖို့တောင် ပါခဲ့သေးသည်။ ဘကြီးတော်သည် ယိမ်းထိုးနေသည့် ဖယောင်းတိုင်မီးညွန့်ကို စူးစိုက်ကြည့်၍...

"ခနသျှံ ရဲ့ဇာတာမှာ ဒီအချိန်က စုံဖက်လက်ထပ်ခြင်းမပြုအင်သေးတဲ့အချိန် ဖြစ်နေတယ်၊ ကောင်းခြင်းအားလုံးကို ဆုံးရှုံးပြီး မကောင်းခြင်းတွေပဲ လက်ခံရလိမ့်မယ်၊ ပျက်စီးကုန်ဆုံးခြင်းထိ ပြင်းပြင်းထန်ထန် သက်ရောက်လာရင် ငါတို့ ကာကွယ်ဖို့ ခက်မယ်"

"သူတို့ အကြင်လင်မယားအရာ မမြောက်သေးဘူးဆိုရင်ရော.."

"ဒါ မသက်ဆိုင်ဘူး၊ အရုပ်တစ်ရုပ် ကြက်မတစ်ကောင်နဲ့ လက်ထပ်သလို ယတြာချေရင်တောင် ဒါက လက်ထပ်ခြင်းမြောက်တယ်၊ တစ်ခုရှိတာက .."

"အမိန့်ရှိပါ အစ်ကိုတော်၊ ဒီအဖြစ်ဆိုးကို ကာကွယ်လို့မရနိုင်တော့ဘူးလား"

"ကံကိုပဲ အားကိုးရတော့မယ်၊ သေမယ်နှစ်မှာ ဘုရားတည် ကျောင်းဆောက်၊ ရေကန်တည်၊ ဥယျာဉ်စိုက် ဒီကောင်းမှုတွေကြောင့် လွတ်မြောက်ခဲ့ရတာမျိုးရှိပေမယ့် အကျိုးရှိလို့ တမင်ပြုတာမျိုးက သေခြင်းတရားကို ကျော်လွှားနိုင်မှာမဟုတ်ဘူး၊ ခနသျှံ သေဆုံးသွားပြီဆိုတဲ့ အဖြစ်ကနေ သူ လွတ်မြောက်ခဲ့ရင်တော့ တုံးကျော်တဲ့ ကံတရားပေါ့"





သေဆုံးပြီးကာမှ လွတ်မြောက်တဲ့သူ ရှိဖူးခဲ့လို့လား ..၊ ကြီးတော် မျက်ရည်ဝဲလျက် ခေါင်းမမော့နိုင်။

"ဒါဆို ညီတော်တို့ လုပ်ပေးနိုင်တာ မရှိတော့ဘူးလား အစ်ကိုတော်"

စိုင်းကြီး အသံတွေ တုန်ခါနေ၏။ သူတို့မှာ ငယ်ငယ်ကတည်းက ဒီကလေးကို ချိုပိုး ထိန်းကျောင်းခဲ့ရသည်မို့ ဤသို့သောစကားကို နားဖြင့်ပင် မကြားရက်နိုင် ..။

နှလုံးသားကို အေးချမ်းအောင် အစ်ကိုတော်ကဲ့သို့လည်း သီလသမာဓိအားတွေ မရှိခဲ့သေးပါ ..၊ ပူစရာရှိလျှင် ပူပြင်းလာသည်၊ တပ်မက်စရာဖြစ်လျှင် ရယူဖို့ ကြိုးစားမည်သာ ..။

ငါ့တူ .. ငါ့သွေး ဆိုသော အတ္တဖြင့် လောဘ၊ မောဟတွေလည်း ရင်ထဲမှာ ပြည့်သိပ်နေဆဲ ရှိလေသည်။ ကြီးတော် ကတော့ မျက်ရည်ကျနေပါပြီ။ ရှိုက်သံမထွက်အောင် အံကြိတ်ရင်း မေးနှစ်ဖက်က ဆတ်ဆတ်တုန်လျက် ရှိ၏။

"သူ့ကို ရက်ကိုးဆယ်တိတိ ဝတ်ကြောင် စွန့်ခိုင်းရမယ်"

"ဟင်!..."

"အစ်ကိုတော် မင်္ဂလာကိစ္စ မဖြစ်မနေ စီစဉ်ရဖို့ ရှိနေပါတယ်၊ ချစ်သူချင်း လက်ထပ်တာမဟုတ်တဲ့အတွက် လောလောဆယ် ကြောင်းလမ်းကမ်းလှမ်းဖို့ မဖြစ်သေးတာကလွဲရင် မိန်းကလေးကိုထားပြီး ဒီလိုပြုမူဖို့က .."

စိုင်းကြီး ဆက်မပြောခဲ့တော့ပါ။ အစ်ကိုတော်သည် ဖြစ်နိုင်တာ၊ မဖြစ်နိုင်တာတွေအားလုံးကို ဆင်ခြင်ပြီး ဖြစ်နေလိမ့်မည်။ လူလေး၏ အန္တရာယ်အတွက် ဒီလမ်းမှလွဲ၍ မရှိနိုင်၍သာ ဒါကိုပဲ ဖွင့်ဟလိုက်ခြင်း

www.burmeseclassic.com



ဖြစ်မှန်း တွေးမိလိုက်၏။

ကြီးတော်ကတော့ မနေ့သျှ ခေါင်းခါမှာပဲဆိုတာကို တပ်အပ်သိနေသဖြင့် သူမ မျက်ရည်တွေက တိုးသထက်သာ တိုး‌လာခဲ့သည်။

နောက်ထပ် ဘာစကားမှ ထပ်မဆိုတော့ဘဲ ဘကြီးတော်ထံမှ ဆိတ်ဆိတ်နေခြင်းသို့ ရောက်လျှင် နှစ်ယောက်လုံး နောက်ဆုတ် ထရပ်လိုက်ကြသည်။

မနေ့သျှ ဒီကိုရောက်ကတည်းက တွေ့ခွင့်မပြုခဲ့သေးသော ဘကြီးတော်၏သဘောကို သိလိုက်ကြရပေမယ့် နောက်ထပ် ဒီပြဿနာကို မဖြေရှင်းနိုင်သရွေ့ ဘယ်တော့မှ အတွေ့ခံမှာမဟုတ်ဘူးဆိုတာကို နားလည်လိုက်ကြသောအခါ ...

"ကျွန်တော်တို့မှာ တာဝန်တွေ ပိုကြီးသွားပြီ အစ်မတော်"

အပြင်ရောက်လာကြတော့ မောင်နှမနှစ်ယောက် 'မြမျိုးမြင့်မာန်' အိမ်တော်ကြီးကို မော့ကြည့်နေခဲ့ကြပြီး ...

"ခု မဟုတ်လည်း မကြာခင် တစ်နေ့နေ့ မိန်းကလေးဘက်က နွေးထွေးလာလိမ့်မယ်လို့ ငါ သေချာတွက်ခဲ့မိတာ၊ ခုတော့ ပေါင်းပါပေါင်းပါဆိုတော့လည်း ကိုယ် ..၊ ခဏနေပါဦး ခွဲနေပါဦးဆိုတော့လည်း ကိုယ် .. ဘယ်လိုပြောရမလဲ၊ ကလေးက ခေါင်းမာမာနဲ့ ဘယ်လိုမှ လက်ခံမှာ မဟုတ်ဘူး"

"ဒါ သူ့အတွက် အသက်ထက် အရေးကြီးတာ ဘာရှိမှာလဲ အစ်မတော်၊ အစ်ကိုတော် ဒီလောက်ထိ ဖွင့်ပြောလာတာဟာ ဒီ့ထက်ဆိုးနေတာကို မြင်လို့ပဲ၊ ပြီးတော့ အခုတစ်ခေါက် ကျွန်တော် ရန်ကုန်ပြန်ခဲ့တာ သတင်းတွေ အများကြီး ကြားခဲ့တယ်"





ကြီးတော်က နားဖွင့်နေပေမယ့် ဒါတွေအပေါ် စိတ်ဝင်တစားတော့ ရှိပေ ..။ သူမသည် မနေ့သျှ ၏ အဒေါ်ရင်းပဲ ဖြစ်၏။ ဖြစ်ပြီးသမျှကို အကောင်းလို့သာ ယူဆသည်။ ရင်ဆိုင်ဖို့သာ ပြင်ဆင်ထားခဲ့ပြီး နောက်ဆုတ်ဖို့ မပါပေ ..။

မကိုင်ရှ ဆိုသည့်မိန်းကလေး ကိုယ့်ဘက် ယိမ်းလာတာနှင့် ဘာမဆို ထွက်ရင်ဆိုင်ဖို့ အဆင်သင့်ရှိခဲ့ပြီးသည့်နောက်မှာ ဒီသတင်းစကားတွေ ဘယ်လိုရှိရှိ နားဖွင့်နေတော့ ဘာထူးမှာလဲ ..။

ဒါပေမယ့် စိုင်းကြီး က ဆက်ပြော၏။

"မိန်းကလေးနဲ့ လက်ထပ်ခဲ့တဲ့ ကောင်လေးက လက်မလျှော့ဘူး၊ သူ့အပေါင်းအသင်းဖီအားနဲ့ ကြိတ်ပြီး စုံစမ်းနေတယ်၊ နှစ်ဖက်လူကြီးတွေကတော့ ဒီကိစ္စကြောင့် အဆင်မပြေဖြစ်နေကြတယ် ထင်တယ်၊ ပြီးတော့ လူလေးက မိန်းကလေးနဲ့ တွဲသွားတွဲလာလည်း မရှိ၊ မရင်းနှီးမရောနှောဘဲ ခုလို လုပ်လာခဲ့တာဖြစ်တော့ မိန်းကလေးကို ခိုးယူခဲ့တာ မနေ့သျှ လို့ ရုတ်တရက် မစွပ်စွဲနိုင်ဘူးဖြစ်နေတာလည်း ပါလိမ့်မယ်၊ ရုတ်တရက် ဒီက သတင်းအနံ့ရဖို့တော့ သူတို့ မလွယ်ပါဘူး"

"အဲဒီပြဿနာတွေ ခဏထားဦး မောင်တော်ငယ်၊ ခိုးယူတယ် လက်ထပ်တယ်ဆိုတာ ဖြစ်တတ်ကြတဲ့ သဘာဝတွေပဲ၊ မိန်းကလေးရှင်နဲ့ ကျေနပ်အောင် ဆွေးနွေးနိုင်ဖို့က အဓိကက ငါတို့ရဲ့ကလေးကို မြူတစ်မှုန်တောင် မခဆေရဘူး"

မျက်ရည်သုတ်ရင်း ကြီးတော်မျက်နှာ မော့လာ၏။

"အစ်ကိုတော်ကို တွေ့ခွင့်ရဖို့ ငါ ကြိုးစားဦးမယ်၊ ကလေးရဲ့ အသက်ခန္ဓာ တကယ်နီးကပ်နေပြီဆိုတာ ဘာလဲ ..၊ အဲဒါကို သေချာ



www.burmeseclassic.com

www.burmeseclassic.com

သိမှ ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ရွေးချယ်ဖို့ဆိုတာ ရှိကိုရှိရမှာ မဟုတ်ဘူးလား၊ ဒီကလေး အိမ်ထောင်ပြုဖို့ တို့တွေ မျှော်လင့်နေခဲ့ကြတာ ဘာဖြစ်လို့လဲ ..”

စိုင်းကြီး မဖြေဖြစ်ပါ။

ဒါပေမယ့် မြမျိုးမြင့်မာန်၏ အမွေဆက်ခံနိုင်ရန် မျိုးဆက်ထွန်းကားနိုင်ဖို့ဆိုတာ တူကလေးတစ်ယောက်ပဲ ရှားပါးစွာ ပွေ့ပိုက်ခဲ့ရသည့် အချိန်မှ စ၍ ပူပန်ကြရတာ ဖြစ်သည်။

ကလေးမှာ သားသမီးရနိုင်ဖို့ ချို့ယွင်းချက် ရှိနေသလား .. မရှိဘူးလား၊ ကျန်းမာသန်စွမ်းတဲ့ ကလေးလေးမှန်း သိရတော့လည်း သူ့စိတ်၊ သူ့ခွဲနှင့် ဗီဇသွေးကိုက ပြောမရ၊ နားမထောင်မို့ နောက်တစ်ထစ်လျှော့ကာ စံအိမ်ကြီးထဲကနေ ထွက်ခွာခွင့် ပေးခဲ့ရပြန်သည်။

နောက်ဆုံး ဝကျကျ စိတ်ခါတ်တွေနှင့် အစွန်းရောက်နေသည့် အယူအဆများဖြင့် သူ့ကိုယ်သူထက် အထင်ကြီးစရာ ဘာမှမရှိဟု မြင်နေတာကို မိန်းကလေးတစ်ယောက်အပေါ် စုံမက် လက်ထပ်ချင်လာအောင် အမျိုးမျိုး စည်းရုံးခဲ့ရသည်။

မျိုးနွယ်တူ မဖြစ်နိုင်တော့တာကို သိလျက်နှင့် ခွင့်ပြုထားခဲ့သည်။ ကံစီမံရာပါပဲဟု သဘောပိုက်ကာ အရွယ်လွန် အိုမင်းသွားမှာစိုး၍လည်း စားလို့ မဖြောင့်၊ နေလို့ မရ ..။

ခုကျတော့ သင့်တင့်လှပတာလေးကို သူ့ကိုယ်တိုင် ရှာလာခဲ့သည်။ ဒါဟာ မိမိတို့ ဖြစ်စေချင်သည့်အတိုင်းပဲ ဖြစ်သည်။ ဖွတ်တရွတ် လုပ်လာခဲ့တာကိုလည်း အပြစ်မတင်ချင်တော့ပေ ..။

ဖြစ်ခဲ့ပြီးမှ ပျက်နိုင်းဖို့က ပိုခက်သွားပြီဖြစ်၏။





အရှုံ့ဟာ ရှုံးသွပ်စေတတ်သော သက်ရောက်မှုရှိနေတာ မှန်ခဲ့လျှင် အစကတည်းက မာကျောခဲ့သော အတ္တမာနများနဲ့ မနသ္သျ ကိုဘယ်လို ဖျောင်းဖျရမလဲ..။

မနသ္သျ ရှေ့ကို ခြေတစ်လှမ်းဆက်တိုးတာနှင့် ချောက်ကမ်းပါးကြီးထဲ ဖောက်ထိုးမိုးမျှောင် ကျဆင်းသွားတော့မည်ဆိုလျှင်တောင် ဒီကလေးစိတ်ဆင်းရဲအောင် ဆွဲလွဲတားဆီးမထားရက်ဘဲ ‘တကယ် အန္တရာယ်ရှိနေလို့ပါ ကလေးရယ်၊ ဒီမှာကြည့် ..’ဆိုပြီး ရှေ့က ပြေးထွက်ပြလိုက်မည်သာ ..။

မနသ္သျ ဆိုသည့် ဒီကလေးအပေါ်မှာ စုပုံ မြတ်နိုးခဲ့မိသည့် မေတ္တာတရားများဟာ မောင်နှမအားလုံး၏ဘဝများပဲ ဖြစ်လေသည်။

ထို့ကြောင့် ကြီးတော် စဉ်းစားသည်က ချောက်ကမ်းပါးကြီးကို ရှေ့ပစ်ရမလား .. ခုန်ချပြလိုက်ရမလား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

ဝရန်တာတန်းပေါ်မှာ လက်နှစ်ဖက်ခွဲထောက်ရပ်ရင်း တွန့်ကုတ်ထားမိသည့် မျက်ခုံးတို့က ထိဆက်လုလု ဖြစ်လာခဲ့၏။

အံကြိတ်ရင်း၊ ဖိပိတ်ရင်းဖြင့် နှုတ်ခမ်းလွှာတို့သည် မျဉ်းဖြောင့်တစ်ကြောင်းလို ပိရိပြားကပ်ကာ ပျောက်ကွယ်လုလု ဖြစ်နေလေ၏။

ကြီးတော် ပြောသည့်စကားတွေကို နားထဲမှာ ခါးသီးနေခဲ့၏။ ဘယ်လိုမှ လက်မခံနိုင်ဘဲ ခါတိုင်းလို ခေါင်းခါငြင်းဆန်ခဲ့ပြီး ပျောက်မသွားဘဲ ရှိနေခဲ့တာက ဆိုးရွားနေသည်။

"ဝတ်ကြောင်ကို စွန့်ရမယ်ဆိုတာ ဘာလဲ ကြီးတော် ..၊ မျက်စိအောက်က အပျောက်မခံနိုင်လို့ မိန်းမခိုးလာတဲ့လူကို ဘုန်းကြီး ဝတ်နိုင်းတာလား"

"လူလေးရဲ့ ဘကြီးတော်က ဒီတိုင်း အမိန့်ရှိခဲ့တယ်၊ ဒါပေမယ့်.."





"ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ ကြီးတော်လည်း သိတာပဲ မဟုတ်လား၊ အသက်အန္တရာယ်လည်း ကျွန်တော် ဂရုမစိုက်ဘူး၊ ဒါကြောင့် အခု ကျွန်တော်က ဘုန်းကြီးဝတ်နေလိုက်ရင် မကိုငွေ က ဘယ်လိုနေရမလဲ၊ သူ့ကို ခဏခဏ စိတ်ဆင်းရဲမခံနိုင်ဘူး၊ ဒီလိုဖြစ်ဖို့ ရှိနေတယ်၊ ဒါပေမယ့် ကျွန်တော်က မကြောက်ဘူး၊ မကြောက်တာကို မိုက်ရူးရဲဆန်တယ်၊ လွန်ဆန်တယ်ထင်ရင် မကိုငွေ ကို ခေါ်ပြီး ကျွန်တော် ဒီက ထွက်သွားမယ်"

"မဟုတ်ဘူး ..၊ ဒီထိ ကြီးတော် မပြောရသေးဘူးလေ၊ လူလေးရဲ့ ဘကြီးတော် နောက်ထပ် အမှာစကားမရှိသေးလို့ မမေးရဲသေးတာပါ၊ လူလေးကို အသိပေးသင့်တယ်ထင်လို့လည်း အသိပေးထားတာ၊ ဒီရက်ပိုင်းမှာ မောင်တော်ငယ် သွားလာနေတာပဲ၊ လူလေး ရန်ကုန်ကို ဆင်းခယ်ဆိုတဲ့ကိစ္စကို ခဏ သည်းခံနေလိုက်ပါ .. ဒါပဲ လိုပါတယ်၊ ရန်ကုန်နားမှာနေတုန်းက ရန်ကုန်ကို ခဏခဏသွားတာက နီးလည်း နီးတယ်၊ ပြီးတော့ လူလေးကို ဘယ်သူကမှလည်း သံသယမဖြစ်သေးတဲ့အချိန်၊ အခုက ပြောလို့ မရဘူး၊ လောကမှာ ထာဝရ လျှို့ဝှက်ထားနိုင်တယ်ဆိုတာ ဘာမှမရှိပါဘူး၊ မိန်းကလေးကိုထားပြီး ခဏဖြစ်ဖြစ် ဘာဖြစ်ဖြစ် လူလေး ခရီးထွက်ဖို့ မသင့်တာလည်း ထည့်တွက်ပါ၊ ဒီမှာပဲ လုံလုံခြုံခြုံ အေးအေးချမ်းချမ်း နေပါဦးလို့ ကြီးတော် ပြောချင်တယ်၊ ဖြစ်လာသမျှကို ကြီးတော်တို့ ဖြေရှင်းမှာပါ၊ စေတနာကို နားလည်ပါကွယ်"

အပြန်အလှန် ပြောခဲ့သမျှ အားလုံးကို မှတ်မိနေသည်။ အစိပ္ပာယ်မရှိဘူးဟု စိတ်ထဲမှာ အထပ်ထပ်ပြောနေမိရင်း အံကြိတ်ထားသည့် မေးရိုးက တင်းခနဲ တင်းခနဲ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြင်မြင်သမျှကို စူးစိုက်ငေးရင်း မျက်လုံးတို့က အောက်ဘက်သို့ ပြန်ရောက်သွားမိလျှင် မကိုငို နဲ့ ကီးကီး ခြံထဲမှာ လမ်းလျှောက်နေတာကို မြင်လိုက်၏။

မကိုငို သည် အဖြူပေါ်မှာ အနီပွင့်လေးတွေပါသော ကတ္တီပါသားလေးကို ဆင်တူဝတ်ထား၏။ အင်္ကျီသည် စတစ်ကော်လာရင်ဖုံးခါးတိုလေးဖြစ်ကာ လက်ကျသာသာလေးမို့ ဖြူဝင်းနုမွတ်နေသည့် လက်မောင်းသားလေးတွေကို မြင်နေရ၏။

ပြည့်တင်းလှပသော ကိုယ်လုံးလေးသည် နွဲ့ခနဲ ဆွဲခနဲ ကကြိုးညီနေသော ဆံနွယ်ရှည်များအောက်မှာ ရင်ခုန်သံတွေ မှားယွင်းကုန်လောက်အောင် ဖြားယောင်းနိုင်ပါ၏။

လမ်းလျှောက်နေရင်း ကီးကီး ကို ငုံ့၍ စကားတွေပြောလိုက်၊ မျက်နှာလေး ပြန်မော့ပြီး ဆံပင်တွေကို ခါထုတ်လိုက်နှင့် ရယ်နေသဖြင့် ပါးမို့လေးတွေ မောက်တက်နေတာကိုလည်း အပေါ်စီးကနေ မြင်နေရ၏။

စိမ်းညို့ညို့ ပိုင်းရုံနေသော သစ်ပင်ကြီးတွေအောက်မှာ အဖြူရောင် မြုလွှာဖြင့် နတ်သမီးတစ်ပါးလို မကိုငို သည် လှချင်တိုင်း လှနေ၏။

ကီးကီး က ဖြူဆွတ်ဆွတ် စုတ်ဖွားဖွားလေးနှင့် အနားမှာရှံနေတော့ ပိုလှသွားသည်။ မြင်ကွင်းကို ငုံ့ကြည့်နေရင်း မနေ့သျှ ဝရန်တာကနေ အိမ်ထဲ ပြန်ဝင်သည်။ လှေကားကနေ တောက်လျှောက် ဆင်းလာခဲ့ရင်း ခြံထဲ ရောက်လာခဲ့၏။

"နင်က သစ္စာမှမရှိတာ၊ ဒီကိုလိုက်ခွင့်ရအောင် ငါကတော့ မပါပါအောင် ဖက်တွယ်ခေါ်လာခဲ့ရတာ၊ ဒီရောက်တာနဲ့ နင် ငါ့နားကပ်လို့





လား ...၊ ကြီးတော် နားမှာပဲ နေတယ်၊ မနေ့သျှ ခိုင်းရင် ဝေါက်ခနဲပဲ၊ ခုကျတော့ အနားမှာ ဘယ်သူမှလည်း မရှိရော ငါ့နားကို .. ဟွန်း .."

ပြေးလိုက်နေရင်း ကီးကီး က မော့မော့ကြည့်သည်။ မကိုငို က စကားတွေပြောရင်း မော့ကြည့်နေသည့် မျက်လုံးနီနီလေးတွေကို ဒေါသမပါဘဲ မျက်စောင်းထိုး၏။

ပြီးတော့လည်း ရယ်လိုက်ပြန်ကာ ...

"ပြောလိုက်ရင်လည်း မသိတာ မရှိဘူး .. မျက်နှာလေးက တွေ့လား.. ဒေါသဖြစ်လို့ကို မရဘူး၊ အရမ်းချစ်ဖို့ ကောင်းတာပဲ"

မကိုငို က ကီးကီး ကို ဖွေ့ခနဲ ကောက်ပွေ့ကာ ခေါင်းလေးကို ဖိပွတ်ပစ်လိုက်၊ ပါးချင်းကပ်လိုက်နှင့် အသည်းတွေ ယားနေသည်။

"နင့်ကိုလေ ခွေးကလေး မဟုတ်ဘဲ ကလေးလေးသာဆို ငါ တအားနမ်းမိမှာ သိလား .."

"ကိုယ့်ကိုကော မနမ်းချင်ဘူးလား"

"ဟင်!..."

တစ်ယောက်တည်း လွှတ်လွှတ်လပ်လပ်ကြီး ပြောချင်ရာပြောနေခြင်းမို့ မကိုငို ဖျတ်ခနဲ လှည့်ကြည့်သည်။

အနက်ရောင် ခေါင်းစွပ်ဆွယ်တာပေါ်မှာ ကုတ်အင်္ကျီအနက် ထပ်ဝတ်လျက် မနေ့သျှ မျက်နှာက မထိတထိအပြုံးနဲ့ ကြည့်ကောင်းနေ၏။ သူ့ကိုမြင်တိုင်း သူ့ထံမှ ညှို့နိုင်စွမ်းသမျှကို မကိုငို မမြင်ချင်ဘဲလည်း ကြည့်မိသည်။

သူ့ဆံပင်၊ မျက်ခုံး၊ မျက်လုံး၊ နှုတ်ခမ်းကအစ ချောမွေ့နေခြင်းအားလုံးကို လှန်လှောဖတ်ရှုပြီးမှ အထင်ကြီးလို့ မရနိုင်ခြင်းများနှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလွှဲပစ်ခဲ့မိသည်သာ ...။

အကယ်၍သာ ခေတ်ဦး လို မတို့ရက်၊ မထိရက်နှင့် ကာလများစွာ ခွင့်လွှတ်သည်းခံပြီး ချစ်ခဲ့သော သန့်စင်သည့် လူငယ်လေးတစ်ယောက်ကိုသာ အရင်မတွေ့ခဲ့ရဘူးဆိုလျှင်တော့ သူ့ရဲ့ကောင်းခြင်းအဖြာဖြာတို့မှာ မကိုင်ရှ အထင်ကြီး မက်မောသွားနိုင်သေးသည်။

ခုတော့ ...၊ မကိုင်ရှ ချက်ချင်း မျက်နှာပြန်လွှဲကာ ရှေ့ဆက်လျှောက်ခဲ့၏။ ခနသျှံ က သူမနဲ့တွဲလျက် အတူယှဉ်လျက် ပါလာခဲ့ပြီး ...

"မိုးအုံ့နေတော့ အေးမယ်၊ ဒါလေး ခြုံထား"

အဖြူရောင် ငွေခြည်ခက်လေးတစ်ခက် ထိုးထားသည့် အပြာရောင် ပိုးပဝါလေး ဖြစ်သည်။ ရန်ကုန်ကနေပြီး ဒီကိုလာကြစဉ် ကားပေါ်မှာ သူ ခြုံပေးခဲ့သည့် ပဝါလေး ...၊

အနားတစ်ဖက်မှာ ပုလဲသီးလေးတွေ သီထားသဖြင့် ထိုတစ်ဖက်နားကို အပေါ်ပိုင်းက ဟင်ပြီး ပခုံးမှာ ပတ်ခြုံထားလျှင် မကြာခဏ ပြေလျှောကျသည့်အဖြစ်မျိုး မရှိတော့ပေ ...။

လှလည်း လှသည်၊ ယဉ်လည်း ယှဉ်ပါသည်။

"စိုင်းကြီး ကလောကို တစ်ခေါက် တက်သွားကတည်းက ကိုယ် မင်းအတွက် မှာလိုက်တာ၊ ဒါ မေမေ့ရဲ့ပဝါလေ .. ရွေးကျပေမယ့် နှန်းဆန်တယ်၊ မင်း ကြိုက်တယ် မဟုတ်လား"

ကားပေါ်မှာ ခြုံပေးပြီး ပြောတုန်းက သူမ ပြန်မဖြေခဲ့မိပါ။ ဒါပေမယ့် နှစ်သက်နေခဲ့ပါ၏။ မကိုင်ရှ ပခုံးသားလေးတွေ လုံခြုံသွားအောင် ခနသျှံ က သေချာ ပတ်ခြုံပေးကာ ...

"ကီးကီး .. မင်းကို စိုင်းကြီး ခေါ်နေတယ်"





ကီးကီး ကိုလည်း နှင်လွှတ်ပြန်သည်။

သခင့်စကားကို မြေဝယ်မကျ နာခံတတ်သည့် ကီးကီး က မကိုင်ရှ မွေ့ထားရာကနေ ခပ်လွှန့်လွှန့် ရှန်းကာ လက်ကို ဖြေပေးလိုက်သည်နှင့် ခုန်ဆင်း ပြေးသွားတော့သည်။

ဒေါသဖြစ်သွားသည့် မကိုင်ရှ ခြေလှမ်းတွေက ပိုမြန်သွား၏။ ခနသျှံ က ခဏရပ်ကျန်ခဲ့ပြီးမှ ဆက်လိုက်သွားကာ ...

"အဲဒီဘက်ကို ဘာလုပ်ဖို့လဲ .."

"ဘာလုပ်လုပ်ပေါ့၊ ဘာလဲ ဒီမှာလည်း လျှပ်စစ်ခေတ်တွေ လွှတ်ထားတာပဲလား"

မကိုင်ရှ ရပ်လိုက်တော့ သူလည်း လိုက်ရပ်၏။

ပြီးတော့ တမင်လှုပ်ခါချနေသလို ဖြစ်နေသဖြင့် လျှောကျမလို ဖြစ်နေသော ပဝါစလေးကို ပြန်ဆွဲတင်ပေးလိုက်ပြီး ...

"အဲဒီဘက်က နောက်မှာ ဝါးရုံတွေနဲ့နီးတော့ မြွေတွေ ပေါ်တယ်၊ ညာပြောနေတာ မဟုတ်ဘူး .. လမ်းလျှောက်ချင်ရင် ဒီဘက်ကို လာ.."

သူက မကိုင်ရှ လက်တစ်ဖက်ကို ဆွဲယူလိုက်စဉ် မကိုင်ရှ လက်ထဲမှ တစ်စုံတစ်ခု ပြုတ်ကျသွား၏။ ငုံ့ကြည့်လိုက်တော့ လက်သည်းညှပ်လေး ...၊ ခနသျှံ က ကောက်ယူလိုက်၏။

"ဟိုဘက်ကို ရောက်ဖူးလား .. ရေကန်ကြီး ရှိတယ်၊ ကြာတွေကော လိပ်တွေကော သိပ်လှတာပဲ၊ ထိုင်စရာတွေလည်း ရှိတယ်၊ သွားမယ်.. လာ .."

တကယ် စိတ်ဝင်စားသွားသဖြင့် မကိုင်ရှ သူ ဆွဲခေါ်သည့်အတိုင်း လိုက်သွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေကန်က တကယ့်သဘာဝကန် မဟုတ်ဘဲ ဖန်တီးထားတာ ဖြစ်သည်။ ထိုထဲမှာ ကြာတွေပေါက်နေသဖြင့် မကိုင်ရှ အံ့ဩသွားမိ၏။

ကန်စပ်မှာ ကျောက်ဖြူသားနှင့် ခုံတန်းလေးတွေ ရှိနေ၏။ ဘာပဲဖြစ်ဖြစ် အင်းယားကန်ဆောင်ထက် အများကြီးလှတာတော့ သေချာသည်။

"ကြာတွေက လှလိုက်တာ၊ အဲဒါ တကယ့်ကြာတွေပေါ့နော်"

ကျောက်ခုံလေးမှာ မကိုင်ရှ ထိုင်လိုက်တော့ သူက ဘေးမှာ ကပ်ထိုင်၍ ခေါင်းညိတ်သည်။

"တကယ့် ကြာတွေပါ၊ လိပ်ကြီးတွေလည်း ရှိတယ်၊ ကိုယ် ငယ်ငယ်တုန်းကဆို ရေတံခွန်အတုတွေပါ ရှိတာ၊ ပြီးတော့ ခုနက ဝါးရုံတွေ ရှိတယ်ဆိုတဲ့ဘက်က အစက တောအုပ်လေး လုပ်ထားတာ၊ ကိုယ်က ယုယုယယထားရင် မနေဘူးတဲ့၊ ကစားစရာတွေလည်း မမက်ဘူးတဲ့လေ၊ အဲဒါကြောင့် ညီအစ်ကိုနှစ်ယောက် ဆော့ရအောင် လုပ်ပေးထားကြတာ"

"ဟို .. ဘုန်းစက်ရှိန်ဝါ ဆိုတာလား"

"အင်း .. မင်း သိနေလား .."

မကိုင်ရှ က ခေါင်းညိတ်တော့ သူ မကိုင်ရှ လက်ကလေးကို ဆွဲယူပြီး လက်ချောင်းလေးတွေကို ဖြန့်လိုက်၏။ လက်ချောင်းကလေးတွေက နီရဲနုဖတ်နေလျက် လက်သည်း မတိုမရှည်လေးတွေကို ပုံသွင်းထားသော သွယ်သွယ်ပြည့်ပြည့်လေးတွေ ဖြစ်နေ၏။

မကိုင်ရှ သည် ဆံဖျားကနေ ခြေဖျားအထိ နမ္မတ်သန့်စင်သော ကောင်းခြင်းတို့ဖြင့် တို့ထိရက်ဖွယ်မရှိအောင် လှသည့်မိန်းကလေးပဲ ဖြစ်သည်။





သူ မကိုင်ရှ လက်ချောင်းကလေးတွေကို မချင့်မရဲ ဆုပ်ညှစ်ပစ်လိုက်ပြီးမှ လက်သည်းတွေကို စိတ်ရှည်လက်ရှည် ညှိပေး၏။

"အို .. မလုပ်ပါနဲ့ .. ဖယ်ပါ"

မကိုင်ရှ သူ ဘာလုပ်မယ်မှန်း မသိဘဲ လက်ကို ငုံ့ကြည့်နေပြီးမှ ကမန်းကတန်း ပြန်ရုန်းသည်။ သူက ဖိဆုပ်ထားလိုက်ပြီး မျက်လွှာပင့်ကြည့်သည်။

"ငြိမ်ငြိမ်နေစမ်းပါ .. ဒီနေ့ထိ ကိုယ် ဘယ်သူ့ကိုမှ ဒီလိုမလုပ်ခဲ့ဘူး၊ လိုချင်တာ ရခဲ့တယ်၊ ကိုယ်က ချစ်ဖို့မလိုဘဲ သူများချစ်ကြတာကို အမြဲ အသာစီးက ယူခဲ့တာ"

သူ့အပြော သူ သဘောကျသလို ပခုံးတွန့်ပြုံးကာ မကိုင်ရှ ပခုံးလေးပေါ်မှာ သူ့ပခုံးတစ်ဖက် ထပ်တင်မို၍ ...

"ဝင့်လည်တာဆိုလည်း ကျေနပ်တယ်ကွာ .. မင်းကို မြတ်နိုးခွင့်ပြုပါ၊ ယုယခွင့် ပေးပါ"

မကိုင်ရှ မျက်နှာလေး လွှဲပစ်လိုက်တော့ သူက ဆံနွယ်ကြော့တို့ ရှိန်းမြမြ သွယ်ဆင်းနေသော မကိုင်ရှ ၏ နားသယ်စပ် ဆံယဉ်စလေးတွေနားကို ဖျတ်ခနဲ ငုံ့နမ်းသည်။

"မင်းကို ကိုယ် သိပ်ချစ်တာပဲ"

မကိုင်ရှ ထလိုက်ဖို့ပြင်တော့ သူက ဆွဲဖက်ထားလိုက်ကာ ...

"ကိုယ့်ကို သိပ်မုန်းတာပဲလားဟင်"

ပါးပြင်လေးနားမှာ ဝေ့ဝဲနေသော သူ့မျက်နှာကို မကိုင်ရှ ရှောင်ဖယ်နေရလျက် ...

"အဲဒီလိုကြီး မနေတတ်လို့ပါ၊ မကိုင်ရှ သွားပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ခနသျှံက အတင်းအကျပ်ဖက်ထားတာကို ပြန်လျှော့ပေးလိုက်သည်။ ကိုယ်ကို မတ်မတ်ပြင်ထိုင်ပြီး လက်သည်းလေးတွေကို ပြန်ကိုင်၏။

"မင်းကို ကိုယ် မဲဟားတရား မကြဲမိအောင် ထိန်းချုပ်လို့ရတယ်၊ မနမ်းမိအောင် ဘယ်လိုမှ နေလို့မရဘူး၊ အဲဒါ ချစ်လွန်းလို့ ထင်တယ်၊ ပြီးတော့ မင်းက သိပ်လှတယ်၊ အနိုင်မယူရက်ပေမယ့် ပွေ့ပိုက်ထားချင်တယ်၊ ကိုယ်လေ မင်းရဲ့ခါတ်ပုံလေးကို စတွေ့တော့ ကျောနောက်မှာ စာတစ်ကြောင်း ပါလာတယ်၊ 'ရာမရဲ့ သီတာဒေဝီ' တဲ့"

ထူးဆန်းပါသည်။ ထိုစာကြောင်းကို သူမ မရေးခဲ့ပါ။ ဓာတ်ပုံကို သွားရွေးခဲ့သော ခေတ်ဦး ပဲ ရေးသလား .. ဒါမှမဟုတ် သာယာ လား...၊

ဓာတ်ပုံအကြောင်း သူ စလာတိုင်း မသိသလို နေခဲ့သောကြောင့် သိချင်တာကိုလည်း မမေးမိခဲ့ပါ။ ခနသျှံ က မကိုင်ရှ ၏လက်သူကြွယ် လက်သည်းလေးကို သေချာတိုက်ညှိနေရင်း ဆက်ပြော၏။

"အဲဒီလိုတွေ မင်းဘက်က ရှိနေတော့ ဓာတ်ပုံကို ရခဲ့တဲ့ကိုယ်က အလိုလို ဒသဂြိုဟ်ဖြစ်သွားတာပေါ့၊ ပြောချင်တာက ကိုယ် ဝန်ခံချင်တာပါ၊ ဒသဂြိုဟ်က သီတာဒေဝီကို အရိပ်တကြည့်ကြည့်နဲ့ မတို့မထိရက်အောင် ချစ်တာလို့ စာထဲမှာ ဖတ်ရတယ်၊ ခံတွင်းထဲမှာ ငုံထားလောက်အောင် ဆိုတာမျိုးကွာ ..၊ လက်တွေ့မှာ တကယ် ဟုတ်မဟုတ်တော့ ဘယ်သိမလဲ၊ စာရေးဆရာရဲ့ တင်စားမှုဟာ ဒသဂီရိရဲ့အချစ်ပဲ၊ ကိုယ် ဒသဂီရိကို မမီဘူးထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က အနမ်းဓားပြလေ၊ သစ္စာတစ်ခုပဲ ထားနိုင်မယ်၊ မင်း မကြည်ဖြူဘဲ မင်းရဲ့ဘဝကို မယူဘူး၊ ဒါပေမယ့် .."





"ရပြီ .."

မကိုင်ရှ က လက်ကို ပြန်ရုန်း၍ လက်ဖဝါးချင်း ထပ်ဆုပ်ထားလိုက်၏။ ထိုလက်ပေါ်မှာ ခနသျှံ က ထပ်ဆုပ်ကိုင်ထားလိုက်သဖြင့် သူ့လက်သူကြွယ်မှာရှိသော လက်စွပ်က မျက်လုံးရှေ့ကို အလိုလို ရောက်လာခဲ့၏။

နဂါးနှစ်ကောင် ပတ်ခွေလျက် ခေါင်းနှစ်လုံး မျက်နှာချင်းဆိုင်ဖြစ်နေသည်က လက်ဆစ်နားထိ ရောက်၏။ လက်စွပ်က ခပ်ကြွားကြွားမို့ မျက်စိထဲမှာ ထင်းထင်းကြီးဖြစ်နေပေမယ့် နဂါးမျက်လုံးတွေက အနီရောင်မဟုတ်ဘဲ မှဲ့ရာရောင် ဖျပ်ဖျပ်လက်နေသဖြင့် စိတ်ဝင်စားဖို့ကောင်း၏။

မကိုင်ရှ စူးစိုက်ကြည့်လိုက်ပြီးမှ မျက်နှာလွှဲပစ်လိုက်၏။

သူနဲ့ပတ်သက်ပြီး မြင်လိုက်တိုင်း၊ တွေးမိလိုက်တိုင်း သတိလက်လွတ် ကြည့်ဖြစ်၊ ငေးဖြစ်သွားခဲ့တာကို ကိုယ့်ကိုယ်ကိုယ် မကျေနပ်ပါ.. ဂရုမစိုက်နဲ့ ..။

ခနသျှံ ကတော့ မကိုင်ရှ လက်ကလေးကို ဖွဖွဆုပ်၍ ထရပ်လိုက်ကာ ...

"လာ .. ဟိုဘက် ဆက်လျှောက်ရအောင်"

မကိုင်ရှ မငြင်းဘဲ ပါလာတော့ သူ မကိုင်ရှ ခါးလေးကို ဖက်ထားခဲ့၏။

"မကိုင်ရှ .."

သူက မကိုင်ရှ ကို မကြည့်ဘဲ ရှေ့ကိုကြည့်လျှောက်နေရင်း ခေါ်၏။ မကိုင်ရှ က လှည့်ကြည့်လိုက်မှ ပြန်ငုံ့ကြည့်ကာ ...

"ကိုယ်သာ မင်းကို သိမ်းပိုက်ထားခဲ့မယ်ဆိုရင် ခုလောက်ဆို မင်း



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကိုယ့်ရင်ခွင်ထဲမှာ ကိုယ်သာ ပိုင်ဆိုင်ခဲ့ပြီဖြစ်တဲ့ ပန်းကလေးတစ်ပွင့်ပါ"

နှစ်ယောက်လုံးသည် ဘယ်ညာအတူ ဖြည်းလေးစွာ လှမ်းနေသည့် ခြေလှမ်းတို့ဆီမှာ မျက်ဝန်းတို့ စင်းချ ငေးနေခဲ့ကြရင်း ...

"ခေတ်ဦး ကို မင်း လက်ထပ်ခဲ့ရတယ်ဆိုပေမယ့် မင်းရဲ့ခင်ပွန်း တကယ်ဖြစ်ခဲ့တာက ကိုယ်ပဲ၊ မင်း ကိုယ့်ကို မုန်းနေတုန်းပဲလားဟင်.."

သူက ငုံ၍မေးသည်။ မကိုင်နှ ဘာမှမဖြေဘဲ ဆက်လျှောက်နေတော့ မနေသျှံ က ခြေလှမ်းရပ်ကာ ပခုံးလေးနှစ်ဖက်ကို ဆွဲလှည့်လိုက်၏။

"ဖြေပါ မကိုင်နှ .. မမုန်းဘူးဆိုတဲ့အဖြေကို ကိုယ် ရမယ်ဆိုရင် မင်းရဲ့အချစ်ကိုရဖို့ ဘယ်အချိန်ထိဖြစ်ဖြစ် ကိုယ် စောင့်နိုင်ပါတယ်၊ ချစ်တယ်ဆိုတဲ့ အဖြေစကား မကြားရမချင်း မင်းအပေါ်မှာ ကိုယ် စောင့်ထိန်းမယ်၊ ကိုယ့်ကို မုန်းနေသေးသလား"

မကိုင်နှ သူ့မျက်နှာကို မော့ကြည့်မိ၏။ အင်းယားကန်ပေါင်မှာ ဤသို့ နီးကပ်စွာကြည့်ခဲ့မိရင်း ချော့မွေ့နေသော ဒီမျက်နှာကို ငေးမော သွားခဲ့မိဖူးသည်။

ခုလည်း ဒီတိုင်းပဲ ငေးနေမိ၏။

သို့သော် တင့်တယ်ချောမွေ့ခြင်းများဖြင့် ညှို့ငင်နိုင်လွန်းသော ထို မျက်ဝန်းတို့သည် ခေတ်ဦး ထံမှာ ရှိခဲ့သော ရိုးသားစွာ ပြုံးရယ်နေတတ်သည့် မျက်ဝန်းများနှင့် ဘာမှမဆိုင် ...။

အချစ်ဟာ ပိုမိုချောမောခြင်းအပေါ်မှာ တိမ်းမူးပြောင်းလဲစေတတ်တာ မဟုတ်မှန်း ပို၍ နားလည်ခဲ့မိ၏။ ဒါဆို သူ မေးခဲ့သော မေးခွန်း အပေါ်မှာ သူမ မည်သို့ ရှိပါသနည်း။





"မကိုင်နှ .. ကိုယ် မေးနေတယ်"

သူ့အသံကိုလည်း မကိုင်နှ မှတ်မှတ်ရရ ဖြစ်နေခဲ့၏။

"ကိုယ့်ကို မုန်းနေလား .."

မကိုင်နှ ခေါင်းခါလိုက်သည်။

သူ့နှုတ်ခမ်းမှာ ကြည်လင်သည့်အပြုံးတစ်ချက် ထင်သွား၏။ ထို့နောက် သွားတွေပေါ်အောင် ရယ်လိုက်ပြီး ဆုပ်ကိုင်ထားသည့် ပခုံးသား လေးကို မချင့်မရဲ ဖျစ်ညှစ်လိုက်၏။

"ပါးစပ်က ထပ်ပြောပါ၊ ကိုယ့်ကို မမုန်းဘူးဆိုတာ ကိုယ် ကြား ချင်တယ်"

မမုန်းဘူးဆိုတာ သိစေတာလောက်ပဲ ကောင်းမည်ထင်သည်။ မမုန်းပါဘူးလို့ ဖွင့်ပြောလိုက်ခြင်းဖြင့် ဖြစ်ခဲ့သမျှတို့အပေါ်မှာ စိတ်မဆိုး ခဲ့ပါဘူးဆိုသော သဘောတွေ သက်ရောက်သွားနိုင်သည်။

ထိုအခါ သူ လောဘတွေ အဆောတလျင် မြင့်တက်လာဖို့တွေ ရှိ၏။

"မကိုင်နှ စိတ်ထဲမှာ ဘာပဲဖြစ်ဖြစ် မုန်းနေလည်း **အကျိုးဖြစ်မလာ** နိုင်တော့ဘူးဆိုတဲ့ မျှော်လင့်ချက်မဲ့ခြင်းနဲ့ ဒီလို ဆုံးဖြတ်လိုက်တာပါ၊ ရှင် လိုချင်သလောက် မပေးနိုင်တာ မကိုင်နှ ကို ခွင့်လွှတ်ပါ"

နေသျှံ မျက်နှာလွှဲနေလိုက်လျက် အပြုံးတို့ မချိတရိ ဖြစ်သွားခဲ့၏။

"ကိုယ် နားလည်ပြီ"

သူက မကိုင်နှ နဖူးပြေပြေလေးကို တယုတယ သပ်တင်ကိုင်လိုက် ရင်း ...

"ဟုတ်တယ် .. ကိုယ် လောဘကြီးသွားတာ၊ တကယ်ဆို ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ ကျေနပ်သင့်တာပါ၊ ဒါပေမယ့် တစ်ခုတော့ ပြောချင်တယ်၊ မင်းဟာ အခု ကိုယ့်ရဲ့ဇနီးပါ၊ သူများနဲ့ လက်ထပ်ခဲ့ဖူးတာပေမယ့် အခု မင်းကို ပိုင်ဆိုင်တဲ့သူက ကိုယ်ပဲ၊ ကိုယ့်ကို မချစ်နိုင်ရင် ရတယ်၊ ကိုယ့်ရင်ခွင်ထဲကနေ တခြားယောက်ျားကို တမ်းတမနေပါနဲ့၊ မင်းကို အမိန့်ပေးတာ မဟုတ်ဘူး၊ ဖြစ်သင့်တာကို ပြောတာ၊ ဖြစ်စေချင်တာကို အသိပေးထားတာ၊ ကံသုံးပါးနဲ့ ဘယ်လိုပဲငြိငြိ ဖောက်ပြန်တာပဲ"

သူသည် လက်နှစ်ဖက်လုံး တွဲလောင်းကျသွားခဲ့ပြီးမှ ပင့်သက်ရှိုက်ခြင်းနှင့်အတူ ဘောင်းဘီအိတ်တစ်ဖက်စီမှာ လက်တို့ကို ထည့်ထားလိုက်ပြီး ...

"မင်းအပေါ်မှာ ကိုယ် စောင့်ထိန်းပေးခဲ့တာဟာ ဒီအခွင့်အရေးမျိုးပေးလိုက်တာ မဟုတ်ဘူးဆိုတာတော့ မင်း နားလည်ရမယ်"

"မကိုင်ရှ် သိတယ် .. ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မလွတ်မြောက်နိုင်ဘူးဆိုတာလေ .."

မကိုင်ရှ် က အံကြိတ်၍ ပြော၏။ ခနဲ့သျှ မျက်နှာ တင်းသွားပြီးမှ ဖျတ်ခနဲ လှဲ့ပစ်သည်။

"ရိုင်းသွားရင် ဆောရီး .. ရယူပိုင်ဆိုင်ခြင်းဆိုတဲ့ ကိုယ့်ရဲ့ဒဿနထဲမှာ အခြေအနေ အချိန်အခါ ဘာအတွက်ကြောင့်မှ စွန့်လွှတ်အရှုံးပေးလိုက်ဖို့ မပါတဲ့ အတွက် ပိုပြင်းတယ်၊ ဒီနေ့ မင်းရှေ့မှာ မင်းအတွက် ဘာမဆို ကိုယ်ဟာ ခေါင်းညိတ်နေချင်ပေမယ့် ယှဉ်ပြိုင်ရဖို့ ဖြစ်လာရင်တော့ ကိုယ့်အချစ်၊ ကိုယ့်ရဲ့နှလုံးသားနိုင်ငံအတွက် ကိုယ်က အနိုင်ယူတိုက်မယ့် သူရဲကောင်းပဲ၊ မင်းကို ဘယ်သူ့မှ ကိုယ် မပေးနိုင်ဘူး"

မိုးတွေက ပို၍ ညို့တက်လာသည်။





မိုးသက်လေဖြူးလာသဖြင့် မကိုင်ရှ် ၏နဖူးဆံစလေးတွေ လွင့်လွင့်လူးလူး ဖြစ်သွားကြ၏။

ထိုစဉ် ကီးကီး ပြေးလွှားရောက်လာကာ ခနဲ့သျှ ခြေထောက်ကို ခေါင်းနဲ့ တိုးဝှေ့၏။

"ဘာလဲ .."

ခနဲ့သျှ ငုံ့မေးတော့ ကီးကီး မော့ကြည့်ကာ ဘောင်းဘီစကို ကိုက်ဆွဲ၏။

"ကြီးတော် ခေါ်တာလား"

ကီးကီး က ချာခနဲ လှည့်ပြေးသွား၏။

"ကိုယ် အနောက်ဆောင်ကို သွားလိုက်ဦးမယ်၊ မင်းလည်း ပြန်ဝင်တော့လေ .. မိုးရွာလိမ့်မယ်"

မကိုင်ရှ် နေခဲ့ချင်သေးသည်။ သို့သော် ...

သူက ဘာမှပြောခွင့်မပေးတော့ဘဲ သူမလက်ဖျားလေးကို လှမ်းဆွဲ၍ ဦးဆောင် ခေါ်ဆောင်သွားခဲ့လေသည်။

နေ့တွေရက်တွေ တရွေ့ရွေ့ ကျော်လွန်ဖြတ်သန်းလာခဲ့သမျှ မကိုင်ရှ်သည် သူ့ဇနီးအဖြစ်သာ အမြဲတမ်း ရှိနေရတော့မည့် အခြေအနေတွေက ပို၍ ခိုင်မြဲလာခဲ့သည်။

ခုလောက်ဆို ဘွားတို့ မကိုင်ရှ် ကို ဘယ်လိုတွေးထင်မှုများနှင့် ဘယ်လောက်ထိ နာကြည်းနေကြပြီလဲ ...၊

ချစ်သလောက် စည်းကမ်းရှိဖို့ကိုတော့ အချိန်ရတိုင်း သွန်သင်တတ်ခဲ့သည့် ဘွားကို ညတိုင်း သတိရသည်။ ဒေါသကြီးတတ်သော ဘိုးဘိုးတစ်ယောက်ကော နေလို့မှ ကောင်းရဲ့လား ...။



www.burmeseclassic.com

www.burmeseclassic.com



ဘွားတို့ဘက်ကကော ခေတ်ဦး တို့ထံမှပါ စွန့်လွှတ်ထားလိုက်တာလား .. နာကြည်းသွားခဲ့တာလား၊ ဘယ်လို အကြောင်းတစ်စုံတစ်ရာမှ ထွက်ပေါ်မလာခဲ့ပေ ..။

မနည့် ကို မေးတော့လည်း ဘာမှ ရေရေရာရာ မဖြေခဲ့ပါ ..။

"မင်းကို အရှက်ခွဲတယ်လို့ ထင်နေတာဖြစ်မယ်၊ ဘာသံမှ မကြားဘူး"

"ခေတ်ဦး ဘာဖြစ်နေနေ မင်း နားစွင့်မနေနဲ့၊ ကိုယ်လည်း ဂရုမစိုက်ဘူး"

သူ ဒီလိုဖြေခဲ့ပေမယ့် မေဦး တို့တွေလည်း သူမကိုပဲ အထင်လွဲကြမှာကို မကိုဋ္ဌ သိသည်။

သူမအဖြစ်က ရုန်းထွက်ဖို့လည်း မဖြစ်နိုင် ..၊ ကယ်မယ့်သူလည်း မရှိ၊ အားလုံး ယူဆလိုက်ကြသလိုပဲ မကိုဋ္ဌ ဟာ မိုက်မဲတဲ့ မိန်းမတစ်ယောက်ပါ ..။





## အခန်း (၃၈)

BURMESE CLASSIC .com

"စည်းရိုးကတော့ ရိုးရိုးအမြင့်ပဲကွ၊ ဒါပေမယ့် အပေါ်ဆူးကြိုးတွေ လျှပ်စစ်ဓာတ်တွေ လွှတ်ထားတယ်လို့ ပြောတယ်၊ ငါတော့ သေချာမသိဘူး၊ ဘာပဲဖြစ်ဖြစ် သူတို့လိုလားတဲ့ ညှိသည်မဟုတ်ဘဲ မတော်ကွယ်ရာကနေ ခြံဝန်းကြီးထဲ ရောက်အောင်ဝင်ဖို့ မလွယ်ဘူး"

"ဟုတ်တယ် .. ပုံစံကြည့်ရတာ ဖြစ်နိုင်ချေတော့ သိပ်မရှိဘူး"

သာယာ က ထောက်ခံလိုက်တော့ ခေတ်ဦး က မကြည်ကြည်နှင့် မျက်လွှာပင့်ကြည့်သည်။

သာယာ က သဘောပေါက်၏။

"ဟုတ်တယ်လေ .. လောလောဆယ် အမြင်အရ ဖြစ်မှမဖြစ်နိုင်တာ၊ ဒါပေမယ့် ဘယ်လောက်နိုင်နဲ့တဲ့ အတားအဆီးဖြစ်ဖြစ် ခွေးတိုးပေါက်တော့ ရှိစမြဲပဲ၊ လူကြံရင် ဘာခံနိုင်မှာလဲ"

လေးယောက်သား ခပ်သေးသေး ကျောက်ကမူလေးအစွန်းမှနေ ကြည့်နေကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်အောက်ကနေ ပင့်၍တိုက်ခတ်နေသည့်လေက ကြမ်းလာလိုက်၊ နူးနူးညံ့ညံ့လေး ပုတ်ခတ်လာလိုက်နှင့် ဆံပင်တွေ၊ အင်္ကျီစတွေကတော့ ဘာ့ဖျပ်ဖျပ် လူးလွန့်နေကြ၏။

နန်းတော်ကြီးလိုလို .. ရဲတိုက်အဆောက်အအုံကြီးလိုလို၊ ကိုကိုလေး အပြောအရ 'မြမျိုးမြင့်မာန်'ဆိုသော စံအိမ်ကြီးကို အပေါ်စီးမှ ငေးနေရင်း ခေတ်ဦး သွေးတွေ ပွက်ပွက်ဆူလာ၏။

စံအိမ်ကြီးသည် မြင့်မားကာ ပင်မအဆောက်အအုံ၏ ပတ်လည်မှာ အဆောင်ပြိုင် ဝရန်တာတွေ ကပ်ညပ်ထပ်လျက် အနီရောင်နဲ့ မှန်နက်တို့ တွဲစပ်ထားပုံကြောင့် အေးချမ်းမှုမဖြစ်စေဘဲ ပူလောင်နေသည်။

သစ်ပင်ကြီးတွေ ခြံလုံးပြည့် အုပ်ဆိုင်းပိတ်ယှက်နေသော အပေါ်ပိုင်းလောက်သာ မြင်နေရပေမယ့် ဒီထဲက လျှို့ဝှက်ပိတ်သိပ်မှုတွေကို ခေတ်ဦး မြင်နေရသည်။ ကိုကိုလေးကလည်း သူ သိသလောက် အားလုံး ပြောပြခဲ့သောကြောင့် ...

"ဒီခြံကြီးမှာ လူတွေ များတယ်၊ မိသားစုတော့ သိပ်မရှိဘူးကွ၊ ငါ့အထင် လေးငါးယောက်လောက်ပဲ ရှိမယ်ထင်တယ်၊ ကျန်တာက အလုပ်သမားတွေချည်းပဲ။ ငါ ဆယ့်သုံးနှစ်သားလောက်က အဖေနဲ့ တစ်ခါ ခြံထဲထိ ရောက်ဖူးတယ်၊ အဲဒါ ခြံရှေ့က မဟုတ်ဘူး၊ ဒီဘက်က ခြံစွန်းကို ဖွင့်ပေးတာ"

"ဘာလုပ်ရတာလဲ"

"ကန်တူးတာလေ .. အထဲမှာ ရေတံခွန်ကြီးလည်း ရှိတယ်၊ အဲဒါလည်း အတုကြီးမှန်း အဖေပြောမှ ငါ သိတာ၊ ခြံကြီးက နည်းတာမှ မဟုတ်တာ၊ ကန်တူးဖို့ အလုပ်သမားတွေ ခေါ်တဲ့ထဲမှာ အဖေနဲ့ ငါ





လိုက်သွားလို့ ရောက်ခဲ့တာ၊ မင်းတို့ပြောတဲ့ မနသ္သျ ဆိုကာ ငါ အဲဒီမှာ တစ်ခါ မြင်ဖူးတယ်၊ သူ ဆေးကျောင်းတက်နေတုန်း ဒီကိုပြန်လာတော့ အားပေါ်မှာ တစ်ခါဆုံတယ်၊ အဲဒီတုန်းက သူ အပြင်းဖျားနေလို့ ငါက ကူညီပြီး လိုက်ပို့ပေးတာလေ .. ခြံထဲ ဝင်ရပါတယ်၊ ဒါပေမယ့် အိမ်ပေါ်တို့ မခေါ်ဘူး၊ ပေါ်တီကိုအောက်မှာပဲ ငါ လှည့်ပြန်ခဲ့ရတယ်၊ မနသ္သျ က မိုးထိရင် ဖျားတာပဲလို့လည်း ကြားတယ်၊ လူတစ်ယောက်မှာ အားနည်းချက်တစ်ခုစီ ရှိကြသလိုပေါ့"

"သူက ဆေးကျောင်းတက်ခဲ့ပြီးတော့ ဘာဖြစ်လို့ ဆရာဝန် မလုပ်တာလဲ"

"ဝါသနာမပါတာ ဖြစ်မှာပေါ့၊ လူတိုင်း ကိုယ့်အကြောင်းနဲ့ကိုယ် ရှိကြတာပဲ၊ ငါတော့ အဲဒီခြံကြီးထဲကို ရောက်သွားတာ ဟိုးခေတ်ရာဇဝင်ထဲ နောက်ပြန်ဆုတ်ဝင်သွားမိသလိုပဲကွာ၊ ဝတ်စားခေါ်ပြောကြပုံတွေဟာ တကယ့်ကို ကြောင်တောင်တောင်ပါ၊ မနသ္သျ တစ်ယောက်ကတော့ ငါနဲ့ မတိမ်းမယိမ်းလောက်ပဲ ရှိမယ်၊ ငါ့ထက် အလွန်ဆုံးငယ်ရင် နှစ်နှစ် သုံးနှစ်လောက်ပေါ့၊ သူကတော့ လက်တွေ့ဆန်ပါတယ်၊ ခေတ်လူငယ်တစ်ယောက်ပဲ၊ သူတို့ကိုယ်သူတို့ တော်ဝင်မဟာမျိုးနွယ်တွေလို နေကြတဲ့ထဲမှာ မနသ္သျ က ပွင့်လင်းတယ်၊ မာနကြီးသလိုလို ထင်ရပေမယ့် ကူညီတတ်တဲ့စိတ်လည်း ရှိပါတယ်၊ ဒီကောင်က မင်းသားရုပ်အောင် ချောတာကွ .. ယောက်ျားချင်းတောင် အားကျခဲ့မိတယ်၊ မင်းတို့ပြောသလို မကိုင်မို ဆိုတဲ့ ကောင်မလေးကို သူ ခိုးယူသွားတယ်ဆိုတာ ငါ တကယ်ကို အံ့သြမိတယ်"

ပြောပြခဲ့တုန်းက ကိုကိုလေး ရဲ့စကားတွေက မနသ္သျ ဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



သာသာထိုးထိုး ရှိနေခဲ့၏။ ခေတ်ဦး တို့နှင့် သူက ကိုလင်းနောင် မိတ်ဆက်ပေးလို့ မနေ့တစ်နေ့ကမှ သိကြခင်ကြတာ ဖြစ်၏။ လီမွှော် နဲ့ ပတ်သက်၍ ကိုလင်းနောင် က သူကိုယ်တိုင် ဓာတ်ပုံရိုက်ပေးခဲ့သည့် မကိုင်ရှ ကိုလည်း သိနေသဖြင့် ဒီကိစ္စတွေ အစပေါ်လာခဲ့ခြင်းဖြစ်သည်။

ကိုလင်းနောင် ကို လီမွှော် က မကိုင်ရှ ဒီလိုဒီလို ပျောက်ဆုံးသွားခဲ့သည့်အဖြစ်ကို ပြောပြထားသည်။

ထကျူးတက မဟုတ်ပါ။ ကိုလင်း က ဓာတ်မှုံသမားမို့ ကလောမှာ ဓာတ်ပုံရိုက်ဖို့လာရင်း မထင်မှတ်ဘဲ ဒီကနေ စံအိမ်ကြီးကို ချိန်မိသည်။

ခေါင်းရင်းဘက် ဝရန်တာအစွန်းမှာ ရပ်နေသော မကိုင်ရှ ၏ မဖို့မပို့ပုံကလေးကို ရိုက်ခဲ့မိပြီး ခြေရာကောက်ခဲ့မိခြင်း ဖြစ်သည်။

ဓာတ်ပုံထဲမှာလည်း မကိုင်ရှ က ခွေးဖြူလေးတစ်ကောင်ကို ပွေ့ပိုက်ထားပြီး ပြုံးရယ်နေတာမို့ မတရား နိုးယူခံထားရပါသည်ဆိုတာကို ကိုကိုလေး အံ့သြသလို ဖြစ်ခဲ့သေးသည်။

"ဟုတ်တယ် ကိုလေး ရ .. ကျွန်တော်ကိုယ်တိုင် သူတို့မင်္ဂလာပွဲမှာ ဓာတ်ပုံရိုက်ခဲ့ရတာ၊ အဲဒီညမှာပဲ ဒီလူ ဆွဲခေါ်သွားတာ"

ကိုလင်း က ဝင်ပြောမှ ခေါင်းညိတ်သည်။

"ဒီလူနဲ့ မကိုင်ရှ ဘယ်လိုမှ မပတ်သက်တာ အမှန်ပါ၊ သူ့ဟာသူ တစ်ဖက်သတ်ဖြစ်ပြီး ခုလို ဘယ်သူမှ မထင်မှတ်တဲ့ ထောင့်တစ်ထောင့်ကနေ လှမ်းရှားသွားတာ"

ခေတ်ဦး ရှင်းပြတာကို လက်မခံချင်သလို ခံချင်သလို အင်တင်တင်နှင့် ခေါင်းညိတ်ခဲ့၏။ လေးယောက်သား ခဏတာ တိတ်ဆိတ်သွားချိန်မှာ ခေတ်ဦး အတွေးတွေ ယောက်ယက်ခတ်နေ၏။





မနေ့သျှ ဆိုသည့်လူမှာ ဘာဖြစ်လို့ ဒီလောက်ပြည့်စုံနေခဲ့တာလဲ ..၊ တခမ်းတနားကြီး တည်ရှိနေသော 'မြမျိုးမြင့်မာန်' စံအိမ်ကြီးကို ဖူးစိုက်ငေးရင်း ရင်ထဲမှာ တနုံ့နုံ့ ခံစားနေရ၏။

ဓာတ်ပုံထဲမှာပြုံးနေသည့် မကိုင်ရှ မျက်နှာလေးကို မြင်ရတော့ သူမယုံနိုင် ..၊ ဓာတ်ပုံကို လီမွှော် ကပဲ ယူလာပြတာ ဖြစ်သည်။

"ပြုံးနေတာကတော့ လူတိုင်းမှာ ငိုနေချိန်ချည်းပဲရှိမလား ခေတ်ဦးရယ် .. ပြီးတော့ ဖြစ်ခဲ့ကြတာ မနေ့တစ်နေ့ကမှ မဟုတ်တာ၊ တစ်လပြည့်တော့မယ်လေ၊ ဘာပဲဖြစ်ဖြစ် မကိုင်ရှ မတရားသိမ်းပိုက်ခံရတာဆိုရင်လည်း ခုလို တြွက်ဦးဘေး၊ ငှက်ကလေး ကောက်ယူသွားသလို အလွယ်တကူရသွားတာ ကျန်ခဲ့တဲ့သူတွေကို စော်ကားတာပဲ၊ သူ့အလိုဆန္ဒနဲ့ လိုက်သွားတယ်ဆိုရင် ပိုပြီး မေးရမှာ ..၊ ဒီကလူတွေကို သူ ဘယ်လို သဘောထားလိုက်တာလဲ"

လီမွှော် စကားတွေကလည်း မှန်နေသည်။ သူ့ရင်ထဲမှာလည်း မကိုင်ရှ ရဲ့နှလုံးသားမှန်ကို သိချင်ခဲ့၏။ မကိုင်ရှ ငါ့ကို ချစ်ခဲ့တာပဲဆိုသည့် ယုံကြည်ချက်များနှင့်တုန်းက ရှာမယ်၊ မရမက လိုက်ရှာမယ် စသဖြင့် ရည်ရွယ်ချက်တွေက ခိုင်မာခဲ့သည်။

ပြုံးနေသည့် မကိုင်ရှ မျက်နှာကိုမြင်ရတော့ ပို၍ခံစားရ၏။ ဒါကိုသိရမှ ဖြစ်မှာပါ။ ကိုကိုလေး ပြောပြသည်များကတော့ ခေတ်ဦး ရင်ထဲကို သံရည်ပူတွေ ဝင်သွားခဲ့သည်နှင့် တူ၏။

မနေ့သျှ သည် ဆရာဝန်တစ်ယောက် ဖြစ်သည်။ ပြီးတော့ ရုပ်ချော၏။ ဒါဟာ သူ့ထက် များစွာသာလွန်ခဲ့သော အရည်အချင်းများပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုမြင်နေရသော 'မြမိုးမြင့်မာန်'၏ ချမ်းသာကြွယ်ဝမှုများက သက်သေပါ။ တစ်လတာကာလအတွင်းမှာ မကိုင်း၊ စိတ်တွေ သူ့ဘက်မှာ နိုင်နိုင်မတ်မတ် ရှိပါသေးရဲ့လား ...၊ မကိုင်း၊ တကယ်သာ ဒီခြံ ဒီရဲ့တိုက်ကြီးထဲမှာ ပိတ်လှောင်ခံထားရတာ မှန်လျှင် ...

သူ့ကိုပဲချစ်နေခဲ့သော မေတ္တာစိတ်တို့ မယိုင်လဲခဲ့ဘူးဆိုတာ မှန်ခဲ့လျှင် ...

မကိုင်း၊ ပျိုပျိုအိုအို ဘယ်ဘဝမျိုးနဲ့ဖြစ်ဖြစ် သူ မရရအောင် ပြန်ယူရမည်။ မေမေနဲ့ဖေဖေ သဘောတူကြမှာမဟုတ်ဘူးဆိုတာကို သိသည်။ ခုလည်း မိဘတွေမသိအောင် သာယာ နှင့်တိုင်ပင်ပြီး ဒီခရီးကို မှသားများနှင့် ထွက်ခဲ့ခြင်းဖြစ်၏။

နောက်ကျမှ ဘာဖြစ်ဖြစ် မကိုင်း၊ကို မပါပါအောင် သူ ပြန်ခေါ်ဖို့ ဆုံးဖြတ်ခဲ့မိသည်။ ဒါ မှားလား ...၊

"ဘာတွေတွေးနေတာလဲ ခေတ်ဦး၊ ရှေ့ဆက်ဖို့ မလွယ်ဘူးဆိုပြီး နောင်တတွေရနေတာလား၊ ဒါမှမဟုတ် ဆက်လုပ်ရှားဖို့ အကြံထုတ်နေတာလား"

သာယာ က သူ့ကို ကမူစွန်းကနေ နိမ့်သည့်နေရာလေးထိ ဆွဲချလိုက်ပြီး ကပ်မေးသည်။

"နောင်တရတာ မဟုတ်ဘူး .. မကိုင်း၊ ရင်ထဲကို ငါ မြင်ချင်တာ၊ သူ ငါ့ကိုသာချစ်နေသေးတယ်ဆိုရင် သူတစ်ပါးရင်ခွင်ထဲမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ ငါ မထားနိုင်ဘူး သာယာ၊ ဒီလူနဲ့ မကိုင်း၊ ဘာမှ မပတ်သက်ခဲ့တာ ငါ သိတယ်"

"ဒါဆိုလည်း ဘာမှလုပ်မနေနဲ့၊ အထဲကို ဘယ်လိုဖောက်ဝင်မလဲ





ဆိုတာပဲ စဉ်းစား"

သာယာ ကတော့ သူ့လိုသောကများနှင့် ယောက်ယက်ခတ်နေတာမျိုး မရှိပါ။ ဩော် .. ဘယ်ရှိမလဲ၊ သူတို့က ဘေးလူတွေပဲ၊ သူ့မှာသာ မရှုနိုင်မကယ်နိုင် ...။

တိုက်ကြီးနှင့်အတူ မကိုင်း၊ ဓာတ်ပုံကို မြင်လိုက်ရသည်အထိ ဒါ ဘယ်နေရာက၊ မကိုင်း၊ ကို ဘယ်သူခေါ်သွားသလဲဆိုတာ သူတို့ အတိအကျ မသိခဲ့သေးပါ။

ကိုလင်း ကိုပဲ အကူအညီတောင်းပြီး ဒီကို အတူလာခဲ့ကြရသည်။ ဒီရောက်မှ ကိုကျို့ရွှေး ပြောပြတော့ ...

"မိန်းမခိုးရလောက်အောင် .. အင်း .. ဒီအရွယ် လူလတ်ပိုင်းဆိုတော့ မနည်း ပဲ ရှိတယ်"

ဟု စကားသံကြားလိုက်ရသည်နှင့် ထိုနာမည်သည် ခေတ်ဦး ၏ ဦးခေါင်းကို တင်းပုတ်နှင့်ထုချခံလိုက်ရသလို ထိုးနှက်သွားခဲ့သည်။

သံသယများနှင့်သာ လုံးထွေးသတ်ပုတ်နေခဲ့ရသော စိတ်ကူးထဲက မနည်း က တကယ် သေချာသွားခဲ့ပြီဆိုတာ သိခဲ့ရ၏။

စုံစမ်းကြည့်လိုက်တော့ ရန်ကုန်မြို့မှာသာမက မနည်း ရောက်သမျှ၊ နေဖူးခဲ့သမျှ နေရာတိုင်းမှာ သူ ပိုင်ဆိုင်သော တိုက်တာခြံမြေတွေက ဒုနှင့်ဒေးဟု သိခဲ့ရ၏။

ထို့ကြောင့် မနည်း ဘယ်မှာနေသည်၊ ဘယ်ရောက်နေသလဲ အတိအကျမသိနိုင်ဆိုသော အဖြေပဲ ထွက်၏။

ဒီလူ ဒီလောက်ထိ ဘာဖြစ်လို့ အကျိုးပေးထူးခဲ့တာလဲ ...။

သူ့ရဲ့စည်းစိမ်ဥစ္စာ၊ ရုပ်ရည်၊ ပညာအဆင့်အတန်း အားလုံးနှင့် မကိုင်း၊



www.burmeseclassic.com

www.burmeseclassic.com



၏ စိတ်ကို ယိမ်းယိုင်နိုင်စေမည်လား .. မကိုင်ရှ ပြောင်းလဲသွားခဲ့ပြီလား။ မဟုတ်ပါစေနဲ့ .. မကိုင်ရှ ဟာ ဒီလိုမိန်းကလေး မဟုတ်နိုင်ပါဘူး။

ရင်ထဲမှာ ရဲရင့်စွန့်စားဖို့တွေရှိသည်။ အချစ်က ပြောင်းလဲနေခဲ့မှာ တော့ စိုး၏။

မပြတ်သားခြင်းတွေလည်း ဖျတ်ခနဲ ရိပ်ခနဲ ရောထွေးပါလာခဲ့ သည်။ ဒါပေမယ့် အချစ်ကို သူ မစွန့်လွှတ်နိုင်။ ဂျာကင်အိတ်ထဲမှာ ပါလာခဲ့သည့်ဓာတ်ပုံလေးကို ထုတ်ကြည့်မိပြန်သည်။

မကိုင်ရှ ၏ မျက်နှာလေး ဘယ်လိုဝေဒနာအစွန်းအထင်းမှ ရှိမနေပါ။ ဝင်းစက်စက် သန့်စင်စွာ လှပနေဆဲ ဖြစ်၏။

"ကဲ .. မင်းတို့ ဘယ်လိုစီစဉ်ကြမလဲ"

သူတို့နှစ်ယောက်နားကို ကိုလင်း နဲ့ ကိုကိုလေး တို့ ရောက်လာ သည်။ လေးယောက်စလုံး၏အကြည့်များက 'မြမျိုးမြင့်မာန်'ဆီသို့ ပြန် ရောက်သွားကြကာ ...

"မင်းတို့လာတဲ့ ရည်ရွယ်ချက်ကို အရင်ပြောပါဦး"

ကိုကိုလေး က စကားစလိုက်သဖြင့် ကိုလင်း က ခေတ်ဦး ကို လှမ်းကြည့်၏။ ခေတ်ဦး မျက်လုံးတို့က အဝေးဆီသို့ ဟိုရောက်ဒီရောက် ဝေ့ဝဲနေသည်။ ကလောမြို့၏အလှအပများကို ခံစားနေတာမဟုတ်မှန်း သူ နားလည်လိုက်ကာ ...

"သူကတော့ သူ့ရဲ့သတို့သမီးပဲ ကိုကိုလေး ရာ .. ပေါ်တင်ကြီး အလုခံလိုက်ရတော့ ဒီတိုင်း ဘယ်နေနိုင်မလဲ"

ဟု ခေတ်ဦး ဘက်ကနေ ဖေးဖေးမမ ဝင်ပြောပေးရှာသည်။ ကိုကို လေး ကတော့ ပြုံးစလွယ် ခေါင်းညိတ်သည်လား ...၊ တကယ်တနာတာ





...း မသိပါ၊ ခပ်လေးလေး ခေါင်းညိတ်ကာ ...

"ဒါကလည်း မှန်ပါတယ်၊ ဒါပေမယ့် တစ်ခုရှိတာက လက်ထပ်ခဲ့ ...နဲ့ပဲ မဲတင်းနေလို့တော့ မရဘူးလေ၊ မင်္ဂလာပွဲလည်း မသိမ်းရသေး ...း မဟုတ်လား၊ ပြီးတော့ ပျောက်သွားခဲ့တာလည်း လနဲ့ချီနေပြီ၊ ငါက ...ယ်သူမှန်တယ် .. ဘယ်သူမှားတယ်လို့ ဝေဖန်တာ မဟုတ်ဘူးနော်၊ ...တနာနဲ့ထောက်ပြတာပါ၊ ခေတ်ဦး တို့က လက်တံရှည်တယ်၊ ဒါကို ...လို့ မရဘူး၊ မရှင်းနိုင်ဘဲနဲ့ ရှုပ်မှာမဟုတ်ဘူးလို့ ငါထင်တယ်၊ ...းကလေးရှင်ဘက်ကိုက ငြိမ်နေတော့ မင်းတို့တွေ လှုပ်ရှားနေကြတာ ... ဟာကွက်တွေရှိမနေဖို့ အထူးသတိထားရမယ်၊ ငါက ဒီမှာ အနီးကပ် ...လာခဲ့တဲ့ မြို့ခံလူဆိုတော့ မင်းတို့ထက် အများကြီး သိတယ်"

"ကိုလေး သိတာတွေကိုသာ ပြောပြပါ .. ဒါ မသမာမှုပဲ၊ ကျွန်တော် ...ဘက်မှာ အမှန်တရားရှိနေတာ ဘာကိုဂရုစိုက်ရမှာလဲ၊ မကိုင်ရှ က ...ပ်ကိုဖြူစင်တဲ့မိန်းကလေးပါ၊ ဒီလူ ဘလိုင်းကြီးဝင်လုသွားတာ"

သာယာ က ခေတ်ဦး ပြောရမှာတွေကို ဝင်ပြော၍ ခါးထောက်ရပ် ...က်၏။ ပြီးတော့ ခါးထောက်ကို ချင်ချင်းပြန်ဖြေကာ ကိုကိုလေး ကို ...ာင်းပန်သလို ကြည့်၏။

"တကယ်ပါ .. ဒီထဲ ကျွန်တော်တို့လည်း အတော့်ကို စွန့်စားထွက် ...ကြရတာ၊ ဒီတိုင်းတော့ လုံးဝ လှည့်မပြန်နိုင်ဘူး၊ မကိုင်ရှ ပျောက်သွား ...တည်းက ဒီကောင် လိမ့်ပိန့်ခံစားနေရတာကို ကျွန်တော်က အသိဆုံး၊ ...ိုယ်တိုင် မခံစားရပေမယ့် ကြည့်နေရတာလည်း ရင်နာတာပဲ"

သာယာ က ခံစားချက်တွေကို ရင်ဖွင့်နေ၏။

"သူ မတရားချုပ်နှောင်ခံထားရတာဆိုရင်လည်း ဒါကို ငြိမ်ခံနေလို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး၊ သူတို့ ဘယ်လောက်ပဲလက်တံရှည်ရှည် အမှန်တရားက အမှန်တရားပဲ၊ ဒါမှမဟုတ်လို့ မကိုင်ရှ ကပျော်မွေ့နေပြီဆိုရင်တော့ ပြဿနာတွေကို ထားခဲ့လိုက်တော့မယ်၊ ဒါပေမယ့် ကျန်ခဲ့ရတဲ့သူတွေ ဘယ်လောက်ထိခံစားခဲ့ရသလဲဆိုတာတော့ သင်းကို သိစေရမယ် .. ပြောမယ်၊ ဒါ မဖြေရှင်းနိုင်ဘဲ ကျွန်တော်တို့ မပြန်ချင်ဘူး ကိုလေး"

ကိုကိုလေး.က သက်ပြင်းချသည်။ မြေပြင်ထက်မှာ ဒီတိုင်းပဲ ထိုင်ချလိုက်ကာ ပွယောင်းယောင်းဆံပင်တွေကို တစ်ချက်သပ်၏။

"အင်း .. လွယ်တော့မလွယ်ဘူးကွ၊ မင်းတို့က သူတို့ရဲ့ဧည့်သည်တွေ မဟုတ်တော့ ခွေးတိုးပေါက်က ဝင်ရမှာပဲ၊ စကားထဲမှာသာ ရှိတာ ဒီခြံကျယ်ကြီးထဲဝင်ဖို့က ခွေးတိုးပေါက် တကယ်မရှိတာ သေချာတယ်"

ကိုလင်း ကတော့ သူ ကူညီနိုင်တဲ့အထိ ပို့ဆောင်ထားခဲ့ပြီမို့ စကား သိပ်မပြောတော့ပါ။ ဘေးမှာရပ်လျက် ပြောသမျှကိုပဲ နားထောင်နေခဲ့၏။

ခေတ်ဦး က ရပ်နေရာမှ ဖဝါးချင်းပွတ်နေသည်။ ပြီးတော့ ကိုလေး ဘက်ကို လှည့်၍ ...

"ကျွန်တော်တို့ ဒီကနေ အဲဒီခြံရဲ့ပတ်ဝန်းကျင်အစပ်ကို ဆင်းကြည့်လို့ မရဘူးလား"

ထိုင်နေသည့် ကိုကိုလေး က မျက်နှာမော့ကြည့်၏။ ကြည့်နေရင်း ခေါင်းညိတ်ကာ ...

"ရတော့ရတာပေါ့၊ ဘာမှမထူးလို့ ပြောနေတာ၊ မျက်နှာစာနှစ်ဖက်ပဲ ကြည့်လို့ရမယ်၊ ခြေရင်းဘက်က တောင်စောင်း ဆင်ခြေလျှောကျတော့ သွားလို့မကောင်းဘူး၊ ပြီးတော့ အဲဒီမှာ ရေလွှတ်မြောင်း .. အဲ..."

စကားသည် တစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။ ကိုကိုလေး မျက်မှောင်





ကြုတ်သွားပြီး 'ဟာခနဲ' ထရပ်လိုက်သည်။

"သတိရပြီကွ .."

"ဘာလဲ .. ဝင်လို့ရတဲ့ နေရာလား"

ခေတ်ဦး ပျာပျာသလဲ အနားရောက်သွား၏။ ကိုကိုလေး က ခေတ်ဦး ပခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီး စိုက်ကြည့်၏။

ဆံပင်တိုတို သေသေသပ်သပ်နှင့် ခေတ်ဦး ၏ ရှည်မွှန်ချောမောနေသောပုံစံကို ကြည့်၍ ပြုံးလိုက်ကာ ...

"မင်း ဖြစ်ပါ့မလားတော့ မသိဘူး၊ ဝင်ဖို့က သိပ်တော့မလွယ်ဘူး"

"ပြောမှာသာ ပြော.. မကိုင်ရှ နဲ့တွေ့ခွင့်ရမယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် စွန့်စားဖို့ ဆုံးဖြတ်ပြီးသား"

"ကံမကောင်းရင် မင်း ထောင်ထဲလည်း ရောက်နိုင်တယ်၊ တို့တွေလည်း ကြံရာပါဖြစ်ဖို့ ရှိတယ်"

"ဒါ မဆိုင်ပါဘူး .. ခိုးတာက သူတို့ပါ၊ ဖုံးကွယ်ထားတာကို ဖော်ထုတ်ဖို့ဟာ ဖြစ်သလိုလှုပ်ရှားရမှာပဲ၊ ဖြစ်လာရင်လည်း ဘယ်သူ့မှ မပါစေရဘူး၊ အဲဒါ မပူပါနဲ့ ဘယ်လိုသွားရမလဲဆိုတာသာ ပြောပါ"

နည်းရှိလာပြီဆိုတော့ သာယာ လည်း တက်ကြွလာသည်။ ကိုလင်း ရှေ့တိုးလာကာ ...

"ကိုလေး ပြောမှာသာ ပြောလိုက်ပါ၊ ခေတ်ဦး ပြောသလို ဒါ ကိုယ့်ဘက်က ဂရုစိုက်ရမယ့်ကိစ္စမှ မဟုတ်တာ၊ ဒီလိုလူမျိုးတွေက အကြီးအကျယ်ပြဿနာထလုပ်မယ်လို့လည်း ကျွန်တော် မထင်ဘူး၊ ရှင်းဖို့ဖြစ်လာရင်တောင် မကိုင်ရှ နဲ့ပဲ ရှင်းရမှာ"

"အေးပါ ပြောမှာပါ .. ငါက ပြဿနာထဲကို ပါမှာစိုးလို့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ တကယ် အထဲဝင်ရမယ့်လူအတွက် စိတ်ပူလို့ပြောတာ၊ အဲဒီခြံကြီးမှာ ထောင့်သုံးထောင့်လုံးမှာ တံခါးတွေရှိတယ်၊ ဒါပေမယ့် ဘယ်တော့မှ ဖွင့်တာမရှိဘူး၊ အဖေ ဆုံးပြီး ငါက ကလေးကချေလိုသွားလာနေတော့ ဒီနားမှာ ငါ့ခြေရာတွေချည်းပါပဲ"

ကိုကိုလေး အိမ်လေးက ခုလည်း တခမ်းတနား မရှိပါ။ မြမျိုးမြင့်မာန် စံအိမ်ကြီးက တောင့်နှစ်လုံးနှင့် မြေပြန့်ပြန့်ကြားမှာ အမိုးသဟဲနှင့် ကျယ်ပြန့်မြင့်မားစွာ တည်ရှိနေတာဖြစ်ပြီး ကိုကိုလေး ၏သစ်လုံးအိမ်ကလေးကတော့ ဘယ်ကကြည့်ကြည့် မမြင်ရပေ။

မြမျိုးမြင့်မာန်၏ အထက်စီးနေရာမှာရှိနေတာကိုလည်း တော်ရုံလူ မသိနိုင်ပါ။ ဟိုတုန်းကတည်းက ငှက်ပစ်၊ ယုန်ထောင်နှင့် ဖြစ်သလို နေလာခဲ့သော ကိုကိုလေး မှာ ဇနီးမယားလည်း မရှိ၊ ဟန်တွေပန်တွေနှင့် ဘာပကာသနမှုလည်း မရှိပေ။

'မိန်းမ ဘယ်လိုလုပ်ယူမလဲကွ၊ ငါ့တစ်ယောက်တည်းတောင်မှ မတ်တတ်အိပ်ရတာ' ဟု ပြောပြီး ရယ်သေးသည်။

ဒါပေမယ့် ကိုလင်းနောင် တို့နှင့် ဆွေမျိုးနီးစပ်တော်နေသေးသည် ဟု ဆို၏။ ကိုကိုလေး က ရှေ့တိုးရပ်လိုက်ပြီး ခေတ်ဦး လက်ကိုလည်း ဆွဲထားကာ ...

"ဟိုးမှာမြင်ရတဲ့ အနောက်စွန်းမှာ ကျွန်းပင်နှစ်ပင် တွေ့လား၊ ခြံကြီးရဲ့နောက်မှာ .."

"တွေ့ပြီ"

သာယာ တို့ပါ ရှေ့တိုးလိုက်ကြည့်ကြ၏။

"အဲဒီမှာ ရေလွှတ်မြောင်းကြီး ရှိတယ်၊ အထဲမှာ ရေတံခွန်နဲ့ရေကန်တွေကော တစ်အိမ်လုံးကရေတွေကို အဲဒီမြောင်းကြီးကနေ ထုတ်တာတွေ့တယ်၊ ဘယ်အချိန်မှာ ဘယ်နှစ်ကြိမ်ထုတ်သလဲတော့ ငါ မသိဘူးကွ၊ ရေတစ်ခါထုတ်နေရင် တော်တော်ကြာတယ်၊ ပြီးတော့ မြောင်းထဲကို ကျောက်တံခါးကြီးနဲ့ ပိတ်ရတာဆိုတော့ ရေလွှတ်ပြီးတာတောင် အလွယ်တကူ ပြန်ပိတ်လို့မရတော့ ကြာတာပေါ့၊ အဲဒီအချိန်မှာ မင်း ဝင်လို့ ရမယ်"

"ရေလွှတ်နေတော့ အနားမှာ လူမရှိဘူးလား"

သာယာ က ဝင်မေးသည်။ ကိုကိုလေး က ခေါင်းခါပြ၍ ...

"ရှိဖို့မှ မလိုတာ၊ ရေလွှတ်နေတုန်းမှာ ကျတဲ့ရေလုံးအားက နည်းတာမှတ်လို့ ..၊ ဘယ်သူမှ ဝင်လို့မရဘူး"

"ဒါဆို ကျွန်တော်ကကော .."

"မင်း ဝင်လို့ရအောင် ငါ ကူညီနိုင်ပါတယ်၊ ဟဲ .. ဟဲ .. ငါက သူခိုးဂျပိုးတော့ မဟုတ်ဘူး၊ ဒါပေမယ့် လူကောင်းမဟုတ်တာလည်း သေချာတယ်ကွ၊ ဘာဖြစ်လို့လဲ သိလား .. မြမျိုးမြင့်မာန်အိမ်ကြီး ဘယ်လောက်ချမ်းသာသလဲဆိုတာကို ငါ အချိန်တိုင်း တွေးနေမိလို့လေ"

ပြောရင်းရယ်ရင်းနှင့် ကိုလေးက သူ့စိတ်ကူးတွေကို ထည့်လာ၏။

"လူလူချင်းတူပြီး ဘဝတွေ ဘာဖြစ်လို့ ဒီလောက်ကွာခြားနေရတာလဲဆိုတာ တွေးမိတာပေါ့၊ ချမ်းသာတာ ဆင်းရဲတာက ရှိကြတာပါပဲ၊ ဒါပေမယ့် သူတို့ချမ်းသာနေပုံက ကြောက်စရာကောင်းအောင်ပဲကွ"

"ဘာဖြစ်လို့လဲ .."

"ထမင်းစားတာတောင် ရွှေဇွန်း .. ရွှေခက်ရင်းနဲ့တဲ့၊ ငါ ကြားဖူးတာကို ပြောတာ .. ဒါ ဖြစ်နိုင်တယ်ကွ၊ ငါ အထဲထိမရောက်ဖူးပေမယ့်







www.burmeseclassic.com

www.burmeseclassic.com



ဟောဒီနားက အများသူငါထက်တော့ သာတယ်လေ၊ မနေ့သျှ ကို လိုက်ရှိ ရင်း ပေါ်တီကိုအောက်ထိ ငါ ရောက်ဖူးတယ်၊ အိမ်ကြီးပေါ်မှာ တကယ့် နန်းတော်ကြီးလိုပဲ၊ စံအိမ်ကို နေရာယူထားတာကိုက နေရာခိုင်တယ် ကျယ်တယ်၊ လူနေအိမ်ခြေတွေနဲ့ လှမ်းတယ်၊ ရှုခင်းရှုကွက်တွေ ဘာမှ ပြောစရာမရှိဘူး၊ အဲဒီလိုချမ်းသာနေကြတာ စဉ်းစားစရာ မကောင်းဘူး လား"

"ဘာလဲ .. ကိုလေးက ဝင်ပြီး ဓားပြတိုက်မလို့လား"

ဆွေမျိုးနီးစပ်ချင်းမို့ ကိုလင်း က ဝင်နောက်သည်။ ကိုကိုလေး က စိတ်ဆိုးပုံမပြဘဲ ရယ်မောရင်း ခေါင်းညိတ်၍ ...

"ဓားပြတော့ မတိုက်ချင်ပါဘူး၊ ပြောပြီးပါပကော .. သူခိုးဂျိုး တော့ မဟုတ်ပါဘူးဆိုမှ ...၊ စိတ်ဝင်စားတာသက်သက်နဲ့ပါ၊ ဒီခြံကြီးထဲ ကို တကယ်လို့ ခိုးဝှက်မယ်ဆို ဘယ်လိုဝင်မလဲ၊ ဝင်လို့ရရင် ဘယ်လို ပြန်ထွက်နိုင်မလဲ ဒါကို တွေးကြည့်တာ"

ကိုကိုလေး မျက်နှာမှာ အပြုံးအရယ်များအစား လေးနက်မှုတွေ ပြန်လည် အစားထိုးရောက်ရှိလာကာ ...

"ဘယ်လောက်တော်တဲ့ တိုက်စစ်သမားဖြစ်ဖြစ် သူ့မှာ ဟာကွက် တော့ ရှိနေတာပါပဲ၊ မင်း မပူနဲ့ .. ဒီထဲကိုဝင်ဖို့ ငါ ကူညီမယ်၊ ပြန်ထွက်ဖို့ အထိပေါ့၊ ဒါပေမယ့် ဒီရေလွှတ်ပေါက် မပိတ်ခင် မင်း လှုပ်ရှားမှုဖြစ် မယ်၊ နောက်အန္တရာယ်တစ်ခုက ပြောသလိုမလုပ်နိုင်ရင် ရေဆင်းသွား တဲ့တောင်စောင်းဘက်ကို လိမ့်ကျနိုင်သေးတယ်"

"ကျွန်တော် ဝင်မယ်"

သာယာ က ရုတ်တရက် ဝင်ပြောလိုက်ပြီး ခေတ်ဦး ကို ငုံ့ကြည့်





၍ ...

"မင်း မဝင်နဲ့ ခေတ်ဦး .. ငါ ဝင်မယ်၊ နှစ်ယောက် ဘယ်လိုမှ ဝင်လို့ရမှာ မဟုတ်ဘူး၊ အဲဒီတော့ ငါ ဝင်မယ်"

"ဘာဖြစ်လို့ ဝင်ရမှာလဲ"

"အန္တရာယ်ရှိတယ်ဆိုရင် မင်းက ငါ့ထက်ပျော့တဲ့ကောင်၊ ငါပဲ ဝင်မယ်"

"ဘာ ပျော့တဲ့ကောင်လဲ"

"မင်းက အသန့်အပြန့်ကြိုက်တဲ့သူ၊ ငါက မင်းထက်စာရင် ကြံ့ ခိုင်လို ကျသလို လုပ်ပစ်တတ်တာဆိုတော့ အညစ်အကြေး အနံ့အစော် တွေထဲက တိုးဝင်ရမှာ ငါပဲ ဝင်မယ်"

သာယာ သူ့အပေါ် ညှာတာပေးလိုက်တာကို ခေတ်ဦး နားလည်ပါ သည်။ ဒါပေမယ့် ဖြစ်မလား ...၊ မကိုင်း နဲ့တွေ့ပြီး သူကိုယ်တိုင် မကိုင်း မျက်နှာလေးကို မြင်ချင်နေသည်။

နောက်ဆုံး မချိတရိ ခေါင်းငုံ့ပြန်ခဲ့ပါရစေ .. မကိုင်း ဘာပြောမလဲ ဆိုတာကို ကြားပြီးမှ ပြန်မည်။

သူမမျက်နှာလေးကို ငေးနေပြီး နာရီမိနစ် တစ်စုံတစ်ရာထဲမှာ မျော ငွင့်နေချင်သေး၏။

"မင်း ညှာတာကို ငါ နားလည်တယ် သာယာ၊ ဒါပေမယ့် ငါ့ကိစ္စ.."

"ဟုတ်တယ် .. ငါ့ညီ ဝင်လို့မဖြစ်ဘူး၊ ဒါက ကာယကံရှင်ချင်း တွေ့ရမှာ"

ညီအစ်ကိုနှစ်ယောက် အကြည့်ချင်းဆုံမိကြသည်။ သူတို့ကို ကိုလင်း က ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် အခြေအနေကိုကြည့်ပြီး ရေလွှတ်ပေါက်ဖွင့်မယ့်အချိန် စောင့်ရဦးမှာဆိုတော့ ကိုခေတ်ဦး တို့ နေခဲ့လေ၊ ဒီမှာ ဘာမှအားနာစရာ မရှိဘူး၊ ကျွန်တော် ရောက်လာတိုင်း ဒီမှာနေပြီး သွားလာလည်ပတ်ပြီး ပြန်တာ၊ တခြားလူပိုလည်း ရှိမှမရှိတာ၊ ကျွန်တော် ဒီနေ့ပဲ ပြန်ဆင်း တော့မယ်"

"ဟုတ်ကဲ့"

ခေတ်ဦး က ခေါင်းညိတ်ပြီး ကျေးဇူးတင်စကား ပြောသည်။ မရ နီးကြဘဲ ကူညီခဲ့တာမို့ ကျေးဇူးတင်ပါသည်။ နောက်ထပ် ဘယ်လော ကြာကြာစောင့်ရဦးမည် မသိသည်မို့ မတားသင့်ပေ။

ပြီးတော့ သူ့မှာ ခရီးရောက်မဆိုက်ကြီး ထိုကိစ္စကြောင့် ချက်ချ ပြန်လာခဲ့ရတာ ဖြစ်သည်။ လီမွှော် လည်း တိုက်တွန်း ကူညီရှာပါ

အိမ်ထောင်ကျခဲ့တာကော ဘာကြာသေးလို့လဲ၊ သူ့မိန်းမဆီ သူ ပြ ချင်ပေမည်။ ကျေးဇူးတင်တာတွေ၊ နှုတ်ဆက်တာတွေ ပြောနေရ ခေတ်ဦး မျက်လုံးတို့က မြမျိုးမြင့်မာန်ဆီ ရောက်ရောက်သွားတတ်

ဒီထဲမှာ မကိုငှ ရှိနေမှန်းသိလျက်နှင့် ဝင်လို့မရ။ ဖြစ်နိုင်လျှင် ဘာ ဖြစ် ပြေးတွေ့လိုက်ချင်သည်။ မကိုငှ ဖြစ်နေတာတွေကို မြင်ချင် ပြောတာတွေကို ကြားချင်သည်။

သို့သော် …၊





## အခန်း(၃၉)

ခုတစ်လော တစ်ခုခု ပြောင်းလဲနေတာကတော့ သေချာပါသည်။ ဒါပေမယ့် ဘာလဲဆိုတာကို ခန့်မှန်းလို့ မရပေ …။

ကြီးတော်က ခေါ်တွေ့သည်ဆိုသည့်နောက်ပိုင်း စနေသျှံ မျက်နှာသည် ပြုံးရယ်နေခြင်း သိပ်မရှိခဲ့ဘဲ မျက်မှောင်ကုတ်နေတတ်၏။ တစ်ခါတစ်ရံ တစ်ယောက်တည်း တစ်နေရာမှာ လက်ပိုက်ရပ်လျက် မှောင်းနေတာလည်း ရှိသည်။

ညဘက်မှာ မကိုငှ လဲ့နေကာမှ ဝင်လာပြီး မျက်နှာရှေ့ အကြာကြီး မတ်တတ်ရပ်နေတာကိုလည်း သိနေသည်။

ပြီးတော့ ပြန်ထွက်သွားလိုက်တာ မနေ့ညက တစ်ညလုံး သူ ပြန်ဝင်မလာခဲ့ပါ။ ခပ်ခွာခွာနေတာကို မကိုငှ ပို၍ပင် သဘောကျပါသေးသည်။

သို့သော် ထူးဆန်းနေတာကိုတော့ သတိထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားချိန်မှာ လူစုံတတ်ပေမယ့် ကျန်သည့်အချိန်များမှာ ကြီးတော်ကိုလည်း သိပ်မတွေ့ပေ။

"မမလေး ဘာများ ခိုင်းစရာရှိပါသေးလဲရှင်"

"သခင်မလေး လိုအပ်တာရှိရင် ခိုင်းပါ"

မိန်းကလေးတွေ မကိုင်ရွှ နားမှာ မပြတ်မလပ်ရှိနေပေမယ့် ကြီးတော် ဟိုတုန်းကလို ခဏခဏဝင်လာပြီး ဟိုခေါ်သွား၊ ဒီခေါ်သွား လုပ်တာမျိုး မရှိ ..။

စာအုပ်ထူကြီးတွေ ဖတ်နိုင်းပြီး ဆုံးမဩဝါဒတွေလည်း လာမပေး တော့ပေ။ ဘာဖြစ်ကုန်တာလဲ ..၊ သူတို့ဖြစ်စေချင်ကြသလို မနည့်ဲ နဲ့ သူမ တကယ့်အကြင်လင်မယား မဖြစ်ခဲ့ကြတာကို သိကုန်ကြလို့ စိတ် ဆိုးတာလား ..၊

ဒါမှမဟုတ် ဘိုးဘိုးတို့ဘက်က ဟစ်စုံတစ်ရာ ကြေညာလိုက်တာ လို့ ပျာယာခတ်နေကြသည်လား ..။

ဒါ ဟုတ်ခဲ့လျှင်တောင် မနည့်ဲ က ဒီလိုအဖြစ်မျိုးလောက်ကို ခုလို မျက်စိမျက်နှာပျက်လောက်အောင် တုန်လှုပ်ခံစားနေမည့်သူ မဟုတ်တာ သေချာသည်။

သူမအတွက်ကတော့ သူတို့ ဘာဖြစ်နေနေ ဂရုမစိုက်ဖို့ ဆုံးဖြတ် ထားသည်။ လူကြီးတွေက ဘဝချင်း ပေါင်းစပ်စေချင်သည်။ ကျူဖြစ်သည့် သူက အချစ်ကိုတောင်း၏။ ဘဝကိုလည်း မကြည်ဖြူသလို အချစ်ကို လည်း သူမ မပေးနိုင်ပါ ..။

ဒါ ကိုယ့်ဘက်က အမှားရှိနေလို့လား ..၊ မှားတယ်ဆိုရင်တောင် ဒီအမှားကိုပဲ ဖက်တွယ်နေဖို့ သူမ ဆုံးဖြတ်ပြီးသား။





"မကိုင်ရွှ .."

သူ့အကြောင်းတွေးနေတုန်း နောက်မှာ သူ ရောက်လာခဲ့၏။ ဒဏ္ဍာရီ ထဲက မင်းသားတစ်ပါးလို အနီရဲရဲစပို့ရှပ်နှင့် ဆောင်းဘီအနက်ကို ဝတ် ထားသော မနည့်ဲ မျက်နှာက ဖြူဝင်းနေရုံမကဘဲ ဖွေးဆွတ်ဆွတ် ဖြစ်နေ သည်။

လူတခြား စိတ်တခြားဖြစ်နေသလို ခံစားချက်မဲ့သောမျက်နှာပြင်က တဖြူးဖြူးတိုက်ခတ်နေသည့် မိုးသက်လေကြောင့် ဆံပင်တချို့ ဖြာဆင်း လျက် စိတ္တဇဆန်သည်။

နံဘေးမှာ ထိုတ်ဆွိတ်စွာလျှောက်ပါလာရင်း သူ့ပုံစံက အိပ်မက်ထဲ မှာ မျောလွင့်နေသလိုပင် ..။

"ခဏ .."

မကိုင်ရွှ လက်ကို ဖျတ်ခနဲ ဖမ်းဆုပ်ကာ ချက်ချင်းရပ်ပစ်လိုက်တော့ လည်း သူပဲ ဖြစ်၏။

"မကိုင်ရွှ ခုတစ်လော ကိုယ်တို့အားလုံး ပြောင်းလဲနေတယ်လို့ မင်း တွေးမိနေတယ် မဟုတ်လား"

"ဒါက မဆန်းပါဘူး၊ မကိုင်ရွှ လည်း နေချင်သလိုနေတာပဲ၊ သူများ ဘယ်လိုပဲနေနေ စိတ်ဝင်စားဖို့မှ မလိုတာ"

မနည့်ဲ က မကိုင်ရွှ မျက်နှာလေးကို ငေးကြည့်ရင်း ခေါင်းညိတ်၏။

"ဟုတ်ပါတယ် .. ဒါပေမယ့် ပြောင်းလဲနေတာ မင်းနဲ့ ဘာမှမဆိုင် ဘူးဆိုတာတော့ ပြောပြချင်တယ်၊ ကိုယ်တို့ရဲ့အိမ်တွင်းရေးတစ်ခု ရှုပ် ထွေးနေတယ်ကွာ .. အဲဒီကိစ္စနဲ့ပဲ မနက်ဖြန် ကိုယ် ရန်ကုန်ဆင်းရဦးမယ်"

မကိုင်ရွှ အံ့သြသွားကာ သူ့ကို မော့ကြည့်လိုက်မိ၏။ သူ ရန်ကုန်ကို



www.burmeseclassic.com

www.burmeseclassic.com



မသွားမလာဖို့အတွက်နှင့် ကြီးတော်တို့ အကြိတ်အနယ် တားဆီးပိတ်
နေခဲ့ကြတာ သူမ အသိ ..။

ဘာကိစ္စတွေဖြစ်လို့လဲဆိုတာ သိချင်လာမိ၏။ သူတို့အိမ်တွင်း
ဆိုတာကို မယုံတော့ပါ။ ဒါ မကိုဋ္ဌ နဲ့ပတ်သက်သည့် ကိစ္စတစ်ခုခုလာ

"မနသ္သျံ .. ရှင် ရန်ကုန်ကိုဆင်းဖို့ဖြစ်လာတာ မကိုဋ္ဌ နဲ့ပတ်သက်
တယ်မဟုတ်လားဟင်၊ ဘိုးဘိုးတို့နဲ့ ရှင်းလင်းရဖို့ဖြစ်နေရင် မကိုဋ္ဌ လို
ပါရစေ"

မနသ္သျံ က ဘာမှမပြောဘဲ စူးစိုက်ကြည့်၏။ အတန်ကြာမှ ...

"လိုက်ပါရစေဆိုတာက ထွက်ပေါက်ရှာချင်တာလား၊ ကိုယ့်ဘာ
က ရပ်တည်ဖို့လား"

မျက်လုံးချင်းဆုံသွားမိကာ မကိုဋ္ဌ နှုတ်ခမ်းလေးကို တင်းခနဲ စေ့
လိုက်၏။ ပြီးမှ ...

"ဒါ မကိုဋ္ဌ အတွက် အရေးကြီးတဲ့ဆုံးဖြတ်ချက်ပဲ၊ ခန့်မှန်းပြော
မရဘူး၊ ရှင်ပဲ ပြောတန်းကတော့ ရှင့်အတွက် ရှင်ပဲ သူရဲကောင်း၊ ရှ
ကိုယ်ရှင်ပဲ အားကိုးတယ်ဆို .."

"အချစ်အတွက် ပိုင်ဆိုင်ဖို့ကျတော့ ကိုယ်ကချည်းပဲ ချစ်နေလို့
မရဘဲ၊ မင်းနဲ့ကိုယ့်ရဲ့ဘဝအတွက် မင်းနဲ့ကိုယ် ဆုံးဖြတ်ရမှာ မဟုတ်ဘူး
လား .."

မကိုဋ္ဌ မျက်နှာလေးကို မော့ထားလိုက်ကာ ...

"မကိုဋ္ဌ ရဲ့ဆုံးဖြတ်ချက် ဖြစ်လာရင်လည်း ရှင် စိတ်ချမ်းသာမှာ
မဟုတ်ဘူး"

သူ အကြာကြီး ငြိမ်သက်သွား၏။ မိုးသက်လေက ကြမ်းရမ်းလာ





ည်။ မိုးဖွဲလေးတွေလည်း ခိုးချောင်ခိုးဝှက် ပါလာကြလေသည်။

သူ ဘာလုပ်နေသလဲ၊ ဘေးချင်းယှဉ်ရပ်လျက်နေသည့် သူ့မျက်နှာ
ကို လှည့်ကြည့်လိုက်ချင်၏။ သူ့အတွက် ဘာဖြစ်ဖြစ် နူးညံ့စေခြင်းဖြင့်
တုံ့ပြန်ဖို့ ဆုံးဖြတ်ထားခဲ့ပါသည်။

ဘာမေးမေး စိမ်းစိမ်းကားကား ပြန်ပြောလိုက်ဖို့လည်း ဝန်မလေးခဲ့
ါ။ ဒါပေမယ့် ပြောလိုက်ပြီးသည့်အခါတိုင်းမှာ သူ့ဘက်က ခံစားချက်
ကို လှမ်းမြင်ချင်သည့်စိတ်တွေ ဖြစ်လာခဲ့တာ ဘာကြောင့်မှန်း မသိ..။

သူ ဘယ်လိုဖြစ်သွားသလဲ ..၊ နာကျင်နေခဲ့သလား ..၊ ဂရုမစိုက်ဗွာ
မှာင်ရယ်နေသလား .. မျက်နှာထက်မှာ ထိမထင်မဲ့ပြုံးကိုမြင်ရလျှင်
ဆိုမဲ့ပြုံးကို မကိုဋ္ဌ မုန်းသည်။ စိတ်နာမိ၏။

ဆွေးမြည့်ကြေကွဲသွားတာ မြင်တော့လည်း ကိုယ်ပြောလိုက်သည့်
စကားအပေါ်မှာ ကျေနပ်အားရသည့်စိတ်တွေ ထင်သလောက်မဖြစ်ခဲ့ဘဲ
တွေဝေခဲ့ရပြန်သည်။

ငါဟာ မဖြစ်သင့်တာကို ပြန်ငဲ့ကြည့်ပြီး အားလုံး လိုက်လျောနေကြ
တဲ့အပေါ်မှာ အခွင့်အရေးယူသလို ဖြစ်နေသလား ..။

တစ်ခါတလေ တွေးမိပြီး ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိတာလည်း
ရှိသည်။ စိတ်တို့ဟာ ခါးသီးမုန်းတီးနေသည့်အဖြစ်မှ တွေဝေတတ်ခဲ့တာ
တော့ အမှန်ပဲဖြစ်၏။

မိုးကိုကြောက်တတ်သော မနသ္သျံ သည် မိုးဖွဲတွေကျနေတာကို မေ့
နေတာလား .. ဂရုမစိုက်တာလား မသိ။

မိုးမိတိုင်း သူ ဖျားသည်တဲ့။ ကြီးတော်ကလည်း ဒါကို ဂရုစိုက်
သည်။ သူကိုယ်တိုင်လည်း ပြောဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးကိုတော့ မကြောက်လို့ မဖြစ်ဘူး၊ သူရိုက်ရင် ပိုနာတယ်ကွ ဘယ်လောက်ခေါင်းမာမာ ဖျားပြီဆို အိပ်ရာထဲ ရောက်ရတာပဲ၊ အဲဒါကို ကိုယ် အမုန်းဆုံးပဲ"ဟု မိုးစက်တွေကျလို့ အိမ်ပေါ် အတူပြေးတက်ခဲ့ကြ တုန်းက နေသျှံ ပြောခဲ့သည်။

ခုတော့ မိုးဖွဲတွေကျနေပေမယ့် သူ မကိုင်ရှ ဘေးမှာ တောင့်မတ်စွာ ရပ်နေဆဲ...။

"မင်း ဘာပဲပြောနေနေ မင်းအပေါ် ကိုယ်ချစ်နေတာက လျော့ သွားမှာမဟုတ်ဘူး မကိုင်ရှ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကို ဘယ်လိုနည်း နဲ့မှ ရင်းနှီးကြိုးစားခဲ့တာ မရှိဘဲ ကိုယ့်ဘဝထဲကို အစိမ်းသက်သက်ကြီး ကိုယ် ဆွဲသွင်းခဲ့တာ၊ ဒီအဖြစ်တစ်ခုတည်းနဲ့ မင်း မုန်းနေတာကို ကိုယ် ခံနိုင်တယ်၊ မင်း မချစ်တာကို ခွင့်လွှတ်နိုင်တယ်၊ ကိုယ်မေးတာက မင်းဆီကအဖြေကို မျှော်လင့်တကြီးနဲ့ မဟုတ်ဘူး၊ အခု မင်း ကိုယ့်ကို ခွဲထွက်သွားမှာပဲလို့ ပြတ်ပြတ်တောက်တောက် မပြောခဲ့တဲ့အတွက် ကိုယ် ကျေနပ်ပါတယ်"

"နေသျှံ မိုးဖွားတွေကျနေတာ ရှင် သတိရရဲ့လား"

သူ့ကို စိတ်မရှည်သလိုပြော၍ မကိုင်ရှ နေရာမှ လှည့်ထွက်လိုက်၏။ သူက လက်ကိုဖမ်းဆွဲထားလိုက်ပြီး ...

"ပြောချင်တာတွေ ပျောက်ရှကုန်မှာစိုးလို့ ခဏနေပေးပါဦး"

မကိုင်ရှ အတွက် မဟုတ်ဘူး၊ ရှင့်ကြောင့်လို့ ပြောမထွက်ခဲ့ပါ။ တော် ကြာ ကြီးတော် ပျာယီပျာယာရောက်လာမှာပဲ ဆိုတာကိုလည်း သိပြီး သား ...။

နေသျှံ က မကိုင်ရှ လက်တစ်ဖက်ကို ဒီတိုင်းဆွဲထားလျက်နှင့် ခြံထဲ





ကိုကို ဆက်လျှောက်၏။ မိုးရွာတာကို နှစ်သက်မြတ်နိုးစွာ လမ်း လျှောက်နေကြသလို ဒီလူ စိတ်ကူးယဉ်ပြီး လျှောက်နေသည်လား မသိပါ။

"မကိုင်ရှ .. မင်း ကီးကီး ကိုတော့ ချစ်တယ်လို့ ကိုယ် ထင်တယ်၊ အမှန် ဖြေစမ်းပါ"

"ခွေးတို့ ကြောင်တို့ ဆိုတာ သန့်သန့်စင်စင်နဲ့ ချစ်စရာကောင်းနေ ရင် လူတိုင်း ချစ်တာပဲ၊ ကီးကီး က ထူးထူးခြားခြား လိမ္မာနေတဲ့ဟာ ချစ်တာပေါ့"

"ခွေးကလေးကို ချစ်သလားလို့မေးတာပဲကွာ ချစ်တယ်လို့ နှစ်ခွန်း တည်း ဖြေလို့ရအောင်ပဲ"

မကိုင်ရှ ပြောတာကို နားလည်နေသလို နေသျှံ က ခပ်ဖျော့ဖျော့ပြုံး လိုက်၏။ သူ့မျက်နှာသည် ကြာလေလေ ဖျော့ကျလေဖြစ်ခဲ့ရင်း ပြိုကျလု ဆဲ တုန်ခါနေသော အဆောက်အအုံကြီးနဲ့ တူနေခဲ့၏။

"ကိုယ့်ကိုချစ်လားလို့ မင်းကို ထပ်မမေးပါဘူး"

ပြော၍ မျက်နှာပြင်ထက်သို့ စဉ်ကျလာနေသည့်မိုးစက်မှုန်များတို့ကို ခံနေတတ်သလို လက်ဝါးနှင့် ပွတ်ချပစ်လိုက်၏။

ပြီးတော့ မကိုင်ရှ ဆံပင်တွေပေါ်မှာ ရေခဲငွေ့ကလေးတွေလို တင်နေ သော မိုးစက်မှုန်များကိုလည်း တယုတယ သပ်ခါချပေး၏။

"မင်းရဲ့အချစ်ကို ကီးကီး ကတော့ ရလိုက်တာပေါ့နော်၊ ကိုယ် ကျေနပ်ပါတယ်၊ ဒီတစ်လောကလုံးမှာ မင်းကို မတွေ့ခင်အချိန်ထိ ကိုယ်နဲ့ ကိုယ့်မိဘအုပ်ထိန်းသူတွေကလွဲရင် ကိုယ်အချစ်ဆုံးက ကီးကီး ပဲ၊ မင်းရင်ခွင်ထဲမှာ သူ ရှိနေမယ်ဆိုတာသိရလို့ ဝမ်းသာတယ်၊ တကယ် ပိုသာ .."



www.burmeseclassic.com

www.burmeseclassic.com



သူ စကားစလိုက်ပြီး ခြေလှမ်းတို့က ရပ်တန့်သွား၏။

ထို့နောက် မကိုဋ္ဌ ကို လှည့်ကြည့်လိုက်ပြီး အခြေအနေနဲ့ မသ...
ဆိုင်စွာ ခြောက်ကပ်ကပ်နှင့် ရယ်ပြန်သည်။

"ကိုယ် သတင်းတစ်ခုကြားတယ် သိလား မိန်းမနဲ့ယောက်...
ကာမဆက်ဆံဖို့မလိုဘဲ သန္ဓေမျိုးဥထုတ်ပြီး ကိုယ်ဝန်လွယ်လို့ ရနေပြီ
အဟွန်း .. တိုးတက်လာတာတွေက ဝမ်းသာစရာပဲနော်"

သူက ရယ်နေပေမယ့် မကိုဋ္ဌ မျက်နှာပျက်သွားမိသည်။ မဆီမဆိုင်
ဘာတွေပြောနေတာလဲ ..။

"မင်းနဲ့ ကိုယ်နဲ့ အဲဒီလို ကလေးယူကြရင် မကောင်းဘူးလား"

"ဘာ!..."

"ဟား .. ဟား .. ရယ်စရာပြောတာပါ၊ မင်းအနား ကိုယ်ကပ်တာ
ကို မကြိုက်ဘူးလေ၊ ကြီးတော်တို့ကတော့ မျိုးဆက်ထွန်းကားရေး
မျှော်လင့်နေကြတယ်၊ အဲဒီနည်း အဆင်မပြေဘူးလား"

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ"

မကိုဋ္ဌ သူ့လက်ကိုဆောင့်ဖြုတ်ချကာ ထွက်သွားဖို့ ရုန်းမိ၏။ ...
က ဖိဆုပ်ထားလျက်နှင့် ကပ်ကပ်လေး ရှေ့တိုးရပ်သည်။

"တစ်ခါတစ်ခါ တွေးမိတယ်ကွ၊ ဝေးမှသိတဲ့ ဝေဒနာဆိုတာ
တယ်၊ ကိုယ်သာ မင်းအနားမှာ မရှိတော့ရင် မင်း ကိုယ့်ကို တမ်းတ...
မလားလို့"

"ဘာလဲ .. ရှင်က သေကြည့်ချင်လို့လား"

"ကိုယ် အဲဒီလောက် မကြောင်ပါဘူး၊ တစ်သက်လုံးမှာ စိတ်ကူ...
မယဉ်တတ်ခဲ့ဘဲနဲ့ အခု စိတ်ကူးကြည့်တော့ တကယ်ပင်ပန်းတယ်"





သူက မိုးဖွားတွေကျနေတာကိုမမြင်ဘဲ မော့ကြည့်နေသူကဲ့သို့ မျက်
နှာမော့၍ အကြာကြီး ငြိမ်သက်နေပြန်သည်။

"ကိုယ့်အတွက် တစ်သက်လုံး ကြိုတင်ပြီး မပူတတ်ခဲ့ဖူးဘူး၊
တကယ်လို့များ ငါ သေခဲ့ရင်ဆိုတာမျိုးပေါ့.."

သူ့မျက်နှာ ပြန်လှည့်လာကာ မကိုဋ္ဌ ကို စိုက်ကြည့်၏။

"ပိုင်ဆိုင်လိုခြင်းနဲ့ ရယူလိုခြင်းက မတူဘူးထင်တယ်၊ မင်းကို ကိုယ်
က ပိုင်ဆိုင်ထားနိုင်ရုံတင် ကျေနပ်နေခဲ့တာ၊ ရယူချင်တဲ့စိတ်တွေ မဟား
တရား ကိုယ့်မှာ မရှိဘူး၊ ဒါပေမယ့် မင်းအပေါ်မှာ ကိုယ်ပဲ ချုပ်ကိုင်
ပိုင်စိုးထားချင်တယ်၊ ကိုယ်ကလွဲပြီး ဘယ်သူ့လက်ထဲကိုမှ အရောက်မခံ
နိုင်ဘူး၊ ကိုယ် သေဆုံးခဲ့ရင်တောင် မင်းကို ချုပ်ကိုင်ပိုင်ဆိုင်နိုင်တဲ့ ကိုယ့်
ဘက်က တစ်စုံတစ်ရာ မင်းနားမှာ ရှိကိုရှိနေရမယ်၊ အဲဒါပဲ .. ကိုယ့်
တစ်သက်လုံးမှာ ပထမဆုံး ကြိုတင်တွေးတောပြီး ပူပင်ခဲ့ဖူးတဲ့ စိတ်
ကူး .."

"ရှင့်အတွက အဆိပ်တွေဖြစ်နေပြီ မနေ့သျှ၊ သူများကိုသေစေနိုင်တာ
မဟုတ်ဘူး၊ အဲဒီအဆိပ်တွေက ရှင့်ကိုမှာပဲ ပျံ့နှံ့နေတာ၊ ရှင့်ကိုယ်ရှင်
ဒုက္ခပေးနေတာပဲ"

"ဟုတ်တယ် .. မင်းကို ဒုက္ခပေးမိမှာစိုးလို့ ကိုယ့်ကိုယ်ကိုယ်ပဲ
ဒဏ်ခတ်လိုက်တယ်၊ ကိုယ် ဘာဖြစ်နေနေ မင်းကို ဆူးခြစ်ရာလေး
တောင် မထင်စေချင်ဘူး၊ မင်းရဲ့အပြုံးတွေ ရပ်တန့်ပြီး မျက်မှောင်ကုတ်
ပစ်လိုက်တဲ့အချိန်ဟာ ကိုယ့်အတွက် ငရဲပဲ၊ မင်းရဲ့မျက်နှာလေးက ကိုယ့်
ဘဝပါ၊ အချစ်ကြောင့် ကိုယ် ရှုံးနေပြီဆိုရင်တောင် မင်းအတွက် ...သန့်
ခံစားချက်တွေနဲ့ ကိုယ်ရှုံးတာ၊ မချစ်ဖူးခဲ့တဲ့ ငါ့နှလုံးသားဟာ တကယ့်



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ပဲ မကိုင်ရှ၊ မင်း ကိုယ့်ကို ကြောက်ရွံ့မုန်းတီးနေတာ ကိုယ်နားမလည်နိုင်ဘူး၊ အချစ်ကို ဘယ်လိုဖြားယောင်းခေါ်ဆောင်ရသလဲ၊ အဲဒါလည်း ကိုယ် မသိဘူး၊ ကိုယ်က ချစ်တတ်သလိုပဲ ချစ်ခဲ့တာ၊ မင်းအတွက် မင်း အထင်တကြီး လိုအပ်နေတာ ဘယ်လိုအချစ်မျိုးလဲ ..၊ အဲဒါလည်း ကိုယ် သိခွင့်မရှိတော့ဘူး ထင်တယ် ..''

မိုးစက်တို့က ဝါးတားတားမဟုတ်ဘဲ ပိပြင်လာသည်။ ဆံပင်တွေထဲကို တိုးဝင်ဖို့ထိ အင်အားသုံးလာကြ၏။ ခနသျှံ က မကိုင်ရှ လက်ကလေးကို တယုတယ ဆွဲဆုပ်ထားလိုက်ကာ ...

''မနက်ဖြန် ခရီးထွက်ဖို့ကို ကိုယ် ဆုံးဖြတ်ခဲ့တာ အဲဒါ မင်းနဲ့ကိုယ်ရဲ့ အနာဂတ်အတွက် ..''

မကိုင်ရှ နားမလည်နိုင်ပါ။ ခနသျှံ မျက်နှာက ကြည့်ရက်ဖွယ်မရှိတော့အောင် ပျက်ယွင်းလာခဲ့၏။ မိုးရေတို့က ဆံပင်များကြားမှ နဖူးထက်သို့ လျှောဆင်းလာကာ မျက်ခုံးထူထူများဆီမှာ အားအင်ကုန်ခန်းသွားကြ၏။

သူသည် နှုတ်ခမ်းတို့ကို ဖိကပ်ပိတ်ပစ်ရင်း မကိုင်ရှ မျက်နှာလေးကို မော့ယူကြည့်သည်။ မိုးစက်တို့ စွန်းထင်းသွားသည့်မျက်နှာနုနုကို မြတ်နိုးယုယစွာ ပွတ်သပ်ဖေးမောရင်း ဖြည်းဖြည်းလေး ငုံ့ကျလာ၏။

ဆွေးမြည့်ပြိုကွဲနေသည့် သူ့မျက်ဝန်းတွေကို ငေးကြည့်ကာ ရှောင်ဖယ်ရန်းထွက်ဖို့ မကိုင်ရှ မေ့နေ၏။

သူ့ထံမှ ထွက်သက်လေငွေ့နွေးသည် မျက်နှာချင်းဆိုင် ထိကပ်မတတ် ဖြစ်လာတော့မှ မျက်ဝန်းတို့ကို အလန့်တကြား မှိတ်ပစ်လိုက်မိ၏။





ထိုစဉ်မှာ မိုးစက်တို့က အင်အားသုံးလာကြ၏။ ကြမ်းရှသောအနမ်းတို့သည် မိုးစက်များနှင့် အရာအားလုံးကို မေ့လျော့ကျောခိုင်း၍ ကမ္ဘာသစ်တစ်ခု ဖန်ဆင်းထားခဲ့၏။

သူ့လက်တွေကို ဖယ်ချဖို့ ကြိုးစားပေမယ့် မအောင်မြင်ပါ။ ခနသျှံသည် တပ်မက်မေ့မူးစွာ နမ်းရှိုက်နေသည်နှင့်မတူဘဲ ချောက်ချား၍ စိတ္တဇဆန်နေသည်။

မကိုင်ရှ ကို ပွေ့ဖက်ထားပုံက မညှာမတာ တင်းကျပ်နေသည့်တိုင် တပ်မက်စိတ်ရိုင်းများနှင့်မဟုတ်ဘူးဆိုတာကို စိတ်က ခံစားမိနေ၏။

သူ့လက်များက သူ့ စိတ်မချသလို နည်းနည်းလေးမှ လျှော့မပေးဘဲ တစ်စတစ်စ တင်းကျပ်ခြင်းက ပိုကဲလာ၏။ သည်လက်တို့ ပြေကျသွားသည်နှင့် ပျောက်ရှပျက်စီးသွားတော့မလို ဖက်တွယ်ထားပုံက ကြောက်စရာ ကောင်း၏။

''ခနသျှံ .. ရှင် .. ရှင် ဘာဖြစ်နေတာလဲ၊ မိုးတွေသည်းနေပြီ''

''ဟုတ်တယ် .. ကိုယ်သိတယ်၊ ဒီမိုးနဲ့ ကိုယ် မသေနိုင်ဘူး၊ မင်းကို လွှတ်ပေးလိုက်ရင်သာ ကိုယ် ..''

သူက မကိုင်ရှ နဖူးလေးကို နှုတ်ခမ်းများနှင့် ဖိကပ်နမ်းကာ ပါးနှင့် ကပ်ထား၏။

''မင်းကို သိပ်ချစ်တယ်''

ထိုစဉ် နှစ်ယောက်လုံး၏ ကိုယ်ပေါ်သို့ မိုးစက်တွေ ကျဆင်းနေရာမှ တိခနဲ ပြတ်သွား၏။ ကျယ်ပြန့်လုံခြုံသောထီးကြီးတစ်ချောင်းကို မိုးပေးထားရင်း စိုင်းကြီး က မျက်နှာလွှဲထားလျက် ...

''လူလေး .. အိမ်ထဲဝင်ပါကွယ်''



www.burmeseclassic.com

www.burmeseclassic.com



စိုင်းကြီး ၏အသံတွေ တုန်ခါနေသည်။ ထိုးမိုးပေးနေရင်း အနားမှာ ခြေစုံရပ်လျက်နှင့် မနသ္သျံ မလိုက်မချင်း ရပ်စောင့်ခေါ်ဖို့လည်း ဆုံးဖြတ်ထားပုံ ပေါ်၏။

သူ့လက်တို့ အနည်းငယ်ပြေကျသွားချိန်မှာ မကိုင်ရှ လှစ်ခနဲမြင်လိုက်ရသည်က စိုင်းကြီး ၏မျက်ဝန်းမှ ကြွေဆင်းသွားသည့် မျက်ရည်တစ်စက် …။

မကိုင်ရှ 'ဟင် ..'ခနဲဖြစ်လျက် နှုတ်ခမ်းလေးတွေပွင့်ဟသွားချိန်မှာ လျှပ်ရောင်တစ်ချက်လက်ကာ …

"ဂျိမ်း .."

"အား!…"

ကျယ်လောင်သော မိုးခြိမ်းသံကြီးကြောင့် မကိုင်ရှ အလန့်တကြား ဖက်တွယ်နိုဝင်လိုက်မိသောရင်ခွင်သည် မနသ္သျံ ၏ရင်ခွင်ပဲ ဖြစ်လေသည်။ မနသ္သျံ သည် နုအိနွေးထွေးသောကိုယ်လေးကို ယုယစွာ ထွေးဖက်၍ မချိတရိ ပြုံးလိုက်မိရင်း …

"အမြဲတမ်း မင်း သတိရတဲ့ရင်ခွင် ကိုယ် ဖြစ်ပါရစေ"





## အခန်း (၄၀)

"မနသ္သျံ .. အဲဒီမှာ ရှင် ဘာလုပ်နေတာလဲ"

ပန်းတစ်ပွင့်ခူးဖို့ကို ကြိုးစားပမ်းစားကြီး အားစိုက်နေသဖြင့် မျက်စိထဲမှာ အမြင်မတော် ဖြစ်လာ၏။ လူက ကမ်းပါးအစွန်းကလေးမှာ၊ ဒီဘက်ကို အာရုံစိုက်နေတုန်း ဟိုဘက်နည်းနည်းယိမ်းယိုင်သွားတာနှင့် ကျပြီ …၊ မကိုင်ရှ လှမ်းပြောလိုက်တော့မှ မနသ္သျံ က လှည့်ကြည့်၏။

မြင်နေကျ ဂရုမစိုက်တတ်သည့်အပြုံးနှင့် ပန်းကို မေးဆတ်ပြကာ မရမက ချိုးယူလိုက်၏။ ကျောက်ကြိုကျောက်ကြားမှာ ပန်းက ဘယ်လောက်ထိ ကပ်တွယ်ပေါက်နေသည် မသိ …။

သူ အားစိုက်ရိုးနေရတာကို မြင်တာနဲ့သိသည်။ မကိုင်ရှ က အောက်ဘက်ကမော့ကြည့်နေရသဖြင့် အနီရောင်ပန်းပွင့်ကို တစ်စွန်းတစ်စပဲ မြင်ရသည်။

ထိုစဉ် မိုးရေတွေ ဝေါခနဲ သွန်ချလာ၏။ မကိုင်ရှ သူ့ထိုင်နေသည့်ပေါ်ကို ကိုယ်ကိုထိန်း၍ တက်သွားလိုက်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"မိုးတွေရွာလာပြီ၊ ရှင် မိုးမိလို့မဖြစ်ဘူး မဟုတ်လား .. အဲဒါ ဘာလုပ်နေတာလဲ"

မပြောချင်ပေမယ့် စိုးရိမ်စိတ်တွေဖြစ်လာတာကို ဒီနေရာမှာ ဟန်မဆောင်နိုင်ဘဲ ဖြစ်သွားခဲ့၏။

"မင်းကို ပန်းပေးချင်လို့ ..၊ ခဏပဲစောင့် .."

မကိုင်ရှ သူ့ဘေးကိုရောက်သွား၏။ ပန်းကို သူ ခူးယူပြီးပြီဖြစ်ကာ နေရာမှ ထရပ်လိုက်သည်။

"ဒုတ် .."

ကျောက်ခဲတစ်လုံးနှင့် ခြေထောက်တိုက်၍ ကျောက်ခဲက ဘေးကို လိမ့်ထွက်သွားကာ နေသျှံ သည် ...

"အမယ်လေး .."

သူ့ကိုယ်လုံးကြီး ဟိုဘက်ကို ပစ်စလက်ခတ် လန်ကျသွားတာ မြင်လိုက်ရကာ ...

"ဟင်!..."

မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာ၏။ ကြည့်လိုက်တော့ မျက်လုံးရှေ့မှာ စားပွဲတင်နာရီလေးက ညဉ့်တစ်နာရီတိတိကို ပြနေသည်။ မကိုင်ရှ တစ်ကိုယ်လုံးမှာ ချွေးတွေနဲ့စိုနေသည်။ သူကော .. သူ ဘယ်မှာလဲ ..။

အိပ်မက်ဆိုတာကိုသိလျှက်နှင့် ငေါက်ခနဲ ထထိုင်လိုက်မိ၏။ ပြီးတော့ သူ အိပ်ဖူးခဲ့သောဘေးကိုလည်း ကြည့်မိသည်။

သူ ဒီနေရာမှာမအိပ်ခဲ့တာ ငါးရက်ရှိပြီဖြစ်ပေမယ့် အကြာကြီး ငေးကြည့်နေမိ၏။ လည်တိုင်နှင့်နဖူးပြင်ကို တစ်ဆက်တည်း ပွတ်သပ်ပစ်လိုက်ပြီး မကိုင်ရှ မွေ့ရာပေါ်က ဆင်းလိုက်၏။





ညနေကတည်းက သူပြောခဲ့သောစကားတွေကို နားလည်ပေမယ့် ရင်ထဲမှာ ထိခိုက်ခဲ့ရသည်။ ကြမ်းရှသောအနမ်းတွေ မညှာမတာ ခြွေခဲ့သော်လည်း သူ့ခံစားချက်တွေက ရင်ထဲထိဝင်လာပြီး ပြောပြနေသည်ကို နားလည်နေခဲ့၏။ မကိုင်ရှ သူ့ကို စိတ်မဆိုးမိခဲ့ပေ။

သူ ဘာတွေဖြစ်နေခဲ့သလဲဆိုတာကို တစ်ညလုံးပဲ တွေးနေခဲ့သည်။ အမြဲတမ်း အောင်နိုင်သည့်အပြုံးနဲ့ စူးရှရဲရင့်နေတတ်သည့်မျက်ဝန်းတွေ ပြောင်းလဲပျောက်ရှနေခဲ့တာကိုလည်း သတိထားမိနေ၏။

အိပ်မက်ထဲမှာ သူ ချောက်ထဲကို ထိုးကျသွားသည်။ ချောက် ဘယ်လောက်နက်သည်ကို မမြင်ရပေမယ့် သူ ဘယ်တော့မှပြန်တက်လာတော့မှာမဟုတ်ဘူးဆိုတာကို သိနေခဲ့သည်။

ပူပြင်းလောင်မြိုက်နေခဲ့သော ရင်ထဲတွင် ခုချိန်ထိ အခိုးအငွေ့တွေ ရှိနေဆဲပင်။ မဟုတ်ဘူး .. ငါ စိတ်စွဲလို့ မက်တာပါ။

အခန်းထဲကမီးကို ပြန်မဖွင့်တော့ဘဲ မကိုင်ရှ တံခါးကို အသာလေး ဖွင့်၍ ထွက်လာခဲ့၏။ ခြေလှမ်းတို့က ဘုရားခန်းဘက် အပြင်ဧည့်ခန်းမှ စကားသံများကြောင့် နေရာမှာတင် ရပ်တန့်ပြီးသား ဖြစ်ကုန်၏။

"ကျွန်တော် ဘာမှမဖြစ်ဘူး၊ နောက်ထပ် စကားမပြောချင်တော့လို့ပါ၊ ခဏလေး ထွက်သွားပေးကြပါ"

"လူလေးရယ် .. ကိုယ်တွေ ဒီလောက်ပူနေတာကို မပြောလို့ မရလို့ပေါ့ကွယ်၊ ဒီနေရာမှာ ဝရန်တာနှစ်ဖက်က ဝင်တဲ့လေတွေ မလွတ်ဘူး၊ အောက်ထပ်က အကုန်ရောက်မယ်၊ ထပါကွယ်.. အခန်းထဲဝင်လိုက်ပါ"

"ဟုတ်တယ် ကလေးရယ် .. ဘဘတို့ကို ညှာတာပါ၊ လူလေး ခံစားနေရတာကို ဝင်ခံစားပေးလို့မရနိုင်ပေမယ့် ရင်ထဲမှာ ပိုနာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ထိ စွတ်တရွတ် မဆန်ချင်ပါနဲ့"

စိုင်းကြီး အသံက ငိုသံစွက်နေ၏။ ကြီးတော်၏ ရှိုက်သံသဲ့သဲ့ကို ကြားနေရသည်။ သူတို့ ဘာဖြစ်နေကြတာလဲ၊ ခနည်ျ ကို သူမကိုယ်တိုင် အခန်းထဲဝင်မအိပ်ဖို့ တစ်ခါမှ မပြောခဲ့ဖူးတာ သေချာပါသည်။

ပြီးတော့ ကိုယ့်ဘဝကို သူ့လက်ခုပ်ထဲကရေလို သဘောထားခဲ့ပြီး သားမှာ အချစ်ကိုပဲပေးပါလို့ တောင်းဆိုနေ၍ နောက်ဆုတ်ဆင်ခြင်နေခဲ့တာက သူပဲ ..။ ဒီအဖြစ်တွေထဲမှာ မကိုင်နု မှာ အပြစ်ရှိနေသလား ..။

နောက်ထပ် ခြေနှစ်လှမ်းထပ်တိုးလိုက်တော့ အသံတွေက ပီပြင်လာ၏။

"လူလေး .."

"ကျွန်တော် အခန်းထဲဝင်လို့ မဖြစ်ဘူး၊ သူ့ကို ကျွန်တော် မကြည့်ရဲဘူး .. တကယ် မဖြစ်နိုင်လို့ပါ၊ ဒီထက်လည်း အနိုင်မယူပါရစေနဲ့၊ အားလုံးက ကျွန်တော့်ကို ချကျွေးနေတာ အဆိပ်တွေ .."

ခနည်ျ အရက်တွေမူးနေသည်လား .. ဒါမှမဟုတ် မိုးမိပြီး ဖျားနေတာလား၊ စကားသံတို့က လေးလံလုံးထွေးလျက် ငိုသံတွေ စွက်နေသည်။

မကိုင်နု လည်ချောင်းထဲမှာ ခြောက်သွေ့လာခဲ့၏။ မျက်ဝန်းထဲတွင် စိုစိုစွတ်စွတ်ဖြစ်လာခဲ့လျက် မျက်တောင်တွေ တဖျပ်ဖျပ်ခတ်နေခဲ့မိသည်။ နောက်ထပ်တိုး၍ လျှောက်သွားခဲ့မိလျှင် မြင်ကွင်းက မျက်လုံးရှေ့မှာ မသက်သာဖွယ် ဝင်ရောက်လာခဲ့၏။

ကြီးတော်သည် မတ်တတ်ရပ်နေလျက်မှ နုတ်ခမ်းပေါ်မှာ လက်ဖဝါးတစ်ဖက်ကပ်ဖိ၍ မျက်ရည်ကျနေ၏။ စိုင်းကြီး က ဆိုဖာရှည်ကြီးဆောမှာ မုဆိုးဒူးထောက်ထိုင်ကာ မထနိုင်ပါဘူးဟု တွင်တွင်ခေါင်းခါနေ





သော ခနည်ျ ကို ချော့မော့ နားချနေ၏။

"သူ နေပါစေ.. သူ ကျွန်တော့်ကိုကြောက်နေတာ ကျွန်တော် မလိုချင်ဘူး၊ တဏှာမဆိုးဆိုပြီး ရွံရှာတဲ့အကြည့်တွေလည်း မမြင်ချင်ဘူး၊ တကယ်က မဖြစ်မှ မဖြစ်နိုင်တော့တာ"

"ဒါကလည်း ဒါပေါ့ ကလေးရယ် .. ဖြစ်နိုင်တာ မဖြစ်နိုင်တာက လူလေး စိုးရိမ်လွန်နေတာပါ၊ တကယ်တော့ သူ .."

"ခနည်ျ .."

ဒီလိုမခေါ်ပါနဲ့လို့ မှာထားပေမယ့် ဒီလိုပဲ ခေါ်လိုက်မိ၏။ ရှိုက်သံလည်း တိတ်သွားသည်။ စိုင်းကြီး စကားမဆက်နိုင်ဘဲ လှည့်ကြည့်သည်။

ဆိုဖာရှည်ကြီးပေါ်မှာ ကတ္တီပါစောင်ပါးလေး ဘစ်လွှာတည်းနှင့် ပက်လက်လှဲနေသည့် ခနည်ျ ကတော့ မျက်လုံးတွေ မှိတ်ထားဆဲဖြစ်၏။

မကိုင်နု အနားရောက်သွားတော့ စိုင်းကြီး က မတ်တတ်ရပ်လိုက်ပြီး အသာနောက်ဆုတ်ပေး၏။ မကိုင်နု က ခနည်ျ ဆောမှာ တင်ပါးလွှဲလေး ဝင်ထိုင်ကာ ...

"ရှင် အခန်းထဲမှာလိုက်အိပ်ပါ ခနည်ျ၊ မကိုင်နု ပြောနေတာ ရှင်ကြားပါတယ်နော်"

"မကိုင်နု .."

ခနည်ျ မျက်လုံးတွေပွင့်လာ၏။ သူ့မျက်လုံးတွေက နီရဲနေသည့်ပြင် နှုတ်ခမ်းလွှာတို့သည် အဝတ်စနီတစ်စလို အရောင်ရင့်နေ၏။

မကိုင်နု ကို မြင်တော့ မျက်ခုံးနှစ်ဖက် တွန့်ကျသွားကာ ...

"မင်း ဘာလို့ထွက်လာတာလဲ"

"ရှင့်ကို လာခေါ်တာ .. ရှင် ဒီလိုလုပ်နေတာ မကိုင်နု ပိုပြီး အနေခက်



www.burmeseclassic.com

ပါတယ်၊ အဲဒီလို တကယ်ဖြစ်အောင်လုပ်နေတာဆိုရင် နေခဲ့ပါ၊ မဟုတ်ဘူးဆိုရင် အထဲမှာ ပြန်အိပ်ဖို့ ထပါ"

စောင်ခြုံထဲကနေ သူ့လက်တစ်ဖက် ထွက်လာသည်။ မကိုင်း၏ လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်၏။ လက်တစ်ခုလုံးမှာ အပူဟပ်သလို ဖြစ်လျက် သူ့လက်ကို မကိုင်း အထိတ်တလန့် ငုံ့ကြည့်မိသည်။

သူ ဒီလောက်ထိ ဖြစ်နေခဲ့သလား ..။

"ရှင် ကိုယ်တွေ ဒီလောက်ပူနေတာ ဆေးသောက်ရဲ့လားဟင် - ဘာဖြစ်လို့ ဒီလိုနေရတာလဲ"

နေသျှံ က ဘာမှပြန်မပြောဘဲ လှဲနေရာကနေ ထဖို့ ကြိုးစား၏။ စိုင်းကြီး ပျာပျာသလဲ ဝင်ကူသည်။ မကိုင်း တစ်ဖက်က တွဲလိုက်၏။

"လိုက်သွား သမီး၊ ကြီးတော် ဆေးယူလာခဲ့မယ်"

သူသည် မွေ့ရာထက်မှာ လှဲချလိုက်သည်က တာဝန်အရ ဆောင်ရွက်လိုက်ရသလိုမျိုးဖြစ်ကာ ဆေးသောက်ဖို့ကို ခက်ခဲစွာ စည်းရုံးခဲ့ရ၏။

"ကျွန်တော် ဘာမှမဖြစ်နိုင်သေးဘူး၊ အဲဒါ ကျွန်တော် သိတယ်၊ ဖြစ်ချင်တာကို ဖြစ်ခွင့်မရသေးဘဲ ကျွန်တော် မသေပါဘူး"

မျက်လုံးတွေကိုမှိတ်ထားရင်း သူ ဒါပဲပြောနေ၏။ အားလုံးပဲ ထွက်သွားကြတော့ မကိုင်း မျက်ရည်တွေ ဝေလည်ကျန်ခဲ့လေသည်။

ဒီမျက်ရည်တွေ ဘာဖြစ်လို့ ဖြစ်တည်လေမှန်းမသိ။ သူ့အတွက်လား - ကိုယ့်အတွက်လား။ ဆေးရှိန်ဖြင့် သူ အိပ်မောကျသွားတာ နဖူးပေါ်မှာ ရေခဲပတ်ကပ်ပေးရင်း မကိုင်း မျက်ရည်စက်တို့ ကြွေဆင်းလာ၏။

ဘိုးဘိုးရယ်၊ ဘွားရယ်၊ မေဦး တို့နဲ့ ခေတ်ဦး ရယ် ..

စွန့်ခွာခဲ့ရသူတွေကိုလည်း တမ်းတမိ၏။ ပြီးတော့ နေသျှံ ..။





သူ ဘာတွေပြောနေတာလဲ၊ ဘာတွေဖြစ်နေတာလဲ ..၊ သူပြောနေတာတွေက ကိုယ်နဲ့ဆိုင်သလား၊ အခု ခံစားနေရတာတွေက ကိုယ့်ကြောင့်လား၊ တကယ်ဆို မိန်းမသားဘဝဟာ စွန့်လွှတ်ပေးဆပ်ရတော့မှာပါပဲ။

သူလိုချင်တာကို ယူ၊ မရနိုင်တာကို ဖယ်ထားခဲ့ပေါ့။ ဘဝတစ်ခုလုံး ပေးဆပ်ရတော့မလို အားလုံး ပူဆွေးငိုကြွေးနေကြတာ ဘာလဲ။ မကိုင်း မှာပဲ အပြစ်ရှိနေပြီလား ..။

"အား .. ကျွတ် .. ကျွတ် .."

နေသျှံ လူးလွန့်လာရင်း မျက်နှာတစ်ချက် မဲ့သွား၏။ မျက်လုံးမဖွင့်ဘဲ ဘယ်ဘက်ကိုစောင်းလိုက်ပြီး လက်က မွေ့ရာနန်ပေါ် ချလိုက်မိလျှင် သူ့မျက်လုံးတွေ ပွင့်လာသည်။

"မကိုင်း .."

ခေါ်သံတိုးတိုးနဲ့ သူ ဒီဘက်ကို ဖျတ်ခနဲ လှည့်လာ၏။

"မကိုင်း .."

မွေ့ရာဘေးမှာ ခုံပုလေးနဲ့ ငုတ်တုတ်လေးထိုင်နေသည့် မကိုင်း ကို မြင်တာတောင် ဆတ်ခနဲ ထထိုင်လိုက်ပုံက ချောက်ချားမှုများနဲ့ဖြစ်၏။

"မင်း .. မင်း .. ထွက်ပြေးသွားပြီ ထင်တာ"

မကိုင်း လက်မောင်းသားလေးကို ဆုပ်ကိုင်လိုက်သည့် သူ့လက်တို့က ဖျစ်ဖျစ်ညှစ်ညှစ်နဲ့ တုန်ယင်နေ၏။ မီးရောင်ဖွေးနေသည့်အောက်မှာ ခဲနိုင်းခံထားရသလို နီရဲနေသည့်သူ့မျက်နှာကို မကိုင်း က ငေးကြည့်ကာ...

"ရှင် သက်သာရဲ့လား"

"ကိုယ် ဘာမှမဖြစ်ဘူး၊ မင်း ငိုနေတာလား"

ပြောလိုက်မှ မျက်ရည်စက်တို့က မှန်းတီးစရာကောင်းအောင်

www.burmeseclassic.com



အောင် ပြည့်တက်လာပြန်၏။ မျက်တောင်တွေဖြင့် ပုတ်ခတ်ဖယ်ရှား မဖြစ်နိုင်မှန်း သိလိုက်သောကြောင့် ငုံ့ချပစ်လိုက်သေမယ့် ဖြိုးပြက်လာ သွားသည်။ မျက်ရည်တို့ကို ခနေသျှံ မြင်လိုက်သည်။

"မကိုငှ္ .. မင်း ဘာဖြစ်လို့လဲဟင်"

မျက်နှာပျက်ပျက်နှင့်မေးရင်း လက်ကိုဆွဲယူလိုက်တော့ မကိုင်၏ ကိုယ်လေး ယိမ်းပါသွား၏။

"ကိုယ့်ဘေးမှာ ခဏထိုင်ပါဦး"

မကိုငှ္ ကို အနားမှာထိုင်စေပြီး မျက်ရည်တွေကို သုတ်ပေးသည်။

"ကိုယ် ဘာတွေ ကယောင်ကတမ်းပြောလိုက်မိလို့လဲ၊ ကိုယ့်ကြောင့် မင်း ငိုနေတာလား"

"ဟင့်အင်း .."

ကိုယ့်မျက်ရည်ကိုတောင် နားမလည်သည့်အဖြစ်မှာ သူ့မေးခွန်းကို မကိုငှ္ မဖြေတတ်ပါ။

ခနေသျှံ သည် မကိုငှ္ ပခုံးလေးကို ဖက်လိုက်မိမလိုဖြစ်ပြီးမှ လက်ကျ က ဆံစလေးတွေကိုသာ တို့ထိ ပွတ်သပ်လိုက်မိကာ ...

"ကိုယ့်ကြောင့်ဆိုရင် မင်း မငိုပါနဲ့၊ ကိုယ် တောင်းပန်ပါတယ် .. မင်း မငိုပါနဲ့ မကိုငှ္၊ သိပ်လှတဲ့ မင်းရဲ့မျက်ဝန်းလေးတွေက ကိုယ့်ဘဝ ပဲ၊ ဒီမျက်ဝန်းမှာ မျက်ရည်တွေနဲ့ ကိုယ် မမြင်ချင်ဘူး၊ မင်းရဲ့နောက် ကြောင်းတွေနဲ့ပတ်သက်နေတယ်ဆိုရင်လည်း အခု တိတ်ပါတော့"

မကိုငှ္ မေးဖျားလေးကို မော့ယူလိုက်သည်။ မျက်ဝန်းတို့ကို တစိုက် စိမ့်ကြည့်၍ မျက်ရည်တွေကို သုတ်ပေးလိုက်၏။

"တိတ်တော့နော် .. မနက်ဖြန် ကိုယ် ခရီးသွားမှာ"





"ရှင် နေမကောင်းဘဲနဲ့ သွားမလို့လား"

ရေခဲရည်ကိုင်ထားသဖြင့် အေးစက်နေသည့် မကိုငှ္ လက်ဖဝါးလေး ကို ပွတ်နွေးနေသော သူ့လက်ဝါးထဲမှာ ထည့်ဆုပ်ထား၏။ မကိုငှ္ ရုန်းပေ ယ့် မလွှတ်ဘဲ နှုတ်ခမ်းနားမှာ ...ကာ လေငွေ့နွေးနွေးနှင့် သာသာ လေး မှုတ်ပေးသည်။

"ခနေသျှံ .. ရှင် ညကလိုအပြုအမူမျိုး မလုပ်ပါနဲ့တော့၊ ရှင် ဘာဖြစ် ချင်တာလဲ .. ဘာကိုမကျေနပ်တာလဲ၊ မကိုငှ္ ဘာမှ ခေါင်းခါငြင်းဆန် နိုင်တဲ့သူ မဟုတ်ပါဘူး၊ အားလုံးရှေ့မှာ မကိုငှ္ အနေခက်အောင် ရှင် ဆပ်မလုပ်ပါနဲ့"

သူ မကိုငှ္ ကို စိုက်ကြည့်ရင်း အံကို တင်းခနဲကြိတ်၏။ မျက်နှာလွှဲ လို့ လှည့်လိုက်ပြီးမှ ပြန်ကြည့်၏။

"မင်း ငြင်းဆန်နိုင်စွမ်းမရှိတဲ့အဖြစ်မှာ ကိုယ် အခွင့်အရေးယူခဲ့ဖူး တာရှိလို့လား မကိုငှ္၊ မင်း မလိုက်လျောလို့ ငြိုငြင်ခဲ့တာကော ရှိဖူးလား၊ မင်းဆီက ကြားချင်တာ ဒီစကားတွေ မဟုတ်ဘူး၊ မင်းနဲ့ကိုယ် ပေးဆပ် တာတွေ၊ လိုက်လျောတာတွေ ခဏထားခဲ့ပြီး တခြားစကားတွေ ပြောရ အောင်၊ ကိုယ့်မှာ ပြောစရာတွေရှိတယ် .. အများကြီးပဲကွာ၊ အဲဒါတွေ ဒီညပြောမှ ဖြစ်မယ်၊ နားထောင်ပေးစမ်းပါ"

သူက မကိုငှ္ ပြန်ပြောတာကိုမစောင့်ဘဲ မကိုငှ္ ရဲ့လက်ချောင်း ကလေးတွေကို ဖြန့်ကြက်နေသည်။ ပြီးတော့ သူ့လက်မှာစွပ်ထားသည့် နဂါးလက်စွပ်ကို ချွတ်ယူလိုက်၏။

"အားလုံး မင်းပိုင်ဆိုင်ရမှာပါ၊ ဒါပေမယ့် ဒါကို အခု ကိုယ်ပေး... တယ်၊ ဒီလက်စွပ်က မြမျိုးမြင့်မာန် ရဲ့မျိုးဆက်၊ အမွေဆက်ခံခွင့်ရှိ...မှ



www.burmeseclassic.com

www.burmeseclassic.com



သာ စွပ်ခွင့်ရှိတာ၊ အခု မင်းကို ကိုယ်ပေးမယ်"

"ဟင့်အင်း မလိုချင်ဘူး .. မကိုဋ္ဌ က ရှင်တို့မိသားစုဝင်မှ မဟုတ် တာ၊ ရှင်နဲ့ပတ်သက်တဲ့သူအဖြစ် ရှိနေရင်လည်း ဒီလက်စွပ်နဲ့ ဘာမှ မဆိုင်ဘူး၊ မလုပ်နဲ့ .."

မကိုဋ္ဌ က ရုန်းသည်၊ သူကခေါင်းခါပြီး ရအောင်စွပ်ပေး၏။ မကိုဋ္ဌ ၏ လက်ခလယ်လေးမှာ လက်စွပ်က အံဝင်ခွင်ကျ ဖြစ်သွားခဲ့သည်။ ဒါကို သူက ကျေနပ်စွာပြုံး၍ ...

"ဒီလက်စွပ်ရဲ့သတ္တိကိုက မထိုက်တန်ရင် အံဝင်ခွင်ကျ မဖြစ်ဘူး အဲဒီလိုပေါ့ .. ဒီလက်စွပ်ကြောင့် စံအိမ်ထဲမှာ ပြဿနာတွေရှိခဲ့ဖူးတယ် မင်းနဲ့ အတော်ပဲဖြစ်နေတာ ကြည့်စမ်း"

မကိုဋ္ဌ လက်ချောင်းကလေးတွေကို တယုတယထွေးဆုပ်၍ ခနသျှ က ပြုံးနေသည်။ ပြီးတော့ တဖြည်းဖြည်း ဖျော့ကျသွားသည့်အပြုံးတို့ ငေးမောခြင်းမှာ ရပ်တန့်လျက် ...

"မင်းနဲ့ကိုယ်တို့ မပေါင်းရပေမယ့် ကိုယ့်ရဲ့ခံစားခွင့်အားလုံး မင်း ခံစားခွင့်ရှိတယ်၊ အဲဒါ မင်း မလိုချင်လို့ မရဘူး၊ ကိုယ်လည်း ကျေနပ် တယ်၊ နောက်ပြီး ဒီလက်စွပ်က မင်းကို အကာအကွယ်ပေးနိုင်လိမ့်မယ်"

သူသည် ပြာလဲ့ဖွေးတောက်နေသော မီးဆိုင်းကြီးကို ငေး၏။ နှုတ် ခမ်းတစ်ချက်မဲ့လျက် ဆံပင်တွေကို နောက်မှာ ဖိသိပ်ချသည်။

"တစ်နေ့နေ့မှာ ကိုယ့်ရဲ့အတ္တတွေကို ကိုယ် အမိန့်မပေးနိုင်တော့ ရင် မင်းကိုလည်း ကိုယ် လွှမ်းမိုးနိုင်မှာ မဟုတ်ဘူးလေ၊ လှောင်အိမ်ပွင့် နေတဲ့အထဲမှာ ပျံထွက်မသွားဘဲ နေတဲ့ငှက် ရှိမလား"

သူ မျက်လွှာချထားရင်း နှုတ်ခမ်းဖိပစ်လိုက်၊ အံကြိတ်လိုက်နှင့်





မကိုဋ္ဌ ကို မကြည့်မိအောင် တမင်လွှဲရှောင်နေခဲ့သည်လား ..။

"ဘယ်အချိန်ဖြစ်ဖြစ် မင်းကို ကိုယ် စောင့်ရှောက်ချင်တယ်၊ ဒီလက် စွပ်ကို မင်း အမြဲဝတ်ထားပါ၊ ရတနာအဖြစ်ပေးတာ မဟုတ်ဘူး၊ ကိုယ် ပြောတာကို မင်း နားလည်မယ်ထင်တယ်"

မကိုဋ္ဌ လက်စွပ်ကိုငေးကြည့်ရင်း လက်စွပ်ကို မမြင် ..။

သူ့စကားတွေနှင့် ဒီလက်စွပ် ဘယ်လိုဆက်စပ်နေသလဲဟု တွေး ရင်း စကားလုံးတွေကသာ နားထဲမှာ ထပ်တလဲလဲ ဖြစ်ပေါ်နေပြန်သည်။

"ဝင်အိပ်ပါတော့၊ ကိုယ် မင်းအိပ်နေတာကို ကြည့်နေချင်တယ်"

ဘယ်လိုမှနားမလည်နိုင်တော့သည့် မကိုဋ္ဌ မျက်ဝန်းလေးတွေကို ကြည့်၍ သူက မပြုံးချင်ဘဲ ပြုံးပြသည်။ မကိုဋ္ဌ နေရာမှာ သွားလှဲဖြစ် အောင် လက်ကိုဆွဲ၍ တွန်းပို့ခဲ့၏။

"အိပ်တော့ .."

အလယ်မှ ဖက်လုံးရှိနေသည့်တိုင် သူ ကိုယ်တစောင်းလှည့်လိုက် တော့ မျက်နှာချင်းက သိပ်မကွာတော့ဘဲ ဖြစ်သွား၏။

"အိပ် .."

မျက်တောင်တွေ ပိတ်ယှက်ချလိုက်စဉ်မှာ မကိုဋ္ဌ မျက်ဝန်းထောင့် မှ မျက်ရည်စက်တွေ လိမ့်ဆင်းသွားလေသည်။ မျက်ရည်စတွေ စိုစွတ် လျက် လှုပ်ခတ်တုန်ယင်နေသော မျက်တောင်ကော့တို့ကို ခနသျှ ငေး ကြည့်နေမိ၏။

မငိုပါနဲ့ မကိုဋ္ဌ ..၊ မင်းရဲ့မျက်ရည်တွေကို ကိုယ် မမြင်ချင်ဘူး။ မျက်ရည်တွေထဲက မင်း ခံစားချက်တွေကိုလည်း မစုံစမ်းချင်ဘူး။

ချော့ချင်ပေမယ့် ချော့ခွင့်မရှိတဲ့ ကိုယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်ရတဲ့မိန်းမတစ်ယောက်ရဲ့မျက်ရည်တွေကို လက်မှိုင်ချကြည့်နေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ရင်ထဲကို မင်း မမြင်နိုင်ဘူး။

မကိုဋ္ဌ မျက်တောင်တွေ ဖျတ်ခနဲ ပင့်တက်လာ၏။ ငေးမောစိုက်ကြည့်နေသည့်မျက်လုံးများနဲ့ဆုံမိစဉ် မကိုဋ္ဌ အံကလေးကြိတ်သည်။

အမြဲဟာမ်း အနိုင်ယူခဲ့သည့် သူ့မှာ မပြောရဲစရာမရှိ၊ မလုပ်ရဲတာလည်း မရှိခဲ့ဘဲ ခုကျမှ တစ်စုံတစ်ရာကို မြှုပ်နှံထားကာ တစ်ဖက်သားကို ပညာရှိနည်းနှင့် နှိပ်စက်နေသည်။ သူ ဒီလိုအပြုအမူတွေနဲ့ ဆက်ဆံပြနေ ဘာယာ ရိုက်နှက်ရက်စက်ကာထက် ဆိုးတယ်ဆိုတာ သိလို့သာ တမင်တကာ ..၊

မျက်ဝန်းတွေ ပြန်မှိတ်လိုက်တော့ နောက်ထပ်မျက်ရည်စက်တို့က အဖော်အပေါင်းများနှင့် ပို၍အားကောင်းသွားသည်။

ခနသျှ သည် ခေါင်းထဲကလည်း ထိုးဆောင့်ကိုက်ခဲနေ၏။ မျက်လုံးတွေလည်း ပူနေသည်။ ဒါပေမယ့် သူ မကိုဋ္ဌ ကို ငေးကြည့်ရင်း မျက်တောင်ခတ်ဖို့ကို နှမြောတသစွာ ...

မကိုဋ္ဌ ကတော့ အရှုံးပေးပါသည်ဆိုမှ ကြိုးတုပ်ရိုက်နှက်ရက်သည်ဆိုသည့်အတွေးများဖြင့် နာကျင်ကြေကွဲရင်း အိပ်မပျော်နိုင်ဘဲနှင့် မျက်ဝန်းတို့ကို မှိတ်ထားခဲ့၏။

နှစ်ယောက်စလုံး၏ တိတ်ဆိတ်ခြင်းဟာ ဆူညံစွာ ငိုကြွေးခြင်းများဖြင့် ..၊ ညတာက ရှည်လွန်းပါ၏။

ဒီလိုညမျိုး တစ်ဘဝမှာ တစ်ခါသာ ..။





## အခန်း (၄၁)

"ရက်တွေ တော်တော်ကြာနေပြီဆိုတော့ .. ခေတ်ဦး မေမေတို့ စိတ်ပူနေမယ် ထင်တယ်"

အားအားရှိတိုင်း ဒီကမူပေါ်ကနေ မြမျိုးမြင့်မာန်ကို ထိုင်ကြည့်နေရတာနှင့် ပုံပြင်ထဲကလို ကျောက်ရုပ်ကြီးတွေ ဖြစ်သွားနိုင်၏။

ဝသန်ချိန်ခါ မိုးကောင်းကင်ပြင်က ကြည်လင်ခဲ့တာ သိပ်မရှိသည့်အပြင် ကလောမြို့က အအေးဒဏ်ကို ငယ်ငယ်က တစ်ခါရောက်ဖူးကတည်းက သာယာ က မနှစ်သက်ခဲ့ပေ ..။

"မြို့ကတော့ လှပါတယ်၊ ဒီလောက်အေးတာ မကြိုက်ဘူး၊ အပေါ်အင်္ကျီတစ်ထည် ထပ်ဝတ်ထားရတဲ့ဒုက္ခက သေးတာမှတ်လို့"

မိသားစု အလည်ရောက်ကြတုန်းက သွားလာလည်ပတ်တာဆို သာယာ ပါသည်။ ခုလို တောင်ပေါ် တောင်စောင်းနေရာတွေမှာ ရှင်ဖို့၊ ဓာတ်ပုံရိုက်ဖို့၊ ငေးမောဖို့ သူ ဘယ်တော့မှမပါပေ ..။



www.burmeseclassic.com

www.burmeseclassic.com



"အေးတယ် .. သား မလိုက်ဘူး"

ဟု ငြင်းဆန်၍ နေခဲ့တာပဲ များသည့် သူ ...၊ ခုတော့ အေးတာကို ညည်းညူတာ မဟုတ်ပါ ...။

ခေတ်ဦး နောက်ပြန်လှည့်ဖို့ ဘယ်တော့မှ ဆုံးဖြတ်မှာ မဟုတ်တာကို သူ သိသည်။ သူကလည်း ပြန်လှည့်ပါလို့ တိုက်တွန်းမှာ မဟုတ်ပါ။

လူကြီးတွေကို တစ်ပတ်ပဲလို့ ပြောပြီးထွက်ခဲ့ကြတာမို့ တစ်ဆယ့်ငါးရက်ကြာသွားတော့ စိတ်ပူမိတာဖြစ်သည်။

ထိုစဉ် နောက်ဘက်က ခြေသံသဲ့သဲ့ကြားရကာ ...

"မင်းတို့ဘက်က မဖြစ်ရင်တော့ ပြန်တော့၊ ငါ့အတွက်က ပြဿနာမရှိဘူး၊ မင်းတို့ရှိနေတာ အဖော်ကောင်းရသေးတယ်၊ ပြီးတော့ ငါကျွေးထားရတာမှ မဟုတ်တာ၊ ဟား .. ဟား .. မင်းတို့ကြောင့် အဆင်တောင်ပြေနေသေးတယ်"

ပြုံးရယ်ပြောရင်း သာယာ့ ဘေးမှာ လာရပ်၏။

"ဘယ်လိုလဲ .. လက်လျှော့တော့မှာလား"

"လက်လျှော့တာ မဟုတ်ပါဘူး၊ မနေ့က တံတိုင်းခတ်ထားတဲ့ တောက်လျှောက်ကို ကျွန်တော်တို့ သွားကြည့်ခဲ့တာပဲ၊ အထဲကိုဝင်နိုင်တဲ့ နည်း ဘာမှမရှိဘူး၊ ရေလွှတ်ပေါက်ဖွင့်ဖို့ကိုပဲ စောင့်ရမှာပါ၊ အခုပြောတာက မေမေတို့ကို ဒီလမ်းသွားမယ်လို့ ပြောခဲ့တာ မဟုတ်ဘူး"

"ဖုန်းဆက်ပြောလိုက်ပါလား .. စိတ်မပူဖို့"

"ဆက်ပြီးပြီဗျ၊ မရဘူး အမြန်ပြန်လာခဲ့ရမယ်တဲ့၊ မကိုင်ရှ ကို ရှာဖို့ ထွက်လာမှန်းလည်း ရိပ်မိနေပုံပဲ"

သာယာ က ဒိုင်ခံရှင်းပြနေလျက် ခေတ်ဦး ကတော့ ငေးမောနေမြဲ





သာ။ ကိုကိုလေး က ခေတ်ဦး ကို မသက်မသာမှုန်းကြည့်၍ အနားလျှောက်သွားသည်။

ပြီးတော့ ခေတ်ဦး ဘေးမှာထိုင်လိုက်ပြီး ပခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်ကာ ...

"မင်းတို့မိဘက ဒီလိုဖြစ်နေရင် ကောင်မလေးကို မင်း ပြန်ခိုးနိုင်တော့ကော ဟိုမှာ ဘယ်လိုရင်ဆိုင်မှာလဲ၊ မင်းက ချစ်သူကို ပျို့ပျို့အိုအို ချစ်နိုင်ပေမယ့် မိဘကတော့ ကိုယ့်သားလေးကို ဒီလိုဖြစ်စေချင်မှာ မဟုတ်ဘူး"

ခေတ်ဦး တုတ်တုတ်မျှ မလှုပ်ချေ။ ကိုကိုလေး က ခေတ်ဦး ကို စိုက်ကြည့်၍ ဆက်ပြောသည်။

"စိတ်ဓာတ်ကျအောင်ပြောတာ မဟုတ်ဘူး ငါ့ညီ၊ မင်း ငါပြောလို့လည်း နောက်ဆုတ်မယ့်သူ မဟုတ်ဘူး .. ငါသိတယ်၊ ဒါပေမယ့် စဉ်းစားပေါ့ကွာ .. အခု မင်း ပူလောင်နေတာက အချစ်ကို ဆုံးရှုံးမခံနိုင်တာလား၊ မနုဿ အနိုင်ယူသွားတာကို မကျေနပ်နိုင်တာလား၊ နောက်တစ်ချက်က မင်းရဲ့ကောင်မလေးက ခုလောက်ဆိုရင် မနုဿ ကို မုန်းနေလား၊ ငြိတွယ်နေပြီလား ဒါလည်း မသေချာဘူး၊ နောက်ရှိသေးတယ်ကွာ .. ကောင်မလေး သူ့ကို ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ မနုဿက သူ့ရဲ့ သည်းခံနိုင်မှုတွေ၊ စည်းစိမ်ဥစ္စာတွေနဲ့ သိုင်းဝိုင်းတုပ်နှောင်ထားနိုင်တယ်ဆိုရင် ..."

ခေတ်ဦး အံကြိတ်ထားသည့် နှုတ်ခမ်းတို့ဆေ့လျက် ကိုကိုလေး ကို မော့ကြည့်၏။ ကိုကိုလေး က စကားရပ်သွားပြီး တောင်းပန်သလိုကြည့်ကာ ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက ကောင်းတာကိုပြောပြီး ညာမစားချင်ဘူး၊ အပြစ်ရှိတာကို ထောက်ပြပြီး အမှန်းခံရတဲ့မိတ်ဆွေကောင်းပဲ ဖြစ်ချင်တာ၊ အစ်ကို ပြောတာကို ဖြစ်နိုင် မဖြစ်နိုင်တာ မင်း စဉ်းစားပေါ့ကွာ၊ အဓိက က ပထမ ဦးစားပေးရမယ့်အချစ်က ဘာလဲဆိုတာကို အမှန်ကန်ဆုံး ရွေးထုတ်နိုင်ဖို့ပဲ၊ ရှေ့တိုးလိုက်ရင် ဘာဖြစ်မလဲ .. နောက်ပြန်ဆုတ်ရင် ဘာရှိနေလဲ၊ လူတိုင်းတော့ မမှန်တတ်ကြပါဘူး၊ မှားကြတဲ့ထဲမှာ ကိုယ်လုပ်လို့ ကိုယ်ခံရတာ ပြဿနာမရှိပေမယ့် ကိုယ့်အမှားကြောင့် သူများနစ်မွန်းသွားရင် မင်း တစ်သက်လုံး ရင်နာသွားမှာ"

"ဒီထက် ပွင့်ပွင့်လင်းလင်းပြောပါ ကိုလေး၊ ကျွန်တော် နားလည်ပါတယ်"

ခေတ်ဦး ပြောတော့ ကိုလေး က ခေါင်းညိတ်လိုက်၏။

"ငါပြောချင်တာက ကောင်မလေးကို မင်း ပြန်ခေါ်ဖို့ကြိုးစားတဲ့ ဆုံးဖြတ်ချက်တွေကို ပြန်စစ်ဆေးဖို့ပါ"

"သူ ချစ်လို့လိုက်သွားတာ မဟုတ်ဘူး ကိုလေး၊ ပြီးတော့ မကိုဋ္ဌ ဟာ လက်သာရာမှာ ပျော်မယ်လို့ ကျွန်တော် မထင်ဘူး"

"ထင်တာက မြင်တာလောက် မသေချာပါဘူး၊ အချစ်ကို ဖြစ်ပေါ်စေတဲ့အကြောင်းတွေ အများကြီးပဲကွ၊ ဒါပေမယ့် ဘာကြောင့် ချစ်ပါတယ်လို့ ပြောဖို့ခက်တယ်၊ မင်းတို့အဖြစ်က မယ်သီတာကို ဒသဂီရိ ခိုးသွားလို့ ရာမနဲ့လက္ခဏာ လိုက်ယာရသလိုပဲ၊ ကွာနေတာ တစ်ခုပဲရှိတယ်၊ ဒသဂီရိက ရုပ်ဆိုးတဲ့ဘီလူး၊ ခနသျှံ က ဘီလူး မဟုတ်ဘူး"

"ဒါက ဒီလိုရှိတယ် ကိုလေး .."

သာယာ က သူတို့နားကို လျှောက်လာသည်။





မျက်နှာမှာ ဒေါသငွေ့ငွေ့ရှိနေတာလည်း သိသာလျက် တည်ငြိမ်အောင် ကြိုးစား၍ ...

"အချစ်ကို သိပ်တော့ နားမလည်ပါဘူး၊ ကိုလေးက ကျွန်တော်တို့ထက် အသက်ကြီးတော့ အတွေ့အကြုံတွေ ပိုမှာပါ၊ အချစ်ကို ခံစားကြတဲ့နေရာမှာ ဘယ်လိုခံစားကြတာလဲ၊ သားသမီးတွေက မိဘဆိုးဘွားတွေဆီမှာ သင်ယူဆည်းပူးပြီး ချစ်နိုင်တဲ့အရည်အချင်း ပြည့်ဝမှ အချစ်ကို ခံစားသလား"

ပထမမေးခွန်းမှာ ကိုလေး က ပြုံးလိုက်၏။ သာယာ က ဆက်ပြောသည်။

"ချစ်တတ်ဖို့ နည်းပညာတွေ သင်ကြားပို့ချပေးတဲ့ အချစ်တရားကြီးတွေ ရှိခဲ့ဖူးသလား၊ ကျွန်တော် ကိုလေးကို ပုတ်ခတ်တာ မဟုတ်ဘူးနော်၊ အချစ်နဲ့ပတ်သက်ပြီး ချစ်တတ် ခံစားတတ်ကြတဲ့လူတွေ အားလုံးထဲမှာ မှားသွားကြတဲ့လူတွေနဲ့ မှန်ရာကို ဆုံးဖြတ်နိုင်တဲ့လူ ဘယ်ဘက်မှာ ရာနှုန်းပြည့် ပိုများသလဲ၊ အဲဒါကို တကယ်သိချင်တာပါ၊ များတဲ့ဘက်မှာပဲ ကျွန်တော်တို့ ရှိချင်တယ်ဗျာ၊ ဒါလဲ တကယ်ပြောတာ .."

ကိုလေးက ဟားခနဲ ရယ်လိုက်ပြီး သာယာ့ ပခုံးကို လှမ်းပုတ်၏။

"မင်း တော်တယ် .. ငါ အရှုံးပေးပါတယ်၊ တကယ်ဆိုရင် အချစ်ကြောင့် ခံစားနေရတဲ့လူတစ်ယောက်ကို မဝေဖန်သင့်ဘူး၊ တကယ်တော့ မင်းပြောသလိုပါပဲ .. ချစ်မိပြီဆိုရင် အမှားအမှန် ခွဲခြားနိုင်တဲ့လူ ရှားတယ်၊ မှားသလား .. မှန်သလား ဝေဖန်ဖယားချပြီး ချစ်တဲ့သူလည်း မရှိဘူး၊ အချစ်ဆိုတာ သစ္စာကြီးတယ်ကွ၊ ငါ ကျေကျေနပ်နပ် အရှုံးပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သာယာ က ခပ်ထေ့ထေ့ပြုံး၏။

ခေတ်ဦး မျက်နှာကတော့ မကြည် လင်ခဲ့ပါ။ ကိုလေးက ခေတ်ဦး ပခုံးကို တရင်းတနှီး ဖက်ထားလိုက်၍...

"အားမလျှော့နဲ့ကွာ .. ရာသီဥတုကြောင့် မြမျိုးမြင့်မာန်ကို တက်သွားတဲ့ကားတစ်စီး တွေ့ခဲ့တယ်၊ ငါထင်တယ် နေသွျှံ ပါလိမ့်မယ်ကွ၊ မှန်တွေတင်ထားတော့ ဘာမှမမြင်ရဘူး"

"ဘာမှမမြင်ရဘဲနဲ့ နေသွျှံ ပါမယ်လို့ ဘာဖြစ်လို့ထင်တာလဲ"

"ဆင်းသွားတာကော တက်သွားတာကော မြင်လိုက်လို့ပေါ့၊ တစ်ပတ်တိတိပဲ ကြာတယ်လေ၊ မြမျိုးမြင့်မာန်ကို ငါက စိတ်ဝင်စားတဲ့သူပဲ၊ တော်တော်များများကို ငါ သတိထားမိတယ်၊ သူတို့ အပြင်ကို တလေတစ်ခါတောင် မထွက်ဘူး၊ ပြီးတော့ ကားနက်ကို မသုံးတတ်ဘူး၊ ငါမြင်လိုက်တာက ကားနက်ကြီး"

ထပ်မေးချင်သေးပေမယ့် သာယာ မမေးဖြစ်ခဲ့ပါ။

"မကိုင်နှ ကို တခြားတစ်နေရာ သွားပို့တာများလား"

ခေတ်ဦး က စိုးရိမ်သံနဲ့ ဝင်မေး၏။ ကိုလေးက စဉ်းစားလိုက်ပြီးမှ ခေါင်းခါပြသည်။

"မဖြစ်နိုင်ပါဘူး .. ဒီလိုအရေးအခင်းတွေရှိနေတဲ့ဟာ ဒီနေရာထက် ဘယ်မှာမှ မလုံခြုံဘူး၊ မင်းတို့တောင်မှ ကိုလင်း ရဲ့ဓာတ်ပုံကြောင့် မဟုတ်ရင် သိနိုင်မလား၊ ငါ အတွေ့အကြုံရှိတဲ့အတိုင်း ပြောမပြခဲ့ရင် ဘယ်လို ဝင်နိုင်မလဲဆိုတာကို သိမလား"

ခေတ်ဦး ငိုင်သွားပြန်သည်။ သူ့ရင်ထဲမှာ မိဘကတစ်ဖက်၊ ချစ်သူကိုလည်း မစွန့်လွှတ်နိုင် ...။





တကယ်တော့ ကိုလေး ပြောခဲ့သည့်စကားတွေက သူ့ရင်ထဲမှာ ကောင်းကောင်းဝင်မွှေနေပြီ ဖြစ်သည်။

မကိုင်နှ ကို သူ ပြန်ခိုးယူပြီး ခုက္ခပေးသလို ဖြစ်နေမည်လား။ မိဘကို ရင်ဆိုင်ဖို့အတွက် သတ္တိမရှိလို့ မဟုတ်ပါ။

ချစ်တဲ့သူကသာ အားကိုးတကြီး ပြေးခိုမည်ဆိုလျှင် သူ့ခြေထောက်နှစ်ဖက် ကြေကျလုလုဖြစ်နေပါစေ မယိုင်လဲစေရ။

နေပူပါစေ .. မိုးရွာပါစေ စွန့်စားနိုင်သည့်သတ္တိတွေ သူ့မှာ ရှိနေသည်။ ဒီလိုမဟုတ်ခဲ့ဘူးဆိုလျှင် ...

မကိုင်နှ ရယ် .. ငါ့ရဲ့ရှင်ခုန်သံတွေကို နင် ကြားနိုင်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၂)

"လူလေးတို့ ပြန်လာနေပြီကွယ်"

သတင်းက မိနစ်များစွာ စော၍ ရောက်လာခဲ့သည်။ မကိုဋ္ဌ သည် အနီရောင်ရင့်ရင့်ပေါ်တွင် အနက်ပွင့်တွေဖော်ထားသည့် ပိုးသားဝတ်စုံကို ဝတ်ထားလျက် ဆံပင်ရှည်တို့ကို ထူးဆန်းစွာ ကျစ်ဆံမြီးနှစ်ဖက် ကျစ်ချထားခဲ့သည်။

မျက်နှာပြင်မှာ မိတ်ကပ်ပါးပါးလေးတင်ကာ ပြေပြေပြစ်ပြစ်လေးတော့ ပြင်ဆင်ထားခဲ့၏။ သူလာမယ်မှန်းသိလို့ ပြင်ဆင်ထားခဲ့တာ မဟုတ်ပါ။ တအုံ့နွေးနွေး ပူလောင်နေခဲ့သော သူ့အပေါ်မှာ သူမဘာက်က လိုက်လျောနိုင်သော တစ်စုံတစ်ရာဖြင့် တုံ့ပြန်လိုက်ဖို့ ဆုံးဖြတ်လိုက်မိသည့်အချိန်မှာ စိတ်ထဲမှာ နည်းနည်းတော့ ကြည်လင်သွားခဲ့သည်။

"လူလေး ခွတ်ထွက်သွားတာ ဘယ်သူမှတားမရလို့ လိုက်ကြရတယ် ကလေးရယ် .."

ကြီးတော် မျက်ရည်ကျနေတာကိုလည်း မမြင်ရက်တော့ပါ။





"သူ သူ့ကျန်းမာရေးကို သူ သိတယ်၊ အဲဒါကြောင့် အဲဒါကို စစ်ဆေးတာပါ"

ဘာဖြစ်လို့ ဒီလိုထွက်သွားတာလဲလို့မေးတော့ ကြီးတော် ဖြေပုံကတို့ဆိုင်းဆိုင်းနှင့် မပြည့်စုံခဲ့ပေ ..။

"ကလေးရယ် .. မင်းသာ တူတော်လေးကို စိတ်ချမ်းသာအောင် ချစ်ပေးမယ်ဆိုရင် ကြီးတော်တို့ သိပ်ကိုကျေးဇူးတင်မိမှာပဲ၊ သူ မင်းကို ဘယ်လောက်ချစ်ခဲ့သလဲဆိုရင် .."

ဒီနေရာမှာလည်း စကားက ပြတ်တောက်သွားခဲ့သည်။ ဆက်ပြောသာတော့ ဆိုလိုရင်းကို ဖုံးကွယ်ဖျောက်ဖျက်ပစ်လိုက်သလို အဓိကမဟုတ်တော့ဘဲ ဖြစ်သွား၏။

"သူ့အချစ်ကို မင်း ယုံကြည်သင့်ပါပြီ၊ သူဟာ မင်းရဲ့ငြိုငြင်မှုကို သရမှာထက် ကြောက်တဲ့သူ၊ အဲဒါ မင်း ယုံရဲ့လား၊ ယုံစေချင်တယ် ကလေးရယ် .. စင်ပေါ်မှာ တကယ်'က'နေရတဲ့ သူရဲ့မျက်ရည်ကနောက်က ဆင်းလာခဲ့တာပါ၊ ကြည့်နေရတဲ့သူတွေမှာတော့ နှလုံးသားနဲ့ ရင်းရတာ၊ တူတော်လေးရဲ့မေတ္တာတွေကို မြင်နေရတဲ့လူတွေက ပိုသိနေတယ်၊ ပိုပြီး ရင်နာမိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပေးဆပ်ခြင်းသက်သက် ဖြစ်ခဲ့တာကိုး၊ မင်း မကြင်နာနိုင်တဲ့အပေါ်မှာ သူက မြတ်နိုးမပျက်ခဲ့ဘူး၊ အဲဒါကြောင့် မင်းကို တို့တွေ ငြူစူတဲ့စိတ်နဲ့တောင် မကြည့်မိအောင် နေခဲ့ရတယ်၊ သူက မင်းကို သူ့ကိုယ်သူထက် ချစ်နေခဲ့တာ"

ကြီးတော် ပြောခဲ့သောစကားတွေကြောင့် သူမ ရင်နာခဲ့သည်။

အချစ်ကို ထုတ်နုတ်ခံစားနေရင်းဖြင့် သူမ နှလုံးသားအိမ်မှာလည်း ဘယ်လိုမှ အေးချမ်းနိုင်တော့မှာ မဟုတ်တာကို နားလည်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အချစ်ဖြင့် မဟုတ်လျှင်တောင် သူ့ကို သူမ နူးညံ့ကြည်ဖြ
စွာ ဆက်ဆံပါတော့မည်။ ဒီနေ့ ထို့ကြောင့် သူမ မှန်ရှေ့မှာ ထိုင်ဖြ
ခဲ့၏။ ကီးကီး သည် သူမဘေးမှာ မြူးထူးစွာ ကူညီနေခဲ့၏။

သူရှိနေစဉ် ယောင်လို့ပင် သွားမရပ်ခဲ့ဖူးသော သူမ၏ ဓာတ်ပုံဘော
ကြီးရှေ့မှာလည်း အကြာကြီး ငေးမောနေမိခဲ့၏။ ဒါလည်း ကီးကီး က
တိုက်တွန်းခဲ့တာ ဖြစ်သည်။ မှန်ဆောင်ကို ပေါ်လာအောင် ကိုက်ဖယ
ပြသည်။ သူမကို ဆွဲခေါ်သည်။ ဓာတ်ပုံကြီးကို ကြည့်နေမိရင်း ခနေ
၏ ပေးဆပ်ခဲ့သော အချစ်တို့အပေါ်မှာ နားလည်နိုင်ဖို့ တရေးရေးတော
သတိရလာခဲ့သည်။

"နင်ဟာ တပည့်ကောင်းတစ်ဦးပဲနော်၊ နင့်သခင်ကို ငါ ချစ်လာ
အောင် စည်းရုံးနေတာ မဟုတ်လား၊ အချစ်ကို နင်က ဘယ်လော
နားလည်လို့လဲ၊ ဟွန်း .. ရုပ်ကလေးက .."

ကီးကီး ကို ပွေ့ဖက်ကျီစယ်နေဆဲမှာ ကြီးတော် အခန်းဝကနေ
သတင်းပေးသွားခဲ့ခြင်း ဖြစ်သည်။ သူ ပြန်လာပြီတဲ့ ..။

ဘာသွားလုပ်မှန်း မသိပေမယ့် ပြန်လာတော့လည်း ကြိုဆိုရဦးမည်
ဖြစ်သည်။ ဒီနေ့ကျမှ သူ နှစ်သက်သော အနီရောင်ရင့်ရင့်ကို ဝတ်ထား
မိသော ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ကာ အံ့သြစိတ်လေးတော့ဖြစ်မိ၏။

ဧည့်ခန်းမှာထွက်စောင့်နေရင်း တော်တော်ကြာမှ ကားရောက်လာ
သည်။ ပထမဆုံး စိုင်းကြီး ဆင်းလာ၏။ ဟိုဘက်ကနေ ရောမူစ်။

ရောမူစ် ဒီဘက်ပြေးလာပြီး စိုင်းကြီး တံခါးဖွင့်ထားသည့်ဘေးမှာ
ခပ်ရှိရှိ လိုက်ရပ်၏။ ကြီးတော်နဲ့ မကိုင်ရှ အတူဆင်းလာကြတော့ အထဲ
မှာ ခနသျှံ ကို မြင်သည်။





သူကလည်း မကိုင်ရှ ဆင်းလာတာကို မမှိတ်မသုန် ငေးကြည့်နေခဲ့၏။
အားနားရောက်တော့ ကြီးတော်က မကိုင်ရှ နောက်မှာ တစ်လှမ်းချန်၍
ဆုတ်ပေးသည်။ မကိုင်ရှ ရှေ့တိုးရပ်လိုက်ပြီး သူ့ကိုကြည့်သည်။

အနီရောင်ရှပ်အင်္ကျီ လည်ကပ်အထူနှင့် ဆောင်းဘီအနက်၊ ဂျာကင်
အနက်သည် သူ့ကိုယ်ပေါ်မှာ ထင်းနေ၏။ မျက်နှာကတော့ ဖြူဖျော့မှိန်း
ယဲ့လျက် မျက်ဝန်းများလည်း ရီဝေနေခဲ့သည်။

သူက မကိုင်ရှ လက်ကောက်ဝတ်လေးကို လှမ်းဆုပ်လိုက်ပြီးမှ ကား
ပေါ်ကဆင်းသည်။ ဘယ်ကိုမှမကြည့်ဘဲ မကိုင်ရှ မျက်နှာလေးကိုပဲကြည့်
၏။ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ကာ တစ်ကိုယ်လုံးကို ငေ့ကြည့်ပြီး...

"လှတယ် .. မင်း သိပ်လှတာပဲ"

"အို!..."

မကိုင်ရှ နဖူးလေးကို နမ်းလိုက်တော့ မကိုင်ရှ တုန်ခနဲဖြစ်သွား၏။
ကြည့်လိုက်တော့ အနားမှာရပ်နေကြသူများ မရှိပါ။ အားလုံးသည် ကျော
ခိုင်းထွက်ခွာနေကြပြီ ဖြစ်သည်။

သူသည် မကိုင်ရှ ပခုံးလေးကို ဖက်ထားလိုက်ပြီး ...

"ဒီတိုင်း အမြဲကြည့်နေခွင့်ရချင်တယ်"ဟု ခပ်တိုးတိုးပြော၏။

ထို့နောက် မကိုင်ရှ မမြင်ချင်ခဲ့သော ခြောက်သွေ့ပူလောင်သည့်
ခပ်ယဲ့ယဲ့ အပြုံးနှင့် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၃)

'ချစ်သလား' လို့ မမေးဘူးဆိုရင် ကျန်တာအားလုံး ကျွန်မ ပေးမယ်။ သူ့ကိုပြောမလို့ စကားလုံးတွေစီကာ မကိုငြိမ်း ရက်ပြုံးလေးတော့ ပြုံးမိသည်။ အချစ်ကို မွေးဖွားဖို့တော့ နှလုံးသားက ခွင့်မပြုသေးပါ ...

သို့သော် အချစ်နှင့်ဆင်ဆင်တူသော သာယာမှုမှန်သမျှ သူ့အတွက်ဖြစ်စေဖို့ ပြင်ဆင်ထားခဲ့၏။ ပြန်ရောက်ခဲ့ပြီး တစ်ညနေလုံးမှာ သူ့ဆေးမှာ သမားတော်တွေ ဝိုင်းဝိုင်းလည်နေခဲ့၏။ ဘာဖြစ်လို့မှန်းမသိဘဲ ကြီးတော်က မကိုငြိမ်း ကို ဝင်ခွင့်မပေးဘဲ တားမြစ်ခဲ့သည်။

"သူ မင်းကို မသိစေချင်ဘူး"

"ဘာဖြစ်လို့လဲဟင်"

"မင်း တလွဲထင်နေသလား၊ အဲဒီရောဂါမျိုး မဟုတ်ဘူး၊ သူ့ကို သေစေ ရှင်စေနိုင်တာ သူ့စိတ်ပဲ၊ သူ့မှာ မနာခံတတ်တဲ့အကျင့် ရှိပေမယ့် ဒီတစ်ခါ သူ့ဘကြီးတော်စကားကို သူ ယုံကြည်တယ်၊ အဲဒါက မင်းအတွက်ပါပဲ၊ သူ့ကိုယ်သူတောင် စိတ်မပူခဲ့ဘဲ မင်းအတွက် သူ ပူတာ"



ဘာတွေပြောနေမှန်း မသိပါ။ မေးပေမယ့်လည်း သူတို့လိုရာကိုပဲ ပြောချသွားခဲ့၏။

"မင်းနဲ့ ခွဲမလား၊ အသေခံမလားဆိုရင် သူက အသေခံပြီး ချစ်နေမယ့်သူ"

"ရှင်!..."

ဒီထိ ကြားခဲ့ရသည်။ ဒါ တကယ်ပြောနေတာလား၊ ဒါမှမဟုတ် သူချစ်တာကို ပေါ်လွင်အောင် ဥပမာပြောတာလား ဘယ်လိုမှမယုံနိုင်ပါ။

"သူ .. သူက မကိုငြိမ်း ကြောင့် .."

"မင်း မသိချင်ပါနဲ့၊ မင်းကြောင့်ဆိုတာ မဟုတ်ဘူး၊ ဘယ်တော့မှလည်း သူ ဒီလိုပြောမှာမဟုတ်ဘူး၊ ကံတရားကို လူက စီမံလို့မှ မရကြတာ"

ဘာမှ မေးခွင့် သိခွင့် မရှိခဲ့သော မကိုငြိမ်း ရင်ထဲမှာ ပူလောင်နေခဲ့သည်။ ဘကြီးတော် သူမတို့ကို ထွက်မတွေ့ခဲ့သည့်အဖြစ်တွေ ပြန်ပေါ်လာ၏။

ထိုနေ့က ကြီးတော်တို့ ကျန်နေခဲ့သည်။ ဘာတွေ ဆွေးနွေးခဲ့ကြသလဲ။ ကြီးတော် ခေါ်သည်ဟုပြောပြီး နောက်နေ့မှာ မနည်းသျှ ၏ အခြေအနေက ထိန်းဆက်မရအောင် ပြုဆင်းသွားခဲ့သည်။ ဘာတွေဖြစ်ခဲ့တာလဲ ..။ ဘကြီးတော်က ဘာတွေ မိန့်ကြားခဲ့သလဲ။

ကြီးတော် ပြောခဲ့သလို 'ခွဲနေမလား'၊ 'အသေခံမလား' လို့ မေးခဲ့တာ တကယ်လား။ ဒါ မဖြစ်နိုင်ပါ ..၊ ကိုယ်သည်သာ သူ့ကြောင့် ဘဝပျက်ခဲ့သည်။ ကိုယ်က သူ့ဘဝပျက်စီးအောင် ဘာများ တုံ့ပြန်နိုင်ခဲ့လို့လဲ ..။

မွန်းကျပ်နေသည့် မေးခွန်းတွေကို တစ်ယောက်တည်းမေးရင်း အဖြေက မရှိ။ ညသန်းခေါင်ကျော်လောက်မှာ နေသျှ တခါးခေါက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မကိုင်း .."

အိပ်မပျော်သေးပေမယ့် မကိုင်း မထူးဘဲ နေခဲ့မိ၏။ နောက်ထ
မခေါ်တော့ဘဲ သူ အထဲဝင်လာသည်။

အပြာရောင်မီးပွင့်လေးအောက်မှာ မျက်ဝန်းတွေဖွင့်လျက် သူ့ကို
ငေးကြည့်နေသည့် မကိုင်း ကို မြင်တော့ ပြုံးလိုက်ပြီး ...

"အပြင်မှာ စကားသွားပြောရအောင်"

မကိုင်း လှဲနေရာမှ ထထိုင်လိုက်၏။ ညဝတ်ဂါဝန်ပျော့ပျော့ကပ်က
လေး ဝတ်ထားမိသည့်ကိုယ်ပေါ်ကို စောင်ပတ်တင်လိုက်ပြီး ...

"အပြင်မှာ အေးပါတယ် .. ဒီမှာပဲ ပြောပါ၊ ရှင့်ကို မကိုင်း လည်း
မေးစရာတွေရှိတယ်"

သူ ဘာမှမပြောဘဲ ရပ်နေသဖြင့် မကိုင်း က မော့ကြည့်ကာ ...

"ရှင် နေကောင်းရဲ့လား"

"အင်း .."

သူ အနားမှာဝင်ထိုင်လိုက်တော့ မကိုင်း ဘေးကို နည်းနည်းရွှေ့၏

"ရှင် ဆေးသွားကုတယ်ဆိုတာ ဘာလဲဟင်၊ အဲဒါ မကိုင်း သိပါရစေ"

"ကျန်းမာရေး သွားစစ်တာပါ၊ မင်းကို ထိခိုက်မှာစိုးလို့"

"မကိုင်း မယုံဘူး"

"ဘာကိုလဲ .. အိပ်ချိုဆိုင်ဇ္ဇိဖြစ်နေတယ် ထင်လို့လား"

"ဘာဖြစ်လို့ ရှောင်ရှားဖြေနေတာလဲ ခနသျှ၊ ဒီထက်အရေးကြီးတာ
ရှိနေတာ မကိုင်း သိတယ်၊ အဲဒါ မကိုင်း နဲ့ တိုက်ရိုက်ပတ်သက်နေတယ်
လို့လည်း ထင်တယ်၊ ပြောပြပါ .. ရှင်တို့ ဘာတွေဖြစ်နေကြတာလဲ"

"ဘာမှမဖြစ်ဘူး .. မင်းကို အရင်အတိုင်းပဲ ကိုယ်ချစ်တယ်"





"မဟုတ် .."

ပခုံးလေးကိုဖက်၍ သူ ငုံ့လာတော့ မီးဖွင့်ဖို့ မကိုင်း လက်လှမ်းလိုက်
၏။ လက်ကို ဖျတ်ခနဲ ဖမ်းဆွဲကာ မကိုင်း တစ်ကိုယ်လုံးကို သူ ပွေ့ဖက်
ထားသည်။ သူ့ကိုယ်က ပူနွေးသော အငွေ့အသက်များက အဖျား
ကောင်းကောင်း မကျသေးတာကို သိသာစေ၏။

"မကိုင်း မင်း မမေးဘဲ နေပါ .. ကိုယ် ဖြေနိုင်မှာမဟုတ်လို့ မမေးပါ
နဲ့၊ ဒီတစ်ည မင်းကို ကိုယ် ဖက်ထားပါရစေ"

"အို ..."

မွေ့ရာထက်သို့ သူနဲ့အတူ လိုက်ပါသွားစဉ် ရင်တွေ တဒိန်းဒိန်း
ခုန်လျက် ငြင်းဆန်မိမတတ် ချောက်ချား တုန်လှုပ်သွားခဲ့၏။

မကိုင်း .. ညည်း ကြည်ဖြူတော့မယ်လို့ ဆုံးဖြတ်ပြီးပြီမဟုတ်လား..၊
အေးစက်ကျဉ်ခဲလာသည့် လက်ဖျားတို့ကို ဆုပ်ထားမိရင်း မျက်ဝန်းတွေ
ကို တအားဖိပိတ်ထားခဲ့၏။ သူသည် မကိုင်း ကိုယ်မှာ ပတ်တင်ထား
သည့်စောင်ကိုပင် မတို့ထိခဲ့ပါ ...။

"မင်းကို ချစ်တယ် .. မင်း ကိုယ့်ကို ချစ်လားဟင်"

အနမ်းတို့ဖြင့် ပြောသောမေးခွန်းများကို မကိုင်း ဖြေခွင့်လည်း မသာ
ခဲ့ပါ။ ချစ်တယ် ဟု သူပြောခဲ့သည့်စကားတွေ ဘယ်နှစ်ကြိမ်လောက်
ရှိခဲ့သလဲ ...။

မကိုင်း နားထဲမှာ သူချစ်တာတွေကိုပဲ ကြားနေခဲ့ရ၏။ တမ်းတနွေး
ထွေးသောအနမ်းများကြောင့် ရင်တွေ ခုန်တတ်ခဲ့သည်။

အနမ်းများကို ကြည်ဖြူနေခဲ့သောစိတ်ထဲမှာ ကိုယ်ဟာ ဝတ္တရား
ဆန်ဆန် ကြည်ဖြူပေးခဲ့ရတာ ဟုတ်ရဲ့လား ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်မှာ မှေးစက်ရင်း ပထမဆုံး တုန်လှုပ်လာခဲ့မိ၏။

မကိုင်း ညည်း ရိုးသားရဲ့လား ..၊ မဖောက်ပြန်ခဲ့သော သူ့ရဲ့စော

ထိန်းနိုင်စွမ်းသည် တည်ကြည်မှုတွေအပေါ်မှာ ညည်း အထင်ကြီးနေပြ

ညည်းရဲ့ ရိုးသားမှုတွေ ယှိုင်နဲ့နေပြီ သိရဲ့လား ..၊

ရင်ခွင်ထဲမှာ ပွေ့ပိုက်လျက် 'အိပ်တော့လေ' လို့ ပြောလိုက်ပြ

ကတည်းက ငြိမ်ငြိမ်သက်သက်လေး နေပေးခဲ့သည့် ခနည်း ကို ယုံကြည်

လေးစားခဲ့ခြင်းကတော့ သေချာပါ၏။

သူက ပြောခဲ့သည့်စကားကို တည်သည်၊ နီးစပ်မှုအပေါ်မှာ မဖော

ပြန်ခဲ့ ..၊ သူ့ရင်ခွင်မှာ မကိုင်း ပူလောင်မနေခဲ့ဘဲ အေးချမ်းသာယာမှု

ရှိခဲ့သည်။ ဒါ ဘာလဲ ..၊ ဒီအဖြေကို မကိုင်း မသိချင်ပေ။

သို့သော် ကြည်ဖြူလိုက်လျောသင့်သည်ဟု ယူဆခဲ့ပြီးမှ ရှိပါေ

တော့ ..။ ညဉ့်က နက်လာခဲ့သည်။ မိုးလင်းလုလုမှာ မိုးခြိမ်းသံသဲ့သဲ့

ကြားလာရ၏။

မကိုင်း မှေးခနဲ အိပ်ပျော်သွားခဲ့စဉ် သူ့ကျောပြင်ကို ပြန်၍ဖက်တွယ်

ကာ မသိစိတ်မှာ နှစ်သက်ခဲ့ဖူးသည့် သူ့ကိုယ်က ရေမွှေးနံ့သင်းသင်းကို

လည်း မြတ်နိုးမဝစွာ ရှူရှိုက်နေခဲ့၏။ ထိုစဉ် မကိုင်း ဖျတ်ခနဲ ပြန်နိုးလာ

သည်။

သူသည် မကိုင်း ကို ဖက်လျက်သား လှဲနေရာမှ အနည်းငယ်မျှပင်

လှုပ်ရှားခဲ့ခြင်း မရှိ။ အိပ်နေခဲ့တာလား .. မကိုင်း အိပ်ရေးပျက်သွားမှာစိုး၍

ငြိမ်သက်နေခဲ့သည်လား မသိပါ ..။

အိပ်မက်ထဲမှာမဟုတ်ဘဲ သူ့ကျောပြင်ကို မကိုင်း တကယ်ဖက်ထား

မိသည်ပဲ။ လက်ကို သာသာလေးပြန်ရုပ်ကာ ငြိမ်ငြိမ်လေး ဆက်နေခဲ့





မိ၏။ မမေးပါနဲ့ဆိုတာကို မမေးတော့ပါ။ ဒါပေမယ့် မပြောဖြစ်တာကို

တော့ မနက်ကျ မကိုင်း ပြောပြဖို့ ဆုံးဖြတ်လိုက်မိ၏။

"မကိုင်း ရှင့်ရဲ့ဇနီးအဖြစ် ကြည်ဖြူပါမယ်၊ အချစ်ကို နားပူနားဆာ

လိုချင်နေတဲ့ ရှင့်အတွက် ချစ်နိုင်ဖို့လည်း ကြိုးစားမယ်၊ ကျန်းမာရေးကို

ရှင် ဂရုစိုက်ပါ"

"အင်း .. ကျွတ် .. ကျွတ် .."

သူ့လှုပ်ရှားမှုနဲ့ ညည်းသံသဲ့သဲ့ကြောင့် အတွေးစတွေ ပြတ်တောက်

သွားခဲ့ရသည်။ ပြီးတော့ သူ့မေးဖျားသည် မကိုင်း ရဲ့နဖူးလေးမှာ ထိကပ်

ပွတ်တိုက်ခဲ့လာရာ ...

"ခနည်း .."

တရှိန်ရှိန် ပူပြင်းနေသည့်ကိုယ်ကြောင့် မကိုင်း ထိတ်လန့်သွား၏။

"မကိုင်း .."

"ရှင်- ရှင်- ကိုယ်ပူတွေ တအားတက်နေတယ်၊ ဖယ် .. လွှတ်စမ်းပါ"

"ဟင့်အင်း .. မဟုတ်ဘူး၊ မကိုင်း - မင်း ဘယ်မှာလဲ - မသွားပါနဲ့"

သူ အတင်းဖက်ထားပြီး ဘယ်မှာလဲလို့ မေးနေသည်။ မကိုင်း သူ့

လက်တွေကိုဖယ်ချကာ သူ့ကိုလည်း လှုပ်နှိုးနေစဉ် ...

"ဘာဖြစ်တာလဲ .. လူလေး ဘာဖြစ်နေလဲ"

စိုင်းကြီး ၏မေးသံသည် တံခါးခေါက်သံနဲ့ရောနှောလျက် မရှေး

မနှောင်းမှာပဲ တံခါးပွင့်သွား၏။

စိုင်းကြီး နဲ့ ဘာဘာ တို့နှစ်ယောက် အပြေးတစ်ပိုင်း ဝင်လာကြ

သည်။ နောက်မှာ သမားတော်ကြီးနှစ်ယောက်ကလည်း ပါလာလေသည်။

သူတို့အားလုံးသည် နေထိုင်မကောင်းရှိနေသော ခနည်း ၏အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း အရိပ်လိုနေခဲ့ကြသူတွေ ဖြစ်၏။

အားလုံးလက်ထဲမှာပါသွားသည့် ခနသျှံ သည် မျက်လုံးတွေမဖွင့်ဘဲ 'မကိုင်ရှ'ဟု နှုတ်ဖျားမှ တမ်းတခေါ်နေဆဲ ...။

ရှင် .. ရှင် ဘယ်လိုဖြစ်သွားတာလဲ ...၊ ရောဂါသည်နဲ့ ဘယ်တုန်းက မှလည်း မတူခဲ့ပါဘဲ ဘာတွေဖြစ်ကုန်တာလဲ ..။

ခုချိန်ထိ မကိုင်ရှ ဘာမှသိခွင့်မရခဲ့ပါ။ နားထဲမှာ ထပ်ခါတလဲလဲ ကြားနေရသည်က ...

"မင်းကို လူလေးက သိပ်ချစ်တာ"တဲ့။

'မကိုင်ရှ'လို့ပဲ တမ်းတနေခဲ့သည့် သူ့အနားမှာ မကိုင်ရှ နေခွင့်ရခဲ့သည်။ ခနသျှံ ကို မကိုင်ရှ နဲ့အတူနေဖို့ စီစဉ်ပေးထားသောအိပ်ခန်းထဲမှာ ပေး မအိပ်ခဲ့ပေ ...။

မကိုင်ရှ ဒီကိုရောက်ခါစ သူ ဖျားလာတုန်းက ဆေးကုခံခဲ့သော အခန်းကြီးထဲမှာပဲ ထားသည်။ သူ့ဘေးမှာပဲ မကိုင်ရှ နေခဲ့ရ၏။ သတိရ လာတော့လည်း သူဟာ ဘာမှမဖြစ်ခဲ့တဲ့လူလို မကိုင်ရှ ကို ပြုံးပြနေပြန်သည်။

"ကိုယ် ဘာမှမဖြစ်ဘူး၊ မင်း ညက အိပ်ပျော်ရဲ့လား"တဲ့။

မကိုင်ရှ မဖြေနိုင်ပေ။ သူ့ကို မျက်ရည်ဝေ့လည်သောမျက်ဝန်းများဖြင့် ငေးနေခဲ့မိသည်။

အမြဲတမ်း ပူနွေးနေခဲ့သည့် သူ့လက်တို့က မကိုင်ရှ လက်ကလေး တစ်ဖက်ကို မြဲမြဲစွာ ဆုပ်ကိုင်ထားကာ ...

"မင်းကို ချစ်တယ်"

ပြောပါ .. ရှင်ပဲ ပြောပါတော့ ...၊ မချစ်နိုင်ခဲ့သည့် သူမမှာပဲ အပြစ် ရှိပါသည်။





'ကျွန်မလည်း ချစ်ပါတယ်'ဟု ပြောချင်ပေမယ့် မပြောနိုင်ခဲ့တာ လည်း သူမအပြစ်ပဲ ဖြစ်သည်။

ဒါပေမယ့် ရှင့်အတွက် မကိုင်ရှ စိတ်ပူတတ်နေပြီ ခနသျှံ ..။

နှလုံးသားဆိုတာ ချစ်တတ်ဖို့တစ်ခုအတွက်ပဲ ရှိခဲ့တာမဟုတ်ပါဘူး၊ သနားတတ်တယ် .. နားလည်နိုင်တယ်။ အဲဒါတွေအားလုံး ကျွန်မ ရှင့်ကို ပေးပါ့မယ်၊ ပြောခွင့်ပေးပါ၊ ရှင် ကျေနပ်ပါ။

မကိုင်ရှ သူ့ရှေ့မှာထိုင်ပြီး မျက်ရည်ကျနေတာလည်း သူ နားလည်နေ တာကတော့ တစ်မျိုးပဲ ဖြစ်လိမ့်မည်။

စူးစိုက်ကြည့်နေသည့် မျက်ဝန်းတို့က သူ့အတွက် မဟုတ်ဘူးလို့ ထင်ခဲ့သည့် မျက်ရည်တို့အပေါ်မှာ နာကျင်ကြေကွဲစွာဖြင့် ..။ ခနသျှံ သည် ကြေကွဲခြင်းကို မျိုသိပ်၍ ပြုံးနိုင်အောင် ကြိုးစားနေပြန်၏။ သူ နားလည်နေတာ တစ်ခုပဲရှိသည်။

အဲဒါ တကယ်ပါ ..။

'မကိုင်ရှ သူ့ကို မချစ်နိုင်'



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၄)

စစ်တုရင်ခုံမှာ စိုင်းကြီး နဲ့ မျက်နှာချင်းဆိုင်ထိုင်လျက် မေးထောက်စူးစိုက်ကြည့်နေသော မျက်နှာတစောင်းကို မကိုင့် ခဏတော့ ရပ်ကြည့်လိုက်မိသည်။

မျက်တောင်တစ်ချက်မခတ်ဘဲ စူးစိုက်ကြည့်နေသည့် မျက်ဝန်းတို့သည် ပြိုင်ဘက်ကို အနိုင်တိုက်ဖို့မဟုတ်ဘဲ တစ်နေရာတည်းမှာပဲ စူးနစ်ငေးကြည့်နေတာမျိုး ဖြစ်သည်။

စိတ်သည် စစ်တုရင်ခုံပေါ်မှာ မရှိသလို လှုပ်ရှားမှု ကင်းမဲ့နေခဲ့၏။ စိုင်းကြီး ကတော့ ခနသျှံ စိတ်ပါဝင်စားလာအောင် နည်းမျိုးစုံနှင့် ဖြားယောင်းဖို့ တက်ကြွစွာ ရှိနေသည်။

"တက်လေ လူလေး၊ ဘဘက မညာဘူးနော်"

ကစားပွဲကို ခနသျှံ စိတ်တွေ ပြန်ရောက်လာအောင် အစွမ်းကုန်ကြိုးစားနေ၏။





မကိုင့် မျက်နှာလွှဲ၍ ခြံထဲဆင်းလာခဲ့သည်။ သူက မကိုင့် ကို လှမ်းမြင်လိုက်တာနဲ့ ထလိုက်လာမှာကို သိနေသဖြင့် မမြင်သည့်ဘက်ကနေထွက်လာခဲ့သည်။

ခြံထဲမှာ မှိုင်းရီနေသည့်ရာသီဥတုက သစ်ပင်ကြီးများ၏ အကူအညီနှင့် ပို၍ သိပ်သည်းနေ၏။

ညနေချိန်တိုင်း မကိုင့် ခြံထဲဆင်းချင်ခဲ့သည်။ မိုးတွေသို့နေတိုင်းလည်း သူ အမြဲတားသည်။ ဒါပေမယ့် မကိုင့် သွားတာနဲ့ သူ ပါလာတာပဲ ဖြစ်သည်။

မိုးနဲ့မတည့်သော သူ့ကို ပါလာမှာစိုးသည်။ ခြေလှမ်းတို့က အားအင်မဲ့လျက် တက်ကြွစွာ ရှေ့ကနေ ပြေးလွှားနေသည့် ကီးကီး နောက်ကိုပဲ တစ်လှမ်းချင်း ပါလာခဲ့မိ၏။

စိတ်ထဲမှာ တွေးမိနေသောအကြောင်းများသည် သူမရယ်- ခေတ်ဦးရယ် - ပြီးတော့ ခနသျှံ .. ဘယ်လိုစခဲ့ကြမှန်း မသိ။ ဘယ်မှာအဆုံးသတ်မှာလဲ ..၊ လည်တိုင်ရစ်ပတ်လာခဲ့သည့် သူပေးထားခဲ့သောပဝါလေးကို သတိတရ ကိုင်မိသည်။

နာကျင်နေခဲ့သည့် သူမရင်ထဲမှာ ဘယ်သူ့ကြောင့်လဲ ..၊ ခြေထောက်ကို တိုးတိုက်လာသဖြင့် ငုံ့ကြည့်လိုက်တော့ ကီးကီး က ကြာကန်ဘက်ကို သွားဖို့ခေါ်နေတာ ဖြစ်သည်။

"မသွားချင်ပါဘူး ကီးကီး ရယ် .."

မကိုင့် ကီးကီး အားမှာ ဆောင့်ကြောင့်လေးထိုင်ချလိုက်ပြီး ကီးကီး ရဲ့ မေးဖျားလေးကို လက်ဖဝါးနဲ့ ပင့်တင် မော့ယူကြည့်သည်။

"ကီးကီး .. နင် ဘယ်လောက်လုပ်နေနေ၊ ဘယ်ခေါ်သွားသွား ငါ



www.burmeseclassic.com

www.burmeseclassic.com



ပျော်မှာမဟုတ်ဘူး၊ သူတို့တွေလည်း မနည်း ကို ဘာတွေနဲ့ ဘယ်လိုပဲ ချော့မော့နှစ်သိမ့်နေကြပါစေ သူ ပျော်မှာမဟုတ်ဘူးဆိုတာ ငါသိတယ်"

ကီးကီး က မကိုင်ရှု မော့ထားသည့်အတိုင်း မရုန်းဘဲ ဒီတိုင်းလေး သူမကို ကြည့်နေ၏။

"နင့်ရဲ့သခင်ကလေ .. ပြောတော့သာ သူ နားလည်တယ်၊ သူ စောင့်နိုင်တယ်နဲ့ .. တကယ်တမ်းကျတော့ သိပ်ကို လောဘကြီးတဲ့လူ၊ မချင့်မရဲစိတ်တွေ၊ မကျေနပ်စိတ်တွေနဲ့ သူ့ကိုယ်သူ နှိပ်စက်နေတာ၊ ငါလေ .. ငါ သူ့ကို ပြောစရာတွေရှိတယ် သိလား၊ သူ့အတွက် သူလိုချင်တာ ငါမပေးနိုင်ပေမယ့် သူ့ကို စိတ်ချမ်းသာစေဖို့ ငါ ဆုံးဖြတ်ခဲ့တယ်၊ ဒါပေမယ့် ငါမှ ပြောခွင့်မရခဲ့တာ၊ နင့်သခင်ရဲ့အတ္တက တစ်ခုလုံး ရရင် ရ .. မရရင် ဖဲ့မယူနိုင်ဘူးဆိုတာမျိုး၊ အဲဒါ ငါ ဘာလုပ်ရမှာလဲ ...၊ ငါ့မှာ ရုန်းထွက်ခွင့်လည်း မရှိဘူး၊ နားနေခွင့်လည်း မရဘူး၊ ငါ့ဒုက္ခက သူ့ထက် ဆိုးပါတယ်"

မကိုင်ရှု ပြောနေရင်း ငိုချင်လာသည်။

မိုးက မရွာသေးဘဲ တဒိန်းဒိန်း မြည်သံပေးလာ၏။ နောက်ပြန်လှည့်ရတော့မည်ကို သူမ နားလည်လိုက် ၏။ တော်ကြာ မိုးရွာလာလို့မှ အထဲမှာ သူမကိုမတွေ့လျှင် မနည်း ထွက်လိုက်လာမည်။

ဒါမှမဟုတ် သူ့ကို အပြင်မထွက်စေချင်သည့် တစ်ယောက်ယောက်က လိုက်လာခေါ်တော့မည် ဖြစ်၏။

'မိုးရွာတော့မယ်၊ ငါတို့ ပြန်ရအောင်"

ပြောပြီး ထရပ်လိုက်သည်။ လည်ပင်းက ပဝါလေးကို ပခုံးထိ အုပ်မိအောင် ခပ်လျော့လျော့ ပြင်ခြုံလိုက်ပြီးမှ ပြန်ဖို့ လှည့်လိုက်လျှင် ...





"မကိုင်ရှု .."

ဟင်!... မကိုင်ရှု လှည့်မကြည့်မိသေးဘဲ ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွား၏။ ဘယ်အချိန်ဖြစ်ဖြစ် ခေါ်လိုက်ပြီဆို 'မကိုင်ရှု'လို့သာ ခေါ်နေကျ မနည်း အသံနဲ့ ထင်ယောင်ထင်မှားဖြစ်ဖွယ် မရှိ ..။

မကိုင်ရှု လို့ ခေါ်မယ့်သူ ဒီမှာ ဘယ်သူမှမရှိသလို ဒီအသံကို မကိုင်ရှု ဘယ်တော့မှမေ့မှာ မဟုတ်ပေ။

ခေတ်ဦး .. အို!... မဖြစ်နိုင်တာ ..။

"မကိုင်ရှု .."

"ဟင်!..."

နောက်ထပ်ခေါ်သံက ပြေးလွှားခြင်းနဲ့အတူ နီးကပ်လာ၏။ မကိုင်ရှု ချာခနဲ နောက်လှည့်လိုက်မိသည်။

"ခေတ်ဦး .."

"မကိုင်ရှု .."

ခေတ်ဦး သည် တစ်ကိုယ်လုံး စိုရွှဲလျက် ဆံပင်ဖျားနှင့် ပခုံးတွေထက်မှာ ရေမှော်ဖတ်တွေ ငြိလျက် ...၊

"ခေတ်ဦး .."

"ဟုတ်တယ် ငါပါ၊ နင့် .. နင်ကတော့ ..."

လှလိုက်ပါလားလို့ မပြောနိုင်တော့ဘဲ မကိုင်ရှု တစ်ကိုယ်လုံးကို ခေတ်ဦး အံ့ဩမကုန်နိုင်သောမျက်လုံးများဖြင့် ခြေပြန်ခေါင်းပြန် ကြည့်လို့ မပြီးနိုင် ...။

သူ့မှာတော့ မကိုင်ရှု ဟာ အလိုမတူ ချုပ်နှောင်ပေါင်းသင်းခြင်းခံရကာ သောကအိမ်ထဲမှာ မျက်ရည်များနှင့် မျောနေပြီလား ...၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ပိန်လှီဖျော့ကျကာ ကယ်သူမဲ့နေရှာသည့်အဖြစ်ကို ကြေကွဲမဆုံး ဖြစ်နေလိမ့်မည်ဟု ထင်ခဲ့မိ၏။

မျက်စိရှေ့မှာကျတော့ မကိုင်ရွှ သည် နှင်းပွင့်လို ဖြူဆွတ်ဆွတ် အစံ့ ပေါ်မှာ အပြာရောင်ပွင့်ခက်မှုန်များနဲ့ ပိုးသားဝတ်စုံလေးကို ကြော့ကြော့ ယဉ်ယဉ်လေး ဝတ်ထား၏။

ပြီးတော့ အပြာရောင်ပိုးပဝါကို ခြုံကာ ဆံနွယ်ရှည်များက ခါတိုင်း ထက် ပို၍နွဲ့နေသည်။ ပို၍ နက်မှောင်ပြောင်အိလျက် ...၊

ငယ်ငယ်တုန်းက မေမေတို့ ပြောခဲ့ဖူးသည့် ပုံပြင်ထဲက 'သိပ်ချော သိပ်လှတဲ့ နတ်သမီးလေးတစ်ပါး'လို မဟာဆန်ဆန် ပို၍ လှပ ပျောင်းနွဲ့လျက် ကိုယ့်မျက်စိကိုပင် မယုံနိုင် ...။

"မကိုင်ရွှ .. နင် ..."

"ခေတ်ဦး ဒီကို နင် .. နင် ဘယ်လိုလုပ် ဝင်လာတာလဲဟင်"

မကိုင်ရွှ သည် အံ့သြခြင်း၊ ဝမ်းသာရွှင်မြူးသွားခြင်းတို့မှာ ဖျတ်ခနဲ ဖျတ်ခနဲ ဖြစ်ပေါ်ပြောင်းလဲသွားခဲ့ပြီး ထိတ်လန့်ခြင်းတို့ ဖြစ်ပွားခဲ့၏။

"ငါ နင့်ဆီကို မရောက်ရောက်အောင် လိုက်ခဲ့တာလေ၊ နင်က ဒီမှာ ပျော်နေပြီပေါ့ ဟုတ်လား"

"အို .. မဟုတ်ပါဘူး"

"မဟုတ်ရင် ဘာလဲ .. နေဦး ငါမေးတာကို လိုရင်းပဲ ဖြေ၊ နင် စနေသျှို့ နောက်ကို ကိုယ့်သဘောနဲ့ကိုယ် လိုက်သွားတာလား"

"မဟုတ်ဘူး .."

ခေတ်ဦး ရွှေရင်ဆို့နေရသည့် ရင်ဘတ်ထဲကအပူလုံးမှာ အနှားစပ် တို့ ပျော်ဆင်းသွားခဲ့သလို အနည်းငယ်တော့ နေသာထိုင်သာ ဖြစ်





သွား၏။

သူသည် ရှေ့ကို အားတက်သရော တိုးရပ်ပြီး မကိုင်ရွှ လက်ကို ဆုပ် ကိုင်လိုက်သည်။

"နင် သူ့ကိုချစ်နေပြီလား၊ အခု .. အခု ချစ်နေပြီလား၊ အဲဒါ အရေး ကြီးတယ် .. ဖြေစမ်းပါ"

"ဟင့်အင်း .."

"လာ .. သွားမယ်"

"ခေတ်ဦး .."

ခေတ်ဦး ဘာမှမစဉ်းစားတော့ဘဲ မကိုင်ရွှ လက်ကို ဆွဲပြေးလေ သည်။

ရုန်းနေပေမယ့် မကိုင်ရွှ သူဆွဲသည့်အတိုင်း ပါသွားခဲ့ကာ ...

"ခေတ်ဦး နေဦး .. ငါ ပြောဦးမယ်၊ ခဏလေး လွှတ်ပါ"

"နောက်မှပြောစမ်းပါ .. အချိန်မရဘူး၊ ပြန်ယွက်စရာ အပေါက် ပိတ်သွားရင် ဒုက္ခများမှာ"

ဝါးရုံတွေကြားထဲကနေ တိုးဖွေ့ပတ်ပြေးသွားရင် ဆွဲချသွားသဖြင့် မကိုင်ရွှ အလဲလဲအပြိုပြို ပါသွားခဲ့လေသည်။

ခေတ်ဦး ရောက်လာခဲ့ပုံကိုလည်း မမေးဖြစ်၊ ရောက်လာတာကို လည်း ဝမ်းသာလွန်းလို့ ဂုဏ်ပြုစကားပင် မပြောရသေး။

တကယ်တော့ မကိုင်ရွှ ဆုံးဖြတ်ခဲ့ပြီးသည့် ရှေ့ဆက်ရဖို့ အနာဂတ် ဟာ ဟိုအရင်ကလို မဟုတ်တော့ဘူးဆိုတာကိုလည်း ပြောဖို့ဖြစ်သည်။

သို့သော် မောလာသည့်လူကို ဒီ့ထက်ပို၍ စိမ်းကားငြင်းပယ်ဖို့ မကိုင်ရွှ အင်အားမရှိခဲ့ဘဲ ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ထင်ရာလုပ်ခဲ့တတ်သော မကိုဋ် သည် ခနှသျှံ ဆိုသော ယောက်ျားတစ်ယောက်နဲ့ ငြိတွယ်ပတ်သက်ခဲ့သမျှ ဆန္ဒနှင့် ဆုံးဖြတ်ချက်က မညီ ...။

ဆုံးဖြတ်ခဲ့ပေမယ့် ပြတ်သားခွင့် မရှိ။ ထို့ပြင် နောက်ထပ် ဘာတွေ ဖြစ်လာဦးမည်ဆိုတာကိုလည်း မသိတော့ပါ။

ပြေးလွှားနေခဲ့ရင်း ခနှသျှံ ၏ မရိုတရိုအပြုံးကို မြင်လာသည်။ ပြီးတော့ သူ့စကားတွေ ...၊

"လှောင်အိမ်မှုန်နေတဲ့အထဲမှာ ပျံထွက်မသွားဘဲနေတဲ့ငှက် ရှိလား"

"အား!..."

ခြေထောက်မှာ ခလုတ်တိုက်လျက် စူးရှစွာ နာကျင်သွားခဲ့၏။

ဆွဲမိဆွဲရာ ဆုပ်ဖမ်း ဆွဲနိုလိုက်မိသည်က ခေတ်ဦး ၏ လက်မောင်း တစ်ဖက် ဖြစ်လေသည်။





## အခန်း (၄၅)

"ကျွန်တော် နားတော့မယ်"

"ဘာဖြစ်လို့လဲ လူလေး .. ပွဲပြီးအောင် နေပါဦးလား၊ မိုးလေးအေးအေးနဲ့ ဘယ်လောက်ကောင်းလဲ"

ခနှသျှံ ခေါင်းခါလိုက်သည်။ ပြီးတော့ အတွင်းခန်းကို မျှော်ကြည့်လိုက်ပြီး ခြံထဲဘက်သို့ ပြန်လှည့်ကာ ...

"စိတ်မပါတော့လို့ပါ"

နေရာကနေ ထရပ်လိုက်သည်။

ညနေတိုင်း ခြံထဲဆင်းလျှောက်ချင်တယ်ဟု ပြောတတ်သော မကိုဋ် ပျောက်နေတာကို ဟိုဒီ လိုက်ကြည့်မိသည်။

မိုးသားတို့က လိပ်တက်သို့မှောင်လာကြ၏။ သည်းတာလည်း မဟုတ်ဘဲ အကြီးအကျယ် ညို့ချက်ပြင်းကာ မိုးဖွဲကလေးများနှင့်လည်း ပြီးသွားတတ်သည့် မိုးသားတို့ကို ပြတင်းပေါက်ကနေ မော့ကြည့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် မိုးရွာမည်၊ မရွာဘူးဆိုတာ ဘယ်သူမှ အတိအကျ မခန့်မှန်းနိုင်။ မကိုင်ရှ ခြံထဲဆင်းနေသည်လား .. အပေါ်မှာလား။

စိုင်းကြီး ကတော့ ဘာဘာ နဲ့ ဆက်ကစားဖို့ ပွဲခင်းနေပြီဖြစ်၏။ ထိုစဉ် ကြီးတော် အပေါ်ထပ်ကနေ မိန်းကလေးနှစ်ယောက် ခြံရဲလျှက် ဆင်းလာ၏။

"ကြီးတော် အပေါ်မှာ မကိုင်ရှ ရှိတာ တွေ့လား"

လှေကားအဆင်းမှာ ကြီးတော်က ခြေစုံရပ်ကာ စဉ်းစားသလို မျက်မှောင်ကုတ်သွားပြီး ...

"မတွေ့ခဲ့ဘူး .. အိပ်များနေသလား"

"သူ ခြံထဲမှာထင်တယ်"

မကိုင်ရှ က ညဘက်မှာတောင် အိပ်မောကျတတ်တာ သိပ်မရှိခဲ့ပေ။ မနည်းကျ က ခြံထဲဆင်းဖို့ လှည့်သည်။

ထိုအချိန်မှာ မိုးသက်လေတဖြူးဖြူးနှင့် ရာသီဥတုက အေးစိမ့်လာ၏။

"လူလေး .."

ကြီးတော်က စိုးရိမ်တကြီးခေါ်ကာ ရှေ့ကို ခပ်သုတ်သုတ်တိုးလာ၏။

"မိုးတွေမှောင်နေတာ ကြာပြီပဲ၊ သူ သွားနေရင်လည်း တက်လာပြီ ပေါ့ကွယ်၊ အပေါ်ကို အရင်တက်ကြည့်ပါဦးလား၊ ကြီးတော် ရေချိုးခန်း ကို သွားကြည့်နိုင်းလိုက်ပါ့မယ်"

မနည်းကျ ခေါင်းခါသည်။

ကြီးတော်က သူ့လက်ကို ဆွဲထား၏။ ခြံထဲဆင်းလျှင် မိုးမမိတာ တောင် ဒီမိုးလေနဲ့ဆို မနည်းကျ ပြန်ဖျားနိုင်တာကို တွက်မိ၏။





ထိုစဉ် ကီးကီး သည် ထိတ်လန့်ထူးခြားသော မျက်လုံးနီနီလေးတွေ ပြူးကျယ်ဝိုင်းစက်ကာ တရကြမ်း ပြေးတက်လာ၏။

အားလုံးကြားထဲကနေ မနည်းကျ ၏ဘောင်းဘီစကို ပြေးဆွဲကာ ခြံထဲဘက်ကို ပြန်လှည့်၏။

"ကီးကီး ဘာဖြစ်တာလဲ .."

ကီးကီး က သူ့ကို မော့ကြည့်သည်။

ပြီးတော့ ခြံထဲကို ချာခနဲ ပြန်ကြည့်ကာ ဘောင်းဘီကိုပဲ ကိုက်ဆွဲနေသည်။

မနည်းကျ နားလည်သွား၏။

"သား လူလေး .."

"ဘာဘာ လိုက်စမ်း"

"ကျွန်တော် လိုက်သွားမယ်"

စိုင်းကြီး ကတော့ တံခါးဝမှာ အဆင်သင့် အမြဲဆောင်ထားသည့် ထီးကြီးကို မမေ့မလျော့ ပြေးယူပြီးမှ ဆင်းလိုက်သွား၏။

ကြီးတော် ထိတ်လန့်လွန်းလျက် ရင်တွေတုန်နေ၏။ ဒူးနှစ်ဖက်က ဆတ်ဆတ်ခါလာသည်။

ဒီနေ့လား .. မဟုတ်ဘူး၊ မဖြစ်ပါစေနဲ့ .. လူလေး မဖြစ်ရဘူး။

မျက်ရည်တွေ တလိမ့်လိမ့်ဆင်းကျလာကာ ရင်ဘတ်ကို လက်ဖဝါး နှစ်ဖက်နဲ့ ပြန်ဖိထားတာလည်း မရပါ။

"မိန်းမအတွက်နဲ့ အသက်ပေးရဖို့ ရှိနေတယ်၊ မွေးလက်ဖြို့ဟ်ဟာ ဝင်းမှာ ပျက်စီးကုန်ဆုံးခြင်း ဖြစ်နေပြီ"

"လူ့ဝတ်ကြောင်ကို မစွန့်နိုင်ရင် လူ့ဘဝကို သူ စွန့်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးကို မိဘများထံ ပြန်အပ်ပါ၊ အခြေအနေအားလုံး အကောင်းဆုံးဖြစ်အောင် ရှင်းပေးနိုင်ဖို့ ကြိုးစားကြပါ၊ ခနသျှ ရဲ့ ဘု လက်ရုံးအားလုံးဟာ ဒီမိန်းကလေးကြောင့် ပျက်စီးခဲ့ရပြီ"

"သူ့ဆုံးဖြတ်ချက်ဟာ မိန်းကလေးအတွက်ပဲ ဖြစ်နေပြီဆိုရင် ဘ သူမှ မကယ်နိုင်တော့ဘူး"

ကြီးတော်၏ရင်ဘတ်မှာ ဖိထားသည့်လက်နှစ်ဖက် နားနှစ်ဖက် ရောက်သွားသည်။

မဟုတ်ဘူး .. ဒီလိုမဖြစ်ရဘူး၊ ယတြာကောင်းရင် မင်းလေ ပျောက်တယ်တဲ့။

ခနသျှ နဲ့ပတ်သက်ပြီး ဒီလို ဒီအကြောင်းတွေရှိနေလို့ ဒီလိုနေ ဒီလိုစားပါ၊ ဘယ်လိုမှပြောမရသမျှ သူမတို့ တစ်ဖက်ကနေ အကော ဆုံးဖြစ်အောင် ယတြာတွေချေခဲ့ကြသည်၊ အလှူဒါနတွေ လုပ်ပေ သည်။

အခု ခနလည်းကောင်းသွားခဲ့ပြီပဲ ...။

ကြီးတော် တံခါးဝသို့ပြေးကာ ခြံထဲဆင်းသွားကြသူတွေကို ရှေ ကြည့်နေမိ၏။ ထိုစဉ် မိုးဖွဲတို့ စတင်၍ ကျဆင်းလာကြ၏။

ဒူးတွေတုန်နေဆဲဟာ မတည်ငြိမ်နိုင်ဘဲ ခေါင်းမာလွန်းသည့် ခန ၏စကားလုံးတွေကိုပဲ အထပ်ထပ် ပြန်ကြားနေမိသည်။

"သေဖို့က ရှိနေတာလား .. သေရမယ့်လူက သေမှာပဲ ကြီးတော် ကံကို လူက မပိုင်ဘူးဆိုပြီး ဘာဖြစ်လို့ မိန်းမကြောင့်၊ ဘယ်သူကြောင့် ဥပါဒါန်ဖြစ်နေတာလဲ၊ သူက ကျွန်တော် ခိုးယူခဲ့လို့ ပါလာခဲ့တာ၊ နောက် ထပ် ဘာတွေ ဒုက္ခပေးဦးမှာလဲ၊ မပို့နိုင်ဘူး ကြီးတော်"





"စွန့်လည်း မစွန့်လွှတ်နိုင်ဘူး၊ အနာဂတ်မှာ ဘာဖြစ်ဖြစ် ကျွန်တော် ကြောက်လည်း မကြောက်ဘူး၊ သေရမယ်ဆိုရင်တောင် ချစ်တဲ့သူကို ပိုက်ပြီး တစ်မိတစ်၊ တစ်စက္ကန့်ဖြစ်ဖြစ် စိတ်ချမ်းချမ်းသာသာနေပြီး သေမယ်"

"ဘာဖြစ်လို့လဲ – အချစ်ကိုပဲလိုချင်တာ၊ မိန်းမလိုချင်ရင် မိန်းမတွေ အများကြီးရှိတယ် ကြီးတော်၊ ကျွန်တော့်ကို နားလည်ရင် မဝေဖန်ပါနဲ့၊ ယောကျ်ားနဲ့မိန်းမ ညားကြတာ လွယ်လွယ်လေးရယ်၊ ချစ်ကြဖို့က ခက် တာ .. ကျွန်တော့်ကို အရိပ်တကြည့်ကြည့်နဲ့ အားလုံးဖြစ်နေကြတာ မျိုးဆက်ပြတ်သွားမှာစိုးလို့ မဟုတ်လား၊ ဒီမိန်းမနဲ့ဒုက္ခဖြစ်ပြီး သေသွား ရင်တော့ သွားပြီဆိုပြီးတော့လေ –"

ချစ်လွန်းလို့ သေမလောက် ပူပန်စိုးရိမ်နေနေကြသည့်လူတွေကို ခနသျှ ၏တုံ့ပြန်ချက်က ပြင်းထန်ပြတ်သားပါသည်။

မချစ်တတ်ခဲ့ဘူးဆိုတုန်းကလည်း သူပဲ၊ ချစ်မိပြီဆိုတော့လည်း သေချင်သေပါစေဟု ဆိုကာ တကယ့် အချစ်မျက်ကန်း ...။

မကိုင်ရှ ရှေ့မှာတော့ အိမ်မှာ ဘာပြဿနာမှ ရှိမနေသလိုလို၊ သူ ဘာမှ မခံစားရသလိုလိုနဲ့ ကွယ်ရာမှာ မိသားစုအားလုံးနှင့် သူ အတိုက် အခံတွေ ဖြစ်ခဲ့သည်။

"ကျွန်တော် လိုချင်တဲ့ အမိက က သူနဲ့ပေါင်းသင်းကြဖို့ မဟုတ် ဘူး၊ သူ့အချစ်ကို ရဖို့"

"သူ့ကြောင့် ကျွန်တော် သေသွားရင် မြမျိုးမြင့်မာန် မျိုးဆက်ပြတ် မှာ စိုးတယ်မဟုတ်လား – အဲဒါ လွယ်လွယ်လေးပါ၊ အားလုံး မြင်စေချင် တဲ့အတိုင်း ဖြစ်စေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရက်ခဲ့သည်၊ မေးလည်း မေးရက်ခဲ့ပါ၏။ ဒါလုပ်တော့မည်ဆိုဒွတ် ..၊ ဒီလမ်းသွားဖို့ ခြေလှမ်းပြင်ပြီးလျှင် တုတ်နဲ့ရိုက်ချိုးတာတောင် မရခဲ့ပါ။

သူ့ကံကြမ္မာကို တကယ် စိုးရိမ်ခဲ့တာလား၊ ဒါမှမဟုတ် လူကြီးတွေကို ရွဲ့တာလား ..၊ မနေ့သျှံ ဒီရက်ပိုင်းမှာ လူက နားလန်မထူနိုင်ဘဲ ထင်ရာတွေ လျှောက်လုပ်ခဲ့သည်။

တစ်အိမ်လုံး မျက်ရည်လည်ရွဲနဲ့ သောကမငြိမ်းခဲ့ရသည့် ဒီရက်တွေထဲမှာ အခု ဘယ်က ကြမ္မာဆိုးက ဝင်လာခဲ့တာလဲ ..။

"ဟင်!..."

ကြီးတော် တစ်ကိုယ်လုံး တုန်ခနဲ ဖြစ်သွား၏။

မိုးစက်တို့ကြားထဲမှာ မနေ့သျှံ ပြေးလာနေ၏။ တည့်တည့်လာပြီးမှ ကားဂိုဒေါင်ဘက်သို့ ကွေ့ချိုးသွား၏။

"လူလေး .."

စိုင်းကြီး သည် ဖွင့်ထားပြီးသည့်တံခါးကြီးဖက်ကားကားနှင့် ပြေးလိုက်နေသည်။

ပြီးတော့ ဘာဘာ က အပြေးအလွှား ...

"သခင်လေး ဘာလုပ်မလို့လဲ"

ရုတ်ရုတ်သဲသဲဖြစ်နေကြသည့် အခြေအနေကို မြင်နေရသဖြင့် ရောမှုစံ သည် မနေ့သျှံ ပြေးလာသောရှေ့ကနေ ကားတံခါးကို ကျောဖြင့် ကပ်ပိတ်ထားလိုက်ပြီး ...

"ဖယ်စမ်း .."

"သခင်လေး ဒီလို မလုပ်ပါနဲ့"





ရောမှုစံ ကို သူ တွန်းဖယ်လိုက်တာမြင်သည်နဲ့ ဘာဘာ က ပြေးအော်တားဆီးရင်း သူလည်း ရောမှုစံ ဘေးမှာ လက်တွဲရပ်လိုက်၏။

မနေ့သျှံ သည် နီရဲသုန်မှုန်သွားသည့်မျက်နှာဖြင့် အဖြူရောင်ကားကြီးဆီ ပြန်လှည့်၏။

"လူလေး .."

"လူလေး ဘာဖြစ်လို့လဲ"

စိုင်းကြီး နဲ့ ကြီးတော် ပြေးလိုက်လာကြကာ ကားအဖြူရှေ့ကနေ တားဆီးကြပြန်၏။

မနေ့သျှံ သည် ဆုပ်ကိုင်ထားခဲ့သော အပြာရောင်ပဝါလေးကို အံကြိတ်လျက် ငုံ့ကြည့်သည်။

ကီးကီး နောက်ကို လိုက်သွားတော့ မကိုင်ရွှ ကို သူ မတွေ့ရတော့ပါ။ ဝါးတောအဆင်း ချုံနွယ်ပေါ်မှာ တန်းလန်းငြိတွယ်လျက် ကျန်ရစ်ခဲ့သော မကိုင်ရွှ ၏ပဝါလေးကိုသာ ရခဲ့သည်။

ဆက်လိုက်သွားတော့ ရေလွှတ်မြောင်းကြီး၏ဘေးနှုတ်ခမ်းအထက်မှာ မြေကိုဖုံ့တူးပြီး တစ်ခြမ်းပုံနေသော ကျောက်ခွက်ကြီးဖြင့် လိုဏ်ခေါင်းပုံစံ ဖောက်ထားသည့်အပေါက်ကြီးကို မြင်ခဲ့ရသည်။

လွှတ်ထုတ်နေသည့်ရေတွေ ထိုထဲကိုရောက်ပေမယ့် တစ်ဖက်မှာ ဂလိုင်ကြီးဖြစ်ကာ လူတစ်ယောက် ကောင်းကောင်းကြီး ဝင်ထွက်လို့ရ၏။

ပြီးတော့ ထိုနေရာကို ကင်ပွန်းခါးဆူးချုံတွေရှိသည့်နေရာအဖြစ် ဘယ်သူမှလည်း ဂရုစိုက် သတိထားနေကြတာ မဟုတ်။

ဒီထဲကို ဘယ်သူဝင်လာသလဲဆိုတာ သိပ်တွေးတောဖို့မလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတိုက်တာခြံဝန်းကြီးထဲကို တကူးတကဝင်နိုင်အောင် ကြိုးစားခဲ့ပြီးမှ မကိုဋ် ကို ခေါ်ထုတ်သွားခဲ့သူက ခေတ်ဦး ပဲ ဆိုတာကို တပ်အပ်သိခဲ့၏။

ခေါ်သကြောင့် မတ်တတ်မရပ်နိုင်တော့အောင် အသားဆတ်ဆတ် တုန်ခဲ့သည်။

သူ ဘယ်လိုမှမထင်မှတ်ခဲ့သည့် အရပ်မျက်နှာမှနေ၍ ဘယ်တုန်းကမှ ဂရုတစိုက် ခေါင်းထဲမထည့်ခဲ့ဖူးသောသူက အသာလေး အနိုင်ယူသွားခဲ့သည်။

ပြီးတော့ ယူသွားသည်က စည်းစိမ်ဉစ္စာ၊ အဆောင်အယောင် ဘာမှမဟုတ်ဘဲ သူ့ရဲ့နှလုံးသား ...။

"မိုးတွေရွာလာပြီ လူလေး၊ မကိုဋ် ထွက်ပြေးသွားတာဆိုရင်လည်း ဘဘတို့ လိုက်ခေါ်ပါ့မယ် .. လူလေး နေခဲ့ပါ"

စိုင်းကြီး က ကားရှေ့ကနေ မဖယ်ပေ။

ခနသျှ အိမ်ကြီးပေါ် ပြန်လှည့်ပြေးသွားသည်။ ပြန်ဆင်းလာတော့ လက်ထဲမှာ ကားသော့နှင့် ...။

စိုင်းကြီး ပြင်ဆင်ထားတာကို ဂရုမစိုက်ပေ ...။

ရောမှုစံ တို့ဆီကို ဦးတည်သွားကာ ဘာမှမပြောဘဲ ကားရှေ့ကနေ တွန်းဖယ်ချပစ်၏။

"သခင်လေး .."

မရမက တားဆီးချင်သော်လည်း မတန်မရာ ကိုင်တွယ်တွန်းထိုး၍ မတားဆီးရဲပေ။

ထို့ကြောင့် ရောမှုစံ နဲ့ ဘဘဘ က ကျန်ခဲ့ရလေသည်။

"လူလေး .. လူလေး .. နေပါဦး"





စိုင်းကြီး က ကားခေါင်းရှေ့ကနေ ပိတ်ရပ်ထားကာ ...

"အန္တရာယ်ရှိနေလို့ပါ .. ဘဘ မေတ္တာကို နားလည်ပါကွယ်၊ သူ့ကို ဘဘ လိုက်ခေါ်ပေးမယ်၊ လူလေး ဆင်းပါ"

"ဖယ်ပေး .. စိုင်းကြီး ကားရှေ့ကဖယ်ပေးပါ၊ မကိုဋ် ထွက်ပြေးတာ မဟုတ်ဘူး .. သူ့ကို တစ်ယောက်ယောက် လာခိုးသွားတာ၊ ကျွန်တော် ရင်ဆိုင်ရမှာ .. ဖယ်ပေးပါ"

ကားကို ဝေါခနဲ နောက်ဆုတ်၏။ ထို့နောက် လမ်းမဟုတ်ဘဲရှိနေသည့်ခြံထဲကသစ်ပင်ကြီးတွေကြားထဲကနေ ကွေ့ပတ်မောင်းထွက်သွားလေသည်။

"လုပ်ကြပါဦး .. ကိုယ်ကျိုးတွေ နည်းကုန်ပြီ၊ မောင်တော်ငယ် လိုက်ကြပါဦး"

ကြီးတော် အသံကြီးက သည်းလာသော မိုးသံထဲမှာ ချောက်ချားစွာ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၆)

တစ်ညနေလုံး ရှာနေသည့်မိုးက ဘာနဲ့တူသလဲဆိုလျှင် တိုက်ပွဲရက်ရှည်ကြောင့် သေနတ်ကိုဆုပ်ကိုင်ရင်း ငိုက်မြည်းလာခဲ့သည့် စစ်သားလိုပင်။ သည်းလာလိုက် .. လျော့ကျသွားလိုက်နှင့် ညမိုးချုပ်တဲ့အထိ အလဲမလှဲတမ်း သွန်းဖြိုးနေဆဲ။

"ဘယ်လိုလဲ .. ဒီလူ လိုက်မလာတော့ဘူးလို့ ကိုလေး ထင်လား"

"အင်း .. ပြောလို့တော့ မရဘူး"

ကုန်းမြင့်ပေါ်က အိမ်လေးထဲမှာ လေးယောက်စလုံး စုဝေးနေခဲ့ကြတာ အိပ်ခန်းဖြစ်သည်။ မကိုင်ရှ နဲ့ ခေတ်ဦး က ခုတင်ပေါ်မှာ ခြေချထိုင်နေကြကာ ကိုကိုလေးက တံခါးဝမှာ မတ်တတ်၊ သာယာ ကတော့ ပြတင်းပေါက်မှစ၍ ပျဉ်ကြိုပျဉ်ကြားမကျန် အပြင်ဘက်ကို မြင်နိုင်သမျှ သူပဲ ချောင်းနိုင်လွန်းသည်။

"မင်း ဒီလောက်ကြောက်နေသလား သာယာ၊ ငြိမ်ငြိမ်နေစမ်းပါ"

"ဟာ!.. မင်း ..."





"ဟုတ်တယ် .. သူ ဒီညတော့ တက်မလာနိုင်လောက်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တို့က မြမျိုးမြင့်မာန် ရဲ့ အပေါ်စီးကပေမယ့် ဒီကိုလာဖို့ လမ်းက သူတို့နဲ့ ဘယ်လိုမှ မနီးစပ်ဘူး၊ မိုးကလည်း ရွာနေသေးတယ်၊ ငါ့အိမ်အတွက် ငါဖောက်ထားတဲ့လမ်းက ဒီလိုရာသီဥတုမှာ လူစိမ်းတွေ ကားမောင်းတက်လာဖို့ မလွယ်ဘူး"

"ဒီနေရာကို မနီးစပ်ဘူးလို့မပြောနဲ့ ကိုလေး၊ ကျွန်တော်တို့ မကိုင်ရှ ကိုရတာနဲ့ တန်းလစ်မယ်ဆိုပြီး လမ်းကြောပေါ် ကားစောင့်ခိုင်းထားတာ၊ ဒီကားကို .."

"ကားကိုတွေ့တာနဲ့ မင်းတို့နဲ့ ပတ်သက်တယ်ဆိုတာ ရုတ်တရက် မတွေးမိနိုင်ဘူး သာယာ၊ နောက်ပြီး ကားသမားက ငါ့လူပါ"

"မင်းကိုလည်း ငါ နားမလည်နိုင်တော့ဘူး"

ခေတ်ဦး က သာယာ့ မျက်နှာကို မော့ကြည့်နေရင်း ခေါင်းခါယမ်းလျက် ...

"ရအောင်ပြန်ခေါ် .. ဖြစ်အောင်လုပ်နဲ့ တိုက်တွန်းခဲ့တာ တက်ကြွခဲ့တာတွေ မင်း မဟုတ်ဘူးလား"

"ဟုတ်တယ်လေ .. မင်းက ငါ ကြောက်နေတယ် ထင်လို့လား"

"မြင်နေတာပဲ"

"အေး .. ကြောက်နေတယ်ဆိုရင်လည်း အဲဒါ မင်းတို့အတွက်ပဲ ခေတ်ဦး၊ မြမျိုးမြင့်မာန် ဘယ်လောက်ထိ လက်တံရှည်နိုင်တယ်ဆိုတာ ကုန်းထိပ်ကနေ နေ့စဉ် ကျောက်ရုပ်တုကြီးလို မျှော်ငေးရင်း အချိန်ကုန်နေတဲ့ မင်းက မသိပေမယ့် အပြင်မှာ သွားလာနေတဲ့ ငါက သိတယ်၊ တစ်မြို့တည်းနေပြီး ကိုယ်နဲ့မသက်ဆိုင်တာကို မစပ်စုကြတဲ့သူတွေ မသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငါက ကိုယ်နဲ့သက်ဆိုင်နေတော့ စပ်စုတယ်၊ အဲဒါကြောင့် ဒီမြို့ခံလူတွေ သိထားတာထက် မပိုရင်တောင် ငါသိထားတာတွေ အများကြီးပဲ"

ဒီစကားကြောင့် ကိုကိုလေးက ပြုံးသည်။ မကိုင်ရှ က ဘယ်သူ့စကားထဲမှာမှ မပါပေ။ ဒီအခန်းထဲဝင်ထိုင်မိပြီဆိုကတည်းက ထိုင်သည့်နေရာမှာပဲရှိနေပြီး မျက်ခုံးတန်းလေးတွေ တွန့်ကုတ်နေသည်။

တစ်ခါတစ်ခါ စကားပြောတဲ့လူဆီ မျက်ဝန်းလေးတွေရွေ့သွားခဲ့ပြီး လုံးဝ ငြိမ်သက်နေခဲ့၏။ ခေတ်ဦး က မကိုင်ရှ ကို ပြန်ငဲ့ကြည့်ပြီးမှ နေရာမှ ထရပ်လိုက်ကာ...

"သူ ဘာကောင်ဖြစ်နေနေ ခုချိန်မှာ မယားခိုးပဲ"

တစ်တစ်ခွခွပြောပြီး မဲ့သည်။ သာယာ ကလည်း မကိုင်ရှ ကို လှမ်းကြည့်၍ ...

"သူ ခိုးယူသွားတာ ရန်တုန်မှာ ... အခု ကလောမြို့မှာ ငါတို့က မယားခိုး .. အဲဒါ မင်း သိလား"

"ဖြစ်သွားပြန်ပြီလား မင်း .."

ခေတ်ဦး မျက်နှာ အနီရောင်တက်လာခဲ့ပြီး ...

"မင်းပြောခဲ့တဲ့ စကားတွေနဲ့ အခု ပြောနေတာတွေက တခြားစီပါလား သာယာ"

"တခြားစီ မဖြစ်သေးပါဘူး .. မကိုင်ရှ နဲ့ မင်း လက်ထပ်ခဲ့တာမှန်တယ်၊ ဒါပေမယ့် ပွဲမပြီးသေးခင် သူ ခိုးယူသွားတာ"

"ပွဲပြီးသွားပြီ .. အားလုံးပြီးမှ သူ ဝင်လုခဲ့တာ၊ ဒသဂီရိလို ဇာတ်ခင်းသွားတာ"

"ဟုတ်တယ်ပဲ ထားကွာ .. အခု သူ လိုက်လာရင် သူ့မှာ အင်အား





ပါလာမှာ၊ အကြီးမားဆုံးအင်အားက ဒေါသပဲ၊ သူလိုချင်လို့ မရမက သိမ်းပိုက်ထားတဲ့မိန်းမကို မနက်မှ သွားပြန်တောင်းမယ်ဆိုပြီး တစ်ညလုံး အေးအေးအိပ်နေမှာ မဟုတ်ဘူး"

"သာယာ .."

ညှိုအစ်ကိုနှစ်ယောက် မျက်နှာချင်းဆိုင်မိသွားခဲ့ပြီး.....

"ငါက ပိုင်ရှင်လေ .. သူ ခိုးယူသွားတဲ့ ရက်တွေ လတွေတုန်းက တော့ ငါ အေးအေးအိပ်နေနိုင်ခဲ့သလား"

"မင်း ငါ့ကို ပြဿနာမရှာနဲ့၊ ကျပျောက်တဲ့လူထက် ကောက်ရတဲ့လူက နမြောတတ်တယ်ဆိုတဲ့ စကားပုံရှိခဲ့တယ်၊ မင်းချစ်တာ လှမ်းတာတွေကို ငါမြင်သားပဲ၊ မမြင်ရတဲ့အတိုင်းအတာကို အခု ခန့်မှန်းကြည့်နေတာ .. ငါ့ရဲ့ဆိုလိုရင်းက ငါတို့ အခု ညတွင်းချင်း လစ်ကြမယ်၊ ဒါပဲ"

"မဖြစ်ဘူး"

ကိုကိုလေးက ဝင်ပြောကာ တံခါးဝမှာပဲ ပခုံးနဲ့မှီရပ် လက်ပိုက်လိုက်၏။

"မင်းတို့ ကားမောင်းနိုင်လည်း မြို့ပေါ်ကွက်ကွက်လေးပဲဖြစ်မှာ၊ အဆင်းလမ်းတွေမှာ ဒီရာသီဥတုနဲ့ ဘယ်လိုမှမဖြစ်ဘူး၊ ပြီးတော့ ကားငှားသွားဖို့လည်း ညဘက် အဆင်မပြေဘူး"

"မပြေတာကို ပြေအောင်လုပ်ကြည့်မယ် ကိုလေး"

သာယာ က ယွက်ရွှာနိုင်ရေးကိုပဲ ဖွတ်တိုးပြောနေသည်။ ခေတ်ဦး က မတိုက်တွန်းသလို တားလည်း မတားခဲ့ပေ ...။

သွားသင့်တာမှန်ပေမယ့် နားဖို့သင့်တာကိုလည်း တွေးမိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



မကိုင်း ကို ရေဆိုးမြောင်းပုပ်တွေကနေ သူ အတင်းဆွဲချလာခဲ့ရသည်။

ပေတာကျံတာတွေကိုပဲ ဆေးကြောသန့်စင်ခဲ့ပြီး မကိုင်း ကို ရေချိုး နိုင်းတာလည်း မရ။ အင်္ကျီလဲပါဆိုတာလည်း နားမထောင်။ သူမလည်း သာယာ့ လိုပဲ မနုသျှ လိုက်လာမှာကို တွေးကြောက်နေသည်လား မသိ။

"ငါတို့လည်း နားသင့်တာအမှန်ပဲ သာယာ၊ မကိုင်း ပင်ပန်းနေပြီ၊ အဲဒီတော့ ညတွင်းချင်းထွက်ဖို့ အစီအစဉ်ကို မင်း လက်လျှော့သင့်တယ်"

သူပဲ အဆုံးအဖြတ်ပေးလိုက်သည်။ သာယာ က မျက်မှောင်ကုတ် သွား၏။

"ခေတ်ဦး ငါပြောနေတာ ငါ့အတွက် တစ်ခုမှမပါဘူးနော်၊ အားလုံး ကြိုးစားအားထုတ်ခဲ့ရသမျှတွေ အလကားဖြစ်ကုန်လိမ့်မယ်၊ မကိုင်း ခုချိန်ထိ အသက်ဝဝရှူသေးရဲ့လားဆိုတာလည်း ပြန်ကြည့်ဦး၊ ဒီလူ့ အကြောင်း သူ ပိုသိတယ်"

"ဘာပိုသိတာလဲ .. ခိုးတတ်နေတဲ့လူ အကျင့်မကောင်းနိုင်တာ ဆန်းသလား"

ခေတ်ဦး က မကိုင်း ကို နည်းနည်းလေးမှ အထိမခံ။ မနုသျှ ဆိုတဲ့ နာမည် မကိုင်း ရဲ့ခေါင်းထဲမှာ အရိပ်အငွေ့လေးတောင် တင်မကျန်ခဲ့ရ။

"မင်း နောက်ထပ် ဒီနာမည်ကို ကြောက်သံလန့်သံတွေနဲ့ ထပ် မပြောနဲ့တော့"

"ဒီလိုရှိတယ် ခေတ်ဦး .."

ကိုကိုလေးက မဖြစ်သာသည့်အခြေအနေကျမှ ဝင်မပါချင်ပေမယ့် ပါရတော့မှာမို့ ...

"ကြောက်တာထက် ဂရုစိုက်သင့်တာကို စိုက်ရမှာတော့ အမှန်ပဲ





ကွ၊ သာယာ ပြောနေတာကို မင်း သဘောမပေါက်တာ မဟုတ်ဘူး .. သဘောမကျတာ၊ မနုသျှ ကို မင်း သဝန်တိုနေတဲ့စိတ်နဲ့ အတိုက်အခံ စိတ်တွေ ဖြစ်နေတာပါ၊ ဒီလိုကွာ .. ကိုယ့်ဆီက သူ ခိုးယူသွားသလို အခု ကိုယ်က ပြန်ပြီးခိုးယူရတဲ့အနေအထား ဖြစ်သွားပြီ၊ သူ ခိုးသွားတုန်း ကလည်း အားလုံးနဲ့ဝေးရာကို သူ လွတ်အောင် ရုန်းထွက်ပြေးခဲ့တာပဲလေ"

"ကျွန်တော်ကတော့ ဒီလောက်ပျာဖို့ မလိုဘူးထင်တယ်၊ သူ လိုက် လာလို့ ပက်ပင်းတိုးမိရင်လည်း ကျွန်တော်က ပိုင်ရှင်၊ မကိုင်း ကို သူ မပိုင်လို့ ချုပ်နှောင်နိုးဝှက်ထားရပေမယ့် အခု မကိုင်း က ကျွန်တော့်ကို ဖက်တွယ်ထားမယ့် ချစ်သူ .."

အားလုံး အကြည့်တွေ မကိုင်း ဆီ ရောက်သွားကြသည်။ မိုးရေစိုနေ သဖြင့် မခြောက်တခြောက်ရှိနေဆဲ ဆံနွယ်ရှည်တွေကို ကျောနောက်ပို့ လိုက်ရင်း မကိုင်း ရဲ့မျက်တောင်ဖျားလေးတွေ လှုပ်ခတ်လာသည်။

မျက်လွှာပင့်လာပြီးမှ ဘယ်သူ့ကိုမှမကြည့်ဘဲ ခေတ်ဦး ကို ရည်ရွယ် ၍ ...

"ဘာပဲဖြစ်ဖြစ် ရှောင်ထွက်သွားနိုင်ရင် အကောင်းဆုံးပဲ ခေတ်ဦး၊ တစ်နေရာရာမှာ ညအိပ်လိုက်ရတဲ့အဖြစ်ထက် ပြေးလွှားနေရင်း လမ်း ပေါ်မှာပဲ မိုးလင်းချင်တယ်"

"ဘာ!..."

"ငါ့ကို မေဦး တို့ အထင်လွဲနေတာတွေကို တောင်းပန်ချင်တယ်၊ ဒီအဖြစ်အားလုံးကိုလည်း မေ့ပစ်ချင်တယ်၊ ဖြစ်နိုင်ရင် ငါ့ဘဝကို အစ ကနေ ပြန်လိုချင်တယ်"

"နင် ဘာသဘောနဲ့ ပြောနေတာလဲ မကိုင်း"



www.burmeseclassic.com

www.burmeseclassic.com



စောစောကနဲ့ ဘာမှမသက်ဆိုင်တော့သည့် အခြေအနေတစ်ခုသို့ ရုတ်ချည်း ပြောင်းလဲသွားခဲ့၏။ အတိုက်အခံစကားသံတွေရော ငြင်းခုံခြင်းတွေအားလုံး ရပ်စဲသွားခဲ့ပြီး မိုးစက်သံပျော့ပျော့တို့သာ လွှမ်းခြုံသွားခဲ့သည်။

မကိုင်ရှ က ခေတ်ဦး ကို စိုက်ကြည့်နေသည့်မျက်ဝန်းတွေကို မျက်လွှာပင့်ကြည့်လိုက်ပြီး တစ်ဖက်လှည့်လွှဲသွားသည်။ ပြီးမှ ...

"ဘာသဘောနဲ့မှ မဟုတ်ဘူး၊ ငါ့ရင်ထဲမှာ ခံစားရတဲ့အတိုင်း ပြောတာ၊ ယောက်ျားနှစ်ယောက်ရဲ့လက်ထဲမှာ ငါ့အဖြစ်က ဘာနဲ့တူနေမှန်း မသိတော့ဘူး၊ လောလောဆယ် အလိုရှိဆုံးက အဲဒါတွေကို မမြင်ရ မကြားရတဲ့ နေရာတစ်ခုခုပဲ"

"ယောက်ျားနှစ်ယောက်လို့ နှင် ထည့်တွက်စရာ မလိုဘူးလေ၊ နှင်နဲ့ငါ လက်ထပ်ပြီးသား၊ သူက အိပ်မက်ဆိုးတွေ လာချပေးသွားတဲ့ နတ်ဆိုးပဲ၊ ငါတို့ အခု ပြန်ဆုံကြပြီ၊ သူက အိပ်မက်လိုပဲ ပျောက်ကွယ်သွားရမယ့်လူ .."

"ဒါ အိပ်မက်မဟုတ်ဘူး ခေတ်ဦး .. နှင့်အတွက် ဟုတ်ရင်တောင် ငါ့အတွက် မဟုတ်နိုင်ဘူး၊ နှင်နဲ့ငါ လက်ထပ်ခဲ့တာလည်း ပြီးမြောက်ခဲ့တယ်လို့ ငါ မခံစားခဲ့ရဘူး၊ မနေ့သျှ လက်ထဲမှာ လနဲ့ချီပြီး ငါရှိနေခဲ့ရတာလည်း အိပ်မက်တစ်ခုလို ပြီးပျောက်သွားမှာ မဟုတ်ဘူး"

"ပျောက်တယ် .. ပျောက်ကိုပျောက်ရမှာ၊ အဲဒါ မပျောက်နိုင်ဘူးဆိုရင် နှင့်မှာ မပျောက်တာပဲ .."

"ဟုတ်တယ်လေ .. ငါ့ပဲ၊ အခု ငါ့အကြောင်းတွေ ပြောနေတာ"

"တော်ပြီ .. တော်ပြီ"





ခေတ်ဦး က မျက်လုံးစုံမှိတ်၍ လက်ကာတားသည်။ ပြီးတော့ မကိုင်ရှ ရဲ့ဘေးမှာ ထိုင်လိုက်ပြီး ...

"ငါတို့ စိတ်လှုပ်ရှားနေကြတာ အတူတူပဲ၊ နှင်ကတော့ ပိုမှာပါ၊ ခုလေးတင် ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးခဲ့ရတာကိုး .. ဒါ မှန်တယ်၊ ထားလိုက်တော့ .. ငါတို့ ဒီည ပြောဖြစ်ကြရင် အမှားတွေ ပါကုန်လိမ့်မယ်၊ အဲဒီတော့ ကျွန်တော်တို့ ဒီည စိတ်ဒုံးဒုံးချပြီး နားရတော့မှာပဲ၊ မနက်စောစော အလင်းရောင်မလာခင် ထလစ်ကြမယ်၊ ကိုလေး အဲဒါ ဖြစ်မလား .."

မကိုင်ရှ ကို ပြောရင်း ကိုကိုလေးကို လှည့်မေး၏။ ကိုကိုလေးက မကိုင်ရှ ကိုပဲ ငေးကြည့်၍ ...

"မင်းတို့ပြေလည်ရင် ပြီးတာပါပဲ၊ မနက်မှသွားမယ်ဆိုရင် သွားလာဖို့အတွက်ကို ငါ စီစဉ်ပေးထားလို့ ရတယ်၊ တကယ်လို့ ရင်ဆိုင်ကြရမယ်ဆိုရင် ဘာလုပ်မလဲဆိုတာ မင်းတို့ တိုင်ပင်ကြပေါ့"

"နားမယ်ဆိုရင် မကိုင်ရှ အတွက် အပြင်မှာပဲ နေရာလေးတစ်နေရာ လုပ်ပေးပါနော်၊ ခဏတဖြုတ် လှဲလို့ရရင် ပြီးတာပါပဲ"

"ဟင်!..."

"မကိုင်ရှ .."

ထွက်သွားမည်ပြင်ပြီးမှ ကိုကိုလေး ပြန်လှည့်ကြည့်၏။ ခေတ်ဦး မျက်နှာပျက်ပျက်နဲ့ မကိုင်ရှ လက်မောင်းလေးကို ဆုပ်ကိုင်လိုက်ကာ...

"ဘယ်လိုပြောလိုက်တာလဲ၊ ငါတို့ အတူတူ ..."

"မဖြစ်ဘူး .. ငါ အဲလိုမလုပ်နိုင်ဘူး၊ တစ်ခါကနှစ်ခါဆိုတာ မှားတယ်လို့ ပြောနိုင်သေးတယ်၊ သုံးခါဆိုရင် မိုက်မဲတာ ဖြစ်သွားပြီပေါ့မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ငါ လိုက်ပြေးတယ်လို့ ထင်နေကြတယ်၊ ဒီမှာလည်း သူ့ချစ်သူ ပြန်ပါသွားတယ်လို့ သတင်းကျန်ခဲ့ပြန်ပြီ၊ ဟိုပြန်ရောက်ရင် ငါ့မျက် ကြီးကို ဘယ်လိုဆေးရောင်ခြယ်ပြီး ဝင်သွားရမှာလဲ၊ ငါ့အဘိုးအဘွ ကတောင် ငါ့ကို အထင်လွဲနေမှာ သေချာနေတာ၊ မကြည်ဖြူတော့ နင့်မိဘရှေ့ကို ..''

''မကြည်ဖြူလည်း ခဏပဲ မကိုင်း .. မေမေတို့ နင့်ကို ဘယ်လော ချစ်ကြသလဲ နင် မသိလို့လား၊ အားလုံး နားလည်သွားအောင် ငါ အနေမှန်ဖို့ပဲ လိုတာ၊ မတရားသဖြင့် ခိုးယူခဲ့ရတဲ့နေရာမှာ ထွက်ပေါ ရတာနဲ့ ဘယ်မိန်းမ မပြေးဘဲနေမှာလဲ၊ နင် ထွက်ပြေးလာတာ ဘယ် က အပြစ်မြင်မှာလဲ၊ အကြောင်းပြချင်လည်း သဘာဝကျကျ နိုင်နိုင်လုံ ပြစမ်းပါ၊ အစကတည်းက ငါ့ကို နင် တကယ်မချစ်ခဲ့ဘူး .. အလိုလို သည်းခံခဲ့တဲ့ သူငယ်ချင်းကောင်းအဖြစ် မငြင်းသင့်လို့ လက်ခံခဲ့တ နင် ပြောလိုက်သမျှ အဲဒါ သရုပ်တွေပေါ်နေတယ်၊ ဟုတ်သလား မဟု ဘူးလား ပြော ..''

''ဟုတ်ခဲ့ရင်လည်း နင် ကျေနပ်ခဲ့တယ်မို့လား၊ နင်လည်း ကျေန နိုင်တယ်၊ ငါလည်း ကြည်ဖြူနိုင်တယ်၊ အဲဒါ အဲဒီအချိန်တုန်းက . အခု ငါက ယောကျ်ားတစ်ယောက်နဲ့ အကြာကြီး အတူရှိနေခဲ့ရတာ

''ဒီအဖြစ်ကြောင့် လက်တွန့်ရမှာက ငါ မဟုတ်ဘူးလား မကိုင်း

ခေတ်ဦး မျက်နှာက ခံခက်ခြင်းတွေကို မကိုင်း က စိုက်ကြည့်သည် သာယာ နဲ့ ကိုကိုလေးတို့ အပြင်ကို ထွက်သွားခဲ့ပေမယ့် အသံတွေကြာ နေရသည့်နေရာမှာပဲ ခြေစုံရပ်နေခဲ့ကြ၏။

''နင် လက်မတွန့် မကြောက်ရွံ့ဘဲ ရောက်လာလို့ ငါ လွတ်မြောက်





တာ ကျေးဇူးတင်တယ်၊ အန္တရာယ်ရှိတဲ့ကြားက စွန့်စားပြီး လာကယ် တဲ့ ကျေးဇူးရှင်အဖြစ်ပဲ ငါ နင့်ကို ထားချင်တယ် ခေတ်ဦး၊ စိတ်သန့်သန့် ပေါင်းသင်းသွားနိုင်မယ့် လင်ယောကျ်ားအဖြစ် မလိုချင်ဘူး''

''အဓိပ္ပာယ်မရှိဘူး မကိုင်း ..''

ဒေါသနှင့်မအော်ခဲ့ဖူးသည့် ခေတ်ဦး မျက်နှာက ဘယ်လိုမှ သည်း ခံနိုင်တော့သည့် ပေါက်ကွဲခြင်းများနှင့် ...

''ချစ်တဲ့စိတ်နဲ့ မဟုတ်ရင် ငါ သူများနောက်ဖေးကနေ ခွေး တစ် ကောင်လို တိုးဝင်မလာဘူး၊ နင် မချစ်တဲ့လူလက်ထဲမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေမယ် .. ငါ့ကိုမြင်ရင် အားကိုးတကြီး ပြေးဝင်လာ ယ်၊ အဲဒီသတ္တိတွေနဲ့ ငါ့ရင်ခွင်ကိုဖွင့်ပြီး ဒီထိရောက်အောင် လာခဲ့တာ၊ အတွက် ငါ ဘယ်လောက်ထိ ရင်ဆိုင်ဖို့တွေရှိသေးလဲ .. နင် သိလား''

''သိတာပေါ့ .. သိလို့ပြောနေတာ၊ အဲဒါတွေကြောင့် နင်က စိတ်ပဲ ဆင်းရဲရမှာ၊ ငါကတော့ ပျက်ပြီးရင်းပျက်နေဟဲ့ ဘဝအပိုင်းအစတွေကို ..ပိုက်ပြီး ..''

''တော်တော့ မကိုင်း ..''

ခေတ်ဦး မကိုင်း ရဲ့ပခုံးလေးကို ဆောင့်ဆွဲဖက်ပစ်လိုက်ပြီး ဆံပင် တွေကို ဖယ်ရှားသည်။ မျက်နှာလေးမော့လာမှ စူးစိုက်ကြည့်ကာ ...

''ငါ နင့်ကို သိပ်ချစ်တယ်၊ ဟုတ်ပါတယ် .. နင်ပေးသလောက်နဲ့ ငါက ကျေနပ်မှာပါ၊ နေသျှံ ဆိုတဲ့လူဆီမှာ နင် အကြာကြီးနေခဲ့ ရှိနေခဲ့ ပေမယ့် နင့်စိတ် မဖောက်မပြား မမှားမယွင်းခဲ့ဘူးဆိုတာ ငါ ယုံချင် တယ်၊ အဲဒါ နင် ငါ့ကို သက်သေတစ်ခုတော့ ပြပေးပါ''

''ဘယ်လို ..''



www.burmeseclassic.com

www.burmeseclassic.com



“ကိုလေးကလည်း သတိပေးခဲ့ဖူးတယ်၊ နင့်ကို ငါ လာခေါ်
အချိန်လေးအတွင်းမှာ နင် တွန့်ဆုတ်သွားခဲ့တာကိုလည်း ငါ ထိတ်လ
ခဲ့ရတယ် သိလား၊ နင် ငါ့ကို အမြဲတမ်း မကြင်နာခဲ့ပေမယ့် ခုချိန်
ငြင်းဆန်နေတာဟာ သူ့ကို တမ်းတရာရောက်နေတယ်”

ခေတ်ဦး မကိုင်ရဲ့ နဖူးလေးကို ငုံ့နမ်းသည်။ မကိုင်ရဲ့ က မျက်နှာလွှဲ
လိုက်ပြီးမှ ...

“နင် ရှင်းရှင်းပြော ခေတ်ဦး .. အခု နင့်ကို ငါ လက်မခံနိုင်
နင်က ငါ့ကို မယုံကြည်နိုင်တော့ဘူးလို့ ဆိုလိုတာလား”

“ငါ အဲဒီ့အတိုင်းပဲ ခံစားနေရတယ် မကိုင်ရဲ့၊ မနေ့ညက မင်းသ
တစ်ပါးလို ချော့တယ် .. ဆရာဝန်ဖြစ်ခဲ့တဲ့လူ၊ ဘယ်လောက်ထိ ချမ်းသ
တယ်ဆိုတာလည်း ဘယ်သူမှ မခန့်မှန်းနိုင်ပေမယ့် နင့်ကိုတော့ ထု
ကြွားလိုက်မှာပါ၊ အမှောင်ထဲကို ငါ လှမ်းမမြင်ရပေမယ့် ငါ့ကို ဝိုင်း
ချိန်ရွယ်ထားတဲ့ သေနတ်မောင်းတင်သံတွေ ဓားသံလှံသံတွေကို င
ကြားနေရတယ်၊ အလင်းရောင်ထဲမှာရပ်နေပြီး ပြေးပေါက်ပိတ်နေ
ငါပဲ နင် သိရဲ့လား .. နင့်ရဲ့ခေါ်သံတစ်ခုကိုပဲ နားစွင့်ပြီး ငါ့ရဲ့နောက်ဆုံ
ခြေလှမ်းကို ပြင်ထားခဲ့တာ၊ ငါ့ဘဝရဲ့ သေခြင်းရှင်ခြင်းက နင်ပါ၊ ပါး
ပိတ်ပြီး ရပ်ကြည့်မနေပါနဲ့”

မကိုင်ရဲ့ ခေါင်းခါရင်း သူ့လက်တွေကိုပါ ဖယ်ချပစ်လိုက်သည်။
ပြီးတော့ ပင့်သက်တဝကြီး ရှိုက်၍ ပြန်ကြည့်ကာ ...

“မသနားသင့်တဲ့ တောင်းပန်သံဆိုတာ ဒီလိုအခြေအနေမှာ တောင်
ပန်တဲ့ ယောက်ျားတစ်ယောက်ရဲ့အသံကပဲ၊ ငါ့ကိုယ်ငါပဲ သနားပါရ
ငါ နင်နဲ့ အတူတူမအိပ်နိုင်ဘူး”





နောက်ထပ် ဘာမှပြောမနေချင်တော့သည့်မျက်နှာလေးနှင့် အခိုင်အမာ ထရပ်သည်။ ခေတ်ဦး ဆတ်ခနဲထ၍ ရှေ့မှာ ပိတ်ထားလိုက်ပြီး...

“ဒါ ငါ့အပေါ်မှာ သစ္စာရှိရှိ စောင့်မျှော်နေခဲ့ပါတယ်ဆိုတဲ့ သက်သေလား ..”

မကိုင်ရဲ့ မျက်နှာလေး တင်းသွားတာကို ကြည့်ပြီး မဲ့လိုက်ကာ ...

“နင် သူနဲ့ စိတ်ရောလူရော မငြိမိခဲ့ဘူးဆိုတာ ငါ ဘယ်လိုယုံရမှာလဲ”

“မယုံလည်း မတတ်နိုင်ဘူး ခေတ်ဦး .. နင်က ကိုယ့်ကိုယ်ကိုယ် ရာမလို့ သတ်မှတ်ထားပေမယ့် ငါက သီတာဒေဝီ မဟုတ်ဘူး၊ အဲဒါကြောင့် မဖောက်ပြန်ခဲ့ပါဘူးလို့ သစ္စာဆိုပြီး မီးပုံထဲလည်း ဆင်းမပြနိုင်ဘူး၊ အခု ငါ အလိုရှိနေတာ ပြောပြီးပြီ၊ ငါတို့ ခင်မင်မပျက် ဆက်နေချင်တယ်ဆိုရင် ငါ့ကို ကယ်တင်လာခဲ့တယ်လို့ပဲ မှတ်ထားလိုက်ပါ”

“ငါတို့ လက်ထပ်ခဲ့တာကရော ..”

“ပျက်စီးသွားပြီ”

“ဘာပြောတယ် ..”

ခေတ်ဦး တစ်ကိုယ်လုံး တုန်ခါသွားသလား မသိ။ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ထိ တုန်လှုပ်သွားခဲ့မှန်း မသိဘဲ ...

“နင်.. နင် .. သိပ်ရက်စက်ပါလား၊ နင့်ကို လက်ထပ်ခွင့်ရဖို့ ငါ ဘယ်လောက်ထိ ကြိုးစားခဲ့ရသလဲ .. စောင့်စားခဲ့ရသလဲ၊ အခု အဲဒါ ပျက်စီးသွားပြီပေါ့၊ နင် သူနဲ့ပါသွားပြီးကတည်းက ငါဆိုတဲ့ကောင် နင့်ရင်ထဲမှာ မရှိတော့တာလား ..”

“မဟုတ်ဘူး .. ငါ ..”

မကိုင်ရဲ့ မျက်နှာလေး ရှုံ့မဲ့သွားကာ ကျွတ်ခနဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်ဦး .. နင့်ကို ငါပြောနေတာ ငါ့ဘဝ .. ငါ့သိက္ခာအကြောင်း။ ချစ်ခြင်းမုန်းခြင်းတွေကို ခွဲတမ်းချနေတာ မဟုတ်ဘူး"

"မချလို့ မရဘူး မကိုဋ္ဌ၊ ငါ ပိုင်ဆိုင်ခဲ့ပြီးမှ နင့်ကို ဆုံးရှုံးမခံနိုင်ဘူး"

ခေတ်ဦး မကိုဋ္ဌ ရဲ့လက်ဖဝါးလေးကို ဖိဆုပ်ထားလိုက်သည်နှင့် —

"ခေတ်ဦး .. မနည်း လာပြီထင်တယ်"

သာယာ ရဲ့ အရေးတကြီးပြောသံကို ကြားလိုက်ရသည်။ ပြီးတော့ အသင့်ထောင်ထားခဲ့သော သစ်သားတုတ်တိုကို ပြေးဆွဲ၏။

ခေတ်ဦး က ထက်ကြပ်မကွာလိုက်ဖို့ ခြေလှမ်းပြင်လိုက်ပြီးမှ မကိုဋ္ဌကို လှည့်ကြည့်ပြီး အနားရောက်သွားကာ ...

"ဒီမှာ လာထိုင်နေ၊ ဘာတွေဖြစ်ဖြစ် လုံးဝ ထွက်မလာခဲ့နဲ့"

သူ ပုံချထားတဲ့အတိုင်း မကိုဋ္ဌ ခုတင်ပေါ်မှာ ငုတ်တုတ်လေးပြန်ဖြစ်သွားမှ လှပစူးလက်နေသည့်မျက်ဝန်းလေးတွေကို ငေးမောစိုက်ကြည့်၍ —

"နင် မီးပုံထဲကို ခုန်ဆင်းပြီး သစ္စာဆိုမပြရပါဘူး၊ အခု ခဏလေးမှာပဲ သူ့အတွက် ဥပေက္ခာထားပေးပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဒါက တိုက်ပွဲ၊ ရာမမင်းသားလို ငါ မတော်ပေမယ့် သူက ဒသဂီရိနေရာယူထားတဲ့အတွက် ငါ သူ့ကို အလဲထိုးနိုင်တယ်"

မျက်လုံးချင်း ခဏကြာအောင် ငေးနေကြပြီးမှ သူ ပြေးထွက်ခဲ့၏။ သူ့နောက်ကမှ ကိုကိုလေးက လက်ကိုင်မီးအိမ်လေးကိုဆွဲ၍ တုတ်ရှည်တစ်ဖက်နှင့် ပါလာကာ ...

"သတိတော့ ထား .. မနည်း က မင်းသားလိုချောပေမယ့် လူကြမ်းတွေထက် ပိုမာတယ်၊ ဒီကောင် ဒီနေရာမျိုးမှာလည်း တော်တာပဲ"

သုံးယောက်စလုံး အပြင်ကိုရောက်သည်နှင့် မီးရောင်ကြောင့် ပတ်





ဝန်းကျင်ကို ရှင်းလင်းစွာ မြင်လိုက်ရသည်။

မနည်း တကယ်ရောက်နေသည်ဖြစ်ကာ ခေါင်းစွပ်ပါသည့် မိုးကာအင်္ကျီရှည်ကို ဝတ်ထားပေမယ့် ခေါင်းထိ စွပ်မထားပေ ..။

လက်ထဲမှာ ဓာတ်မီးတစ်လက်ကိုပဲ ကိုင်ထားကာ လက်နက်တစ်စုံတစ်ရာကိုမှ မတွေ့ ..။

ခေတ်ဦး တို့ လက်နက်ကိုယ်စီနဲ့ပေမယ့် အိမ်တံစက်မြိတ်ရှေ့ထိ ခြေလှမ်းမကျူးကြသေးဘဲ မနည်း က လက်နက်မဲ့နဲ့ တစ်လှမ်းချင်း တိုးလာနေ၏။

မီးရောင်မှလွဲ၍ မှောင်မိုက်နေသောညခင်းမှာ တစ်ကိုယ်လုံး အနက်တွေချည်းဝတ်ထားသည့် မနည်း ၏ မျက်နှာနှင့် လည်တိုင်တို့က ဆွတ်ဆွတ်ဖြူနေသည့်အတိုင်း ..။

ခြေလှမ်းတွေကို မမှိတ်မသုန် စိုက်ကြည့်နေရင်း မိုးရေထဲကို ထွက်လိုက်ရမလား.. ဒီကောင် ဒီနားထိရောက်လာတာကို စောင့်နေရမှာလား..။

ခေတ်ဦး စိတ်တွေ ခဏအတွင်းမှာ ယောက်ယက်ခတ်နေခဲ့၏။ သာယာ သို့မဟုတ် ကိုကိုလေး ထံမှ လှုပ်ရှားမှုတစ်စုံတစ်ရာကို နားစွင့်မိသလို သူ ရှေ့တိုးသွားလိုက်တာနှင့် တားမှာလား .. အတူတူထွက်ကြမှာလား၊ ဒါလည်း မသိ ..။

မနည်း ကတော့ ကုတ်ချိုထားသည့်မျက်ခုံးနက်နက်တွေကို တစ်စက်မှမလျှော့ဘဲ ရှေ့ကို တိုးလာနေဆဲ ဖြစ်၏။

ငိုက်မြည်းသံကဲ့သို့ ပျင်းရိလေးတွဲ့စွာ ကျဆင်းနေဆဲ မိုးစက်သံတဖျောက်ဖျောက်က အပြင်ကိုထွက်လိုက်ကာမှ ဘယ်လောက်ထိ ဒုက္ခပေးထားမှန်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမတင်သည့် မြေဝါကုန်းမြင့်မှာတောင် နှင်းလို့မရအောင် နူးနပ် ပျော့တွဲနေကာ သစ်ပင်ငယ်တိုင်းက မိုးစက်များရဲ့အမိန့်အတိုင်း ညွတ်ကျ ခွေယိုင်နေကြ၏။

မနသျှ သည် အမြဲတမ်းစီးနေကျ အကောင်းစားဖိနပ် အနက်ပြောင် နှင့် ကုန်းလျှောကိုလည်း ဂရုမစိုက်၊ မြေဝါတွေ ဆွဲဆောင်နေတာကို လည်း အနည်းငယ်မျှ မယိုင်လဲဘဲ သူတို့နဲ့ မလှမ်းမကမ်းထိ ရောက်လာ ခဲ့၏။

"တောက် .. ငါ သည်းမခံနိုင်တော့ဘူး"

ခေတ်ဦး ဘယ်သူ့တိုက်ဘွန်းချက်ကိုမှ မစောင့်တော့ဘဲ မိုးစက်တွေ ထဲကို ထွက်ရပ်လိုက်သည်။ မိုးကိုကြောက်နေသော်လည်း ကျသည့် မိုး စက်တို့က တစ်ဖွားနှစ်ဖွားသာဖြစ်လျက် အိမ်စီးဖိနပ်သာ စီးထားသည့် ခြေထောက်တို့က ခြေတစ်ဖဝါးလုံး ဗိခနဲ နစ်ဝင်၏။

အလွန်အသန့်ကြိုက်တတ်သူမို့ မျက်နှာမဲ့သွားကာ တင်းနေသည့် မျဉ်းဖြောင့်တွေ ပို၍ ဖြောင့်တန်းသွားကြ၏။

"မနသျှ .."

"ငါ မင်းကို တစ်ခုခုမလုပ်မိခင် မကိုင်နှ ကို ခေါ်လိုက်"

"ဘာကွ .."

ခေတ်ဦး အသံကြီး ကျယ်သွား၏။ သာယာ က ရှေ့ကိုတိုးထွက် လိုက်၍ ...

"ခင်ဗျားက လူလူဟစ်လို့ပါလား၊ မကိုင်နှ က ခေတ်ဦး ရဲ့မိန်းမ .. ခင်ဗျားက မယားခိုး"

"မင်း အသာနေ .. ဒီမှာ မနသျှ .. ကိုယ့်အခြေအနေ ကိုယ်သိရင်





မင်းနဲ့ မင်းရဲ့အသိုင်းအဝိုင်းအားလုံး ဂုဏ်သိက္ခာမညှိုးမှိန်ရအောင် ဒီက စပြီး ပါးစပ်ပိတ်ပြီး လှည့်ပြန်သွား .. အေးအေးနေလိုက်၊ ငါကလည်း မကိုင်နှ ရဲ့ဂုဏ်သိက္ခာကိုငဲ့ပြီး အားလုံးကို ထားပေးလိုက်မယ်"

"ဟွန်း .."

မနသျှ မဲ့ပြုံးက အေးစက်စက်မျက်နှာပေါ်မှာ ကြောက်စရာကောင်း နေသည်။ လူသေကောင်ထလာသလို တရားလွန် ဖွေးစွက်နေသည့် မျက်နှာကို ကိုကိုလေးကလည်း စူးစမ်း အကဲခတ်နေ၏။

"အဲဒီချမ်းသာခွင့်ကို မင်းအတွက် ငါ ပေးရမှာ .. ဘာဖြစ်လို့ ပြောင်း ပြန်တွေ ပြောနေတာလဲ၊ မကိုင်နှ ကို မင်း လက်ထပ်ပွဲလေးထဲမှာ တစ်နာရီ လောက်ပဲ အတူနေခွင့်ရခဲ့တာ၊ သူ ငါ့ရင်ခွင်ထဲမှာ ရက်တွေလတွေ ပြောင်းခဲ့ပြီးပြီ"

"ဒါပေမယ့် မင်း သူ့ကို လက်ဖျားနဲ့တောင် မထိရဲခဲ့ဖူးမို့လား၊ အဲဒါ မှတ်ထား .. မင်းလို ပန်းစားဘီလူးတစ်ကောင်မှာ သစ္စာတရားဆိုတာ မရှိဘူး၊ ငါ့ဘုန်းကံကြောင့် မင်း သူ့ကို မထိရဲခဲ့တာ"

"သူ့ရဲ့ သစ္စာစောင့်သိမှုကြောင့်လို့ မတွေးမိဘူးလား"

ခေတ်ဦး မျက်နှာ တင်းခနဲ ဖြစ်သွား၏။

"သူ့ရဲ့ မြင့်မြတ်တဲ့နှလုံးသားကို ငါ ကိုးကွယ်ခဲ့တာ ခေတ်ဦး၊ ရေဆိုးပိုက်လိုင်းကနေ ကြောင်စုန်းလို ခိုးဝင်သွားတာ ဘုန်းကံတွေလား၊ သွေးရူးသွေးတန်းတွေနဲ့ ကြောင်မနေနဲ့ .. မကိုင်နှ ကို မင်း ခေါ်မလား၊ ငါ ဝင်ခေါ်ရမလား"

"တောက် .."

ဒေါသကြောင့် ဘာမှမမြင် ...၊ သာယာ ကိုင်ထားသည့်တုတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူကာ ခေတ်ဦး က ဗိုးခနဲ ပြေးရိုက်သည်။

ကိုကိုလေး တားဆီးဖို့ပြင်လိုက်စဉ် သာယာ ကလည်း သူ့လက်ထဲက တုတ်ကို လုယူ၍ ပြေးဝင်သွား၏။

ခနည်ျ တုတ်ချက်တွေကို လွတ်အောင်ရှောင်နိုင်သည်။ ရှောင်လိုက်တိုင်း ခေါင်းထဲမှာ မိုက်ခနဲ ပြာခနဲဖြစ်သွားတာကို ထိန်းချုပ်လို့မရ ...။

ထိုစဉ် မိုးစက်သံတွေ ပြေးပြေးလွှားလွှားခုန်ဆင်းလာကြ၏။ မျက်နှာပေါ်ကိုကျသည့်ရေသည် ပေါက်ကွဲစေနိုင်သော ခဲယမ်းတွေနှင့်တူကာ ထိတွေ့မှုတိုင်းက နာကျင်နေစေ၏။

"ခွပ် .."

"အား!..."

"တော်ပြီ ခေတ်ဦး .. ခေါင်းကို ထပ်မရိုက်နဲ့"

ကိုကိုလေး လှမ်းတားလိုက်တော့ ရိုက်ချက်ကလွဲကာ ပခုံးဆီရောက်၏။ ယိုင်ချင်နေသည့်ကိုယ်သည် ရိုက်ချက်တစ်ချက်နောက်မှာ အဝေးကြီးသို့ လွင့်စဉ်သွားသည့်နှယ် ...။

"သာယာ မလုပ်နဲ့ .."

"ဘာဖြစ်လို့လဲ .. ဒီလူ မယားခိုး၊ ကျွန်တော်တို့ပိုင်နက်ထဲ ဝင်လာတာ"

"မဟုတ်ဘူး .. သူ တစ်ခုခုဖြစ်နေတယ်၊ မခုခံနိုင်တဲ့လူကို မလုပ်နဲ့တော့"

သာယာ့ ကို ဆွဲမရမှန်းသိသည်နှင့် ကိုကိုလေး အတင်းကြားဝင်၍ တုတ်ကိုပါ ဆွဲလုသည်။ ခေတ်ဦး တစ်စခန်း ထလာပြီး ...

"သူနဲ့ ကျွန်တော် တစ်ယောက်ယောက် မရှိမှ အေးမှာ၊ သတ်ပစ်မှ





ဖြစ်မယ် ဒီကောင် .."

"နေဦး .. နေပါဦး .. ခေတ်ဦး အစ်ကိုပြောတာကို နားထောင်ပါ၊ ဒါက ယှဉ်ပြိုင်ရာ မကျတော့ဘူး၊ သူ့ရဲ့ကောင်း မဆန်ပါဘူး"

"ကိုရွှေလေးက ဒီလူတွေနဲ့ မှန်းရမှာ ကြောက်နေတာလား၊ ကျွန်တော် သတ်ရင် ကျွန်တော်ပဲ ခံရမှာပါ .. ဖယ်ပါဗျာ"

မသိစိတ်တို့သည် ခနည်ျ ဆိုသည့်လူကို နိုးထမလာစေချင်။ ရင်ဆိုင်ယှဉ်ပြိုင်ခွင့်မရှိသော ပြိုင်ဘက်တစ်ယောက်ကို အခွင့်သာတုန်း ရိုက်သတ်ပစ်လိုက်ချင်တာမျိုး ...။

ဒီနေရာမှာ သူ့ရဲ့ကောင်းဖြစ်ဖြစ် မဖြစ်ဖြစ် ယုတ်မာတယ်ဆိုဆိုကောက်ကျစ်တယ် ပြောပြော ...

"ကိုလေး ဖယ်ပေးစမ်းပါ"

"ဟာ!... ခေတ်ဦး"

"မလုပ်နဲ့ ...၊ ခေတ်ဦး .. မလုပ်နဲ့နော်"

ကိုကိုလေး၏ တားဆီးသံကို ကျော်လွှားဖို့ မြှောက်လိုက်သည့်လက်က မကိုင်ရွှေ ရဲ့အသံကြောင့် လေထဲမှာပဲ တုံ့ခနဲ ရပ်လေသည်။

"နင် အဲဒီလိုမလုပ်နဲ့ .. ခုချက်ချင်း တုတ်ချလိုက်"

"နင်လည်း အဲဒီမှာပဲ ရပ်နေလိုက် မကိုင်ရွှေ၊ ဒီအချိန်မှာ ငါ့စိတ်က သတ်ရမှာရော သေရမှာရော ဘာအတွက်မှ နောက်တွန့်မှာ မဟုတ်ဘူးနော်"

နောက်ထပ် လွှဲမြှောက်၍ ခေတ်ဦး အော်လိုက်သဖြင့် မကိုင်ရွှေ တံစက်မြိတ်အပြင်ကို ရောက်လာပြီးမှ တုံ့ခနဲ ရပ်သွားသည်။

သူ့စကား နားထောင်တာ မဟုတ် ...၊



www.burmeseclassic.com

www.burmeseclassic.com



ဒီခြေလှမ်းရပ်သွားရခြင်းအကြောင်းကို နားလည်ကာ ခေတ်ဦး ရင်ထဲမှာ ဓားထက်ထက်နဲ့ အမွှန်းခံလိုက်ရသလို ပြင်းရှသွားခဲ့၏။

မကိုဋ် မျက်ဝန်းတွေက ခေါင်းကိုဖိအုပ်၍ ရှုံ့ဖွက်ထဲမှာ လူးလွန့်နေသည့် နေသျှံ ဆီမှာ စူးစိုက်နေခဲ့ပြီး တစ်ခုခုပြောတော့မလိုလို .. ပြေးသွားတော့မလိုလို ...။

မပြိုင်လိုက်ရဘဲ ရှုံးနိမ့်သွားခဲ့သည့်ပွဲအတွက် မိုးစက်တွေက သောင်းသောင်းဖြဖြ ပြိုဆင်းလာကြ၏။

အခြေအနေတွေ ဝဲဒင်္ဂ တိတ်ဆိတ်ငြိမ်သက်သွားစဉ်ခဏမှာ အားလုံးသည် မိုးရေကြောင့် ရွှဲရွှဲစိုလျက် ဆံနွယ်ရှည်များနဲ့ မကိုဋ် ၏ မျက်နှာလေးက ပို၍ ဝင်းထင်းလာ၏။

စင်ရော်တောင်ပံလို ကော့နက်နေသည့် မျက်ခုံးတန်းလေးတွေနှင့် ကော့ညွှတ်ရှည်လျားသောမျက်တောင်တို့က မိုးစက်ပွင့်တို့နှင့် ဖြိုးပြက်လက်နေသည်။

လက်ရာမြောက်အောင် ထုဆစ်ထားသလို လှသည့် ကိုယ်ဟန်သွယ်သွယ်ကို တမေ့တမော ငေးနေမိပြီးမှ ခေတ်ဦး သတိဝင်လာသည်။

"မိုးတွေစိုကုန်ပြီ .. ပြန်ဝင် .."

မကိုဋ် လက်ကလေးကိုဆုပ်ကိုင်၍ အိမ်ထဲရောက်အောင် တွန်းခေါ်သည်။ လက်ထဲကတုတ်ကိုပါ ရောက်ချင်ရာရောက် လွှဲပေါက်ပစ်လိုက်ပြီး ...

"သာယာ ထားလိုက်တော့ .. အဲဒီကောင် ပြန်ကျုံးထလာပြီး ငါ့အိမ်ရှေ့ ဒီတစ်ခါလာရပ်ကြည့်၊ စိစိညက်ညက်မကြေရင် ပြော .."

ဒေါသတွေ ဗလပွထွက်နေလျက်နှင့် အထဲကို သူပဲဝင်သွားကာ မွေ့





ပိုက်ထွက်လာတာ ဘာတွေမှန်း မသိ ..။

"မကိုဋ် လာ .. အကျီတွေ လာလဲ၊ ဆံပင်တွေ ငါ ကူသုတ်ပေးမယ်"

လဲစရာအကျီကတော့ သူ့စပို့ရှပ်နဲ့ ဘောင်းဘီပဲဖြစ်ကာ တစ်ဖက်မှာ တဘက်စောင်ကို ကိုင်၍ ...

"မကိုဋ် ငါပြောနေတာ ကြားလား"

မကိုဋ် က သူ့ရှေ့ထိ တစ်လှမ်းချင်းဝင်လာကာ ...

"ငါ့ကို ဖုန်းပေးစမ်းပါ"

"ဘာ!..."

အပြင်ကနေ ဝင်လာကြသည့် သာယာ တို့ပါ ခြေလှမ်းတွေ တုံ့သွားလျက် မကိုဋ် ပြောလိုက်တာကို နားစွင့်နေကြသည်။

"ဖုန်း ဟုတ်လား .. ဘာလုပ်ဖို့လဲ"

"မြမျိုးမြင့်မာန်ကို ဖုန်းဆက်ရမယ်၊ သူ ဒီနေရာကနေ ပြန်မထနိုင်ရင် သေသွားမှာ .."

"ဟ .. သေပစေပေါ့၊ မသေရင်တောင် ရိုက်သတ်ရဦးမှာ၊ ဟန်ကြီးပန်ကြီးတွေပြောပြီး တုတ်တစ်ချက်ပဲရှိသေးတယ် စကားမေး မရတော့ဘူး၊ အဲဒါ နင် ဒီလိုထွက်လာအောင် မာယာတွေ သုံးနေတာ"

"မဟုတ်ဘူး .. သူ နေမကောင်းဘူး၊ နှာစေးချောင်းဆိုးဖြစ်တာမျိုး မဟုတ်ဘူးလို့ ပြောနေတာ၊ ဒီမိုးထဲမှာ သူ့ အသက်ရှင်မှာ မဟုတ်ဘူး၊ နင် ငါ့ကို ဖုန်းပေးမလား .. မပေးဘူးလား"

ခေတ်ဦး မျက်လုံးတွေ မီးတောက်မီးလျှံတွေ ထွက်လာသလို ဝင်းပြောင် စူးရဲလျက် ...

"မပေးနိုင်ဘူး .. အချစ်နဲ့စစ်မှာ မတရားဘူးဆိုတာ မရှိဘူး၊ အချစ်



www.burmeseclassic.com

www.burmeseclassic.com



အတွက် သူနဲ့ငါ တိုက်ပွဲဝင်နေကြတာ၊ အဲဒါ သူသေကိုယ်သေပွဲပဲ"

"မဟုတ်ဘူး ခေတ်ဦး .. ဘာမှမယှဉ်နိုင်တဲ့လူကို နင်ချည်းပဲ ပြိုင်၊ နင်ပဲ ကိုယ့်ကိုယ်ကိုယ် အနိုင် သတ်မှတ်နေတာ၊ ငါပြောနေတာလည်း သူ့ကိုပြိုင်ဘက်တစ်ယောက်အနေနဲ့ မဟုတ်ဘူး၊ လူတစ်ယောက်လုံးကို စာနာဖို့ .."

"မစာနာဘူး မကိုင်မ္မ ..၊ အဲဒီလူက နေသျှံ ဖြစ်နေတဲ့အတွက် ဆောရီးပဲ"

"ရတယ်လေ .. ငါ သူ့ကို ဒီထဲ ရအောင်သွင်းမယ်"

"မကိုင်မ္မ .. နင် ရှေ့မတိုးနဲ့နော်"

သွားမယ့်လူနဲ့ တားသည့်လူက ရင်ဘတ်ချင်းကပ်မတတ် ဖြစ်သွား၏။ မကိုင်မ္မ က သူ့ရင်ဘတ်ကိုတွန်းပစ်လိုက်ပြီး ဆက်တိုးလျှင် သာယာ က ထပ်ပိတ်ထားကာ ...

"ဒါ နင့်ရဲ့ မဖုံးနိုင်မဖိနိုင်ဖြစ်လာတဲ့ အကြင်နာတရားတွေလား မကိုင်မ္မ"

"ကြင်နာမလို့ မဟုတ်ဘူး .. ငါ့အပေါ်မှာ လိုက်လျောသည်းခံခဲ့တဲ့ လူ၊ သူနဲ့တကွ သူ့မိသားစုအားလုံး ငါ့အပေါ်မှာ ဆိုးခဲ့တာမရှိဘူး၊ နှလုံးသားရှိတဲ့လူတွေမှာ မုန်းတာချစ်တာနှစ်ခုပဲ ခံစားတတ်တာ မဟုတ်ဘူး သာယာ၊ သံယောဇဉ်ဆိုတာ ရှိတယ်"

"သံယောဇဉ်လား .. အချစ်လား .. နင် တစ်ခါတည်း ဆုံးဖြတ်လိုက်စမ်းပါ၊ နင့်စကား နင့်မျက်လုံးတွေကို ခေတ်ဦး မသိပေမယ့် ငါ သိတယ်"

"အေး .. ဘယ်လိုပဲသိသိ ငါ့အမှန်တရားနဲ့ ငါ .. ဖယ်ပေး"





"နေဦး .."

သာယာ က ဇွတ်တား၍ လက်ကိုပါ ဆွဲထားကာ ...

"နင် ရိုးသားသည်ဖြစ်စေ .. မရိုးသားသည်ဖြစ်စေ ဒီအဖြစ်အတွက် ခေတ်ဦး နှလုံးသားမှာ ဒဏ်ရာရသွားပြီ၊ အဲဒီအတွက် နင်တို့ရှေ့ရေးမှာ ရှောရှိတယ်နော်၊ တကယ် ဆုံးဖြတ်လိုက်တာလား"

"ဘာရှေ့ရေးလဲ .. ငါ့ရင်ထဲကို ဘယ်သူမှ မြင်စရာမလိုဘူး သာယာ၊ နေသျှံ ကို ငါ နှစ်သက်လို့ လိုက်သွားခဲ့တာမဟုတ်တဲ့အကြောင်း သက်သေပြချင်တယ်၊ အဲဒါ အခု ရှန်းထွက်လာခဲ့တဲ့အကြောင်းတရားပဲ၊ ကျန်တာ ဘာရှေ့ရေးမှ မပါဘူး"

"ဘာပြောတယ် .. နင် ဘာပြောလိုက်တယ် မကိုင်မ္မ"

ခေတ်ဦး ထပ်ပါလာတော့ မကိုင်မ္မ မျက်နှာလေးမော့၍ အံကြိတ်သည်။ မျက်နှာပေါ်မှာတင်နေဆဲ ရေစက်တို့ကို လက်နဲ့သပ်ချရင်း ...

"ကြားတဲ့အတိုင်းပဲ၊ ဟိုအပင် ဒီအပင် ခုန်ကူးနေရအောင် ငါက မျောက် မဟုတ်ဘူး"

"မကိုင်မ္မ .. မကိုင်မ္မ နေဦး၊ ဒါဆို ငါက .. ငါ ဘာလဲ၊ နင့်ကို ဆုံးရှုံးမခံနိုင်လွန်းလို့ ဒီထိရောက်လာခဲ့တာ .. ငါ ရူးနေတာလား"

မကိုင်မ္မ ဘာမှပြန်မပြောတော့ဘဲ ရှေ့ကိုပဲ အပြေးတစ်ပိုင်းထွက်သည်။ မေးခွန်းတွေဖြစ်လာတိုင်း မတည့်ရာမတည့်ကြောင်းတွေ ပြန်ဖြေနေရင်း ရန်ဖြစ်ရတာနဲ့ပဲ မိုးရေထဲကလူ ဒုက္ခရောက်တော့မည်။

"မကိုင်မ္မ မသွားနဲ့ ..၊ ငါ လုံးဝ ခွင့်မလွှတ်ဘူးနော်"

နှစ်ယောက်စလုံး တံခါးဝကို ရှေ့နောက်ဆင့်ရောက်၏။ မကိုင်မ္မရဲ့ ပခုံးလေးနှစ်ဖက်ကို နောက်ကနေ ခွန်အားနဲ့ဖိဆုပ်ကိုင်ပြီးမှ မဆဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်။

သူမ ရှေ့ဆက်မတိုးဘဲ ရပ်နေခဲ့သည့်အကြောင်းရင်းကို ခေတ်ဦး နောက်မှ သိလိုက်ရသည်။ မနှင်္သ ရဲ့သားမှာ ရေးခေတ်က အောက်လင် မီးအိမ်ကြီးတွေ သုံးလေးလုံး ဝိုင်းရံရွေ့လျားလျက်. လူတွေကလည်း မနည်း။

သိပ်မကြာလိုက်မီ ဂျစ်ကားလေးတစ်စီး မောင်းတက်လာ၏။ ခို စက်တွေ ကျိုးပါးသွားခဲ့လျက် လမ်းအတိုင်း ပြန်လည်ဦးတည်ဖို့ ဘက် ဆုတ်နေသည့် ဂျစ်ကားသံသည်သာ ပတ်ဝန်းကျင်မှာ ဆူညံနေခဲ့သည်

ထိုအသံကြောင့် သာယာ နဲ့ ကိုကိုလေးတို့လည်း အပြင်ထွက်လာ ကြ၏။

"မြမျိုးမြင့်မာန်က လူတွေ …"

ကိုကိုလေးနဲ့ သာယာ သံပြိုင်ပြောရင်း သာယာ က ခေတ်ဦး လက် ကို ဆုပ်ကိုင်သည်။ ခေတ်ဦး က မကိုင်ရှ ပခုံးကိုပဲ ပြန်ကိုင်၍ …

"သူတို့ခေါ်သွားကြမှာ … လာ အထဲဝင်"

မကိုင်ရှ မတုန်မလှုပ် ငေးနေဆဲဖြစ်သည်။ လူတွေထဲမှာ ထီးမိုးပေ ထားသူတွေနှင့် မနှင်္သ ကို ဂုရုစိုက် ပွေ့ယူနေကြသူတွေ၊ ပြီးတော့ ကြီး တော် နဲ့ စိုင်းကြီး။

မြင်ကွင်းက ညဥ့်အမှောင်ထဲမှာနှင်းမကျဘဲ နေ့လည်ခင်းထဲမှာလို ရှင်းလင်းနေသည်။ စိုင်းကြီး သည် တစ်ချက်သာလှမ်းကြည့်ကာ ကြီး တော် ရဲ့ရှုးတောက်နေသည့်အကြည့်တွေက မီးတောက်မီးလျှံတွေဆိုရင် တောင် ရေခဲပြင်ပေါ်မှာဖြစ်ဖြစ် အားပြင်းစွာလောင်မြိုက်စေနိုင်မည့်မီးမျိုး ဖြစ်သည်။





ကိုယ့်ကိုမြင်လိုက်သည့်အချိန်မှာ တောက်လောင်လာသည့်မီးတို့က ခေတ်ဦး နှင့်တွဲလျက် ထပ်မြင်လိုက်ရသည့်အချိန်တွင် …

"ကြည့်တဲ့အကြည့်က အရည်ပျော် ပြာကျသွားနိုင်တယ်"

သာယာ က ခပ်တိုးတိုး ရေရွတ်သည်။ မကိုင်ရှ ရဲ့ မျက်တောင်မခတ် စူးငေးနေသည့်မျက်ဝန်းတို့မှာ ငွေ့ရည်ဖွဲ့ခြင်းကို မြင်နေရသည့် ခေတ်ဦး ထံမှ ဘာသံမှမထွက် …။

သူမရင်ထဲမှာ ဘာတွေဖြစ်နေသလဲ … ရှိုက်မငိုဘဲ မျက်ရည်တွေပြည့် သိပ်နေသည့် မျက်ဝန်းတို့မှတစ်ဆင့် ရင်ထဲကို ထွင်းဖောက်ကြည့်ချင် သည်။

မနှင်္သ အတွက် သူမရင်ထဲမှာ ဘယ်လောက်ထိ ထည့်သွင်းခံစားနေ ခဲ့သလဲ၊ ဒါဆို သူ့အတွက် ဘာကျန်ခဲ့မလဲ၊ အချစ်အတွက် သူ အမျိုးမျိုး သည်းခံပေးဆပ်လိုက်လျော့ခဲ့ရသမျှ နှစ်တွေ အများကြီးမှာ ဘာမှပြန်မရ ခဲ့ဘဲ မနှင်္သ အတွက် ပွဲစဉ်ကြွေကျသွားတာကျတော့ ဘယ်ရာသီဥတု ကြောင့်လဲ …။

မေးခွန်းတိုင်းက ဝေဝါးနေခဲ့ပြီး ဒါကို မရမက အဖြေထုတ်ထားခဲ့ သည့် စာမျက်နှာ နှစ်ဖက်မှာတော့ အမှတ်ပေးခဲ့ခြင်း မရှိ။ အဖြေမှန် ဘယ်စာမျက်နှာမှာရှိနေသလဲ၊ ဘယ်အဖြေမှာ အမှတ်ပိုရခဲ့သလဲ၊

ရာဇဝင်မှာ ဒသဂီရိသာ ရှုံးနိမ့်ခဲ့ရပေမယ့် ရာဇဝင်သစ်ရဲ့ ဒုတိယ ရင်အုံမှာတော့ …။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၇)

"ငါ သိတယ် မကိုင်ရ .. အချစ်ရှုံးသမားဆိုပေမယ့် ရာဇဝင်မှာကိုယ့် အချစ်သူရဲကောင်းအဖြစ် မှတ်တမ်းတင်ခံခဲ့ရတာ ဒဿဂီရိပါ၊ နင့်က မယ်သီတာ မဟုတ်သလို ရာမမင်းသားမဟုတ်တဲ့ ငါ့ကို မချစ်မနှစ်သက် ခဲ့ဘူးဆိုတာလည်း သဘာဝကျပါတယ်"

"သဘာဝကျဖို့ ဖြစ်နိုင်တာတွေ ရှာကြံတွေးမနေနဲ့ ခေတ်ဦး၊ မင်းနဲ့ ငါက ရာမနဲ့လက္ခဏာ မဟုတ်ပေမယ့် သူ့ကို အသက်နဲ့လဲပြီး ပြန်လုခဲ့ ရတာ ..၊ အဲဒီအတွက် ဟိုခေတ်နဲ့ ဒီခေတ် ရောသမမွှေပြီး ကျေနပ်မပေး လိုက်နိုင်ဘူး၊ နင် ငါတို့နဲ့ပဲ ပြန်လိုက်ခဲ့"

"မလိုက်နိုင်ဘူး"

ခေတ်ဦး က အံကြိတ်၍ မျက်နှာလွှဲနေသည်။

သာယာ က ဆုံးဖြတ်ရဲသူနဲ့ ကျေနပ်ခိုင်းသူကြားမှာ လက်သီးဆုပ် က အကြောတွေ ထောင်ကားနေတဲ့အထိ ..။





"မရဘူး .. ဒီကောင် ဘယ်လောက်ချစ်တယ်ဆိုတာ ညီအစ်ကိုချင်း မို့ ငါ အသိဆုံး၊ ကိုယ် မရနိုင်ရင်တောင် နင် သူများရင်ခွင်မှာ မကျန်ခဲ့ ရဘူး"

သာယာ က ခက်ထန်သည့်မျက်နှာနှင့် ပြတ်ပြတ်သားသား ပြော သည်။

"အေး .. နင်ပြောသလို ဟိုအပင် ဒီအပင် မကူးချင်ဘူးဆိုရင်လည်း ဘယ်မျောက်မှ တစ်ပင်တည်းမှာ ဖင်ကျောက်ချ ထိုင်မနေဘူး၊ နင်လည်း ရွေးချယ်မယ့်တစ်နေ့ဆိုတာ ရှိလာမှာပဲ၊ အဲဒီနေ့မှာ နင်ရွေးချယ်မယ့်လူ က ခေတ်ဦး ပဲ ဖြစ်ရမယ်၊ ပြောချင်တာက အခု နင် ပြန်လိုက်ခဲ့ဖို့ .."

မကိုင်ရ က လှမ်းပြီးသားခြေလှမ်းကို တစ်ချက်မှမတွန့်ဘဲ လည်ပြန် ငဲ့ကြည့်သည်။

သူတို့ညီအစ်ကိုကိုသာမက တိတ်ဆိတ်စွာထိုင်နေသည့် ကိုလေး မျက်နှာထိ အေးစက်စက် ဝေ့သွားကာ ...

"ငါ ပြန်လာမှာပါ .. အခြေအနေတွေက ထင်တာထက် ပိုပြီး ဆိုး ဝါးကုန်တဲ့အတွက် အစီအစဉ်ပြောင်းသွားတယ်လို့ပဲ မှတ်ပြီး နင်တို့ ပြန်နှင့်၊ ငါ သူ့ရဲ့နောက်ဆုံးခရီးမှာ ရှိနေချင်တယ်၊ သူ့မျက်နှာကိုကြည့် ပြီး တောင်းပန်ရင်း နှုတ်ဆက်ချင်တယ်"

"အဲဒါ အပိုတွေ .. ဘာမှမသိတော့တဲ့လူကို ဘာသွားပြောမှာလဲ"

"သိသိ မသိသိ .."

"အရူးလို ထိုင်ပြောနေတာတွေကိုရော သူက ကြားမှာမို့လို့လား"

"ကြားကြား မကြားကြား .."

နှစ်ယောက်စလုံး မျက်နှာတွေ တင်းသထက် တင်းမာနေခဲ့လျှက်...



www.burmeseclassic.com

www.burmeseclassic.com



"သာယာ .. ငါ ခေတ်ဦး နဲ့ပဲပြောရင် ဖြစ်မလား"

"ငါတို့သုံးယောက်က အစကတည်းက အတူတူပဲလေ၊ နင်နဲ့ ငါ
ညီအစ်ကိုမှာ ခွဲခြားခဲ့တာ ဘာမှမရှိဘူး"

"အခု ရှိဖို့ လိုလာပြီ၊ ငါ ခေတ်ဦး ကို ပြောမယ်၊ ငါပြောနေတာအ
ဆုံးဖြတ်ခဲ့တာတွေအပေါ် ဘယ်လိုသဘောထားသလဲ"

ခေတ်ဦး မျက်နှာနီနီနှင့် မော့လာ၏။ မကိုင်ရွှ က ကျောခိုင်းပြီး
မေးတာမို့ သူလည်း မျက်နှာရှေ့ရောက်ဖို့ စိတ်မကူးတော့ဘဲ ကျောဖြ
လှလှဆီမှာ စူးစိုက်ငေးရင်း ...

"ငါ့ဘက်က ရလိုမှုက အမြဲတမ်း ဒုတိယပါ၊ နင် တစ်ခုခု ဆုံးဖြတ်
ပြီးရင် ငါ ဝင်ပါခွင့်မှ မရှိခဲ့ဘဲ"

"နေကြပါဦး .. ခဏ .."

ကိုကိုလေး က မကိုင်ရွှ ခြေလှမ်းမစခင် နေရာမှထလာကာ ...

"အခု စနည်း သေသွားပြီဆိုတာ ညီမက ဘယ်လို သေချာနေ
တာလဲ.."

မကိုင်ရွှ က အေးထိရောက်လာမေးသည့်လူကို မျက်တောင်ဖျားတ
မေးစင်းကြည့်ပြီး မဲ့လိုက်သည်။

"သူက အစကတည်းက သေလောက်အောင်ဖြစ်နေတဲ့သူပါ၊ မိုးရေ
ထဲမှာ ဒီထိရောက်အောင် ဘယ်လိုအင်အားနဲ့လာသလဲ မသိဘူး၊ သူ
မှာ နောက်ထပ်မိုးလင်းတာကို မြင်နိုင်ဖို့ ဘယ်လိုမှ အခွင့်အရေး မရှိ
နိုင်ဘူး"

"ဒါကို ညီမကပဲ ထင်နေတာပေါ့"

"ပြေးကြည့်တာထက် သေချာတယ် ဦးကိုကိုးလေး၊ ရိုက်နက်





ထားရတဲ့ဒဏ်ရာတွေနဲ့ မိုးရေထဲမှာ .."

"ဟုတ်ပါပြီ .. ပိုသေချာအောင် ကိုယ်တို့ အရင်သွားကြည့်ရင် ပို
မကောင်းဘူးလား၊ တကယ်လို့ သူ မသေသေးဘူးဆိုရင် ညီမအတွက်.."

"မသေသေးတော့ ကျွန်မ ပြောတာတွေကို သူ ကြားသွားတာပေါ့၊
သူ သေခြင်း မသေခြင်းက ခေတ်ဦး နဲ့ကျွန်မအတွက် ဘာမှမထူးနိုင်ပါ
ဘူး၊ အခု ကိုယ့်ရဲ့ပါစင်နယ်သက်သက်ကို ပြောနေတာ၊ ဘယ်အရေးနဲ့မှ
မပတ်သက်ဘူး၊ အဲဒါကြောင့် မတားပါနဲ့"

ဘယ်သူ့မျက်နှာမှ မကြည့်တော့ဘဲ ထွက်လာခဲ့မိသည်။ ကုန်းမြင့်
ပေါ်ကနေဆင်းကာမှ ခေတ်ဦး ပြေးလိုက်လာကာ ...

"မကိုင်ရွှ နေဦး .. ငါ လိုက်ပို့မယ်၊ နင် တစ်ညလုံး ရေစိုအဝတ်နဲ့
နေတာ .. သိပ်လည်း မအိပ်ဘူး"

"မပို့နဲ့ .."

"နင်က ငါတို့နဲ့ အတူတူပြန်လိုက်ဖို့တောင်မှ ဆင်ခြင်စရာတစ်ခု
လို့ မြင်လိုက်တာပေါ့"

မကိုင်ရွှ မျက်ရည်တွေဝေ့တက်လာသည်။ ချစ်တတ်သူတွေအားလုံး
ကို သူမ ဒုက္ခပေးခဲ့သည်လား ...၊

အချစ်ကြောင့် ရူးမတတ်ဖြစ်နေခဲ့ကြတာအားလုံးဟာ ကိုယ့်ကြောင့်
ဆိုလျှင် သူမရင်ထဲမှာ အချစ်က ဘယ်ရောက်နေခဲ့လို့လဲ ...။

ခြေလှမ်းတွေ ဦးတည်နေခဲ့တာကတော့ စနည်း ရှိနေရာသို့ဖြစ်
သည်။

ဒီယောက်ျားအတွက် သူမ သည်းအူပြုန်းမျှ ခံစားနေရသည်။ မရှိ
တော့ဘူးဆိုမှ သူ့ရဲ့ပေးဆပ်ငဲ့ညှာမှုတွေကို တရေးရေး မြင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပေးကြတာချင်းတူရင်တောင် ခေတ်ဦး ရဲ့နားလည်မှုတွေ မနှသျှံ မတူခဲ့ဘူး ထင်သည်။ ဒီအဖြေအတွက် သူမ ခံစားမိနေခဲ့တာ အရှိအတိုင်းပဲ ဖြစ်၏။

စောင့်ထိန်းဖို့ခက်ခဲသည့် အခြေအနေတွေမှာ မနှသျှံ စည်းမဖောက်ခဲ့ပေ။ မကြင်နာနိုင်ခဲ့သောမိန်းမကို ငြိုငြင်ခြင်းကင်းစွာရှိခဲ့ရင်း မိသားတစ်စုလုံးရဲ့ ဂရုစိုက် စောင့်ရှောက်မှုတွေ မပျက်ရအောင်လည်း သူ ကာကွယ်ထားခဲ့၏။

သူ့အတွက် အမှတ်တွေပိုပေးနေသလို ဖြစ်ခဲ့ရင်လည်း ငါ့ကို ခွင့်လွှတ်ပါ ခေတ်ဦး ရယ် ….၊

သူ့ရဲ့နောက်ဆုံးခရီးအတွက် ထိုက်တန်တဲ့လက်ဆောင်တစ်ခု ငါ ပေးလိုက်ချင်တယ်။

အဲဒါက ..၊





## အခန်း (၄၈)

"မကိုင်ရှ .. မင်း .. မင်း .. လိုက်မသွားရဘူး"

လက်ကို ဖျစ်ဆုပ်ထားလိုက်သဖြင့် ကြီးတော် ရှေ့တိုးထိုင်လိုက်ရကာ မျက်ရည်တွေကို ထိန်းမရနိုင်။ ခေါင်းလာကတည်းက 'မလိုက်ဘူး' လို့ ခေါင်းခါနေခဲ့သည်။

တွေ့တဲ့လက်ကို ဖမ်းဆွဲပြီး 'မကိုင်ရှ ကို ခေါ်ပေး' လို့ တတွတ်တွတ် ပြောနေ၏။ သွေးစက်စက်ယိုနေသည့်ခေါင်းက ဆရာဝန် ရောက်လာကတည်းက သွေးတိတ်သွားပေမယ့် 'မကိုင်ရှ' ဆိုသည့် နာမည်ကို မပီမသ ရေရွတ်နေဆဲ ..။

ဖြစ်ရလေ ကလေးရယ် ..၊

ဒီကလေးအတွက် သူမတို့တွေ ယတြာတွေ အကောင်းဆုံးချေခဲ့ကြသည်။ သူ ချစ်သောမိန်းကလေးကို တတ်နိုင်သမျှ ပျော်ရွှင်အောင် စောင့်ရှောက်ထားခဲ့၏။

ခုတော့ အားလုံးက အရာမထင်ခဲ့ပါလား ..။



www.burmeseclassic.com

www.burmeseclassic.com



"သား .. လူလေး .. ကလေးရေ .."

တိတ်ဆိတ်စွာ ငိုကြွေးနေရင်း ဆုပ်ကိုင်ထားသည့်လက်က တဖြည်းဖြည်းပြေကျသွားသဖြင့် ကြီးတော် ကိုယ်ကြီး တောင့်တင်းသွားသည်။

ချောက်ချားစွာ လှုပ်ခေါ်မိတော့ စိုင်ကြီး က လက်ကို လာဆွဲပြီး သတိပေး၏။

"ဒေါက်တာ ရှိတယ်လေ .. အစ်မတော် စိတ်ကိုထိန်းပါဦး"

ပြောသည့်လူမှာ မျက်ရည်စီးကြောင်းတွေနှင့် ..၊

"ခဏလောက်ပါ"

ဒေါက်တာက မနည်း ကိုခမ်းသပ်ရင်း နှလုံးခုန်စက်နှင့် ဆက်သွယ်၍ အကြိတ်အနယ် ကြိုးစားနေ၏။

ကိုယ့်အိမ်ထဲမှာပေမယ့် ခေတ်မီဆေးဝါးကိရိယာတွေနဲ့ သမားတော်တွေကအစ အားလုံး အဆင်သင့်ဖြစ်အောင် စီစဉ်ထားခဲ့သည်။

ဒီရက်ပိုင်းတွေမှာ သိရှိနေခဲ့ကြသည့် မနည်း ၏ ကျန်းမာရေး ချို့ယွင်းမှုကြောင့် ဖြစ်၏။ ခုတော့ ထင်ထားတာထက် အဆပေါင်းများစွာ ဆိုးနေသည်။

မြန်မြန်ဆန်ဆန် ဖြစ်သွားခဲ့၏။ ဆရာဝန် လုပ်ကိုင်နေသမျှကို ငေးနေရင်း ကြီးတော် အံကြိတ်နေရတာ သွားခြေတွေတောင် နာကျင်လာခဲ့တဲ့အထိ ..။

ရက်တွေ ဒီလောက်ကြာအောင် အတူတူနေခဲ့ကြသည်။ ဂါလေးကလည်း ဒီလောက်ထိ အလိုလိုက်ယုယခဲ့တာ အားလုံးအမြင် ..။

ဒါတောင်မှ သင်း ရက်စက်နိုင်လွန်းသည်။

နှစ်ယောက်တွဲ၍ လှမ်းကြည့်နေသောမြင်ကွင်းကို ပျောက်မရတိုင်း





တက်ခေါက်ချင်မိသည်။ ကိုယ့်ကလေးကတော့ မိုးရေတွေ ရွှဲထဲဗွက်ထဲမှာ ..။

'မြမျိုးမြင့်မာန်' က မင်းသားတစ်ပါးကို ဒီမှာ ဘယ်လိုအရေးထားစောင့်ရှောက်ခဲ့ကြသလဲ သင်း မသိလို့လား ..။

ချစ်တာတွေ မေတ္တာတွေ အသာထားပြီး နေမကောင်းနေတဲ့ မိတ်ဆွေတစ်ယောက်ကို အမြင်မတော်လို့ ပြေးတွဲတာမျိုးလောက်တောင် မရှိခဲ့သည့် မိန်းမရိုင်း ..။

"ဟင်!... ဘာ.."

သက်ပြင်းမှုန်းမှုန်းချ၍ ဆရာဝန် မတ်မတ်ရပ်လိုက်တာကို မြင်ပေမယ့် ခေါင်းခါယမ်းလိုက်တာက အမြင်မှားတာပဲ ဖြစ်ပါစေ ..။

"ဒေါက်တာ .. ဒေါက်တာ .. ဘာပြောလိုက်တာလဲဟင်"

"စိတ်မကောင်းပါဘူးဗျာ .. သူ့အတွက် သက်သောင့်သက်သာဖြစ်ဖို့ပဲ"

"အို !... မဖြစ်နိုင်တာ"

ကြီးတော် အရူးတစ်ယောက်လိုဖြစ်သွားလျက် ခေါင်းတွင်တွင်ခါသည်။ နှလုံးခုန်စက်ကို စိုက်ကြည့်ရင်း စိုင်ကြီး အံကြိတ်နေတာ အသံတောင် ကြားနေရ၏။

ဒါကြောင့် ဒီကလေး ကားမောင်းထွက်သွားပြီဆိုကတည်းက အစ်ကိုတော်က မျက်နှာလွှဲ၍ အခန်းတံခါးပိတ်သွားခဲ့တာ ဖြစ်မည်။

နောက်ဆုံး လှုပ်ရှားမှုကင်းမဲ့နေသော မျက်နှာနှင့် ပြောသွားတာက..

"သူ့ကံကြမ္မာပဲ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဒါ သူ့ကံကြမ္မာ မဟုတ်ဘူး၊ မြမျိုးမြင့်မာန် ရဲ့ မင်းသားတစ်ပါးက ဘာမဟုတ်တဲ့မိန်းကလေးတစ်ယောက်ကြောင့် ဒီလိုဖြစ်သင့်သလား ...။

"သား .. လူလေးရယ် .. လူလေး မဖြစ်ရဘူးနော်"

"အစ်မတော် .."

"ဟင့်အင်း .. ဖယ်စမ်းပါကွယ်၊ ငါ့ကလေး ဘာမှမဖြစ်ရပါဘူး"

ငြိမ်ငြိမ်သက်သက်လေး ဖြစ်နေသည့် စနေသျှံ့ အပေါ် ဆွဲကိုင်လှုပ်ယမ်းတာမျိုး မဖြစ်စေချင်တာမို့ စိုင်းကြီး က မရမက ထိန်းဖက်ထားသည်။ ကြီးတော်ကိုယ်တိုင် ထိန်းချုပ်သင့်မှန်း သိလျက်နှင့် ဖြေမဆည်နိုင်။

နောက်ဆုံးထွက်သက်ကို ဒီတိုင်းထိုင်ကြည့်ပြီး ပါးစပ်ပိတ်နေရမည့် အစား ကလေးကို စကားတွေပြောနေချင်သည်။ မျက်လုံးလေးဖြစ်ဖြစ် ဖွင့်ကြည့်လာလေမလားဆိုတာ မျှော်လင့်ချင်၏။

"စိတ်လျှော့လိုက်ပါ အစ်မတော်၊ ကလေးကို မပင်ပန်းပါစေနဲ့တော့"

အိပ်ခန်းထဲမှာ ကြေကွဲဖွယ်တို့ မပြီးဆုံးမီ ရှောမှုစံ တံခါးဝမှာ ခပ်ယို့ယို့ ပေါ်လာကာ ...

"သခင်မကြီးကို အကြောင်းကြားစရာ ရှိပါတယ်"

"ဝင်ခဲ့ .."

ဒီအချိန်မှာ အလိုက်ကမ်းဆိုးမသိ ဝင်လာပြီး မပြောသင့်တာတွေ ပြောဖို့ မဖြစ်နိုင်မှန်းသိနေသဖြင့် စိုင်းကြီး က ဝင်ခွင့်ပြုကာ ...

"ဘာလဲ"

"သခင်လေးရဲ့ဓနီး .."

"ဟော .. တိတ်စမ်း"





"အစ်မတော် နေပါဦး"

စိုင်းကြီး က နှစ်ဖက်ကြားမှာ အဆင်ပြေပြေ ပြောနိုင်အောင် အသံကို ထိန်း၍ ...

"သူ ဘာဖြစ်လို့လဲ"

"အခု တွေ့ခွင့်တောင်းနေလို့ပါ"

"ဘယ်မှာလဲ .."

"အိမ်တော်အဝင်ဝမှာ ါ"

"ကြည့်စမ်း .. ဒီထဲထိတောင် ..."

ကြီးတော် အသွားများပင် တုန်လေသည်။ အပြင်ရောက်သွားသည်နှင့် ညတုန်းကမြင်ခဲ့ရသည့်ပုံစံအတိုင်း မကိုင်ငြ က တောင့်မတ်စွာ ရပ်လျက် .. သူတို့ကိုမြင်တာနှင့် မျက်လွှာတစ်ချက်ချသည်။

"ဘာလာလုပ်တာလဲ .. မင်း .."

ကြီးတော် စကားစလိုက်မှ မျက်လွှာပင့်ကြည့်၍ ..

"မကိုင်ငြ သူ့ကို ခဏလောက် တွေ့ပါရစေ"

"တောက် .. မတန်မရာ"

ဒေါသနှင့် မြောက်တက်သွားသည့်လက်က နည်းနည်းနောနော အရိုန် မဟုတ်ပေ ...။

သို့သော် ထိုလက်ကို စိုင်းကြီး က အချိန်မီဆွဲထားလိုက်ပြီး ...

"မလုပ်ပါနဲ့ အစ်မတော် .. သူ့လက်ထဲမှာ နဂါးလက်စွပ်နဲ့"

မျက်လုံးမှိတ်ထားလိုက်ရင်း လည်စင်းခံဖို့ စိတ်ကူးတွေက စကားသံတွေကြောင့် ပြန်ပွင့်သွား၏။ အားလုံး၏အကြည့်တွေ မကိုင်ငြ ရဲ့လက်မှာ စူးစိုက်သွားခဲ့သလို သူမကိုယ်တိုင် ငုံ့ကြည့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ထိုလက်သည် လက်သီးဆုပ်လေး ဖြစ်သွားခဲ့လျက်...

"ဒါကိုလည်း မကိုဋ္ဌ ပြန်ပေးမှာပါ၊ အခု ခဏပဲ"

"မရဘူး .. ဟောဒီ မြမျိုးမြင့်မာန်မှာ အရှင်သခင်တွေက ဘုရင်ပဲ၊ 'မင်းတို့စကား မိုးကြိုးသွား'တဲ့၊ ကလေးက မင်းကိုပေးခဲ့တဲ့ပစ္စည်း၊ ငါတို့ ပြန်မသိမ်းဘူး၊ အဲဒါကြောင့်ပဲ မင်းကို ဒီနေရာကနေ အေးဆေးထွက်သွားခွင့် ပြုလိုက်မယ် .. ပြန်တော့"

စိုင်းကြီး က ဆုံးဖြတ်ပေးလိုက်သည်။ ကြီးတော်က အသက်ရှူပြင်း နေဆဲနှင့် စူးစူးရဲရဲ ကြည့်၏။ တခြားလူတွေလည်း သူတို့ကိုပဲ လှမ်းကြည့် နေကြတာဖြစ်ကာ မကိုဋ္ဌ ကိုတော့ ကမ္ဘာတည်မယ့်အမုန်းများနှင့် ဖြစ် သည်။ ခဏခနဲ စိတ်ကရောက်ပြီး မကိုဋ္ဌ မျက်လွှာချလိုက်သည်။ ခြေလှမ်း တို့သည် နောက်လှည့်ပြန်ဖို့အတွက် အနည်းငယ်မျှ မရွေ့ခဲ့ဘဲ ...

"ခဏလေးဖြစ်ဖြစ် သူ့ကို စကားပြောပါရစေ ကြီးတော်၊ အဲဒီ အတွက် မကိုဋ္ဌ ကို ကြိုက်သလိုသာ စီရင်ပါ"

"ဘာပြောတယ် မကိုဋ္ဌ .. မင်း အစက ဒီလို မျက်နှာမပြောင်တတ် ဘူးလို့ ငါထင်ခဲ့တာ၊ ငါ့ကလေးကို ဝိုင်းရိုက်ပြီး မိုးရေထဲမှာ ပစ်ထားတုန်း ကလည်း ဒီပုံစံမရှိခဲ့တာ သေချာပါတယ်၊ ဘယ်လိုဖြစ်လာတာလဲ .. 'မြမျိုးမြင့်မာန်'က အမွေဆက်ခံခွင့်ကို မျှော်လင့်တာလား"

"မဟုတ်ဘူး .."

"ဟွန်း .. တော်တော်ဟန်ဆောင်ကောင်းတဲ့ မိန်းကလေး၊ ရတယ်.. မင်း ပူစရာမလိုဘူး၊ ရသင့်ရထိုက်တာကို မင်း ရရမယ်၊ ခုချက်ချင်း ငါ့ရှေ့က ထွက်သွားစမ်း"

"ကြီးတော် .."





"သွား .. သွားဆို သွား .. ခုထွက်"

"မင်း သွားတော့ မကိုဋ္ဌ၊ ငါတို့ကလေးရဲ့ဇနီးအဖြစ် တခမ်းတနား ရှိခဲ့ဖူးတဲ့ဂုဏ်သရေကို ထောက်ထားပြီး ဒီအိမ်တော်ထဲက မင်းကို ဆွဲ မထုတ်ချင်ဘူး"

စိုင်းကြီး က ပြောပေမယ့် ဘေးမှာဝိုင်းရံလာသည့် အိမ်တော်ထိန်း တွေက လက်တပြင်ပြင်နဲ့ ဖြစ်သည်။ မကိုဋ္ဌ က မျက်နှာ တစ်ချက်မှ မပျက်ဘဲ စိုင်းကြီး နဲ့ ကြီးတော်ကို ငြိမ်ငြိမ်သက်သက်လေးပဲကြည့်ကာ..

"မကိုဋ္ဌ ကို အထင်မလွဲပါနဲ့ .. ဒီအိမ်တော်က ဘာခံစားခွင့်ကိုမှ လည်း မမက်မောဘူး၊ ဒီကပြန်လှည့်သွားတာနဲ့ မကိုဋ္ဌ ဆိုတဲ့အသံကို တောင် ထပ်မကြားစေရဘူးလို့ ကတိပေးပါတယ်၊ ဒီလက်စွပ်ကအစ သူ့လက်ထဲ ပြန်ထည့်ခဲ့မှာပါ၊ ခဏလေးပဲ တွေ့ပါရစေ .. သူကြားနိုင် သည်ဖြစ်စေ မကြားနိုင်ဘူးဖြစ်စေ မကိုဋ္ဌ ပြောမှာတွေကို သူ ကြားချင် နေမှာပါ၊ သူ ကြားချင်တာတွေကိုပဲ မကိုဋ္ဌ ပြောမလို့ လာခဲ့တာပါ၊ ဒါလေးကိုပဲ ခွင့်ပြုပေးပါ"

"မင်းကို သူ တမ်းတနေတာ ငါတို့ အားလုံး သိတယ်၊ ဒါပေမယ့် မင်းရဲ့ ရက်စက်မှုကို မြမျိုးမြင့်မာန်က မြင်တွေ့ ခံစားခဲ့ပြီးပြီ၊ ဒါကို ဘယ်လိုမှ လက်မခံနိုင်ဘူး"

"မပြောပါနဲ့တော့ .. ငါ့ကို ဓားတစ်လက်ပေးစမ်း၊ ဒီလောက် ခေါင်းမာတဲ့မိန်းကလေး .."

မကိုဋ္ဌ နားလည်သွားသည်။ သူမ ဤနည်းအားဖြင့် ဓနသျှ နားကို တိုးဝင်ခွင့်ရမှာ မဟုတ်။ ဒေါသတွေနှင့် နတ်ပူးသလိုတုန်ယင်နေသော ကြီးတော်ကို နောက်ဆုံးတောင်းပန်ခြင်းဖြင့် စိုက်ကြည့်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"မကိုင်ရှိ သူ့ကိုတွေ့ရမှဖြစ်မယ်၊ သူ ကြားကြား မကြားကြား မကိုင်ရှိ မှာ သူ့ရဲ့ရင်သွေးကို လွယ်ထားရပြီဖြစ်တဲ့အကြောင်းတော့ .."

"ဟင်!... ဘာပြောလိုက်တယ်"

"ဘယ်လို .. ဘယ်လို .."

ပြုံးကျယ်ဝိုင်းစက်ကုန်သည့် မျက်လုံးတွေအပြင် ပတ်ဝန်းကျင်မှာ တိတ်ကျသွား၏။

"တကယ်တော့ သူ မကိုင်ရှိ ကို ခိုးယူလာကတည်းက သိမ်းပိုက်ခဲ့တာပါ၊ အဲဒီရယူမှုအတွက် သူ ပြန်ပြီးပေးဆပ်ပါ့မယ်လို့လည်း သူကိုယ်တိုင် ဆုံးဖြတ်ခဲ့တာ .."

ကြီးတော်၏ ဟူးဟူးရားရားဒေါသတွေက လေကြောင့် ဟုပ်ခနဲ ငြိမ်းသေသွားသည့်မီးတောက်လို လုံးဝ ငြိမ်သက်သွားခဲ့ပြီ။

"မင်း .. မင်း ..."

"ဟုတ်ပါတယ် .. သေချာမစစ်ဆေးရသေးပေမယ့် မကိုင်ရှိ ကိုယ့်ကိုယ်ကိုယ် သေချာသိနေတယ်၊ သူလည်း သိမှဖြစ်မယ်၊ မကိုင်ရှိ သူ့ကို တွေ့ခွင့်ပေးပါ ကြီးတော်"

စိုင်းကြီး နဲ့ ကြီးတော်တို့ မျက်လုံးချင်းဆုံရင်း တိတ်ဆိတ်နေခဲ့ကြကာ လှုပ်လှုပ်ရှားရှားဖြစ်နေခဲ့သည့် ပတ်ဝန်းကျင်အရိပ်တွေလည်း သံပတ်ကုန်သွားသည့် စက်ရုပ်တွေလို ...။





## အခန်း(၄၉)

သေငယ်ဇောနှင့် မြော်နေသည့်မျက်နှာကို မကိုင်ရှိ အသံတိတ် ငေးနေရင်း မျက်ရည်တွေ တရစ်ရစ်ပြည့်လာခဲ့၏။

နှလုံးခုန်စက်နှင့် သူ့မျက်နှာကို တစ်ပတ်ဝေ့သွားမိသည်။ မျက်လုံးတို့က အရုပ်တစ်ရုပ်၏မျက်လုံးတွေ လှုပ်နေတာနှင့်တူနေသည်လား ...။

ရှင် ခုတော့ မကိုင်ရှိ ကို ချစ်တဲ့အကြောင်းတွေ မပြောတော့ဘူးလား...၊

အကောက်အကျော့မထင်၊ ပွယောင်းခြင်းမရှိဘဲ ကော့ထင်းနေသည့်နှာတံနှင့် ပိရိကျနေသည့် ပန်းနုရောင်ဖျော့တော့သော နှုတ်ခမ်းတို့က နောက်ဆုံးဆိုတဲ့အချိန်ထိ ဆွဲဆောင်နေဆဲ ...။

ချောင်ကျသွားသည့်မျက်နှာမှာ မျက်ခုံးရိုးတွေပေါ်လာကာ ထူနက်သည့် မျက်ခုံးတန်းတို့သည် စိမ်းညို့ညို့အသွင်တစ်မျိုးနှင့် ချောမွေ့ခြင်းမပျက် ...။

ရှင်က မင်းသားတစ်ပါးပါ နေသျှံ ...၊ ရှင် မသေထိုက်ဘူး ...။



www.burmeseclassic.com

www.burmeseclassic.com



နွေးနေသည့်လက်ဖဝါးပေါ်မှာ မကိုင်ရွှေ့လက်ဖဝါးနဲ့ ထပ်ဆုပ်လိုက်သည်။ အခန်းဝကနေ စိုင်းကြီး တို့ ရပ်ကြည့်နေတာကိုလည်း ဂရုမစိုက်တော့ဘဲ ဘယ်ဘက်လက်ဖဝါးနဲ့ သူ့ရဲ့ဘယ်ဘက်ရင်အုံပေါ်မှာ အသာလေး ထိကပ်ထားလိုက်သည်။

ပြီးတော့ ပတ်တီးတို့ရှိနေသည့် နဖူးပြင်ကျယ်နှင့် သူ့မျက်နှာ တစ်ပြင်လုံးကိုငေးရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့ကြ၏။

"မျက်ရည်အစစ်တွေပါ မနည်ျ .. ရှင့်ကို တကယ်စိုးရိမ်ပြီး တကယ်နွေးထွေးတဲ့ စေတနာမေတ္တာတွေနဲ့ ကျခဲ့တာပါ၊ ထပ်လည်း ကျဦးမှာပဲ၊ မကိုင်ရွှေ့ ငိုနေတာ မကြိုက်ရင် ရှင့်မျက်လုံးတွေကို ဖွင့်ကြည့်လိုက်ပါ၊ ရှင့်ရင်ခုန်သံတွေ မကိုင်ရွှေ့ အတွက် တကယ်ဖြစ်နေခဲ့တာဆိုရင် အခုသက်သေပြပါ ...၊

"ရှင့်ရဲ့ဘေးမှာ မကိုင်ရွှေ့ ထိုင်နေသားနဲ့၊ ရှင့်ရဲ့မျက်ဝန်းတွေကို ကြည့်ပါရစေလို့ ငိုပြီး တောင်းပန်နေရဲ့သားနဲ့ ရှင် မလိုက်လျောနိုင်ဘူးဆိုရင် ရှင့်အချစ်ကို ဘယ်လိုယုံရမှာလဲ မနည်ျ ...၊ မနည်ျ .. ရှင့်ကို မကိုင်ရွှေ့ ခေါ်နေတယ် .. ရှင် ဘယ်မှမသွားပါနဲ့၊ မကိုင်ရွှေ့ ဆီကို ပြန်ခဲ့ပါ၊ ရှင့်အတွက် ရှင်လိုချင်တဲ့ အချစ်တွေနဲ့ မကိုင်ရွှေ့ စောင့်နေတယ် .. ပြန်လာခဲ့ပါ"

စိတ်ထဲမှာ ရေရွတ်နေရင်း တတွတ်တွတ်အသံတွေ ဖြစ်လာခဲ့သည်။ ဆုပ်ကိုင်ထားမိသည့်လက်ဖဝါးကို ပို၍ပို၍ ဖိဆုပ်မိရင်း လှုပ်ခေါ်မိသည်အထိ ဖြစ်၏။

အားလုံး လက်လျှော့ထားပြီးဖြစ်တဲ့လူကို ပြန်လာခဲ့ပါလို့ ခေါ်နေမိတာ သူမ ရူးနေပြီလား ...၊ ဒါမှမဟုတ် ငိုနေမိတဲ့ ဒီပါးပေါ်က မျက်ရည်တွေက အခါလွန်မိုးလိုလား ...၊





ဒါပေမယ့် ကိုယ့်ရင်ဘတ်ထဲကို ကိုယ်ပဲ သိနေသည်။

စူးနင့်အောင် ပူလောင်ခြင်းက ဘယ်အရပ်ဆီက လွင့်စဉ်လာသည့်မီးပွားမှန်း မသိ။ ဘယ်အချိန်တည်းက တငွေ့ငွေ့လောင်မြိုက်နေခဲ့မှန်း မသိခြင်းအတွက် ဒီမီးငြိမ်းဖို့လည်း မတတ်နိုင် ...။

"အဲဒါလေ .. အဲဒါတွေ ရှင် နိုးလာမှဖြစ်မှာ သိလား ...၊ ရှင် ကြားတယ်မို့လား မနည်ျ ...၊ ဟင် .. ကြားတယ်ဆိုရင် ရှင့်ရဲ့မျက်တောင်ဖျားတွေ နည်းနည်းလှုပ်ပြပါ၊ ရင်ခုန်သံတွေ ဒီထက်မြန်လိုက်စမ်းပါ၊ မကိုင်ရွှေ့ ရှင် မနိုးမချင်း ကျောက်ရုပ်ဖြစ်သွားလည်း ရှင့်ကို ခေါ်နေမှာပဲ၊ အဲဒီအခါကျရင် မကိုင်ရွှေ့ ဆိုတဲ့မိန်းမကို အရူးမလို့ ပြောကြမှာပဲ၊ ရှင် အဲဒီလိုဖြစ်စေချင်တာလား၊ ငါ့အပေါ် မကြင်နာခဲ့တဲ့မိန်းမဆိုပြီး ဒီလိုနည်းနဲ့ ဒဏ်ခတ်ခဲ့တာလား၊ ပြောပါ .. ပြောပါ မနည်ျ ...၊ တစ်ခုခုတော့ မကိုင်ရွှေ့ သိအောင် ရှင် လှုပ်ရှားစမ်းပါ"

မကိုင်ရွှေ့ ကိုယ့်ကိုယ်ကိုယ် ဘာတွေပြောနေမှန်း မသိတော့တဲ့အထိ စိတ်ဝိညာဉ်တစ်ခုခု ပူးကပ်နေသလို သူ့ရဲ့ရင်အုံထက်မှာ ဖွဖွလေး ထိကပ်ပွတ်သပ်ရင်း ပြောနေမိသည်။

ပြောနေရင်းနဲ့ အသက်ရှူချိန်ပေးရမှန်း မသိတော့သလို စကားတွေက မရပ်မနား ဖြစ်လာခဲ့သည်။

ဒီကိုလာပြီး ဒီလိုပြောဖို့ မရည်ရွယ်ခဲ့ပါ။ ပြင်းထန်ခဲ့သည့်ဆန္ဒက သူ့မျက်နှာကို နောက်ဆုံးကြည့်ခြင်းဖြင့် တောင်းပန်ဖို့ဖြစ်သည်။

ပြီးတော့ သူမ ခေတ်ဦး နဲ့ ပြန်လည်ပေါင်းဖက်လက်ထပ်မှာ မဟုတ်တာကို သူ သိသိမသိသိ ပြောလိုက်ချင်၏။

တကယ်တမ်း သူ့မျက်နှာကိုမြင်လိုက်ရချိန်မှာ ရင်းနှီးခဲ့ဖူးသော



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေက ပို၍နီးကပ်သွားသလိုရှိကာ နှမြောတသခြင်း၊ ယူကျုံးမရခြင်း စသည့် ခံစားချက်တွေနှင့် အဆမတန် နင့်သွားသည်။

ကိုယ့်အတွက်နှင့် သူလိုလူကို မဆုံးရှုံးစေချင် ..။

ဒီဆန္ဒဟာ ကိုယ့်အတွက်လား .. အများနဲ့သက်ဆိုင်သည်လား ဘာမှန်းတော့ မသေချာပေ။ ဒါပေမယ့် သူ့ကို နှိုးနေမိသည့်စကားသံတွေ တစ်စတစ်စ မရပ်မနားဖြစ်လာရင်း အသံတိတ် မျက်ရည်ကျခြင်းကနေ ရှိုက်ကြီးတငင်ဖြစ်လာခဲ့တာက သူမပဲ ဖြစ်၏။

"နေသျှံ .. ရှင့် သိလား၊ ရှင် ကြားတယ်မို့လားဟင်"

နှစ်ယောက် စကားပြောနေသလို မကိုင်းရဲ့ မျက်နှာလေး နီးသထက်နီးအောင် ငုံ့ကျသွားခဲ့ရင်း ကိုယ့်ရဲ့မျက်ရည်စက်တွေ သူ့ရဲ့ရင်အုံထက်သို့ စွန်းထင်းကုန်၏။

"မကိုင်း အပြစ်တစ်ခုကို ကျူးလွန်လိုက်မိပြီ၊ အဲဒါလေ .. ရှင့်မျက်နှာကို ခုလိုထိုင်ကြည့်ခွင့်လေးအတွက်ပါ၊ ရှင် စောင့်ထိန်းခဲ့တဲ့သိက္ခာတရားတွေကို စော်ကားမိရာရောက်ပေမယ့် ဒီလိုပြောမှ မကိုင်း ဒီနေရာကို လာရမှာလေ၊ ရှင် သိရဲ့လား .. မကိုင်း မှာ ကိုယ်ဝန် တကယ်မရှိဘူးဆိုတာ သူတို့သိသွားရင် ဘာတွေဖြစ်ကုန်မလဲ၊ အဲဒါတွေ ရှင်ပဲကယ်နိုင်မှာ ရှင် ပြန်နိုးလာမှဖြစ်မှာ နေသျှံ၊ ရှင့်ကို မကိုင်း တမ်းတနေမိပါတယ် ပြန်လာခဲ့ပါ ..၊ ရှင့်မျက်လုံးတွေကို မြင်ပါရစေ၊ လုပ်ပါ နေသျှံ .. ရှင် နိုးပါတော့"

"ကလေး .. အမလေး !... ဘုရားသိကြား ကယ်တော်မူပါ၊ ငါတို့ - ငါတို့ကလေး .."

"ဟိုမှာ လက်တွေလှုပ်လာပြီ .. နှလုံးခုန်သံရော"





"ဒေါက်တာ .."

မကိုင်း ကြေကွဲစွာ ငိုနေဆဲ။ ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်ရုတ်သဲသဲတွေ ဖြစ်လာကြ၏။ မကိုင်း မှိတ်ထားမိသည့်မျက်လုံးတွေ ဖျတ်ခနဲ ဖွင့်သွား၏။

"ဟင်!..."

ငုံ့ကြည့်လိုက်တော့ နေသျှံ ၏လက်က သူမလက်ကို ပြန်လည်ဆုပ်ကိုင်ထားလျက် ...

"ရှင် .. ရှင် .. သတိရပြီ နေသျှံ .."

လှုပ်ရှားမှုကင်းမဲ့နေဆဲမျက်နှာကို ကတုန်ကယင် ပြန်ကြည့်မိကာ သူ့မေးဖျားကို မယုံကြည်နိုင်စွာ မဝံ့မရဲ ပွတ်သပ်ထိကိုင်ရင်း ...

"ရှင် ထာဝရနော် .. ဘယ်မှ ပြန်ထွက်မသွားရဘူး၊ မျက်လုံးတွေ ဖွင့်ပါတော့"

နောက်ထပ် မကိုင်း ပြောနေသမျှ သူ့ရဲ့ရင်ခုန်နှုန်းတွေ ပုံမှန်လည်ပတ်ခြင်းသို့ ရောက်လာခဲ့ပြီ ..။

"သိပ်ကိုအံ့ဩဖို့ကောင်းတဲ့ ဆန်းကြယ်မှုပဲ" လို့ပြော၍ ဒေါက်တာကိုယ်တိုင် ခေါင်းညိတ်လိုက် .. ခေါင်းခါလိုက် ..။

မျက်လုံးပေါင်းများစွာသည် မကိုင်း ထံမှာ စုဝေးလျက် မျက်နှာတွေမှာ မျက်ရည်တွေစွန်းထင်းနေကြသည်မို့ ရယ်နေကြမှန်း မသိ၊ ငိုနေကြမှန်း မသိ ..။

သိပ်မကြာလိုက်မီ ဘကြီးတော် ကြွလာသည်ဆိုသည့်သတင်းရောက်လာပြီး မကိုင်း မမြင်ဖူးခဲ့သော ဂမ္ဘီရဆန်ဆန် မုတ်ဆိတ်ရှည်အဖြူများနှင့် ခန့်ညားသည့်အရိပ်သဏ္ဍာန်တစ်ခုကို မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်ကြီးသည် မကိုဋ္ဌ ရဲ့ဘေးမှာ ခဏရပ်လိုက်ပြီး ငုံ့ကြည့်သည်။ ပြီးမှ ခေါင်းရင်းကနေ ပတ်သွားပြီး ခနသျှ ရဲ့ညာဘက် ခေါင်းရင်းထိပ်မှာ ရပ်၏။

မျက်ရည်တွေသုတ်ပစ်လိုက်ကာ မကိုဋ္ဌ နေရာမှ ထရပ်လိုက်သည် ခဏပဲ ခွင့်တောင်းခဲ့တာမို့ သူမ ပြန်ရဖို့ သဘောရ၏။

သို့သော် ဘေးမှာပေါ်လာသည့် အရိပ်တစ်ခုသည် သူမရဲ့ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားလိုက်ပြီး ...

"မင်း ဘယ်သွားမလို့လဲ"

ကြီးတော် မျက်နှာက ဟိုအရင် မြင်စတုန်းကအတိုင်း တည်ကြည်ခြင်းနှင့် နူးညံ့သိမ်မွေ့မှုတွေ ရောနှောလျက် ...

"မင်းကိုယ်မင်း ဧည့်သည်လို့ ထင်နေတုန်းပဲလား မကိုဋ္ဌ၊ သူ နိုးလာရင် ဘယ်သူနိုးပါတယ်လို့ ငါတို့ပြောရမလဲ"

မကိုဋ္ဌ ပါးစပ်တပြင်ပြင်နှင့် ဘာမှလည်းမပြောနိုင်။ ကြီးတော် ပြောသည့်အဓိပ္ပာယ်ကို သူမ သိသည်။ ဒါပေမယ့် ...

အဲဒါက တကယ်မဟုတ် ...။

"လာ .. ငါတို့အိမ်တော်ရဲ့ မင်္ဂလာအရှိဆုံးအချိန်မှာ အလိုအပ်ဆုံးက မင်း အလှဆုံးရှိနေဖို့ပဲ၊ သူ မကြာခင် သတိရတော့မှာ"

လက်ဆွဲခေါ်ဆောင်သွားရာသို့ မလိုက်ချင်သော်လည်း ...၊

နင် .. ဘယ်လိုလုပ်မှာလဲ မကိုဋ္ဌ ...။





အခန်း (၅၀)

ပြုံးနေသည့် သူ့မျက်နှာက ပို၍ ချောမွေ့နေသလိုပင် ...။

ဒါပေမယ့် မကိုဋ္ဌ မှာ သောကတွေနဲ့မို့ ချောနေတာကို မမြင်၊ ပူလောင်နေတာပဲ ရှိ၏။ ဆေးကုသချိန်တွေမှာ သူ ဆုပ်ကိုင်ထားသည့် လက်ကို မလွှတ်ချင် လွှတ်ချင်နှင့် ဖြေချပေးရင်း ...

"ကိုယ့်အနားမှာပဲ နေ"

လို့ ပြောတာ ကြီးတော်တို့ ကြားတော့ ပြုံးနေကြ၏။ အားလုံး မျက်နှာတွေကလည်း မကိုဋ္ဌ နဲ့ သူ့အခြေအနေကို ဟိုတုန်းကလို အရိပ်တကြည့် အကဲခတ်ရင်း မကိုဋ္ဌ ရဲ့ဆက်ဆံရေးအပေါ် မရှုံ့ဆိတ်နိုင် ဖြစ်နေကြတာမျိုး မရှိ ...။

ဒါတွေ ပြောင်းလဲနေကြတာလည်း ဘာကြောင့်ဆိုတာ မကိုဋ္ဌ သိနေ၏။ သိနေလို့ နေ့စဉ် အသက်ရှုကျပ်လာသလို ခံစားနေရသည့်ဖိစီးမှုက ခနသျှ မျက်နှာကို ကြည့်လိုက်မိတိုင်း စိတ်မလုံ ...။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှမရှိသည့်အချိန်မှာ သူမ ကျူးလွန်မိခဲ့သည့် မုသာဝါဒ အကြောင်း ဖွင့်ဟဝန်ခံဖို့ ဆုံးဖြတ်ထားပေမယ့် နှစ်ယောက်တည်းလည်း စကားပြောခွင့်တွေ ရှိခဲ့သည့်တိုင် ...၊

ဒီနေ့ထိ မပြောဖြစ်ခဲ့တာ သူ သတိရလာပြီးမှ သုံးရက်ရှိပြီ။

"ကဲ.. လူနာက သူ့အတွက် မသေဆေးရှိပြီးသားဆိုတော့ ကျွန်တော့် ဆေးဝါးကလွှာက ဒီလောက်ဆို ရနေပြီနော်၊ စားဆေးတွေ ပေးထားမယ်၊ ကောင်းကောင်း အနားယူလိုက်၊ အားလုံး အေးချမ်းသွားပြီ" တဲ့ ... ဆရာဝန်က မင်္ဂလာရှိသောစကားကို ဆိုသည်။

နေသျှ က မင်္ဂလာပွဲကို တောင်းဆိုခဲ့၏။

"ကိုယ်တို့ တခမ်းတနား ပြန်နှိုးပြီးလက်ထပ်မယ်၊ ဒီတစ်ခါ ကြည်ဖြူမယ်မို့လားဟင်"

"ခဏနေပါဦး .. ရှင့်ကျန်းမာရေးအတွက်ပဲ ခေါင်းထဲထည့်ခဲ့မိတာ၊ ကောင်းကောင်းကျန်းမာမှပဲ ကြီးတော်တို့နဲ့ တိုင်ပင်တာပေါ့"

မကိုင်ရှ လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ထားရင်း သူ မချင့်မရဲ ကြည့်သည်။

"ကိုယ့်နား တိုးထိုင်ပါလား"

အခန်းထဲမှာ ဘယ်သူမှမရှိသည့်အခါတိုင်း သူက ချစ်စကားတွေ တွင်တွင်ဆိုသည်။ မကိုင်ရှ ကတော့ ဝန်ချတောင်းပန်ဖို့ကြိုးစားရင်း ဘာမှ မသိလိုက် .. မကြားလိုက်တာမျိုး၊

ဒီနေ့ သူ့မျက်နှာ သံသယတွေနှင့် စူးစိုက်လာခဲ့လျက် ...

"ဘာဖြစ်နေတာလဲဟင် .. မင်း ကိုယ့်ကို ပွင့်လင်းလို့ ရပါတယ်၊ ကိုယ့်ကိုကြည့်ပြီး မင်း ဖြစ်နေတာကို ပြောပြပါ"





"မကိုင်ရှ .."

"မင်း တစ်ခုခု မွန်းကျပ်နေတာကို ကိုယ် သိတယ်၊ မင်း မပြောရင် ကိုယ် နားလည်ခဲ့သလို ပြောရမလား .."

နေသျှ မျက်နှာက မြင်ဖူးနေကျ ဆွေးရိပ်သမ်းသော ခပ်လွှန့်လွှန့် အပြုံးနှင့် ...

"မင်း ကိုယ့်အသက်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ တယ်တင်ခဲ့တာ၊ မင်းရဲ့ အဓိက က အဲဒါ .."

"နေသျှ အဲဒါကို .."

"ကိုယ် နားလည်ပေးနိုင်တယ် မကိုင်ရှ၊ ကိုယ့်ဘဝရဲ့ ရှင်သန်မှုဟာ မင်းပဲဆိုတာ မင်း သိသွားပြီမို့လို့ ကိုယ် ပိုပြီးကျေနပ်တယ်၊ တကယ်ပါ.. မင်း ကိုယ့်ကို အရင်သဘောအတိုင်းထက် မပိုနိုင်ဘူးဆိုလည်း ကိုယ် ဘယ်တော့မှ ငြိုငြင်မှာမဟုတ်ဘူး၊ မင်း မငြိုငြင်အောင် တစ်ခုပဲ တောင်းဆိုချင်တယ်"

သူ မကိုင်ရှ ရဲ့လက်ခုံလေးကို နှုတ်ခမ်းနဲ့ဖိကပ်နမ်းရင်း မျက်လုံးတွေကိုပါ မှိတ်ပစ်သည်။ ပြီးမှ ဖျတ်ခနဲ ပြန်ဖွင့်၍ ...

"မင်းကို ကိုယ့်ရဲ့ရင်ခွင်လှောင်ချိုင့်ထဲမှာပဲ ထားမယ်၊ ခု မချစ်နိုင်တာရော နောက် ဘယ်ထိမချစ်ဘဲနေနေ .."

"နေသျှ .."

"ပြောလေ .."

"ရှင်ပြောချင်တာတွေ အကုန်လုံးပြော .. ရှင်ပဲပြောပါ၊ မကိုင်ရှ မှာ ပြောစရာ မကျန်တော့ဘူး"

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်လုံးချင်းဆုံပြီး မျက်ခုံးတွေပါ တွန့်ကုတ်သွားအောင် စူးစိုက်သည်။ ထို့ပြင် ခေါင်းအုံးတွေဆင့်ခံပြီး ခပ်လျော့လျော့နေရာကနေ မတ်မတ်ပြန်ထိုင်ကာ ...

"ကိုယ်ချည်းပဲ ပြောနေသလို ဖြစ်သွားတာလား၊ မင်း ပြောရခက်နေမှာစိုးလို့ပါ၊ ကြီးတော်တို့က မင်းပြန်လာတာကို တစ်မျိုးတစ်မည်အထင်နဲ့ ဝမ်းသာအားရရှိနေကြတော့ မင်းဘက်မှာ ပြောလို့မထွက်တာတွေ.."

"ဟုတ်တယ် .. ဘယ်လိုစကားမျိုးတွေ ရှိနေမယ် ရှင် ထင်လဲ"

"မင်းနဲ့ ဟိုတစ်ယောက် ဘယ်လိုသိနိုင်းမှုတွေနဲ့ မင်း ဒီကို ပြန်ရောက်လာတာတွေ .."

"ပြီးတော့ရော .."

"အခု တကယ် လုပ်ကိုလုပ်ရမှာဖြစ်တဲ့ မင်းရဲ့သစ္စာတွေ ဝတ္တရားတွေကို ပြောဖို့ပေါ့"

"ဒါပဲလား .."

"အဲဒါတွေထိ ကိုယ် တွေးမိခဲ့တာတောင် တွေဝေငေးငိုင်နေတဲ့ မင်းရဲ့မျက်ဝန်းလေးတွေကြောင့်ပါ၊ ဖြစ်နိုင်ရင် ဘာမှမသိချင်ဘူး၊ ကြားလည်း မကြားချင်ဘူး၊ အဲဒါကြောင့် ခုပြောနေတာ မကိုရွှံ .. မင်း ဘာတွေပဲ လုပ်စရာဝတ္တရားတွေရှိနေနေ ကိုယ် မင်းကို ပြန်လွှတ်ပေးမှာ မဟုတ်ဘူး၊ မင်း ဘယ်လိုနေနေ ဘယ်လိုပြောပြော မငြိုမငြင် ကြည်ဖြူစွာ မြတ်နိုးနေမယ်၊ ကိုယ့်ရင်ခွင်ထဲမှာ မင်း အမြဲရှိနေဖို့ အဓိက .."

"ဩော် .. ဒါဆို မကိုရွှံ က ယောက်ျားနှစ်ယောက်အလယ်မှာ ဟိုလည်း မပြတ်၊ ဒီကိုလည်း မစွန့်နိုင်ဘဲ ဗျာများနေကဲ့မိန်းမပေါ့၊ ခေတ်ဦးကလည်း မင်း သူ နေကောင်းလာတဲ့အထိတော့ သွားပြုစုပေးလိုက်ပါ





ဆိုပြီး သဘောထားကြီးစွာ လွှတ်လိုက်တယ် .. ဒီလိုလား"

မကိုရွှံ မျက်ဝန်းတွေ အေးစက်စက်ဖြစ်သွားတာကို ကြည့်၍ ခနဲ့သံ ရတ်တရက် အသံတိတ်နေ၏။

"ပိတ်လှောင်ခံထားရတဲ့ငှက်ဟာ လှောင်အိမ်တံခါးပွင့်သွားရင် ပျံထွက်မသွားဘဲ နေမလားဆိုတာ ရှင်ပဲ ပြောခဲ့တာ ထင်တယ်"

"ဟုတ်တယ် .. အဲဒါ ဒီမိသားစုအားလုံးအပြင် ကိုယ်ကိုယ်တိုင် ကိုယ့်ရဲ့ကျန်းမာရေးကို မယုံကြည်နိုင်တော့တဲ့အထိ ဖြစ်လာလို့ မင်းရဲ့ ရှေ့ရေးကိုတွေးရင်း ပြောဖြစ်ခဲ့တဲ့ စကားတွေ .."

"မကိုရွှံ ရှင် ဖွင့်မပေးဘဲ လှောင်အိမ်ထဲကနေ ထွက်ပြေးသွားခဲ့တာ မှန်တယ်၊ အခု ပြန်ရောက်လာတာ ရှင် ပြန်ပြီး ဖမ်းယူလာတာလား"

မျက်ရည်ဝေ့နေသောမျက်ဝန်းလေးတွေကို ကြည့်၍ သူ့ရင်ခုန်သံတွေ မြန်လာသည်။ မကိုရွှံ ရဲ့ လက်ခုံနုနုလေးကို ဖိညှစ်ဆုပ်ပစ်မိလိုက်၊ ပြန်ဖြေမိလိုက်နှင့် ...

"ဘယ်လို .."

"မကိုရွှံ ရှင့်ကို မမုန်းခဲ့ဘူး၊ ရှင် ပေးခဲ့သမျှ ကိုယ်က လက်ခံယူခဲ့တယ်လို့ မထင်ခဲ့ပေမယ့် ရှင့်ကို မိုးရေထဲမှာ ပြန်မြင်လိုက်ရတဲ့အချိန်မှာ ရင်ထဲရောက်နေခဲ့တဲ့ ဘာမှန်းမသိနိုင်တာတွေကြောင့် အဆမတန် မွန်းကျပ်ခဲ့ရတယ်၊ ကိုယ့်ကိုယ်ကိုယ် မနေ့တစ်နေ့က မကိုရွှံ မဟုတ်တော့သလို ပြောင်းပြန်ကြီး ခံစားလိုက်ရတာ .."

"မကိုရွှံ .. မင်း .. ကိုယ့်အကြောင်းတွေပြောနေတာ ဟုတ်ရဲ့လား၊ မိုးရေထဲကလူဆိုတာ ကိုယ့်ကိုလားဟင်"

သူ မကိုရွှံ ပခုံးလေးနှစ်ဖက်ကို မယုံနိုင်သည့်အကြည့်တွေနှင့် ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်၏။ ထိုစဉ် ...

"စိတ်ညစ်စရာတွေဆိုတာ အထပ်ထပ်အခါခါ ပြန်မတွေးရဘူး၊ ပြောလည်း မပြောရဘူး၊ အားလုံးက ပြီးသွားပြီလေ ကလေးရယ် .."

ကြီးတော်က မျက်နှာသုတ်ပဝါတွေ အထပ်လိုက်ကို ကိုယ်တိုင်ယူလာရင်း တံခါးခေါက်ရင်း တွန်းဖွင့်ခြင်းဖြင့် အသံကိုအရင်ပို့လွှတ်သည်။ ပြုံးနေသည့်မျက်နှာပြင်မှာ မရှိခဲ့ဖူးသော ကြည်လင်မှုမျိုးတွေနဲ့ ဖြစ်ကာ...

"မေတ္တာကသာ အရာရာကို အောင်နိုင်တာ သားရဲ့ .. သမီး ဒီကို ပြန်ရောက်လာတာရော၊ သားရဲ့အသက်ကို ပြန်ယူနိုင်ခဲ့တာရော၊ ဒါက ကံတရားပေမယ့် သူ့ရဲ့စစ်မှန်တဲ့မေတ္တာပဲလို့ ကြီးတော်တို့ နားလည်လိုက်တယ်၊ ဒါကြောင့် ဟိုအစကနေ မနေ့တစ်နေ့ကအချိန်ထိ တစ်ယောက်အပေါ်တစ်ယောက် နားလည်မှုလွဲခဲ့တာတွေ .. သံသယရှိခဲ့တာတွေကို ဖျောက်ဖျက်လိုက်တယ်ဆိုပါတော့"

ကိုင်ထားသည့်တဘက်တွေကို ခေါင်းအုံးဘေးမှာ သွားချထားရင်း ကြီးတော်က မနှင်းသျှံ နဲ့ မကိုင်ရွှေ ကို တွဲစပ် ငေးကြည့်သည်။ ပြီးတော့ နူးညံ့သည့်အပြုံးနှင့် ...

"ဖြစ်ပျက်သွားခဲ့တာတွေကို ကြီးတော်တို့ မေ့လိုက်ကြတယ်၊ အဲဒီမေ့လိုက်တာတွေထဲမှာ သမီးက မနှစ်သက်ဘဲ တို့ကလေးက နိုးယူလာခဲ့တယ်ဆိုတဲ့အဖြစ်လည်း ပါတယ်"

ကြီးတော်၏လေသံတို့က နူးညံ့လေးနက်နေကာ အဓိပ္ပါယ်ဆန်သည့် အကြည့်တွေက သူမထံမှာပဲ ရှိလျက် ...

"သမီးကိုယ်တိုင် ပြောင်းလဲသွားပြီလို့လည်း ထင်ပါတယ်"

အခေါ်အဝေါ်တွေ ပြောင်းလဲသွားခဲ့တာကို သတိထားမိနေတုန်း





ကိုယ့်ကိုပါ ပြောင်းလဲဖို့ တိုက်တွန်းလာတော့ မကိုင်ရွှေ မျက်ခုံးတန်းလေးတွေ တွန့်သွားသည်။ ကြီးတော်က ပြန်လည်စူးစိုက်၍ ...

"အခုဆိုရင် မိသားစုဘဝလေးကို ရကြတော့မယ်၊ ဒီလင်ဒီမယားဟာ နောင်လာမယ့် သားသမီး မိသားစုရဲ့ဘဝအတွက် ခေါင်းဆောင်ပြီး ဦးဆွေးဆဲမြေ့ထမ်းရွက်ရတော့မှာ .. နှစ်ယောက်လည်း မျက်နှာချင်းဆိုင်ပြီး ချစ်တာမုန်းတာတွေ သီကုံးပစ်ပေါက်နေရမှာ မဟုတ်ဘူး၊ မယားက မယားနေရာ .. လင်က လင်နေရာ"

ကြီးတော် အကြည့်တွေ မနှင်းသျှံ ဆီ ရောက်သွားကာ ...

"ဒီလိုပြောလိုက်ရတာ ကြမ်းတမ်းသွားပါတယ်၊ ဒါပေမယ့် ဒီတိုင်းပဲ စကားပုံတွေ အများကြီး ရှိခဲ့တာကိုး၊ သားကိုယ်တိုင် ဆင်ခြင်နိုင်ဖို့က နှင်းဆီပွင့်ဖတ်လေးပေါ်မှာတင်နေတဲ့ နှင်းစက်လေးကိုကြည့်ရင်းရင်ခုန်နေရမယ့်အချိန် မဟုတ်တော့ဘူး၊ သားက ကလေးအဖေ ဖြစ်ရတော့မှာ .."

မနှင်းသျှံ မျက်နှာပူသွားသလိုဖြစ်လျက် အမှတ်တမဲ့ လွှဲပစ်လိုက်ပြီးမှ ကြီးတော် တစ်ခုခုပြောလိုက်တာလားလို့ ပြန်တွေးမိပြန်သည်။ ကြီးတော်က တံခါးဆီလျှောက်ထွက်သွားပြီး တံခါးရွက်ဆီ လက်လှမ်းရင်းမှ ...

"စိတ်ညစ်စရာတွေ မဟုတ်ဘူးနော်၊ သားနဲ့သမီးတို့ ခံစားချက်တွေကိုတူးဆွပြီး တစ်ကနေပြန်စနေမိမှာ စိုးလို့၊ ဒါ အားလုံးငြိမ်းချမ်းပျော်ရွှင်ကြရမယ့်အချိန်လေ၊ အစ်ကိုတော်ကလည်း အမိန့်တော်ရှိတယ်၊ သမီးသဘောကျတဲ့အတိုင်း မင်္ဂလာပွဲကို စီစဉ်ပေးရမယ်တဲ့၊ အဲဒါ သား မြန်မြန်ကျန်းမာလာမှ ဖြစ်မှာ၊ သား ကင်ပွန်းတပ်နဲ့ မင်္ဂလာဆောင် တဲ့ချက်ကြီးလုပ်နေရင် မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ရယ်လိုက်သည်။ ခေါင်းငုံ့ကာ ပါးမို့လေးတွေနီမြန်းနေသည့် မကိုင်ရှ ကို ရယ်လက်စနှင့် လှမ်းကြည့်၍ ...

"ဗိုက်ထဲက ကလေးလေး ထွားကျိုင်းလာရင် သတို့သမီးကလည်း လှမှာမဟုတ်တော့ဘူးနော်၊ ပျော်စရာတွေကို လက်မလွှတ်စေနဲ့"

ခေတ်ဆန်ဆန် အပျော်အပျက်စကားတွေ မပြောတတ်ခဲ့ဘဲ ကြီးတော်က အပြုံးမျက်နှာနှင့်ပြောရင်း ထွက်ခွာသွားသည်။

ခနသျှံ အကြည့်တွေ မကိုင်ရှ မျက်နှာလေးဆီ တန်းခနဲ ရောက်၏။ မျက်လုံးချင်းဆုံမလိုဖြစ်သွားပြီးမှ မကိုင်ရှ မျက်နှာလွှဲပစ်မိသည်။

ပြီးတော့ နေရာမှထရပ်လိုက်လျှင် ...

"မကိုင်ရှ .."

လက်တစ်ဖက်ကို သူ ဆုပ်ကိုင်ထားလိုက်၏။ တားဆီးမယ်ဆိုတာ သိပြီးသားပါ ..။ ဒါပေမယ့် ကိုယ်ဝန်ကိစ္စကြီးကို အလွယ်တကူပြောလိုက်မိတာ ဘယ်လိုသတ္တိနဲ့မှန်း မသိခဲ့ဘဲ ဒါကိုဝန်ခံဖို့ကျတော့ ကြိုးစားမိတိုင်း မအောင်မြင်။

ဘာလို့ ဒီလိုလုပ်ခဲ့တာလဲလို့ သူ ပြန်မေးခဲ့ရင် ဘယ်လိုဖြေမလဲ။

ကျွန်မ ရှင့်ကိုချစ်လို့ပါ လို့ ဖြေရမလား ..၊ ဒါက မဖြစ်နိုင်။

မဟုတ်ဘူးဆို နောက်ထပ်အကြောင်းက ဘာလဲ ..။

သူမမှာ အဖြေမရှိပေ။

"မင်း မဖြေနိုင်မှာကို ကိုယ် မမေးဘူး၊ ကိုယ့်ရှေ့မှာ ပြန်ထိုင်ပါ"

သူ ကိုင်ထားသည့်လက်က လက်သီးဆုပ်လေးဖြစ်သွားခဲ့ပြီး ရုန်းလည်း မရုန်း၊ ထိုင်လည်း မထိုင်မိ ..။

"မင်း တစ်ချိန်လုံး မျိုသိပ်မွန်းကျပ်နေခဲ့တာ အဲဒီပြဿနာကြောင့်





ပေါ့ ဟုတ်လား"

မကိုင်ရှ သူ့မျက်နှာကို ပြန်လှည့်ကြည့်သည်။

ယောကျ်ားလေးဘက်က မျိုသိပ်စောင့်စည်းခဲ့ပါလျက်နှင့် သူမက မိန်းကလေးတန်မဲ့ ဒီစကားမျိုးတွေ ပြောခဲ့မိသည်။

သူ့ကိုပြောပြနိုင်ဖို့ အားယူရင်း ရှေ့မှာ အသာလေးထိုင်ကျသွားခဲ့၏။

"မကိုင်ရှ အဲဒါကို .."

"မင်း .. ကျွတ်!..."

သူ ကျွတ်ခနဲ မဲ့သွားတာကို အလန့်တကြား ကြည့်လိုက်မိကာ...

"ခနသျှံ .. မကိုင်ရှ ရှင့်ကို သက်သက်သိက္ခာချချင်တာ မဟုတ်ဘူး၊ ဒါကိုပြောပြဖို့က .."

"ကိုယ့်သိက္ခာ ဟုတ်လား .. မင်းနဲ့ပတ်သက်ရင် ကိုယ့်မှာ သိက္ခာမာန ဘာမှမရှိဘူး မကိုင်ရှ၊ ဒါကို မင်း အစကတည်းက ပြောခဲ့ရမှာ၊ ကိုယ်က အားလုံးထက်အရင် သိသားသင့်တဲ့လူ"

"ရှင် .. ရှင်... ဘာပြောလိုက်တာလဲ"

"ကိုယ် မင်းကို တပ်မက်ခွဲလမ်းခဲ့တာ ဘာကြောင်းမှန်း မသိဘူး၊ ဒါပေမယ့် မင်း ခုလိုဖြစ်ပျက်ခဲ့တာတွေရှိတာနဲ့ ကိုယ့်အချစ်က ပြောင်းလဲသွားမှာ မဟုတ်ဘူး .. အဲဒါ သေချာတယ်၊ ဒီကိစ္စ သူတို့ကို အရင်သွားပြောလိုက်တာ မင်း သိပ်မှားတယ် မကိုင်ရှ ..၊ မင်းကို ဘာကွယ်ပေးနိုင်တဲ့လူကို ဘာဖြစ်လို့ ထည့်မတွက်တာလဲ၊ မယုံနိုင်တာလား .."

"နေဦး .. နေပါဦး၊ ရှင် မကိုင်ရှ ကို ဘာတွေပြောနေတာလဲ၊ ဘာတွေဖြစ်ခဲ့တယ်ထင်လို့ မုံးပေါ်လအော ခွင့်လွှတ်နေတာလဲ"

သူ့လက်ကိုခါချလေ သူက ဖိဆုပ်ထားလေ ..။



www.burmeseclassic.com

www.burmeseclassic.com



ရှက်သည့်စိတ်နှင့် ခံပြင်းခြင်းကြောင့် စောစောကလို မလုံမလဲ ရှောင်လွှဲချင်သည့်စိတ်တွေ ဘယ်ရောက်ကုန်မှန်း မသိတော့ပေ ..။ သူ့မျက်နှာကို နီးနီးလေးပေမယ့် အားမရသလို သေချာစိုက်ကြည့်၍ ...

"မကိုင်ရှ ဆိုတဲ့ ကျွန်မမျက်နှာကို သေချာကြည့်စမ်းပါ ..၊ သူများနဲ့ များယှဉ်းခဲ့တာကို တစ်ယောက်အပေါ် ပုံချပြီး ဖုံးဖိရလောက်အောင် ပေါ့ပျက်ပျက် အရှက်မရှိတဲ့ပုံ ပေါက်နေသလား .."

"မင်း .."

"ရှင်ပြောလိုက်တာ ဘယ်ရောက်သွားလဲ သိလား၊ ရှင့်အပေါ် ထားခဲ့တဲ့ ကျွန်မရဲ့စေတနာတွေ၊ ကျွန်မ ရင်ဆိုင်ခဲ့ရသမျှ အားလုံး ဘာမှမရှိတော့ဘူး၊ ကျွန်မက ဒီကိစ္စကြောင့် ရှင့်ဆီ ပြန်လှည့်လာခဲ့တာပေါ့"

"မကိုင်ရှ .."

"ခေတ်ဦး ဆိုတဲ့ ချာတိတ်တစ်ယောက်က 'မြမျိုးမြင့်မာန်'က မင်းသားတစ်ပါးလောက် အားမကိုးထိုက်ဘူးဆိုပြီးတော့ .. ဟုတ်လား .."

"မကိုင်ရှ .. နေဦး .."

"ဟင့်အင်း .. မကိုင်နဲ့"

မကိုင်ရှ ရှက်လည်း ရှက်သည်၊ ဝမ်းနည်းမိတာလည်း အတိုင်းအဆမရှိ။ သူ့နားကနေ ထွက်ခဲ့ပြီးမှ ပြောလို့လည်း အားမရနိုင်ရှိလျက် ...

"ကျွန်မနဲ့ ခေတ်ဦး ကို ရှင် ဘယ်တုန်းကတည်းက သံသယတွေရှိခဲ့တာလဲ၊ အဲဒီလိုဖြစ်လောက်အောင် ကျွန်မက ဘယ်လို ဖြစ်ပျက်နေခဲ့လို့လဲ"

"အဲဒီလိုမပြောနဲ့လေ .. သူများတွေ ကြားကုန်ပါ့မယ်"

သူ မကိုင်ရှ နားကိုလာဖို့ ခပ်နွဲ့နွဲ့ ထရပ်သည်။ သေမင်းနှဲ့စစ်ခင်းထား





ခဲ့သူမို့ ရတ်တရက်လှုပ်ရှားဖို့ ကြိုးစားလိုက်သဖြင့် စိုက်ခနဲ ယိုင်သွား၏။

ခြေနှစ်လှမ်းလောက် ဘေးတိုက်ရွှေ့သွားပြီး စားပွဲစွန်းမှာ လက်ထောက်မိမှ မကိုင်ရှ သူ့ဘေးကို ရောက်သွားကာ ...

"အိပ်ရာထဲမှာပဲ နေပါ .. ကျွန်မတို့ ဒီကိစ္စတွေ နောက်မှပဲပြောမယ်"

မျက်ရည်တွေနှင့် မျက်နှာလေးကို ငုံ့ကြည့်ကာ မကိုင်ရှ ပခုံးလေးကို သူ ဖက်ထားလိုက်မိသည်။

"နောက်မှပြောမယ်ဆိုပြီး မင်း အခု ဒီထဲကထွက်သွားရင် ကိုယ် ဘာဖြစ်ကျန်ခဲ့မလဲ သိလား .."

မကိုင်ရှ နားမထောင်ပါ။ သူ့လက်တစ်ဖက်ကိုတွဲ၍ အိပ်ရာပေါ်မှာ ပြန်ထိုင်ဖြစ်အောင် ဆွဲယူလာခဲ့၏။ ခနော်လျှ က မကိုင်ရှ ပခုံးလေးကို မလွှတ်ဘဲ သူနဲ့အတူထိုင်ဖြစ်အောင် ကြိုးစား၍ ...

"ကိုယ့်ကို လူနုံလူအလို့ သဘောထားပါ၊ မင်းကို အထင်မြင်သေးခဲ့တဲ့ကောင်ဆိုတဲ့သဘောမျိုး သက်ရောက်အောင် မပြောပါနဲ့၊ ကြီးတော်ပြောသွားတဲ့စကားတွေအတွက် ကိုယ့်ဘက်က ထင်စရာ ဘာရှိလို့လဲ၊ ဘာမှမမေးဘဲ မင်းကို ခွင့်လွှတ်နားလည်နိုင်တဲ့စိတ်က တန်းဖြစ်လာတာ၊ အဲဒါ ကိုယ် မှားသွားသလား"

"မှားတယ်လေ .. ရှင်ချည်းပဲ ကောင်းနိုင်နေတာ အမြဲတမ်း အမှန်တရားလား၊ ရှင်သာလျှင် မြင့်မြတ်သူဖြစ်ချင်တာလေ၊ ကျွန်မဘက်ကလည်း ရှင့်ကို ဒီတိုင်းမြင်လိုက်တယ်"

"ဟုတ်ပြီ .. ကိုယ်တို့ တိုးတိုးသာသာ ပြောရအောင်၊ မင်း မငိုပါနဲ့"

မကိုင်ရှ မျက်နှာလေးကို မော့ယူကာ မျက်ရည်တွေကို သုတ်ပေးသည်။ ရှည်လျားကော့ညွှတ်သည့်မျက်တောင်ဖျားမှာ စိုတွဲနေသည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စတို့ကိုပါ လက်မနဲ့ အသာလေး ထိကပ်သုတ်ပေးနေရင်း –

"ကိုယ့်ကို ရှင်းရှင်းလင်းလင်း ပြောပြပါ၊ ကြီးတော် ဘာတွေပြော သွားတာလဲ .. အဲဒီလို မင်း ပြောလိုက်တာ ကိုယ် သိတယ်၊ ဘာဖြစ်လို့ ဆိုတာ .."

"ရှင့်ကို တွေ့ချင်လို့ .."

"ဟင်!..."

"ခေတ်ဦး နဲ့ပြောဆိုပြီး ကျွန်မ ဒီကိုလာခဲ့တယ်၊ ဒါပေမယ့် ဝင်ခွင့် မရဘူး"

"ကိုယ့်ကို အားလုံးက မရတော့ဘူးလို့ ထားခဲ့ကြတော့ မင်းက.."

"သေသွားနိုင်တာကို သိပါတယ်၊ မကိုင်ရှ ရောက်သွားတဲ့အခါ ရှင့် အသက်ရှိချင်မှ ရှိတော့မယ်ဆိုတာလည်း တွေးထားပြီးသား၊ ဒါပေ မယ့်.."

မကိုင်ရှ လို့ ပြန်ပြောလာတာလေးကြောင့် သူမရဲ့ဒေါသတွေ ညှံ့သက် သွားခဲ့ပြီမှန်း သိလိုက်သည်။ ကြည်နူးချမ်းမြေ့ခြင်းဖြင့် ခနသျှံ့ မျက်နှာ ကြည်စင်သွား၏။

နအိနီမြန်းနေသည့်ပါးပြင်လေးကို တယုတယထိကိုင်ရင်း မြတ် မြတ်နိုးနိုး ချစ်စိတ်တွေလည်း ဖြစ်၏။ သို့သော် ...

သူမ ရှောင်ရှားတိမ်းဖယ်သွားမှာကို သိနေသောကြောင့် မနမ်းဖြစ်။

"ပြောလေ .. ဒါပေမယ့် ဘာဖြစ်လဲ"

မေးဖျားလေးကို ပင့်ကိုင်ထားသည့်လက်ကို မကိုင်ရှ က ဖယ်ချကာ မျက်လွှာချရင်း ...

"မပြောတော့ဘူး"





"ဘာဖြစ်လို့လဲ .. မပြီးသေးဘူးလေ"

"ပြီးပြီး မပြီးပြီး"

မေးတာကို ပက်ခနဲ ပြန်ဖြေလိုက်တုန်းက ဒေါသမကင်းခဲ့တာလား မသိ ..။ သူ နောက်ထပ် နှိုက်နှိုက်ချွတ်ချွတ်မေးလာမှာတွေကို တွေးမိ တော့ ကိုယ်တိုင် မသိခဲ့တာတွေမို့ ...

"မကိုင်ရှ .."

"ရှင် ဆေးသောက်ရတော့မှာ"

မကိုင်ရှ ရှောင်ထွက်ဖို့ ကြိုးစားနေတာကို သိလိုက်သဖြင့် သူ့နှုတ်ခမ်း မှ ပြုံးရိပ်ထင်သွားသည်။ တစ်ခါတည်း ဆုံးဖြတ်လိုက်မိတာက ဒါကို သိရမှ ဖြစ်မည်။

ကိုယ့်ဘာသာ တွေးယူလို့ရနေပြီပေမယ့် သူမထံမှ ကြင်နာခြင်းနှင့် တူသော တစ်ခုခုကိုဖြစ်စေ ဆုပ်ဖမ်းထားမိချင်၏။

"မကိုင်ရှ .."

နောက်တစ်ခါ ထရပ်ဖို့ ကြိုးစားနေတာကို သူ့ရင်ခွင်ထဲရောက် အောင် ဆွဲဖက်ထားလိုက်မိ၏။

"မင်း ကိုယ့်ကို နောက်ဆုံးဖြစ်ဖြစ် .. ခဏလေးဖြစ်ဖြစ် မြင်ချင် တယ်မို့လား၊ အဲဒီအခွင့်အရေးရဖို့အတွက် ကြီးတော် ခွင့်ပြုအောင် မင်း ပြောလိုက်ရတာ .. ဟုတ်တယ်မို့လား၊ မော့ပါကွာ .."

"မဖြေဘူး .. ရှင့်ကိုလည်း ပြောချင်စိတ် မရှိတော့ဘူး၊ ဖယ်ပေး"

"ဘယ်ရမလဲ .. ကိုယ် မင်းရဲ့အငွေ့အသက်တွေနဲ့ အသက်ဆက်ရှင် ခဲ့တာ၊ မင်းရဲ့အချစ်ကို မျှော်လင့်ရင်း အနာဂတ်ကိုမွေးမြူရမှာ၊ ဒါ မင်း သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

မကိုင်း မျက်နှာမော့လိုက်တော့ ငုံ့မိုးနေသည့်မျက်နှာနှင့် နီးကပ်စွာ ရှိခဲ့သည်။

"အဲဒါ မင်း မသိတဲ့ ချည်နှောင်မှုတွေပါ မကိုင်း ရယ် .. ကိုယ်ပေးသလောက်မဟုတ်ရင်တောင် မင်းရင်ထဲမှာ ကိုယ် ရှိခဲ့တယ်၊ အဲဒါကို 'ဟုတ်ပါတယ်' လို့ မင်း ဝန်ခံလိုက်ရင် ကိုယ့်လောက်ပျော်တဲ့လူ ရှိမှာ မဟုတ်တော့ဘူး၊ ဘာဆေးမှ စားစရာမလိုဘဲ အင်အားဖြစ်လာဖို့က မင်းရဲ့အကြည့်လေး တစ်ချက်ပဲ"

မျက်ဝန်းချင်း ငေးစိုက်ရင်း တိတ်ဆိတ်ခြင်းက တဒင်္ဂ လွှမ်းခြုံသွားခဲ့၏။

"ကြီးတော် ပြောသလို ကိုယ်တို့နှစ်ယောက် တခမ်းတနား လက်ထပ်ကြမယ်၊ မငြင်းဘူးမို့လားဟင်"

ဆံနွယ်ရှည်တွေကို ဆွဲယူနမ်းရင်း ပြန်လွှတ်မချဘဲ နှစ်ယောက်ရင်ခွင်လွှာကြားမှာထည့်လိုက်သည်။ ပြီးတော့ သူ့မျက်နှာ ဖိနှစ်ထားရင်း...

"လက်ထပ်ပြီးရင် ကိုယ့်ကို ကြည်ဖြူမှာလား"

မကိုင်း ကိုယ်တိုင် ရင်ခုန်သံတွေမြန်ကာ ဆံနွယ်တွေကို သူ နမ်းနေဘာပေမယ့် လက်ဖျားတွေ အေးနေတဲ့အထိ လူက ကျင်ခဲလာသည်။

"ဖြေလေ .. မင်းရဲ့နူးညံ့စွာလိုက်လျောမှုကိုပဲ ကိုယ် လိုချင်တာ"

အချစ်တစ်ခုကို တောင်းခံခြင်းမှလွဲ၍ ရှောင်ကွင်းပြောနေခဲ့သည့် သူ့စကားတွေကြောင့် စိတ်တို့သည် ဘယ်လိုညွှံသက်သွားခဲ့မှန်း မသိ။

မကိုင်း သူ့ရင်ခွင်မှာ ခေါင်းလေးစေ၀င်းငုံ့ မှီလိုက်ရင်း ...

"ရှင့်ရဲ့အချစ်တွေ မကိုင်း ဆီမှာ ရှိနေကြတယ်"

"ဟင်!..."





"ရှင် .. ရှင် သေသည်ဖြစ်စေ၊ မသေသေးဘူးဖြစ်စေ အဲဒီဖြစ်ပျက်ခြင်းတွေဟာ မကိုင်း ကြောင့်ပဲဆိုတာ ခံစားမိလိုက်တဲ့နောက် ရှင့်အတွက် ဘယ်လိုဖြစ်ဖြစ် ပေးဆပ်ချင်ခဲ့တာ သိလား၊ ဘာပဲ ပေးရပေးရ .. ဘာတွေ ဖြစ်သွားသွားဆိုတဲ့ စိတ် .."

"အဲဒါ ကိုယ့်ကိုချစ်မိသွားတာရော မဖြစ်နိုင်ဘူးလား၊ ဟင် .. နည်းနည်းလေး ရှေ့ဆက်တွေးကြည့်မိသေးလား"

"မတွေးမိဘူး .."

မျက်နှာမော့လာအောင် ဘက်ကြွစွာ လှုပ်ရှားကြိုးစားနေသည့် လက်တွေ ချက်ချင်း တုံ့နေးသွား၏။

ပြီးတော့မှ တစ်ကိုယ်လုံးကို ဖွဖွလေး တိုး၍ဖက်ရင်း ...

"ကိုယ် လောဘကြီးသွားတယ် ထင်တယ် .. ဆောရီးပါ၊ ကိုယ့်အတွက် ပျော်စရာနေ့ရက်တွေ ဖြစ်လာအောင် ဖန်ဆင်းပေးတဲ့ မင်းကို ကျေးဇူးလည်း တင်တယ်၊ အရမ်းလည်း မြတ်နိုးတယ်၊ မင်းကိုယ်တိုင် ချစ်တယ်လို့ပြောချင်လာတဲ့နေ့ထိ ကိုယ် ကျေကျေနပ်နပ် စောင့်မှာပါ၊ ဒါပေမယ့် .."

သူ ဆက်မပြောတော့ မကိုင်း သူ့ရင်ခွင်ထဲက ရုန်းထွက်လိုက်သည်။ သူက ပို၍တင်းကျပ်အောင် ဖက်ထားလိုက်ပြီး ...

"ကိုယ် မင်းနဲ့အတူတူ နေ့နေ့ညည အတူရှိနေမှဖြစ်မယ်၊ ကိုယ့်ကို ကြည်ဖြူလိုက်လျောတဲ့ဇနီးအဖြစ် ကြင်နာချင်တယ်"

မကိုင်း မျက်နှာလေးကို မော့ယူလိုက်တော့ ရှက်နေသည့်ပါးပြင်လေးတွေကြောင့် ရင်ထဲမှာ ပျော်ရွှင်မှုက အနိုင်းမဲ့ ...။

"ခေတ်ဦး ဆိုတဲ့ ကျေးဇူးရှင်ကို ဘယ်လိုကျေးဇူးဆပ်ရရင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မလဲ"

"တကယ် ကျေးဇူးတင်နေတာလား"

"ဒါပေါ့ .. သူ့ကြောင့် အခြေအနေတွေ ဒီလိုဖြစ်ပြီး မင်းရဲ့ခံစားချက်တွေ ပွင့်ထွက်လာလာ"

"ဘာပွင့်တာလဲ ..၊ ရှင့်ကိုချစ်တယ်လို့ ဘယ်သူက ပြောလို့လဲ"

ခနည်းသျှံ က ရယ်သည်။ မကိုင်ရှ် နှုတ်ခမ်းသားလေးကို ဖိကိုက်ရင်း ပြုံးချင်နေသည့်မျက်နှာကို ငုံ့ချပစ်၏။

"မပြောလည်း သိတယ်၊ မင်း ခံစားနေရတာတွေ မင်းကိုယ်တိုင် နားမလည်သေးပေမယ့် ကိုယ်နဲ့ တော်တော်ကြီး တူနေပြီ၊ အဲဒါကြောင့် သိတာ၊ ချစ်တယ်လို့မပြောသေးပေမယ့် ကိုယ့်ရင်ခွင်ထဲမှာ မင်း ငြိမ်ငြိမ်သက်သက် ကြည်ကြည်ဖြူဖြူနဲ့ ကိုယ် ပြုသမျှ .."

"ရှင်နော် .."

"အဟွန်း .. ကိုယ့်အတွက် ဘာပဲပေးရပေးရဆိုလို့ ပြောပြတာပါ၊ အခွင့်အရေးလိုချင်လွန်းလို့တော့ မဟုတ်ပါဘူး"

ဆယ်ကျော်သက် လူပျိုပေါက်လေးလို ပေါ့ပါးရွှင်မြူးနေသည့် သူ့စကားသံတွေကြောင့် ထိုအဖြစ်အပျက်တွေက မကိုင်ရှ် ရင်ထဲထိ ကူးစက်လာခဲ့သည်။ ထို့ကြောင့် 'ကိုယ်နဲ့ တော်တော်ကြီးတူလာပြီ' ဆိုသည့် သူ့စကားကိုလည်း နားလည်သွားခဲ့သလိုပင် ..။

'ချစ်တဲ့သူ ပြုံးပျော်နေတာကိုသာ မြင်ချင်သည်၊ မငိုပါနဲ့' ဆိုသော စကားတွေ သူ အများကြီး ပြောခဲ့ဖူးသည်ပဲ ..။

ဒါဆို သူမရင်ထဲမှာ တကယ်ချစ်တတ်ခဲ့သည်လား ..။

"ပြီးတော့ မင်း သိလား .."





တွေးနေသည့် မကိုင်ရှ် ရဲ့မေးဖျားလေးကို သူက မော့စေလျက် ...

"ကြီးတော်ကို မင်း ပြောခဲ့တယ်လေ၊ အဲဒီစကားတွေက ညာခဲ့တာ မဟုတ်ဘူးဆိုတာဖြစ်အောင် ကိုယ်တို့ ကြိုးစားကြရမှာ၊ မကြာခင် ကလေးလေးတစ်ယောက်ရဖို့ ဆိုတော့ ..."

"ဘာတွေ လာပြောနေတာလဲ"

"ရှက်ရှက်နဲ့ မေ့ထားလိုက်မှာစိုးလို့လေ၊ မင်း ညာခဲ့ရတာ စိတ်မကောင်းဖြစ်နေရတယ်မို့လား .. မင်း စိတ်ချမ်းသာဖို့ ပြောပေးနေတာ"

"သွားပါ .. ဟွန်း .."

မကိုင်ရှ် နဲ့ ပါးချင်းတာပ်ထားရင်း သူ ခပ်ကြိတ်ကြိတ်ရယ်သည်။ ပြီးတော့ ...

"ခုတော့ ကိုယ်က လမ်းတောင် ကောင်းကောင်းမလျှောက်နိုင်သေးဘူး .. ဘယ်လိုလုပ်မလဲ"

"ရှင်နော် .."

နှစ်ကိုယ်ကြား ပြောနေပေမယ့် နားထဲမှာ ဗုံးတွေကွဲနေသလိုရှိကာ သူပြောလိုက်တိုင်း တဖျင်းဖျင်း ပူရှိန်းနေတာလည်း ဘယ်လိုကြီးမှန်းမသိ ..။

"ဘယ်နှစ်လလို့ ပြောလိုက်တာလဲ"

"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ .."

"ပြောတုန်းကပြောခဲ့ပြီး ရှက်နေလိုက်တာ၊ ပါးလေးတွေ သနားပါတယ်ကွာ .. ထိလိုက်ရင် သွေးထွက်လာတော့မယ့်အတိုင်းပဲ၊ ခုနေ တစ်ယောက်ယောက်ဝင်လာရင် ကိုယ် တအားကဲနေတယ် ထင်သွားလိမ့်မယ်၊ ဒီမှာ ဘာမှလည်း မစရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. အဲဒါ ပြောဦး"

"အား .. သေပြီ"

ဟင်!...

ရင်ဘတ်ကို တွန်းပစ်လိုက်ပြီးမှ မကိုင်ရှုံ မျက်လုံးလေး ဝိုင်းသွား၏။ သူ့မျက်နှာ တကယ်မဲ့သွားပေမယ့် မကိုင်ရှုံ ရဲ့ကိုယ်လေးကို ဆွဲသိမ်းဖက်ထားလိုက်ပြီး ရယ်ပစ်လိုက်၏။

ဒဏ်ရာတွေ နာကျင်တာတွေက ရင်ခုန်သံတွေကို တိုးမပေါက်ခဲ့ဘဲ ခဏလေး ကြောင်ငေးသွားသည့်မျက်နှာကို ဖိကပ်နမ်းရင်း ...

"မင်းသာ ကိုယ့်ဘဝရဲ့ကောင်းကင်ပါ"

တမ်းတမြတ်နိုးသည့်အနမ်းများသည် ကောင်းကင်ဆန်စွာ တခမ်းတနား ဖြန့်ခင်းလာခဲ့၏။

မျက်ဝန်းလေးတွေ မှေးမှိတ်၍ ပြန်လည်နွဲ့မှီလာသည့် ပေးဆပ်ခြင်းများအတွက် အချစ်ကိုရှာဖွေမိရင်း ခုနသို့ ရင်ထဲမှာ ကြည်နူးခြင်း တသိမ့်သိမ့်ဖြင့် ...၊

ပြီးပြည့်စုံသည့်အနာဂတ်တွင် အချစ်ဖြင့် ကမ္ဘာတည်စေမည် ...။

ပရိသတ်အတွက်
ထာဝရ

ပြီး



BURMESE CLASSIC .com
www.burmeseclassic.com